
www.burmeseclassic.com



# သရိုက်စေဘူ

တက်ခါး သံဒိုင် မျိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိရေးမှူး
လွင်နှင့်ဇော်

ပန်းလက်ဆောင်စာပေ
အမှတ် (၉၂)၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၂၈၇၆၉

BURMESE CLASSIC

လျှို့ဝှက်ဆန်းကြယ်စာရေးဆရာကြီး

# သူရိန်ဆွေ

## အိုင်အိုနန်း ထိုက်နှင့်
## တက်ခါး သံဒိုင် မျိုးနိုင်

**စ/ ဆုံးလုံးချင်း**
**အသစ်စက်စက်**

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ◆ ၅၀၀၈၅၃၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◆ ၅၀၀၈၃၃၀၆၀၇
ပုံနှိပ်ခြင်း ◆ ပထမအကြိမ်
အောက်တိုဘာလ၊ ၂၀၀၆ ခုနှစ်။
တန်ဖိုး ◆ ၈၀၀ ကျပ်
အုပ်ရေ ◆ ၅၀၀
အတွင်း+ အဖုံး ပုံနှိပ်သူ ◆ ဒေါ်ခင်စန်းမြင့် (၀၀၅၅၄၉)
ဟံသာ ပုံနှိပ်တိုက်
၁၀/ ၁၂၅ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်။
ထုတ်ဝေသူ ◆ ဦးနှင်းဆွေ (၀၉၈၃)
ပန်းလက်ဆောင်စာပေ
၅၁၆ (ခ)၊ ပုလဲ(၄) လမ်း၊
၅ ရပ်ကွက်၊ မ/ဥက္ကလာပ၊
ရန်ကုန်မြို့။

BURMESE CLASSIC

နံနက်လင်းဖို့အချိန် လိုပေသေးသည်၊ ကြက်တွန်သံများကို ကြားနေရသော်လည်း နံနက်လေးနာရီကျော်ကျော်သာ ရှိသေးသောကြောင့် အမှောင်ထုက ဖုံးလွှမ်းလျက်ရှိသည်။ အလောင်းဘုရားမြစ်ကြောင်းဖြင့် လွန်းဆေးမြို့သို့ ရောက်ရှိလာစဉ်က ဒဂုံမြို့အား အောင်မြင်မည့် အထိမ်းအမှတ်ဖြင့် "မြန်အောင်မြို့" ဟု နာမည်ပြောင်းခဲ့ရာ ယခု ထိုမြို့မှာ မြန်အောင်မြို့ဟု နာမည်တွင်နေလေသည်။

မြန်အောင်မြို့ မြစ်ကမ်းပါးရှိ ဆုတောင်းပြည့်စေတီမှာ အလောင်းဘုရားပင် တည်ခဲ့သော ဘုရားဖြစ်၏။ ညအမှောင်ထဲတွင် စေတီတော်မှ ဆည်းလည်းသံလွင်လွင်လေးသည် လွင့်ပျံထွက်ပေါ်နေသည်။ ခရိုးအောင်အိတ်ကိုလွယ်ကာ လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ထွက်လာခဲ့သော ထဘီတိုတိုဝတ်ထားသည့် မိန်းမပျိုမှာ ကြံခင်းမှ ဟသ်ာတသို့သွားသည့် မီးရထားကိုစီး၍ လိုက်ပါနိုင်ရန် အိမ်က စောစောထွက်ခွာလာခြင်းပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်အခါက မြန်အောင်နှင့် ကြံခင်းတစ်ဝိုက်တွင် တက်ခါးဟူသော ဓားပြအဖွဲ့တစ်ဖွဲ့ သောင်းကြမ်းနေရာ မြို့သူမြို့သားများသည် မကြာခဏ တိုက်ခိုက်ခြင်းခံကြရ၍ ကြောက်ရွံ့ထိတ်လန့်ကြ၏။ ည အချိန်မတော်တွင်မဆို နေ့လယ်ပိုင်းမှာပင် တစ်ဦးချင်း တစ်ယောက်ချင်း လူသူပြတ်လပ်သောနေရာမျိုးတို့၌ သွားလာရဲသူ နည်းလေသည်။

အင်္ဂလိပ်အစိုးရသည် သူ့အား ပုန်ကန်သော ပုဂံမိုလ်ချုပ်နှင့်ဗိုလ်မင်းရောင်တို့က မြန်မာပြည်က အလယ်ပိုင်းတွင် တော်လှန်ပုန်ကန်နေ၍လည်းကောင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်း အင်္ဂလိပ် အစိုးရကို ထကြွပုန်ကန်သော မျိုးချစ်ပုဂ္ဂိုလ်များ တိုင်းရင်းသားများက အစုလိုက် တောတောင်များတွင် ပုန်းခိုကာ တိုက်ခိုက်နေသည်။ နှိမ်နင်းနေရ၍လည်းကောင်း၊ မြန်အောင် ကြံခင်းနှင့် ဟင်္သာတတကြောတွင် အင်္ဂလိပ်တော်လှန်သော မျိုးချစ်လည်းမဟုတ်၊ သူပုန်လည်းမဟုတ်သော ဗိုလ်တက်ခါးဆိုသည့် ဓားပြတစ်ဦးမှာ နောက်ပါလူအနည်းငယ်နှင့် အနှောက်ရှက်ရှားမျာများ၊ တောများကို မှီခိုကာ သောင်းကျန်းလျက်ရှိနေလေသည်။

တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသည့်အတိုင်း တက်ခါးကို ယှဉ်ပြိုင်ကာ တိုက်ခိုက်လျက်ရှိသော တောကြောင်ဓားပြတစ်ဖွဲ့ရှိသေးသည်။ ထိုအဖွဲ့ကို ခေါင်းဆောင်သူမှာ ကြက်မင်းဆိုသူဖြစ်ပြီး တက်ခါးအဖွဲ့နှင့်တွေ့လျှင် ကြက်မင်းအဖွဲ့မှာ အမြဲလိုရှုံးနိမ့်ကာ ထွက်ပြေးနေရသည့်အဖွဲ့ ဖြစ်လေသည်။

တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဟူသော စကား



အတိုင်း အင်္ဂလိပ်အစိုးရ တက်လာပြီးနောက် ဆူပူထောင်လွှားမှုများ နှိမ်နင်းနေရာ များသောအားဖြင့် ချောင်ကြိုချောင်ကြားတွင် ခိုကပ်ကာ ခေတ်မျက်ကြီးတွင် ကျီးလန့်စာစားနေသော လူများကို တိုက်ခိုက်လုယက်နေသည့် ဓားပြများမှာ လွတ်မြောက်လျက်သာ ရှိနေကြလေသည်။

ပုလိပ်အဖွဲ့ ကြီးမှာလည်း များပြားလှသော အမှုအခင်းများကို ဖြေရှင်းနေရသောကြောင့် လက်မလည်နိုင်အောင်ပင် ရှိနေရာ ပြည်မြို့ တစ်ဘက်ကမ်း ပန်းတောင်းမှ ဟင်္သာတတစ်ဘက်သို့ သွားသည့် ထူးကြီးမယ်ဇလီကုန်းနယ်စာက်များအထိ ထိုဓားပြနှစ်ဖွဲ့မှာ ကူးသန်းသွားလာကာ ချမ်းသာသော လယ်ပိုင်ရှင်များနှင့် ငွေကြေးအသင့်အတင့်ရှိသူများကို လိုက်လံစုံစမ်းကာ နှိပ်စက်လုယက်လျက် ရှိနေလေသည်။

အမှောင်ထုထဲတွင် အလင်းအားနည်းလှသော လက်နှိပ်ဓာတ်မီးလေးဖြင့် မြန်အောင်ဘူဘောရှိရာလမ်းသို့ လာနေသော မိန်းကလေးမှာ အဝတ်အိတ်တစ်လုံးကို လွယ်လျက် ဘေးဘီနှင့်ရှေ့သို့ သတိထားကာ လျှောက်လှမ်းလာနေသည်။

မိုးမလင်းသေးသောကြောင့် အိမ်နှင့်ခြံများမှာ တိတ်ဆိတ်လျက် အချို့အိမ်များမှာ မီးရောင်လက်လက်ပင် မြင်ရသော်လည်း ခြံဝင်းတံခါးနှင့် အိမ်တံခါးကို ပိတ်ကာ ဆွမ်းထချက်နေကြဟန်တူသည်။

၊ အကယ်၍ လမ်းပေါ်မှ အော်သံဟစ်သံကြား၍မည်ဆိုလျှင် ဓားပြနှင့်လူဆိုးများ သောင်းကျန်းလျက်ရှိသော ဤခေတ်အခါမျိုးတွင် မည်သူမျှ ထွက်၍ကူညီကယ်တင်နိုင်မည် မဟုတ်ပေ။

မိန်းမပျိုမှာ ပဒုမာအကျီလက်တိုအဝါရောင်ပေါ်တွင် သိုးမွေး

www.burmeseclassic.com

www.burmeseclassic.com



အနွေးထည်တစ်ထည် ထပ်ဝတ်လျက် မာဆလိုက်ထဘီကို ဝတ်ဆင်လာသည်။ ကိုယ်လုံးကိုယ်ဟန်မှာ ကျစ်လျစ်လှပ၍ ညအမှောင်ထဲသို့ တစ်ဦးတည်း သွားသင့်သောအရွယ်မျိုး မဟုတ်ချေ။

×××

"ဘဘပြောစကား နားထောင်ပြီး ငါထွက်လာခဲ့တာပဲ၊ မမှားနိုင်ပါဘူး။ ဓားပြအဖွဲ့တွေနဲ့တွေ့ရင်လည်း ငါ့ကံကြမ္မာပဲပေါ့။ တက်ခါးတို့အဖွဲ့လာတာကို ထိုင်စောင့်နေမယ့်အစား ငါ ဒီလိုစွန့်စားပြီး ဟသ်ာတဘက်ကို ထွက်တာ အမှန်ဆုံးပဲလို့ အဘပဲပြောတာပဲ"

လက်နှိပ်ဓာတ်မီးမှာ ဓာတ်ခဲအားနည်းသောကြောင့် ဝါကျင့်ကျင့်ဖြစ်နေကာ သိပ်ထင်ထင်ရှားရှား မမြင်ရ။ ရှေ့လမ်းကို လှမ်း၍ထိုးကြည့်လိုက်သည်။

"ဟင်"

သစ်ပင်အောက်တွင် ရပ်နေသော လူရိပ်တစ်ရိပ်ကို တွေ့မြင်လိုက်ရသည်၊ သူမသည် ထိတ်လန့်သွား၏။ ဤအချိန်တွင် သစ်ပင်အောက်၌ရပ်နေသော လူရိပ်မှာ လူကောင်းတစ်ယောက်တော့ မဟုတ်နိုင်ပေ။

သူမသည် လက်နှိပ်ဓာတ်မီးကို မှိတ်လိုက်သည်။ အနွေးထည်မှာ အနက်ရောင်ဖြစ်၍ ညအမှောင်ထဲတွင် တော်ရုံမမြင်နိုင်၊ မာဆလိုက်ထဘီမှာလည်း အဝါရောင်၊ ပဒုမ္မာအကျီနှင့်လိုက်ဖက်စေရန် အညိုဘက်သမ်းသော အဝါရင့်ရောင်ကို ဝတ်ဆင်ထားသောကြောင့် သိပ်တောက်ပ ပြောင်လက်မှုတော့ မရှိလှပေ။



သစ်ပင်ရိပ်တွင် အားနည်းသော လက်နှိပ်ဓာတ်မီးရောင်ဖြင့် မြင်လိုက်ရသည့်သူမှာ တုတ်ခိုင်သော ကိုယ်ခန္ဓာရှိသည်၊ အရပ်မြင့်သည်။ ထိုသူသည် သူမအား အန္တရာယ်ပေးဖို့ ကျိန်းသေနေပြီဟု ထင်သောကြောင့် သူမသည် လက်နှိပ်ဓာတ်မီးကို မထိုးတော့ဘဲ လမ်းဘေးသစ်ပင်တစ်ပင်နားတွင် ခိုကပ်နေလိုက်သည်။

ထိုစဉ်မှာပင် နောက်ဘက်မှ အသံတစ်သံကြားလိုက်ရလေသည်။

"မြဆည်းဆာ မင်း ဘယ်လိုပဲကြိုးစားပြီး ထွက်ပြေး ထွက်ပြေး တို့လက်က မလွတ်နိုင်ပါဘူးကွာ"

"အို"

သူမသည် နောက်သို့ဆုတ်လိုက်မိသည်။ အသံရှင်မှာ သစ်ပင်နောက်ရှိ မြောင်းထဲမှ ထရပ်လိုက်သည်။ လူကောင်မှာ တော်တော်ပင် ထွားကြိုင်း၍ ပုဆိုးတိုတိုဝတ်ဆင်ထားသည်။

လက်ထဲတွင် ငှက်ကြီးတောင်ဓားတစ်ချောင်းကို ကိုင်ဆောင်ထားသည်ကို တွေ့မြင်ရသည်။

မြဆည်းဆာမှာ လိပ်ပြာလွင့်စင်သွားတော့မတတ် ထိတ်လန့်မိသည်။ သူမသည် ကိုယ်ခံသိုင်းပညာကိုပင် အတန်အသင့် တတ်မြောက်ထားသော်လည်း ရုတ်တရက်တော့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားသည်။

ဓားကိုင်ထားသော လူကြီး၏အသက်အရွယ်မှာ လေးဆယ်ခန့်မျှ ရှိသည်ဟု ထင်မှတ်ရသည်။ အလင်းရောင်မလာသေးသော်လည်း ကြယ်ရောင်မှိန်ပြပြဖြင့် မြဆည်းဆာရိုးတိုးရိပ်တိတ် အကဲခတ်မိသည်။

"မိန်းကလေး မင်းအသက်မသေစေချင်ရင် မင်းဖွက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



နင်တ်ကို ပေးပေတော့၊ တက်ခါးနဲ့ တွေ့ရင် မင်းအော်လို့ ဟစ်လို့လည်း ဘယ်သူမှ ထွက်လာရဲမှာ မဟုတ်ဘူး"

မြဆည်းဆာမှာ နောက်သို့ လျင်မြန်စွာ ဆုတ်လိုက်ပြီးနောက်..

"ဒီအိမ်ကို ကျွန်မအသက် သေရှင်ရမယ်ဆိုတာ ရှင် မြဲမြဲ မှတ်ထားပါ"

"ကဲ သေချင်တဲ့ကောင်မလေးကို သေအောင်တော့ မသတ်ပါနဲ့ ကွာ···၊ တို့စခန်းမှာ ထမင်းချက်ဟင်းချက်နိုင်းပြီး ငါ့ဝတ်ကြီးဝတ်ငယ် ပြုစုဖို့ ခေါ်ခဲ့ကြပါ"

တက်ခါးဆိုသော ဓားပြကြီးက ပြောရင်း မိန်းမပျိုကို ဖမ်းဆီးရန် ရှေ့သို့တိုးလိုက်၏။

"အို···

မိန်းမပျိုမှာ တစ်စုံတစ်ယောက်က နောက်မှနေ၍မောင်းနှင်၍ ဆွဲယူခြင်းခံရပြီးနောက် တော်တော်ဝေးဝေးသို့ တွန်းပို့ခံရသည်။

"မင်းသွားတော့ ကြံခင်းရထားက မကြာခင် မြန်အောင်ဘူတာ ဝင်တော့မယ်။ ဘူတာထဲမှာ လူတွေရှိတယ်"

ပြတ်သားကြည်လင်သော အသံတစ်သံက တွန်းပို့ရင်း ခပ်တိုးတိုး ပြောလိုက်သည်။ တက်ခါးဆိုသော ဓားပြနှင့် သူ့အဖော်နှစ်ယောက်သည် မြဆည်းဆာအား ဆွဲကာ နောက်သို့ပို့၍ ရှေ့သို့တက်လာသော သူ့ကို ဓားများနှင့် ဝင်ခုတ်လိုက်ကြတော့၏။

"ထန်"

"ချွမ်"

*



"ခင်ဗျား သူများနာမည်ကိုသုံးပြီးတော့ ဒီလိုလုယက်မှုမျိုးကို မလုပ်သင့်ပါဘူး··တက်ခါးက ဒီလိုအလုပ်မျိုး မလုပ်တတ်ဘူး"

သူ့အား ဓုက်ကြီးတောင်ဓားနှင့် ဝင်ခုတ်သောသူကို ရုတ်တရက် လျော့ကျလာသောသူက သူ့ကျောတွင် လွယ်ထားသော ဓားရှည်ကို ထုတ်ကာ ခုခံလိုက်ပြီး ဗိုက်ကို ခြေနင့်ကန်ထုတ်လိုက်ရင်း ပြောလိုက်လေသည်။

မြဆည်းဆာမှာ နောက်ဘက်မှ ပြောဆိုတိုက်ခိုက်သံများကို ကြားရသော်လည်း လှည့်မကြည့်တော့ဘဲ ကယ်တင်ရှင်ရှိတုန်း ဘူတာရှိရာသို့ လမ်းကြားလေးအတိုင်း ပြေးလာခဲ့သည်။ ဘူတာမှ မီးသီးမှိန်မှိန်များကို မြင်နေရပြီဖြစ်သည်။

သူမကို လက်ကြမ်းကြီးများဖြင့် ဆွဲ၍ နောက်သို့ပို့လိုက်သူမှာ မှောင်ရိပ်ရှိသစ်ပင်အောက်တွင် ရပ်နေသူပင် ဖြစ်ကြောင်း မြဆည်းဆာ ရိပ်မိသွား၏။

"အင်း···ငါ လူကောင်းကို လူဆိုးလို့ထင်မိပြီး လူဆိုးတွေရှိတဲ့ နေရာကို ဝင်သွားတာ ကံကောင်းပေလို့ပဲ"

သူမသည် ဘူတာရုံလူအုပ်စုရှိရာသို့ ဝင်လာချိန်တွင်ကား မြဆည်းဆာကို လာကယ်သောလူရွယ်မှာ လူဆိုးသုံးဦးနှင့် တိုက်ခိုက်ခဲ့သာ ဖြစ်လေသည်။

သုံးဦးနှင့်တစ်ဦးပင်ဖြစ်သော်လည်း ဂျတ်လတ်၍ ပုဆိုးကွက်တိုး ဝတ်ဆင်ထားသော လူငယ်မှာ သိုင်းပညာတွင် အတော်အတန်ပင် ကျွမ်းကျင်၍ ဓားချက်မထိအောင် ရှောင်ရင်း တစ်ဘက်ရန်သူသုံးဦးကို သူ့ဓားချက်နှင့် အသေမသတ်ဘဲ ကာကွယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသုံးယောက်ထဲမှ ခပ်ငယ်ငယ်လူသည် အလစ်တွင် မြသည်းဆတသွားရာ ဘူတာရုံသို့ ပြေးလိုက်ရန်ဟန်ပြင်လိုက်သည်။ ခေါင်းဆောင်ဖြစ်သူနှင့် တိုက်ခိုက်နေသောလူငယ်မှာ ဆယ်မပေခန့်အကွာသို့ ရောက်သွားသည်။ ထိုသူ၏ နောက်သို့ခုန်လွှားကာ ခြေတစ်ဖက်ထောက်ရင်း ကျောကို ဖနောင့်နှင့်ပေါက်ချလိုက်တော့၏။

"အုံး"

"အား"

ဖနောင့်ချက်က ပြင်းထန်လှသည်။ ဓားသမားမှာ ရှေ့သို့ ခြေသုံးလေးလှမ်းမျှ ပြေးသွားပြီးနောက် မှောက်လျက်ထိုးကျသွားလေတော့၏။

သူ့အဖော်နှစ်ယောက်က လူငယ်ကို တိုက်ခိုက်ရန် ချဉ်းလာကြသည်။

"ကျား"

လူရွယ်သည် အားရပါးရ အော်ဟစ်ကာ သူတို့ပြေးလာရာသို့ ခုန်ဝင်လိုက်သောအခါတွင် အုံ့အားသင့်သော အမူရာများဖြင့် ထိတ်လန့်သွားလေတော့၏။

"ချွမ်း"

"ဝုန်း"

"အိုး"

"အား"

လူရွယ်သည် လေထဲမှ ခုန်လာကာ ဓားနှစ်ချောင်းလုံးကို သူ၏ဓားဖြင့် သိမ်းကာ ရိုက်ထုတ်ပစ်လိုက်ပြီး သူ၏ကိုယ်ကို နောက်ဂျွမ်းပစ်



ကာ မတ်တတ်ရပ်လိုက်သည်။

ဓားများကို မြအောင်ပင် မကိုက်နိုင်သော လူနှစ်ဦးမှာ နောက်ကြောင်းသို့ လှည့်ပြေးရန် ဟန်ပြင်နေစဉ်မှာပင်…

"မင်းတို့ကို ဒီအချိန်မှာ လွှတ်ပေးလို့ မဖြစ်ဘူးကွ"

"ဟိတ်"

"ချွမ်း"

"ဝုန်း"

"အား"

လေထဲသို့ ခုန်တက်ကာ ဝင်လာသော လူရွယ်ကို ဓားနှင့်ထိုးလိုက်သော်လည်း လူရွယ်၏ဓားက ထိုသူ၏ဓားကို လေထဲမှ လွင့်ကာ ရိုက်ထုတ်ပစ်လိုက်ရာ ဓားလွင့်သွားသည်။

သည်နောက်တော့ အသက်လေးဆယ်အရွယ် ခေါင်းဆောင်ထုတွားကြီးရော ဓားနှင့်ခုတ်ရန် ရည်ရွယ်၍ လက်မြှောက်လိုက်သော ပိန်ရှည်ရှည်လူတို့ပါ ရင်ဝရှိရာသို့ ပုဆိုးကွက်တုံးနှင့်လူရွယ်၏ ခြေထောက်ကတစ်ယောက်တစ်ဖက်ဆီ ဝင်လာကာ ပြင်းပြင်းထန်ထန် ဆောင့်ကန်ခြင်းခံလိုက်ရသည်။

လူရွယ်မှာ လေထဲတွင် ပက်လက်အနေအထားဖြင့် ခြေနှစ်ဖက်စုံမှ ဖနောင့်များဖြင့် ရင်ဝကို တွန်းထုတ်လိုက်ခြင်းပင် ဖြစ်သည်။ နှစ်ယောက်စလုံး နောက်သို့လွင့်ထွက်သွားကာ ပြန်မထနိုင်တော့တဲ့ ငြိမ်သက်သွားကြသည်။ လူငယ်မှာ ဖျတ်ခနဲ မြေပြင်ပေါ်သို့ လေထဲမှ မှောက်ခုန်ကြောင်တစ်ကောင်ကဲ့သို့ ကျလာပြီးနောက် လျင်မြန်စွာ အမှောင်ထုထဲမှ

www.burmeseclassic.com

www.burmeseclassic.com



သူ့ခါးစားကို ကောက်ယူကာ ပြေးထွက်သွားလေတော့သည်။

မြဆည်းဆာဆိုသော မိန်းကလေးထံမှ ခရီးဆောင်အိတ်ကို လုယူရန် မိုလ်တက်ခါးအမည်ခံကာ ရောက်ရှိလာသည့် လူသုံးယောက်မှာ ကားလမ်းဘေးတွင် မည်မျှကြာအောင် သတိမေ့မျောနေမည်ကို မသိနိုင်တော့ပေ။

×××

နံနက်ငါးနာရီခွဲအချိန်တွင် ဝေလီဝေလင်းဖြစ်လာ၍ ဘူတာထဲတွင် ဆီထမင်းနှင့်ငါးကြော်များ၊ တာကလေးကြော်များ ရောင်းသော ဈေးသည် ရောက်ရှိလာရာ မိုက်ဆာလောင်နေသော မြဆည်းဆာမှာ ဆီထမင်း တစ်ပြားဖိုးနှင့် ချိုးကြော်တစ်ပြားဖိုးဝယ်ကာ အင်ဖက်နှင့် အားရပါးရ စားနေလေသည်။

သူမသည် ခေါင်းပေါင်းများ၊ တဘက်များ ခေါင်းပေါ်တင်ထားသော ခရီးသွားများကို မကြာခဏ ထိတ်လန့်စွာကြည့်လျက် စောစောကလူများ သူမနောက်သို့ လိုက်လာမလားဟု စိုးရိမ်နေလေသည်။

"ငါ့ကို ဝင်ကူညီတဲ့လူဟာ အသက်ခပ်ငယ်ငယ်ပဲ၊ သူတစ်ယောက်တည်းနဲ့ ဟိုဓားပြသုံးယောက်ကို နိုင်ပါ့မလားမသိဘူး။ အို ဒါပေမယ့် ငါ့အိတ်ထဲက ပစ္စည်းက အရေးကြီးတာပဲ၊ ဒါကို သိလို့များ ဒီလူက ပြေးနိုင်းတာလား။ ငါ့နောက်ကို သူများလိုက်လာဦးမလား"

မြဆည်းဆာသည် ဘူတာဘက်သို့လာသည့်လမ်းကို ငေးမျှော်ကြည့်လိုက်လေသည်။ မကြာမီမှာပင် ရထားဥသြဆွဲသံကို ကြားလိုက်ရ၏။



"တူ တူ တူ"

"ဟော ရထားလာပြီထင်တယ်။ ရထား မြန်မြန်လာမှပဲ။ မြန်အောင်ဘူတာက ရထားထွက်မှ စိတ်ချရမယ်"

မြဆည်းဆာက ရထားသံကြားရ၍ သံလမ်းဘက်သို့ မျှော်ကြည့်ရင်း စိတ်ထဲမှ ရေရွတ်လိုက်သည်။ ဘူတာမှ လူများ လှုပ်လှုပ်ရှရှ ဖြစ်သွားကြသည်။

မကြာမီ ရထားရှေ့ကျောက်မီးသွေးခေါင်းမှ မီးလုံးကြီး ထိုးလိုက်ပြီး ခပ်မည်းမည်း စက်ခေါင်းကြီးကို လှမ်းမြင်ရလေသည်။

"တူ"

"ရှုးရှဲ...ရှုးရှဲ...ရှုးရှဲ"

ကျောက်မီးသွေးခေါင်း၏ ရထားသံမှာ အဝေးမှပင် ကြားရသည်။ ရှုးရှဲ ရှုးရှဲဖြင့် သံလမ်းကြီးများသည် ခေါင်းတွဲဘေး တစ်ဘက်တစ်ချက်မှ ရှေ့တိုးနောက်ငင် လှုပ်ရှားကာ နောက်တွဲများကို ဆွဲ၍ ခုတ်မောင်းလာနေသည်။

များစွာသော ခရီးသည်များနှင့်အတူ ရထားပေါ်တက်ရန် သံလမ်းအစပ်သို့ တိုး၍ မြဆည်းဆာ စောင့်နေလိုက်လေတော့သည်။

မကြာမီ ရထားသည် ဘူတာသို့ ထိုးဆိုက်လာ၏။ ကြံခင်းဘူတာမှ လူသိပ်မပါပေ။ ထို့ကြောင့် ထိုင်ခုံလွတ်များ များနေသည်။ များသောအားဖြင့် ပြတင်းပေါက်ဘက်တွင်သာ လူရှိနေပြီး အတွင်းဘက်ထိုင်ခုံနေရာ လွတ်လျက်ရှိသည်ကို တွေ့ရသည်။ မြဆည်းဆာသည် ကြောက်ရွံ့သောကြောင့် ဘူတာတည့်တည့်မှ တွဲကို တက်ခဲ့ရာ ထိုင်ခုံလွတ်မှာ ခုံသုံးခုံသာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၍ နီးရာခုံတွင် ဝင်ထိုင်လိုက်တော့၏။

ပြတင်းပေါက်ပေါ် ခေါင်းတင်ကာ တိုက်ပုံအနက်ကို ရင်စေ့ဝတ်ထားသော လူကြီးတစ်ယောက် ထိုင်နေသည်။ အိပ်ရေးပျက်နေပုံရသော ထိုလူကြီးမှာ ပြတင်းပေါက်ဘောင်တွင် ခေါင်းတင်ကာ အိပ်ပျော်လျက် ရှိနေပုံရသည်။

မြဆည်းဆာသည် ရထားမထွက်မချင်း ထိတ်လန့်ကာ ဘူတာရုံနောက်ဘက် လမ်းကျဉ်လေးနှင့် ဘူတာအောက်ဘက်မှ လူများကို ကြည့်နေမိသည်။ မသင်္ကာစရာဟူ၍ကား ဘာမျှမတွေ့ရ။ အိပ်ပျော်နေသော တိုက်ပုံအနက်ရောင်ရင်စေ့အင်္ကျီနှင့်လူမှာ ရထားအပြင်ဘက်သို့ ခေါင်းလှည့်နေသောကြောင့် မျက်လုံးများ မှိတ်ထားလေသလား၊ ဖွင့်ထားလေသလား မသိနိုင်ပေ။

"တူ"

ရထားဥသြဆွဲသံကြားလိုက်ရသည်။ ဝီစီမှုတ်သံနှင့် မရှေးမနှောင်းမှာပင် မြန်အောင်ဘူတာမှ ဟင်္သာတပုသိမ်သို့သွားသော ရထားကြီး တလိမ့်လိမ့် ထွက်လာလေတော့သည်။ ရထားထွက်သောအခါတွင်မှ မြဆည်းဆာသည် စိတ်များပေါ့ပါးသွားလေတော့၏။

"တော်ပါသေးရဲ့"

သူမသည် သက်ပြင်းချလိုက်၏။ ရထားသည် အရှိန်မှန်မှန် ခုတ်မောင်း၏။ မိုးစင်စင်လင်းသွားပြီဖြစ်သောကြောင့် အဝေးမှ မီးခိုးတလူလူထွက်နေသော တောင်ယာတဲများ၊ ထန်းပင်အုပ်စုများ၊ မန်ကျည်းပင်များကို မြင်နေရသည်။



နံနက်နေရောင်ခြည်၏ အလင်းတောက်ကိုပင် ထင်ထင်ရှားရှား မတွေ့ရသော်လည်း နံနက်ခင်း၏ အလှနင်းမြူငွေ့များနှင့် သစ်ပင်များပေါ်တွင် ဖြတ်သန်းပျံသွားနေသော ငှက်များကို တွေ့ရ၏။

ဩော်···ငှက်များပင် အစာရှာထွက်ကြလေပြီ။

မြဆည်းဆာသည် သူမဘဝ၏ရှေ့ရေးကို တွေးတောကာ ရင်လေးလျက်ရှိသည်။ သူမသည် ငယ်စဉ်ကတည်းက မိဘမဲ့ကလေးတစ်ဦးသာ ဖြစ်ခဲ့သည်။ မြန်အောင်မှ ဆုတောင်းပြည့်စေတီတော်နားရှိ အိမ်ငယ်လေးတွင် ဘကြီးဖြစ်သူနှင့်အတူ နေခဲ့ရသည်။ ဘကြီးဖြစ်သူကလည်း သူမမိဘများမှာ ငယ်စဉ်ကပင် သေဆုံးသွားကြောင်း၊ သူနှင့်သာနေခဲ့ရကြောင်း ပြောပြသည်။ မိဘများ အဘယ်ကြောင့်သေဆုံးသွားသည်ကိုကား ရေရေရာရာ ပြောမပြခဲ့။

ဘကြီးဖြစ်သူမှာ အသက်ငါးဆယ်ကျော်ပြီဖြစ်သော်လည်း ပိဋကတ်ကျမ်းဂန်စာပေကို တတ်ကျွမ်းသည်။ ဓားလှံလက်နက်နှင့် သေနတ်ပစ်များကိုလည်း ငယ်စဉ်ကတည်းက မြဆည်းဆာကို ဘကြီးက ဗုဒ္ဓဘာသာစာပေကျမ်းဂန်များကို သင်ကြားပေးရင်း၊ ဓားလှံလက်နက်ပညာကိုပါ လုပ်ကိုင်သည့် မြေပဲခင်းမှ တဲကလေးနားတွင် သင်ကြားပေးခဲ့သည်။

သူမသည် ဘကြီးခုံမင်သော အတတ်ပညာနှင့် လူ့သဘာဝများကို သွန်သင်ဆုံးမခြင်းခံရကာ ဘာသာတရားကို ကြည်ညိုကိုင်းရှိုင်းသော ယဉ်ကျေးသိမ်မွေ့သောသူ ဖြစ်ခဲ့လေသည်။

သို့သော် မကြာမီလပိုင်းကမှ ဘကြီး၏မျက်နှာအမူအရာသည် ပြောင်းလာ၏။ မြန်အောင်ဘူတာဘက်မှ ပြန်အလာတွင် သိသိသာသာ

www.burmeseclassic.com



မျက်နှာပျက်လာသော ဘကြီးကို တွေ့ရလေသည်။ မြဆည်းဆာက သူမ၏ ဘကြီးကို ရေခပ်ပေးရင်း…

“ဘာများဖြစ်လို့ ဒီလောက် ထိတ်ထိတ်ပျာပျာ ဖြစ်လာရတာလဲ ဘကြီးရယ်”

ဟု မေးမိသည်။

ရေကို ကမန်းကတန်းသောက်လျက် ဘကြီးက…

“အရေးကြီးလာပြီ သမီး… သမီးအတွက် အန္တရာယ်ရှိလာပြီ။ သမီး အိမ်ထဲကအိမ်ပြင်မထွက်နဲ့တော့။ မြေပဲခင်းထဲလည်း လိုက်မလာနဲ့”

ဟု ရေးကြီးသုတ်ပျာပြောသည်။

“ဘာဖြစ်လို့လဲ ဘကြီးရဲ့ မြေပဲခင်းကို သမီးလိုက်လာပြီး ဘကြီးကို ကူညီနေကျမဟုတ်လား။ သမီးက အိမ်ထဲမှာ ဘာလုပ်မှာလဲ”

“အို… သမီး မသိပါဘူး။ သမီးမှာ အမျိုးအနွယ်နဲ့ ပတ်သက်တဲ့ ရန်သူတွေရှိတယ်”

“ရှင်”

“ဒါတွေကို နောက်တော့မှ ဘကြီးရှင်းပြမယ်။ ခုတော့ သူတို့ရဲ့ လူအင်အား အခြေအနေကို ဘကြီးထောက်လှမ်းလိုက်ဦးမယ်။ မနက်က တော့ တစ်ယောက်ကို စတွေ့ရပြီ”

“ဘကြီး၏စကားများကို မြဆည်းဆာ နားမလည်ပါချေ။ ဘကြီး ပေးမှုသေတ္တာထဲမှာ အစ်ဝိဇ္ဇာကျမ်းကြီးကိုသာ ထုတ်ယူကာ ဖတ်ရှု လိုက်လေတော့သည်။

×××



“ဟုတ်တယ် သမီး… သီပေါမင်း နန်းတက်ကာနီးမှာ မင်းညီ မင်းသားတွေဟာ တော်တော်သွေးကွဲသွားခဲ့တယ်။ ဒီထဲမှာ စဘုရားလတ်ရဲ့ လူတွေနဲ့ သီပေါဘက်ကလူတွေလည်း သွေးကွဲခဲ့ကြတယ် သမီး။ ကြားဖူးတယ် မဟုတ်လား”

“ဟုတ်ကဲ့ သီပေါမင်းပါတော်မဲမှုခင် နန်းတွင်းကိစ္စတွေကို ဘကြီး ပြောပြလို့ပြီးတော့ ပေမှုတွေ ပေးဖတ်ထားလို့ သမီးသိပါတယ်”

“အေး… သမီးရဲ့အဘိုးဟာ သုန္ဒရလို့ခေါ်တဲ့ သီပေါမင်းကို ဆရာတော်တွေက ဗိဇ္ဇာကတ်ကျမ်းစာတွေကို ပို့ချတဲ့အခါ လှပြန်တော် သုန္ဒရက အပေါ် အထောက်အကူ စာပြလုပ်ရတယ်”

မြဆည်းဆာသည် ကျုံ့ကျုံ့လေးထိုင်ကာ ကွမ်းအစ်ကိုကိုင်ရင်း ကွမ်းသီးညှပ်ကာ ပြောဆိုနေသည့် သူမဘကြီး၏ စကားများကို နားထောင်နေမိ ရှိလေသည်။

“စဘုရားလတ်ကလည်း သီပေါမင်းနဲ့ ဒိုင်းမှူးကြီးကိစ္စပြီးသွားတဲ့ အချိန်မှာ မောင်ဖေငယ်တို့ ရန်နောင်မောင်မောင်တုတ်တို့ကို အပြစ်ရှာ ခင်းဆီးပြီး သတ်ဖြတ်သလိုမဲ သီပေါမင်းလေးစားသူ ခင်မင်သူတွေကိုပါ ရှင်းနိုင်းဖို့ ကြိုးစားခဲ့တယ်။ ဒီအခါမှာ ပညာရှိလှူပျံတော်ဖြစ်တဲ့ သုန္ဒရတာ မှူလေးနန်းတော်နားမှာနေရင်း စဖုရားလတ်ရဲ့ စေလွှတ်တဲ့ လက်ပါးစေ တွေရဲ့ လက်ချက်က လွတ်မှာမဟုတ်ဘူးဆိုပြီးတော့ မန္တလေးစစ်ကိုင်း

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့လမ်းပေါ်က တောင်မြို့ဘက်ကို တိတ်တဆိတ် ထွက်ပြေးလာခဲ့သတဲ့။

စုဖုရားလတ်က သူ့လူယုံတော်တစ်ဦးဖြစ်တဲ့ တပ်မှူးထင်ကျော်သူရကို သုန္ဒရဆိုတဲ့ လူတစ်ယောက်ကို သတ်ဖို့တာဝန်ပေးလိုက်တယ်။ ထင်ကျော်သူရဆိုတာ တကယ်တော့ တခြားလူမဟုတ်ဘူး။ သုန္ဒရနဲ့ ညီအစ်ကိုနှစ်ဝမ်းကွဲလောက်တော်တယ်"

"ဩော် ... ဆွေမျိုးတွေဖြစ်ခဲ့ကြတာကိုး"

မြဆည်းဆာက အံ့ဩသံနှင့် မှတ်ချက်ချလိုက်လေသည်။

"စုဖုရားလတ်မားထက်တဲ့အချိန်မှာ အမျိုးတွေအဆွေတွေ မရှိဘူး။ မိတ်ဆွေသူငယ်ချင်း မရှိဘူး။ သတ်ဆိုရင် သတ်၊ ဖြတ်ဆိုရင် ဖြတ်ပဲ။ သတ်ဆိုရင်တောင် လူပျိုလူလွတ်ဆိုရင် တစ်ဦးတည်း၊ အိမ်ထောင်ရှင်ယောကျ်ားဆိုရင် သူ့ဇနီး သားသမီး ကျူပင်ခုတ် ကျူငုတ်မကျန်သတ်ရတာ"

"တော်တော်ရက်စက်ပါလား ဘကြီးရယ်။ အကြိုးလည်း ကြီးတယ်နော်"

"ဒါဟာ မင်းမိန့်ပဲလေ။ ဒီတော့ တပ်မှူးထင်ကျော်သူရဟာ သူ့လက်ရွေးစင်ငါးယောက်လောက်နဲ့ သုန္ဒရရှိတဲ့နေရာကို တိတ်တဆိတ်လိုက်လံပြီး သတ်ဖြတ်ဖို့ကြိုးစားခဲ့ရတာပေါ့"

"သုန္ဒရကလည်း ဒီလိုနေရာမျိုးမှာ စုဖုရားလတ် လက်သုံးတော်သူညီ[illegible]စ်ဝမ်းကွဲထင်ကျော်သူရကိုသာ သူ့ကိုသတ်ဖို့ အမိန့်ပေးရင် ဆွေမျိုး[illegible] အသိမိတ်ဆွေတွေဆီကို အလျှင်လိုက်ရှာမှာပဲဆိုတာ သိလို့ အင်း[illegible]တို့ [illegible]ကိုင်းတို့ မန္တလေးတို့မှာ မနေဘဲ မထင်ရှားတဲ့ တောင်မြို့က ဦးဖိုး



တံထားနားမှာ ခိုကပ်ရှောင်ပုန်းနေခဲ့တယ်"

"ဦးဖိုးတံတားရဲ့တစ်ဘက်မှာ တောင်သမန်ရွာရှိတယ် မဟုတ်လား ဘကြီးရဲ့။ ဒါ စုဖုရားလတ်ရဲ့ရန်သူတော် မောင်ဖေယံပိုင်တဲ့ရွာပဲ။ တောင်သမန်လယ်စားအဖြစ် မောင်ဖေယံကို သီပေါမင်းက ပေးသနားခဲ့တာ မဟုတ်လား"

"ဟုတ်တယ် မောင်ဖေယံကို ဖမ်းမိပြီး အထက်မြစ်ကြီးနားဘက်မှာ သုတ်သင်ပြီးပြီဆိုတော့ စုဖုရားလတ်နဲ့ သူ့လူတွေက ဒီနေရာကို စိတ်မဝင်စားတော့ဘူး။ သူတို့ရန်သူကို ရှင်းပြီးပြီလေ"

"ဒါလည်း ဟုတ်ပေတာပဲ ဘကြီးရဲ့ နောက်ထပ်ဘယ်သူ့ကို အပိုင်စားပေးသေးလဲ"

"စုဖုရားလတ်က ဒီဘက်ကကို မလှည့်နိုင်သေးဘူး။ အင်္ဂလိပ်တွေရဲ့ခြိမ်းခြောက်မှုခံနေရလို့ သူလည်း ဘာလုပ်ရမှန်းမသိတဲ့အချိန်၊ သီပေါမင်းကတော့ ဒိုင်ဝန်ကြီးရဲ့သမီးနဲ့ ဖြိစွန်းလို့ စုဖုရားလတ်က မားနဲ့လိုက်၊ နိုင်ခင်ခင်ကိုလည်း သတ်ပြီးကတည်းက စုဖုရားလတ် ဩဇာခံဖြစ်သွားတယ်။ သူ့အိမ်တော်ပါတွေ၊ ငယ်ကျွန်တွေ၊ လက်ရုံးတွေအနားမှာ မရှိတော့ဘူးမို့လား"

ဘကြီး၏ရှင်းပြမှုကို နားထောင်ရင်း မြဆည်းဆာက သက်ပြင်းချလိုက်မိလေသည်။

"ဟင်း ..."

"ဒီလိုပဲ သမီးရေ။ ထီးနန်းပျောက်ကာနီး သားဆိုးကံဆိုးတွေလာတော့မယ်ဆိုရင် အခြေအနေအားလုံးဟာ ဆိုးရွားလာတော့တာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တွေတော့ ဒီလိုဖြစ်တာ အကြိုက်ပေါ့"

"သမီးရဲ့အဘိုးအကြောင်းကို ဆက်ပြောပါဦး ဘကြီးရဲ့"

"အေး ဟုတ်သားပဲ။ ဘကြီးလည်း တိုင်းပြည်ရေးရာဘက် ရောက်သွားလို့ သုန္ဒရဆိုတဲ့လူဟာ လူပြန်တော်ဘုန်းကြီးလူထွက်ဆိုပေမယ့် တသေကျမ်းဂန် ကြေညက်လို့ အတတ်ပညာလည်း စုံတယ်။ လူထွက်တော့ နှစ်ဆယ်ကျော်ဆိုတော့ ဘုံကျောင်းဆရာတော်ဆီမှာ စာချတမ်းတွေ အောင်တဲ့အထိ သင်ဖူးတော့ မိဘလက်ငုတ်ဖြစ်တဲ့ ယက္ကန်းအလုပ်ကို ကိုရင်မဝတ်ခင် လေးငါးခြောက်နှစ်ကတည်းက တည်ထားသတဲ့။ ကိုရင်ဝတ်တော့ (၁၀) နှစ်ဆိုတော့ ယက္ကန်းစင်နဲ့ယက္ကန်းအလုပ် ကောင်းကောင်း တတ်ခဲ့တာပေါ့"

"ဘာလို့ ဘိုးဘိုးရဲ့ အဖေ အမေတွေက အဘိုးသုန္ဒရကို ကိုရင်ဝတ်ပေးတာလဲ"

"ဒါကတော့ ရှေးလူကြီးတွေရဲ့ အမြော်အမြင်ပေါ့။ ရှေးတိုင်းရေး ပြည်ရေး မကောင်းတော့ လူဝတ်နဲ့ဆိုရင် ဓားပြရန်၊ လူဆိုးရန် ကြောက်ရ ဘုရင့်ကြောက်ရ၊ ရန်သူကြောက်ရ မဟုတ်လား။ ဒီတော့ သာသနာ့ဘောင် မှာနေရင် အပြစ်ကင်းမယ်ဆိုပြီး ဝတ်နိုင်းခဲ့တာပေါ့"

"ဒါဆိုရင် အဘိုးက ပဋ္ဌင်းတွေဘာတွေ တက်တဲ့အထိ စာတွေ ဆက်သင်ခဲ့တာပေါ့"

"ဟုတ်တယ်၊ ပဋ္ဌင်းဝါသုံးဝါအရမှာ သုခမ္မာဇရပ်တွေမှာ စာပြန် ပွဲလုပ်တော့ ဆုရတဲ့အထဲမှာ သုန္ဒရပါတာပေါ့။ သီပေါမင်းသားက ဆုတော် ပေးရင်းနဲ့ အရပ်အမောင်း အသွင်သဏ္ဌာန်ကိုမြင်တော့ ဘယ်ကျောင်းက



လဲလို့ မေးသတဲ့။ ဒီတော့ဦးပဋ္ဌင်း ဆရာတော်တွေက သီပေါမင်းသားဟာ သုန္ဒရကို နန်းတော်ထဲမှာ အမှုတော်ထမ်းစေချင်တယ်ဆိုတာ သိလို့ အဘိ ဓမ္မာစာပြန်ပွဲတွေမှာ ဖြေဆိုမယ့် သီပေါမင်းသားအတွက် အကူအထောက် ပေးနိုင်အောင် လူထွက်ခိုင်းပြီး ဆရာတော်တွေက သီပေါမင်းသားကို ဆက်သတော်လို့ တိုင်ပင်ဖက်မြှသင့်ကြောင်း အမိန့်ရှိလို့ စာတော်ပြင်အဖြစ် နန်းတော်ထဲမှာ အမှုထမ်းရတယ်။ သီပေါမင်းသားက စာတွေဘာတွေ မေး တဲ့အခါ ရှင်းလင်းအောင် ဖြေဆိုနိုင်တဲ့အတွက် မြလက်စွပ်၊ ပတ္တမြား လက်စွပ်နဲ့ နီလာလက်စွပ်သုံးကွင်း ဆုတော်လာဘ်တော် ရဖူးတယ်"

"ဟင်...ဒါဆိုရင် ဘိုးဘိုးက အိမ်တော်တာပေါ့နော်"

"ဟုတ်တယ်။ တွက်ချက်ဆင်ခြင်ဉာဏ်လည်း ကောင်းတယ်။ ဒါကြောင့် တောင်သမာန်ရွာဝန်းကျင်မှာ မထင်မရှားနေရင်းနဲ့ တောင်သမန် ရွာထဲက ယက္ကန်းစင်တွေအတွက် ချည်ဆေးဆိုးတာ၊ ချည်ငင်တာ၊ ချက် သုံးဝယ်ယူရောင်းချတာတွေနဲ့ အသက်မွေးတယ်၊ ဘယ်သူမှ သုန္ဒရမှန်း မသိကြဘူး။ ဒီအချိန်မှာ အသက်ကလည်း နှစ်ဆယ့်ရှစ်နှစ်လောက်ဆိုတော့ ဦးနိုကာဆိုတဲ့ ယက္ကန်းစင်ထောင်တဲ့လူကြီးရဲ့သမီး မြမြရီနဲ့တွေ့မိကြတာပေါ့"

ငယ်ရွယ်နုပျိုသော မြဆည်းဆာမှာ ချစ်ခန်းကြိုက်ခန်းသို့ ရောက် ရှိသွားသည်နှင့် စိတ်ဝင်စားသွားလေသည်။

"အဲဒီ ဘိုးဘိုးသုန္ဒရနဲ့ ဘွားဘွားနဲ့က ဘယ်လိုတွေ့ကြတာလဲ ဘကြီးရဲ့"

မြဆည်းဆာက မျက်ခုံးကလေးပင့်ကာ စိတ်ဝင်စားစွာ မေးလိုက် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဘကြီးရဲ့အစ်ကိုက ပြန်ပြောတဲ့အတိုင်း သမီးကို ပြောပြပါ့မယ်။ သမီးက ချစ်ရေးခင်ရေးဆိုတော့ ဝတ္ထုဇာတ်လမ်းတွေ၊ ပျို့ကဗျာတွေကလို နားထောင်ချင်မှာပေါ့"

မြဆည်းဆာက ရှက်ပြုံးပြုံးကာ ခေါင်းငုံ့နေလိုက်သည်။

×××

ဦးပိန်တံတားဓါတ်တစ်ဘက်ရှိ ရွာကလေးတွင် ကိုရွှေညိုဟု သူ့ကိုယ်သူ အမည်ပြောင်းကာ နေထိုင်သော သုန္ဒရသည် စာပေကျမ်းဂန်စကားကို လုံးဝမပြောကြားတော့ဘဲ ယက္ကန်းထောင်ဆရာကြီး ဦးပိုက်ထံတွင် ချည်လုံးများကို ဆေးဆိုးသောအလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်လေသည်။

ဆေးစပ်ပုံကို နားလည်ခြင်း၊ ချည်ကောင်း ချည်ညံ့ကို နားလည်ခြင်း၊ ယက္ကန်းကိုလည်း ကိုယ်တိုင်ခတ်တတ်ခြင်းကြောင့် မောင်ရွှေညိုကို ဦးပိုက်က ခေတ်အခါမကောင်း၍ တရပ်တကျေးမှ လာရောက်ကာ ကြုံရာအလုပ်လုပ်နေသူဟု လက်ခံကာ အလုပ်ပေးထားလေသည်။

မောင်ရွှေညိုမှာ ပိဋကတ်ကျမ်းကန်ကျေးဇူးကြောင့် ရဟန်းဝါလေးဝါနှင့် ကိုရင်ဝါ ဆယ်ဝါခန့် ဝတ်လာခဲ့သူဖြစ်၍ အနေအထိုင် အပြောအဆိုကအစ ယဉ်ကျေးသိမ်မွေ့လှပေရာ၊ ဦးပိုက်သည် မှုလက မိန်းမရှာလေးလားဟုပင် ထင်မိပေသည်။ သို့သော် လူငယ်ဘဝကပင် အားကစားနှင့် တိုက်ခိုက်မှုပညာများကို ပေမှုထဲမှ ဖတ်ကာ တိတ်တဆိတ် လေ့ကျင့်ခဲ့မှုကြောင့် တော်ရုံတိမ်းခြင်း ရှောင်ခြင်းလုပ်နိုင်သည်ကို ယက္ကန်းအလုပ်သမား



ချင်း စကြပြောင်ကြသောအခါ တွေ့မြင်ရလေ၏။

ရိုးသည်မှန်သော်လည်း ဉာဏ်ကောင်း၍ မည်သည့်ကိစ္စမဆို သပ်သပ်ရပ်ရပ် တိတိကျကျ ဆောင်ရွက်နိုင်သည်ကို တွေ့မြင်ရရာ ဦးပိုက်မှာ သားသမီးကဲ့သို့ပင် ချစ်ခင်၍နေလေသည်။

ဦးပိုက်သည် ပခုက္ကူ မုံရွာစသော ရွာများမှ ဝါဂွမ်းကို ချည်ထည်လုပ်သည့်နေရာများမှ ချည်လုံးများကို အများအပြားဝယ်ယူထားရာ ယက္ကန်းလုပ်ငန်းများကို ထိုစဉ်က အိမ်တိုင်းစေ့နီးပါး လုပ်ကိုင်ကြသော အမရပူရမြို့တွင် ချည်လုံးရောင်းသူအဖြစ်လည်း ထင်ရှားလေသည်။

နီးသောနေရာများသို့ ချည်လုံးများကို ကိုယ်တိုင်ပင် အိမ်မှ အလုပ်သမားများကို ပို့နိုင်ပြီး၊ အဝေးမှနေရာများသို့ နွားလှည်း မြင်းလှည်းဖြင့် ယက္ကန်းရက်သူများထံ ဆေးဆိုးကာပေးပို့ ရောင်းချကြ၏။ အချို့က ချည်ထည်အဖြူကို ဝယ်ယူကာ ကိုယ့်ယက္ကန်းစင်ရောက်မှ ကိုယ်ကြိုက်ရာအရောင်ကို ဆိုး၍ ကိုယ့်အဆင်နှင့်ကိုယ် ချည်ဖောက်ကာ ရက်လုပ်တတ်ကြသည်။ အမရပူရမြို့ရှိ ရပ်ကွက်ထဲမှ ယက္ကန်းစင်များကို ချည်ခွဲပို့သည့်တာဝန်ကို မှုလက ဦးပိုက်၏သမီးနှင့်သားဖြစ်သော မောင်ညွှာနှင့် မဖြိုးအိတို့က လိုက်လံပို့ဆောင်လေ့ရှိသည်။

တောင်သမန်ရွာဘက်သို့မှု မှုလက ဖိုးကြွင်ဆိုသော လူတစ်ယောက်တား၍ ပို့လေ့ရှိရာ ဖိုးကြွင်မှာ ထန်းရည်သမား၊ ကြက်သမားဖြစ်သောကြောင့် ဦးပိုက်က သဘောမကျချေ။ ချည်ပို့လျှင် အမြဲမှုးတစ်ပဲစသဖြင့် ပို့ဆောင်ခပေးလေ့ရှိရာ ဖိုးကြွင်မှာ ဦးပိန်တံတားအစ် တောင်သမန်ရွာမှ ထန်းတောတွင် ထန်းရည်သောက်ကာ မူးမူးပြန်လာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ချည်လုံးပိုးများ ရှင်းပေးသည့်ငွေထဲမှ တစ်မတ်၊ တစ်မူးကို သုံးချင်လည်း သုံးပစ်တတ်သေးသည်။ မဖြိုးအိမှာ ဖိုးကြွင်ကို ကြည့်မရသလောက် ဖိုးကြွင်က မဖြိုးအိကို ရိတိစိ ချိတ်တိတ်တိတ် လုပ်လျက်ရှိသည်။ မောင်ရွှေညိုမှာ အကြင်းပါးသူဖြစ်သည့်အတိုင်း အကဲခတ်မိ၍ ဖိုးကြွင်နှင့် ပြဿနာမဖြစ်စေရန် မဖြိုးအိနှင့် ခပ်ခွာခွာနေခဲ့သည်။ /

ယုတ်စွအဆုံး မဖြိုးအိ၏ယက္ကန်းစင်မှ လက်ခတ်ဖြစ်စေ ခြေနင်းဖြစ်စေ ပြင်စရာ လဲစရာရှိသည်ကိုပင် သူကသွားရောက်ပြုလုပ်မပေး။ အခြားယက္ကန်းစင်များကိုကား မောင်ရွှေညိုက စေတနာဖြင့် လုပ်ဆောင်ပေးတတ်လေသည်။ ယက္ကန်းစင်တစ်စင်လုံးကိုပင် သူသည် တန်းများတိုင်များကအစ ပြုလုပ်ကာ ဆင်ပေးတတ်သူဖြစ်သည်။

ရုပ်ရည်သန့်ပြန့်ခံ့ညားသော မောင်ရွှေညို ရောက်လာကတည်းက တိတ်တခိုး သဘောကျနေသော မဖြိုးအိမှာ မောင်ရွှေညို၏နေပုံထိုင်ပုံ သတိထားမိသောကြောင့် သဘောမကျ၊ ရယ်ရယ်မောမော ခင်ခင်မင်မင် အခြားသူများကဲ့သို့ သူ့ကို ဆက်ဆံစေချင်သည်။

တစ်နေ့အိမ်နောက်ဘက်ရှိ ချည်လုံးဂိုဒေါင်ထဲတွင် မောင်ရွှေညိုသည် ချည်လုံးများကို အကောင်းအညံ့ခွဲကာ နေရာချနေစဉ် ယောထဘီနှင့် ပင်ဖြူလက်ပြတ်လေး ဝတ်ထားသော ဆံထောက်တ...ဖားနှင့် မဖြိုးအိက အပေါက်ဝသို့ ရောက်လာ၏။

"ကိုရွှေညို"

"ဗျာ"

"ဘာတွေလုပ်နေတာတုံး"



"တွေ့တဲ့အတိုင်းပေါ့ဗျာ"

"အဲဒီချည်လုံးတွေက ခွဲစရာမလိုသေးပါဘူးရှင်"

"ဆရာကြီးက ဆေးဆိုးဖို့ ချည်နဲ့ အဖြူထည်ပို့ဖို့ ချည်ခွဲခိုင်းထားလို့ အစ်မလေးမဖြိုးအိရဲ့"

"ကျွန်မ သိပါတယ် ကိုရွှေညိုရဲ့၊ ဒီလောက်ဆို မနက်ဖြန်မှ ရပါပြီ၊ လာပါ ကျွန်မနဲ့စကားလေးဘာလေး ပြောရအောင်။ ပြီးတော့ ကျွန်မကို အစ်မလေး မဖြိုးအိလို့ မခေါ်ပါနဲ့"

မောင်ရွှေညိုက အလုပ်ကိုမရပ်သေးဘဲ ချည်လုံးများကို ခွဲနေရင်း

"ဒါဖြင့် ဘယ်လိုခေါ်ရမှာတုံး"

ဟု မေး၏။

"အစ်ကိုကြီးခေါ်သလို ဖြိုးအိလို့ခေါ်ပေါ့။ ရှင်က ကျွန်မထက် အသက်ကြီးပုံရပါတယ်၊ ရှင့်အသက် ဘယ်လောက်ရှိပြီလဲ"

"သုံးဆယ်နားပေါ့ဗျာ"

နှစ်ဆယ့်ရှစ်နှစ်သာရှိသေးသည်ကို တမင် သုံးဆယ်နားကပ်ဟု ပြောလိုက်ခြင်းဖြစ်သည်။

"ကျွန်မက နှစ်ဆယ့်နှစ်နှစ်ရှိသေးတယ်ရှင့်၊ ညီမလေးဖြိုးအိလို့တောင် ခေါ်ဖို့ကောင်းတယ်"

"မခေါ်ရဲပါဘူးဗျာ"

"ဘာလို့ မခေါ်ရဲရမှာလဲ၊ လူလူချင်းပဲ"

"ကျွန်တော့်အလုပ်ရှင်ဆရာကြီးရဲ့သမီးကို ဒီလိုခေါ်ရင် ရိုင်းရာကျမှာပေါ့ မဖြိုးအိရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အို ဖေဖေက ကိုရွှေညိုကို သိပ်ချီးကျူးတာ၊ သိပ်သဘောကျတာ အဖြစ်တင်မယ် မထင်ပေါင်"

"အိုဗျာ…ဘာချီးကျူးစရာရှိလို့လဲ"

မောင်ရွှေညိုက ရှက်သံဖြင့်ပြောလိုက်၏။

"ခုတောင် မောင်ရွှေညိုက ဘာမဆို စိတ်ချရတယ်တဲ့ ဒီတော့ ကိုဖိုးကြွင်ကို တောင်သမန်ရွာကို ချည်လုံးမပို့နိုင်းတော့ဘူး၊ မောင်ရွှေညိုကို ပို့နိုင်းမှဖြစ်မယ်တဲ့"

မောင်ရွှေညို အံ့အားသင့်သွားသည်၊ အမှန်တော့ သူသည် သွားသွားလာလာ သိပ်မလုပ်ချင်ပေ။ စစ်ကိုင်းကို မန္တလေးတို့သို့ မသွားနိုင်း၍ တော်ပေသေးသည်ဟု တွေးလိုက်မိသည်။

မောင်ရွှေညိုက သူ့ကျော့မပေးထားသည်ကို တစ်ချိန်လုံး တဲပေါက်ဝမှတိုင်ကိုမှီကာ စကားရပ်ပြောနေသော မဖြိုးအိကို အားနာ၍ အလုပ်ရပ်ကာ ထွက်လာခဲ့လေသည်။

"ဆရာကြီးနိုင်းရင်တော့ လုပ်ရမှာပေါ့ဗျာ"

"ဖေဖေက ညကျရင် အိမ်ပေါ်လာခဲ့လို့ပြောခိုင်းနေတာကြားတယ် ရှင့်၊ ရှင်က ကျွန်မနဲ့ ဘာလို့စကားမပြောတာလဲ"

"ဘာမှမဖြစ်ပါဘူးဗျာ၊ မအားလို့ပါ"

×××

ဤသို့ဖြင့် တောင်သမန်ရွာရှိ ယက္ကန်းစင်သို့ ချည်လုံးပို့ရသော အလုပ်ကို မောင်ရွှေညို တာဝန်ယူလိုက်ရလေသည်၊ မောင်ရွှေညိုအား



ချည်လုံးပို့သောနေ့တွင် ဦးပိုက်က တစ်မတ်ခန့်ငွေပေးလေသည်။ ငွေတစ်မတ်ဆိုသည်မှာ နည်းသည်မဟုတ်ပါ။

"ဆရာကြီးတို့အိမ်မှာ ဆရာကြီးတို့အိမ်မှာ အလုပ်လုပ်နေတာပဲဗျာ၊ ဆရာကြီးလုပ်ခပေးထားတာပဲ၊ ချည်လုံးပို့တာ အပန်းမကြီးပါဘူး၊ ပို့စရာရှိလို့ ပို့ရတာ ပိုက်ဆံမပေးပါနဲ့"

မောင်ရွှေညိုက စိတ်ရင်းအခံအတိုင်း ပြောလိုက်လေသည်။

"ဖေဖေ ပေးတာယူပါ ကိုရွှေညိုရဲ့၊ ကိုဖိုးကြွင်တို့ ကိုစံအေးတို့လည်း ဒီလိုပဲ ဖေဖေကပေးတာပဲ၊ ကိုရွှေညိုအသုံးလိုတာလေးတွေ ဝယ်ရအောင် စုထားပေါ့"

"ဒီမှာ ထမင်းကျွေးတာ စားနေတာ၊ လုပ်ခတောင် စုမိထားပါတယ် မဖြိုးအိရဲ့၊ အပိုငွေ ဘာမှသုံးဖို့မှမလိုတာ"

"အို ကိုယ့်လုပ်ခကိုယ်ရတာပဲ၊ ခုပဲ ရှင့်ကိုချည်လုံးပို့နိုင်းလို့ ပေးတာ ဘာမှမငြင်းနဲ့"

ဦးပိုက်သည် သမီးဖြစ်သူက မောင်ရွှေညိုကို စေတနာနှင့်ပြောနေသည်ကို နားထောင်ကာ ပြုံးနေသည်။

"ကဲ… မင်းနှမကတောင် ပြောနေပြီ၊ ဟုတ်ပါတယ်၊ ငြင်းမနေပါနဲ့ကွာ၊ သွားပို့ချေတော့၊ မနက်ဖြန် ချည်မရှိတော့ဘူးလို့ လူကြုံလာပြောတယ်"

"ဟုတ်ကဲ့ ဆရာကြီး"

မောင်ရွှေညိုသည် ချည်လုံးဆယ်လုံးခန့် ထည့်ထားသော အိတ်ကို ထမ်းကာ ထွက်လာခဲ့လေသည်။ ဦးပိန်တံတား၏ တစ်ဘက်ထိပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပင် ယက္ကန်းစင်ရှိသော ရွာကလေးက ရှိနေသည်။ ထန်းတောကလည်း ထိုအနားမှာပင် ရှိနေသည်။

လူသစ်ဖြစ်နေသောကြောင့် ယက္ကန်းစင်မှ ယက္ကန်းခတ်နေသော မိန်းကလေးများ လှမ်း၍ကြည့်နေကြသည်။

"ဦးပိုက်အိမ်က ချည်ပို့ခိုင်းလို့ပါခင်ဗျာ"

"အေးလေ အရောင်ချည်နှစ်လုံး၊ အဖြူချည် နှစ်လုံးထားခဲ့"

"ကောင်းပါပြီ ခင်ဗျာ"

ချည်ထည်များကို ယက္ကန်းစင်သုံးစင်ပြည့်အောင် ချခဲ့ပြီး အပြန်တွင် ငွေသိမ်းရမည်ဖြစ်လေသည်။ နောက်ထပ် ယက္ကန်းစင်အိမ်နှစ်အိမ်သို့ သွားပြီးနောက် မှာထားသော ချည်လုံးများကို ပို့ပေးပြန်လေသည်။ ကျောက်တော်ကြီးဘုရားသို့ သွားသည့်လမ်းလေးမှ အိမ်ဝင်းကလေးထဲတွင် ယက္ကန်းရက်နေသော မိန်းမပျိုသုံးယောက်သည် ခြံဝင်းထဲသို့ ဝင်လာသော မောင်ရွှေညိုကို လှမ်း၍ကြည့်မိကြသည်။

နုံ့သာရောင်အင်္ကျီနှင့် ချည်လုံချည် ကန့်လန့်စင်းသနပ်ခါးရောင်ကို ဝတ်ဆင်ကာ ယက္ကန်းခတ်လျက်ရှိသော မိန်းမချောလေးတစ်ဦးသည် သူမဘေးမှ အင်္ကျီအပြာရောင်နှင့် အရုပ်ပုပုလုံးလုံး မိန်းကလေးဘက်သို့ လှည့်ကြည့်ကာ . . .

"လူပုံကတော့ မဆိုးဘူးတော့။ ဦးပိုက်အိမ်က ချည်လာပို့တဲ့လူ ထင်ပါရဲ့"

ဟု ပြောလိုက်သည်။

"ခါဆိုင်း ကိုဖိုးကြွင်ကြီးလာပို့တာပဲ"



"မြမြရဲ့ ခုဘာဖြစ်လို့လဲမသိဘူး"

"ဘာဖြစ်ရမှာလဲ။ ညည်းလူကိုဖိုးကြွင်က တံတားထိပ်က ထန်းတောမှာ ခေါင်းစိုက်ပြီးမှ ပြန်တာကို ဦးပိုက်က မကြိုက်လို့ ဖြစ်မှာပေါ့"

"မြမြကတော့ ဒီလူကို တော်တော်ချီးကျူးတာပဲ"

"အို တော်ပါစန်းရီရယ်။ ဟိုမှာ အိမ်နားရောက်နေပြီ"

ရှက်စိတ်ကြောင့် မျက်နှာကလေးရဲကာ ယက္ကန်းကို ခေါင်းငုံ့ခတ်ရင်း ပြောလိုက်သည်။

"ဦးပိုက်အိမ်က ချည်ပို့ခိုင်းလို့ပါ"

မိန်းမပျိုသုံးဦးရှိရာ ယက္ကန်းစင်ပေါ်သို့ တစ်ချက်လှမ်းကြည့်ရင်း မောင်ရွှေညိုက ပြောလိုက်သည်။

"အိမ်ထဲကို ဝင်သွားပါရှင်။ ဖေဖေရှိပါတယ်"

မြမြရီက မောင်ရွှေညိုရှိရာသို့ လှမ်းပြောလိုက်ရာ၊ မောင်ရွှေညိုမှာ အမှတ်မထင် စူးစိုက်၍ကြည့်မိရာမှ ထင်ရှားသောမျက်နှာဝိုင်းဝိုင်းနှင့် နှာတံပေါ်ပေါ် စူးရှသော မျက်လုံးဝိုင်ရှင် မြမြကို မျက်လုံးများ မလွှဲနိုင်အောင် ဖြစ်မိ၏။

မြမြရီမှာ ရင်များဖိုကာ ခေါင်းကိုငုံ့ထားလိုက်မိသည်။ မြမြရီ၏ ယက္ကန်းစင်ဘေးမှ မိန်းကလေးနှစ်ဦးက ရယ်လိုက်တော့မှ မောင်ရွှေညို ရှက်ရွံ့ကာ အိမ်ထဲသို့ ကတိုက်ကရိုက်ဝင်သွားမိသည်။ မြမြရီ၏အဖေ ဦးဖိုးတာ အိမ်ပေါက်ဝရေ့ ဆင်ဝင်တွင် ကွမ်းအစ်တစ်လုံးဖြင့် ထိုင်လျက်ရှိနေလေသည်။

"ဩော် . . . ဦးပိုက်ဆီက ချည်ခင်လာပို့တာကိုး။ နေပါဦး မောင်

www.burmeseclassic.com

www.burmeseclassic.com



ရင့်ကို ဦးမနေတွေ့မှုပါဘူး"

"ဟုတ်ကဲ့ ကျွန်တော်က ယက္ကန်းစင်စင်တာ၊ ယက္ကန်းစင်ပြင်တာ ချည်တွေဆေးဆိုးတာ ယက္ကန်းမှာ လူမရှိရင် ဝင်ခတ်တာ လုပ်နေတာကြာပါပြီခင်ဗျာ"

"ထိုင်ပါဦးကွယ်"

"ဟုတ်ကဲ့"

"သမီးရေ ဒီမှာ ချည်ခင်ဖိုးငွေလာပေးပါဦးကွယ်၊ အကြမ်းသောက်တတ်တယ်မို့လား"

"ရပါတယ်ခင်ဗျာ"

ဦးဖိုးတာက အကြမ်းအိုးနှင့် မြေပဲကြော်ပန်းကန်ကို ရှေ့သို့တိုးပေးလိုက်သည်။ ဦးဖိုးတာမှာ လူပုံခံ့ညား၍ ယဉ်ကျေးသော မောင်ရွှေညို့ကို စိတ်ဝင်စားသွားမိသည်။

×××

"ဒီအမရပူရမြို့ကတော့ မဟုတ်ဘူးထင်ရဲ့၊ တူမောင်က တစ်ရပ်တစ်ကျေးက လာတာထင်တယ်၊ မိဘများကရော"

"ကျွန်တော့်မိဘများက အနောက်မြိုင်ဘက်ကပါပဲ၊ ခင်ဗျား၏ယက္ကန်းအလုပ်ပဲ လုပ်ကြပါတယ်"

"တူမောင့်ကြည့်ရတာ ယက္ကန်းပညာတော့ တော်တော် ကျွမ်းကျင်တယ်ထင်ပါရဲ့"

"အသင့်အတင့်ပါပဲခင်ဗျာ၊ မိဘရိုးရာဆိုတော့လည်း လုပ်ရင်း



ိုင်ရင်း နားလည်နေတဲ့သဘောပါပဲ"

ရေနွေးကြမ်းကို ငှဲ့သောက်ရင်းက မောင်ရွှေညို့က အိမ်ထဲသို့ င်လာသော မြမြရီကို တစ်ချက်လှမ်းကြည့်မိသည်။

"ကောင်းခြောက်ဆယ့်လေးရပ် သွေးထပ်ထပ်ရပ်ညီ ရှေးနိပါတ် ်တ်မမိသည့် ဖုဿတီထိပ်ထား"

ဟူသကဲ့သို့ ကျော့ရှင်းလှပသော ကိုယ်ဟန်နှင့် သေးသွယ်နွဲ့ င်းသော ဟန်ပန်ကို မြင်လိုက်ရသည်။

ရဟန်းဘဝတွင် နေဖူးသော မောင်ရွှေညို့မှာ မိန်းကလေးများကို ည်သည့်အခါမျှ စွဲစွဲလမ်းလမ်း ရဲရဲတင်းတင်း မကြည့်ပေ၊ ကျမ်းဂန်နှင့် ညီ ကြောက်စရာ မာယာများသောအမျိုးဟု အတွေးဖြင့် အမှုမဲ့အမှတ်မဲ့ ့သည်ကသာ များလေသည်။

သို့သော် မြမြရီ၏မျက်နှာနှင့် ကိုယ်ဟန်ကမူ ခုညံ့သိမ်မွေ့လှ မောင်ရွှေညို့၏ ရင်ကို လှုပ်ဖိုတုန်ခါသွားစေလေပြီ။

"အင်း . . . တော်တော်လှတဲ့မိန်းကလေးပဲ၊ သူ့မျက်လုံးကလေး ာ သနားစရာ ချစ်စရာပဲ၊ အို . . . ငါ ဘာတွေတွေးမိပါလိမ့်"

"ချည်ခင်လေးလုံးဖိုးပဲ မဟုတ်လား ဖေဖေ"

ခေါင်းကြီးငုံ့နေသော မောင်ရွှေညို့သည် မြမြရီ၏ချိုလွင်သာယာ အသံကို ကြားရတော့မှ ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။

"ငွေသည်ကို ပေးလိုက်ပါကွယ်၊ ဒါထက် နောက်လည်း တူ ်သဲလာဦးမှာ မဟုတ်လား"

"ဟုတ်ပါတယ် ဦး၊ ပို့ဖြစ်မယ်ထင်ပါရဲ့"

www.burmeseclassic.com



"အေးကွာ···ဖိုးကြွင်က အပြောအဆိုတော့ မဆိုးပါဘူး။ ငယ် ငယ်ရွယ်ရွယ်နဲ့ ထန်းချည်တယ်ကြိုက်တဲ့ သူငယ်ကိုး။ တစ်ခါတလေ ချည် ခင်တွေချပြီး ထန်းတဲက သောက်လာတတ်တယ်ထင်ပါရဲ့ အနံ့က တထောင်း ထောင်းနဲ့"

ဦးဖိုးတာက ဖိုးကြွင်အကြောင်းကို ပြောနေသော်လည်း လူတစ်ဦး တစ်ယောက်အား နောက်ကွယ်တွင် အပြစ်မပြောလိုသော မောင်ရွှေညို အင်းမလုပ် အဲမလုပ်ဖြင့် မြမြရီကိုသာ မသိမသာ အကဲခတ်နေမိ၏။

"ဩော် သမီး···ယက္ကန်းစင်က လက်ခတ်က သိပ်မကောင်းဘူ ဆို။ တူမောင့်ကို ပြကြည့်ပါလား။ အချိန်ရတယ် မဟုတ်လား။ တူမောင်"

"ရပါတယ် ခင်ဗျာ"

"တူမောင် အချိန်ရတယ်ဆိုရင် ဘာဖြစ်နေတာလဲဆိုတာ ကြည့် ပေးစမ်းပါကွယ်။ ဟဲရော့ ချည်ခင်ဖိုး သမီး ခြေနင်းနဲ့တိုင်ချည်တွေ ဖော ချည်တွပါ စိတ်တိုင်းမကျရင် ဒီကတူမောင်နာမည်ဘယ်သူ"

"မောင်ရွှေညိုပါခင်ဗျာ"

"အေး···မောင်ရွှေညိုကို ပြကြည့်လိုက်ပါ"

မောင်ရွှေညိုမှာ ရေးရေစက်ကြောင့်ဟု ဆိုရမည်လား မသိ။ မြ ရီကို စတွေ့ကတည်းကပင် အနားကမခွာချင်အောင် စွဲလမ်းချစ်ခင်စိတ် ဖြစ်ပေါ်မိရာ···

"လိုက်ခဲ့ပါရှင်"

ဟု ခေါ်သော မြမြရီ၏နောက်သို့ လိုက်ပါသွားမိလေသည်။

"မြ ထင်တာတော့ လက်ခတ်လုံးက ကြီးနေလို့ထင်ပါရဲ့။



ကြာ ခတ်ရင် လက်ချောင်းလေးတွေ ညောင်းသလိုပဲ"

မြမြရီက သူမကိုယ်သူမ မြဟုပြောလိုက်ရာ မောင်ရွှေညိုက ထို စကားလေးတစ်လုံးကို ရင်ထဲတွင် စွဲမှတ်ထားလိုက်မိသည်။

လက်ခတ်လုံးကိုကြည့်လျက် သင့်လျော်အောင် ကြိုးပြင်ပြုပြင် ပေးလိုက်ရာ မြမြရီမှာ ယက္ကန်းကိုခတ်ကြည့်ရာ အံ့အားသင့်သွား၏။

"ဘာဖြစ်တာလဲ ခုတော့လည်း ဆွဲချလို့ကောင်းနေပါလား"

ပြုံး၍ မောင်ရွှေညိုကို လှည့်ကာ ပြောလိုက်သည်။

"ဒါကတော့ စင်ပေါ်မှာ မှုတည်ပြီး ကြိုးဆိုင်းတာ ထိန်းတာကို အနေတော်အောင် ညှိလိုက်တာပါ မြရယ်"

"ကျေးဇူးတင်ပါတယ် ကိုရွှေညို"

"အို···ကျေးဇူးတင်စရာ မလိုပါဘူး။ ဒါက ခက်ခက်ခဲခဲ လုပ် ရတာမှမဟုတ်ဘဲ။ တိုင်ချည်တွေက ကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ်။ ဖောက်ချည်ကတော့ ခဏခဏ ပြတ်တယ်ရှင့်"

"အဲဒါ ဆိုးဆေးကြောင့်ပဲ မြရီ။ အနီရောင်ဆိုးဆေးက ချည်ကို အတွေးပြန်တယ်ထင်ပါရဲ့။ အနီရောင်ကို သတိထားပြီးသုံးပေါ့။ တတ်နိုင် ရင်တော့ အနီရောင်မပါတဲ့အဆင်ကို ရက်တာ အန္တရာယ်ကင်းတာပေါ့။ ကဲ ကိုရွှေညို ပြန်ဦးမယ်နော်"

"ကောင်းပါပြီရှင်။ အလုပ်ကိစ္စရှိမှ မဟုတ်ပါဘူး။ ကျွန်မတို့အိမ်ကို အခါခါမင်မင် ဝင်ထွက်သွားလာနိုင်ပါတယ်"

မြမြရီ၏အပြုံးစကားများသည် မောင်ရွှေညိုရင်ထဲတွင် နွေးထွေး သော ပျော်ရွှင်မှုကို ဖြစ်စေတော့သည်။

×××

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ကိုရွှေညို။ ရှင် ခုတလော တောင်သမန်ရွာဘက်ကို တယ်ဖြိုးတော့ ခြေဦးလှည့်နေပါလား"

နေ့လယ်ထမင်းစားပြန်လာသော မောင်ရွှေညိုကို မဖြိုးအိက ယက္ကန်းစင်ရှိရာမှ ယက္ကန်းခတ်ရင်း လှမ်းပြောလိုက်လေသည်။

"တောင်သမန်ရွာကို သွားတဲ့လမ်းက သာလို့ပါဗျာ"

မောင်ရွှေညိုက အလိုက်အထိုက်ပြန်ပြောလိုက်လေသည်။

"ကျွန်မ သိပါတယ်ရှင်။ ဦးဖိုးတာတို့အိမ်ကို မကြာခဏ ရောက်တယ်မဟုတ်လား။ အဲဒီက ကျွန်မသူငယ်ချင်း စန်းရီက ညည်းတို့အိမ်က အလုပ်သမားလူပုံချောတော့ တို့ယက္ကန်းစင်ဘက် ခတ်ကျနေတယ်လို့ ပြောပါတယ်"

"အိုဗျာ"

ယက္ကန်းကိုရပ်ကာ မဖြိုးအိက ယက္ကန်းစင်ပေါ်မှ ဆင်းလာသည်။

"ကိုရွှေညို"

"ဗျာ"

"ဦးဖိုးတာရဲ့သမီး မြမြရီက မချောဘူးလား ဟင်"

"အင်း...ချော...ချောပါတယ်"

မောင်ရွှေညိုက တည့်တည့်မေးခြင်း ခံလိုက်ရ၍ ကြောက်ကြောက်လန့်လန့်ဖြင့် ဖြေလိုက်၏။

"ဟော...ပေါ်ပြီ။ ရှင် မြမြရီကို သွားပြီး လူမျိုလှည့်နေတာ မဟုတ်လား"

"မမှန်းရဲပါဘူးဗျာ။ ဦးဖိုးတာက ယက္ကန်းစင်တွေ ပြုပြင်ဖို့ ခေါ်လို့



သွားသွားနေတာပါ"

"ဒါပဲနော် ကိုရွှေညို။ ကျွန်မက အဲဒီအိမ်ဘက်သွားတာ မကြိုက်ဘူး။ နောက်ကို အလုပ်မရှိဘဲ မသွားပါနဲ့။ ဖေဖေ့ကိုလည်း ရှင့်အကြောင်း ပြောထားရဦးမယ်"

မောင်ရွှေညိုကို အတွင်းကြိတ်ချစ်နေသော မဖြိုးအိမှာ မောင်ရွှေညို အခြားမိန်းကလေးတစ်ဦးနှင့် ငြိစွန်းသွားမည်ကို စိုးရိမ်နေလေသည်။

"ကဲ...ထမင်းသွားစားလိုက်ဦးမယ် မဖြိုးအိ။ နောက်ကို ဆင်ခြင်ပါ့မယ်ဗျာ"

"ဟီးဟီး"

မဖြိုးအိက သူ့မကို မောင်ရွှေညိုက တရိုတသေပြောသွား၍ အသံထွက်အောင်ပင် ရယ်မိလေသည်။ မောင်ရွှေညို ထွက်သွားပြီး မကြာမီ မောင်ဖိုးကြင်က အိမ်ထဲဝင်လာလေသည်။

"ဖြိုးအိ"

"ဘာလဲ"

"နင်ကလည်းဟာ ငါ့ဆိုရင် မျက်နှာထား ဘယ်တော့မှမလျှော့ဘူး"

"လျှော့ရမလား။ ရှင်နဲ့ကျွန်မ ဘာအကြောင်းရှိလို့ လျှော့ရမှာလဲ"

"သူငယ်ချင်းလေ...ငယ်သူငယ်ချင်း အရင်းကြီးပဲ"

မောင်ဖိုးကြင်က သူ့ရင်ဘတ်ကို ပုတ်ပြကာ ပြောဆိုလိုက်လေသည်။

"တော်စမ်းပါ ဖိုးကြင်ရယ်။ ရှင် ထန်းရည်တွေ ချနံ့တိုင်းသောက်

www.burmeseclassic.com

www.burmeseclassic.com



ဘအေးသော ရှင့်ကို ကျွန်မ စကားလည်းမပြောချင်ဘူး၊ မျက်နှာလည်း မကြည့်ချင်ဘူး"

ထိုစကားကြောင့် ထန်းရည်လေး ခပ်ထွေထွေဖြစ်နေသော မောင်ဖိုးကြွင်မှာ အိမ်ရှေ့တွင် လူရှင်းနေမှန်းသိ၍...

"နင် အခုတော့ ငါ့ကို ဘယ်ကြည့်ချင်တော့မလဲ။ တစ်ရွာသားကိုလူချောကို ရည်စားလုပ်ချင်နေတာကိုး"

ဟု ပြောလိုက်၏။

"ဖိုးကြွင် နှဖူးပါးစပ်ကို ပိတ်ထားစမ်း"

"ငါသိပါတယ် ဖြိုးအိရာ။ နင် ငါ့ကို အရင်က ဒီလိုဆက်ဆံတာမဟုတ်ဘူး။ အခု ဟိုကောင်ရွှေညိုရောက်လာမှ နင်တို့သားအဖနှစ်ယောက်လုံး ငါ့ကို ပစ်မယ်ထားကြတယ်"

"အို ကိုရွှေညိုကြားသွားပါ့မယ်"

"ကြား ကြား ဒီကောင့်ခေါင်းကို တစ်နေ့တော့ ငါရိုက်ကို ခွဲဦးမယ် နင်ကြည့်ထား"

စကားဆုံးသည်နှင့် ဖိုးကြွင်က ထွက်သွားလေတော့သည်။

×××

မောင်ဖိုးကြွင်၏ "ဒီကောင့်ခေါင်းကို ငါ ရိုက်ခွဲဦးမယ် ကြည့်ထား" ဟု မဖြိုးအိကို ကြိမ်းဝါးသွားသော စကားကြောင့် မဖြိုးအိသည် အလွန်စိတ်ပူသွားမိ၏။ မောင်ဖိုးကြွင်က သူမကို ကြိုက်နေကြောင်းလည်း ရိပ်မိသောကြောင့် မောင်ရွှေညိုကို သတိပေးထားမှ ဖြစ်မည်ဟုလည်း



တွေးလိုက်မိလေသည်။

မောင်ရွှေညိုကို သတိပေးစကားပြောရန်အတွက် နေ့လယ်ပိုင်း စောင့်ကြည့်သော်လည်း ယက္ကန်းရက်နေသူများရှိနေသည့်အပြင် မောင်ဖိုးကြွင်မှာလည်း အနီးနားမှာပင် ယက်ဖောက်ယောက်နေသောကြောင့် အခွင့်သာဖြစ်နေ၏။

ညနေပိုင်းတွင်လည်း စင်ပေါ်မှ အထည်ကို အနားကွပ်ကာ ထက်စသပ်ရမည်ဖြစ်၍ မောင်ရွှေညို ချည်ဂိုဒေါင်ထဲတွင် ရှိမှန်းသိသော်လည်း မဖြိုးအိ ယက္ကန်းစင်ပေါ်မှ ဆင်း၍မရတော့ပေ။ မကြာမီမှာပင် ရွှေကြင်ခတ်ပုဝါပန်းရောင်လေးကို ခေါင်းပေါင်းကာ မောင်ရွှေညိုသည် ချည်ခင်ထုတ်ကို ထမ်း၍ ထွက်လာလေတော့သည်။

"ကိုရွှေညို ခဏ"

မဖြိုးအိက လှမ်းခေါ်လိုက်၍ ချည်ခင်ထုပ်ကြီးထမ်းလျက် မောင်ရွှေညိုက လှည့်လာသည်။

"နဲ့စား သတိနဲ့သွားပါတော်။ ရန်တွေ့ရင်လည်း ရှောင်ပါ။ စေးစေးက ရှောင်ပါ"

မနီးမဝေးတွင် မောင်ဖိုးကြွင်ရှိနေသောကြောင့် မဖြိုးအိက ခပ်တိုးတိုး သတိပေးစကားပြောလိုက်သည်။

"ကျုပ်မှာ ဘာရန်မှမရှိပါဘူး မဖြိုးအိရယ်။ စိတ်ချပါ"

ထိုသို့ဆိုကာ မဖြိုးအိကို ကျောပေး၍ ထွက်လာလေတော့သည်။

မောင်ရွှေညိုမှာ ရဟန်းတော် သုနန္ဒရာဝကပင် တစ်နေ့စပ်ရာ မဖြိုးအိ ပြောသောစကားမှာ အကြောင်းရင်း ရှိရမည်ဟု တွေးတော်ကာ

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေသည်။

ဦးပိုန်တံတားပေါ်သို့ ရောက်သောအခါတွင် မဖြိုးအိသည် သူ့ကို မျက်နှာသေးသည်ကို မောင်ဖိုးကြင်က တစ်စုံတစ်ရာ ကြိမ်းဝါးပြောဆို၍သာ ဖြစ်ရမည်ဟု တွေးမိလေသည်။ မောင်ဖိုးကြင်၏ရန်ကို ကြိုတင်၍ ဝေးဝေးကပင် ရှောင်သော်လည်း မဖြိုးအိကြောင့် အန္တရာယ်ဖြစ်လာပြီဟု မောင်ရွှေညို နားလည်မိလေ၏။ ဤသို့ဖြင့် တစ်အိမ်ဝင်တစ်အိမ်ထွက်ဖြင့် ချည်ခင်များကို လာပို့ရာ မြမြရီအိမ်သို့ပို့ရန် ဝင်လာသည်အထိ အတွေးက မပြတ်သေးပေ။

မြမြရီမှာ မောင်ရွှေညိုသည် ချည်ခင်ပို့ရန်လာချေတော့မည်ဟု ကြိုသိ၍ မျက်နှာကို နံ့သာလိမ်းခြယ်ကာ မဖြူမညို စိုပြေဝင်းဝါသော အသားအရည်နှင့် လိုက်ဖက်သည့် ပန်းရောင်ဖျော့ ပိုးလက်ကိုနှင့် ချိတ်ထဘီပန်းရောင်ကို ဝတ်ဆင်ထားလေရာ နန်းတွင်းသူမင်းသမီးလေးတစ်ပါးကဲ့သို့ပင် လှပနေလေတော့သည်။

သူမသည် နေကျလာသည်နှင့်ပင် လမ်းဘက်သို့ တမျှော်မျှော် ကြည့်နေရာ ယက္ကန်းစင်၏ဘေးမှ ချည်ငင်နေသော စန်းရီကပင်・・・

"အင်း・・・မျှော်ရတဲ့သူကလည်း ကြိုးကြာလည်ပင်းဖြစ်တော့မယ်။ ကိုရွှေညိုကြီးကလည်း လာနိုင်ခဲလိုက်တာနော်"

ဟု စလိုက်လေသည်။

"စန်းရီရယ် နင်တို့ ငါ့ကိုစထားကြဦးပေါ့။ ကိုယ့်အလှည့်ရောက်မှ ဝင့်လည်နေမယ်"

"ဒီလို ခပ်ချောချောနဲ့လူတော့ မြရယ် လည်စမ်းပါစေ။ သုံးလေး



ငါးခါလောက် လှည့်ရင်တောင် မျက်နှာမပျက်ပါဘူး"

ကိုရွှေညိုကို ခပ်ချိတ်ချိတ်ပြောလိုက်သောကြောင့် မြမြရီမှာ မခံမရပ်နိုင်ဖြစ်လျက် ယက္ကန်းစင်ပေါ်မှဆင်းကာ စန်းရီ၏ ကျောကို လက်သီးဆုပ်ဖြင့် ထုလိုက်လေ၏။

"အဲဒါ ကိုရွှေညိုကို ချိတ်ချင်ဦးဟဲ့"

"ကြောက်ပါပြီ မြရဲ့။ ပိုင်တောင် မပိုင်သေးဘူး။ ပိုင်ရင်တော့ စန်းရီတို့ ဘာဘဦးဖိုးတာဆီတောင် လာပြီး ယက္ကန်းခတ်ရမှာ မဟုတ်တော့ဘူး ထင်တယ်"

"ကြည့် ပြောလေကဲလေဖြစ်နေပါ"

"ဟိုမှာ လာနေပြီ မြရဲ့"

မြမြရီသည် လက်သီးဆုပ်လေးဖြင့် စန်းရီကို ရွယ်ရင်း ရှက်ကာ လက်များကို ချလိုက်လေသည်။ ကိုရွှေညိုက ပန်းရောင်ပဝါခေါင်းပေါင်းဖြင့် ချည်ထုပ်ကို ထမ်းကာဝင်လာသည်။

မြမြရီနှင့်စန်းရီကို ဤမျှကျယ်ကျယ်လောင်လောင် ရယ်နိုင် စနိုင်ခြင်းမှာ ဦးဖိုးတာသည် ငါးဝယ်ရန် တောင်သမန်အင်းထဲသို့ ဆင်းသွားသောကြောင့် ဖြစ်၏။ အိမ်တွင် မြမြရီနှင့်သူငယ်ချင်းစန်းရီတို့သာ ရှိလေသည်။

မြမြရီသည် နသယ်စတွင်ကျနေသော သူမ၏ဆံစကလေးများကို သိမ်းလိုက်၏။

"ဘာတွေဖြစ်နေကြတာလဲ မြရဲ့"

တစ်ဦးနှင့်တစ်ဦး စနောက်နေသည်ကို တွေ့၍ မောင်ရွှေညိုက မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဟုတ်ပါဘူး ကိုညို့ရယ်။ ဟောဒီက စန်းရီပေါ့ မေမေ နဲ့တာနဲ့ စနောက်နေတာပဲ"

မောင်ရွှေညို့ကို မျက်ခုံးလေးချီကာ တုံ့သလိုပြောလိုက်သည်။ သည်တော့မှ စန်းရီက…

"ဘာမှမဟုတ်ဘူး ကိုရွှေညို။ မြကလေ ကိုရွှေညို့ကို ချစ် လုံးဝ မခံချင်ဘူး။ သိပ်ကဲကွယ်တာပဲ"

"ဟုတ်လား မြ…ဟား…ဟား…ဟား"

မောင်ရွှေညို့က စန်းရီနောက်သောစကားမှန်းသိ၍ မြမြရီကို မေးကာ ရယ်လိုက်သည်။

"အို ကြည့်ပါလား"

မြမြရီမှာ တကယ်ပင် ရှက်ရွံ့သွားပြီးနောက် အိမ်ထဲသို့ ပြေးဝင်သွားလေသည်။ ချည်ခင်များပေး၍ ငွေယူရန် မောင်ရွှေညို့လည်း အိမ်ပေါ်သို့တက်ကာ ဧည့်ခန်းတွင် ခင်းထားသော ဖျာပေါ်တွင် ထိုင်လိုက်တော့ သည်။

××

မြမြရီက အိပ်ခန်းထဲမှထွက်မလာတော့ပေ။ ရှိုက်သံလေး ထွက်လာ၏။

"ဟင် မြ ငိုနေတာလား ဘာဖြစ်တာလဲ"

မောင်ရွှေညို့က စိုးရိမ်သံဖြင့် မေးလိုက်သည်။

"မြကို ရှက်အောင်စတာကို မြ သိပ်ရှက်တာပဲ။ တော်ပြီ ချည်



ခင်တွေထားခဲ့။ မေမေလာမှ ပိုက်ဆံတစ်ခေါက်လာယူ ရှင်ပြန်တော့"

မိန်းကလေးများ ရှက်လျှင် ရှက်ရမ်းရမ်းတတ်သည့်အတိုင်း မြမြရီက မောင်ရွှေညို့ကို ဆွက်သွားခိုင်း၏။

"မြက ကိုယ့်မျက်နှာကို မကြည့်ချင်ဘူးပေါ့။ ရပါတယ် ချည်ခင်ထားခဲ့ပြီး ကိုယ်ပြန်တော့မယ်။ နောက်နေ့တွေလည်း ချည်ခင် လာမပို့တော့ပါဘူး"

မောင်ရွှေညို့က ထရပ်၍တကယ်ပြန်တော့မည်ဟန်ဖြင့် ပြင်လိုက်သည်။ မြမြရီမှာ မောင်ရွှေညို့ ပြန်တော့မည်ထင်က စိုးရိမ်၍ ဘာမျှပင် မဆည်နိုင်တော့ဘဲ အိပ်ခန်းလိုက်ကာလေးမကာ ချောင်းကြည့်ရင်း…

"နေပါဦးရှင်"

ဟု ပြောလိုက်မိတော့သည်။

ငွေကိုယူကာ ခေါင်းငုံ့၍လျှောက်လှမ်းလာသည်။

မောင်ရွှေညို့က ပြန်၍ထိုင်လိုက်၏။ အိမ်ရှေ့ယက္ကန်းစင်တွင် စန်းရီ မရှိတော့ပေ။

မောင်ရွှေညို့နှင့် မြမြရီတို့ လွတ်လွတ်လပ်လပ် စကားပြောနိုင်ရန် ခေါင်းရင်းဘက်ရှိ ချည်ခင်များ လှမ်းထားသည်ကို ရုတ်သလိုလိုဖြင့် ထွက်သွား၏။

"မြ ပြောတာ ကိုညို စိတ်ဆိုးသွားလား"

"ဆိုးတာပေါ့ မြက ကိုညို့ကို မောင်းထုတ်တာကိုး"

"စန်းရီကို စိတ်ဆိုးလို့ပါရှင်"

မြမြရီက ခေါင်းလေးငုံ့ကာ ပြောလိုက်၍…

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုတော့ စိတ်မဆိုးဘူးပေါ့"

ဟုပြောကာ မေးစေ့လေးကို မလိုက်မိတော့၏။

"အို"

×××

ဦးပိန်တံတားပေါ်မှ လှမ်းမျှော်ကြည့်လျှင် နွေရာသီဖြစ်သောကြောင့် ဝိတ်ဖြူပိတ်နီ စည်းနှောင်ထားသည့် အင်းတိုင်ကြီးနှင့် အင်းတိုင်ကြီးအနီးတစ်ဝိုက် ရေခန်းသောနေရာများတွင် မုန်ညှင်း၊ ကော်ဖီ၊ ကြက်သွန် စသော စိုက်ခင်းများ စိမ်းစိမ်းစိုစို တွေ့ရသည်။ ခပ်ဝေးဝေးတွင် မခမ်းသေးသော အင်းရေပြင်နှင့် လှေကလေးများ ရှိနေ၏။

မောင်ရွှေညိုသည် ဦးပိန်တံတားအောက်မှ တိုင်ကိုမှီကာ မျှော်ကြည့်နေ၏။ အချိန်က ညနေခင်းဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းလန်းသာယာနေသည်။ မောင်ရွှေညို ကြည့်နေသည်မှာ တောင်သမန်ရွာဘက်သို့ဖြစ်သည်။ တောင်သမန်ရွာဘက်မှ ဦးပိန်တံတားအောက်သို့ ဆင်းသက်လာမည့် မြမြရီကို စောင့်မျှော်နေခြင်း ဖြစ်သည်။

"ကျွန်မက ကြာသပတေးနေ့ဆိုရင် ကိုယ့်မွေးနေ့မို့ ဖေဖေ့ကို ပြောပြီး စန်းရီနဲ့ တောင်မင်းကြီးစေတီကို လာဖူးတတ်ပါ ယ်။ ကိုညို ကျွန်မနဲ့စကားပြောချင်ရင် ညနေ လေးနာရီလောက် ဦးပိန်တံတားအောက်က စောင့်နေပေါ့"

မြမြရီက ချည်ခင်ပို့သောနေ့က ခပ်တိုးတိုးမှာလိုက်၍ မောင်ရွှေညိုက မျှော်လင့်စောင့်စားနေခြင်း ဖြစ်သည်။ စိတ်က အမြန်လာစေသို့



သောကြောင့် နေရောင်ကိုကြည့်လိုက် တောင်သမန်ရွာဘက်ကို တံတားထိပ်ကို ကြည့်လိုက်ဖြင့် အလွန်ကာလကြာရှည်စွာ စောင့်နေရသည်ဟု ထင်မိလေသည်။

"ဟင်း . . . ဒါကြောင့် သမုဒယဆိုတာ ဒုက္ခဖြစ်ကြောင်းပဲလို့ ဘုရားဟော ရှိတာပဲ"

လာပါမည်လား။ ဘယ်တော့လာမှာလဲ။ ဒီနေ့မလာဖြစ်တော့ဘူးလားဟူသော စိတ်သောကဗျာပါဒပေါင်းများစွာဖြင့် စောင့်နေရသော မောင်ရွှေညိုသည် သူ သင်ကြားလာသည့် တရားပေစာတို့ဖြင့် စိတ်ကို ငြိမ်သက်အောင် ကြိုးစားသော်လည်း မရနိုင်အောင်ပင် ဖြစ်မိသည်။

ထိုအခိုက်မှာပင် ဦးပိန်တံတားထိပ်မှ စိုက်ခင်းများရှိရာ အင်းထဲသို့ မိန်းမပျိုနှစ်ယောက်၏ သဏ္ဌာန်ကို မြင်လိုက်ရသည်။ လက်အပွပဒုမ္မာသနပ်ခါးရောင်နှင့် ဆံပင်ကို ထုံးနှောင်ဖွဲ့ကာ သနပ်ခါးကို ပါးပါးလေးလိမ်းထားသော မြမြရီနှင့် အရပ်ပုပုဝဝ အပြာရောင်အင်္ကျီစကို ဝတ်လာသော စန်းရီတို့ကို သူ မြင်လိုက်ရပြီဖြစ်၏။

"အင်း လာတော့လာပြီ။ တော်ပါသေးရဲ့။ ငါ့စိတ်ထဲ မျှော်နေရတာ တစ်စက္ကန့် တစ်ကမ္ဘာထင်နေတာ"

မောင်ရွှေညိုမှာ အဝါရောင်ပဝါကို ခေါင်းပေါင်းကာ ပင်နီရင်ဖုံးအင်္ကျီပုဆိုးကွက်တုံးနှင့် သန်မာထွားကြိုင်း၍ ယောကျ်ားပီသသောသွင် ရှိလေသည်။ သူ၏ပုံဟန်မှာ ယဉ်ကျေးသိမ်မွေ့၍ ကြည်လင်သော မျက်နှာပိုင်ရှင်ဖြစ်၍ တောင်သမန်ရွာသူများနှင့် အမရပူရမြို့သူများက ငေးမောကြည့်ရသော ယောကျ်ားတစ်ဦးပင် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မောင်ရွှေညိုမှာ သူ့ပေါ်တွင် မေတ္တာတရားပိုနေသော အိုးအိုကိုသော်လည်းကောင်း၊ သူလာလျှင် ထွက်ကာကြည့်တတ်သည့် အရေးမှုရှိသူများကိုသော်လည်းကောင်း ဂရုထားမိဟန် မတူပေ။

လက်ကလေးတစ်ဖက်တွင် လက်ကိုင်ပဝါကိုင်လာသော မြမြရီက မောင်ရွှေညိုရှိရာသို့ လျှောက်လှမ်းလာရင်း...

"စောင့်နေရတာ ကြာပြီလား ကိုညို"

ဟု မေးလိုက်သည်။

"သိပ်တော့ မကြာသေးပါဘူး။ ဒါပေမယ့် ဒီနေ့ မြလာဖြစ်ပါ့မလားလို့"

မြမြရီ၏ဘေးတွင် ရပ်နေသော စန်းရီက...

"မျှော်တော်တောနဲ့ မောနေတယ်ဆိုပါတော့။ သိပ်ကြာလို့တော့ မရဘူး ကိုရွှေညို။ တော်ကြာ ဦးကြီး ဆူတာခံနေရမယ်"

"ရပါတယ် စန်းရီရဲ့ ဖေဖေက မြကို မဆူပါဘူး"

မြမြရီက မောင်ရွှေညိုကို အားနာသောကြောင့် ပြုံးကာ စန်းရီကို ပြောလိုက်သည်။ သူမ၏မျက်နှာလေးမှာ ရက်စိတ်ကတစ်ဝက် ပျော်ရွှင်ခြင်းကတစ်ဝက်ဖြင့် ရှိုးတို့ရှန့်တန့်ဖြစ်နေလေသည်။

"တောင်မင်းကြီးစေတီကို အရင်ဖူးကြတာပေါ့နော် ကိုညို"

"ကောင်းသားပဲ မြ"

ဦးပိန်တံတား၏တစ်ဖက်ထိပ်တွင် ဘိုးတော်ဘုရားလက်ထက် တည်ထားခဲ့သော တောင်မင်းကြီးစေတီ ရှိသည်။ တောင်သမန်ရွာဘက်တွင် သာယာဝတီမင်း တည်သော ကျောက်တော်ကြီးဘုရား ရှိသည်။



ဤရပ် ဤရွာဝန်းကျင်သည် သာလည်းသာယာ၍ ဘုရားစေတီနှင့် ကျောင်းကန်ရေပ်လည်း ပေါများလှ၏။ မောင်ရွှေညိုသည် မန္တလေးမြို့ကြီးကို ပူလောင်သည်ဟု ထင်ပြီး အမရပူရမြို့ကို အေးမြသည်ဟု ထင်မိလေ၏။

×××

တောင်မင်းကြီးစေတီတော်မုခ်ပေါက်မှာ လိုထ်ဆန်ဆန် ဆောက်လုပ်ထား၍ အမရပူရခေတ်လက်ရာ ကျောက်ဆစ်လက်ရာများဖြင့် မွမ်းခြယ်ထားသည်။ အမရပူရခေတ် ဆင်းတုတော်များမှာ အလွန်ပြေပြစ်တင့်တယ်လှ၍ မန္တလေးခေတ်နှင့်မတူဘဲ အချိုးကျနစ်၍ ကြည်ညိုသပ္ပာယ်ဖွယ် ကောင်းလှလေသည်။

စန်းရီမှာ အလိုက်သိတတ်သောအနေဖြင့် သူမတစ်ဦးတည်း တဘက်ကလေးတင်ကာ ဘုရားဝတ်ပြုလျက်ရှိ၏။ မောင်ရွှေညိုနှင့် မြမြရီတို့နှစ်ဦးကတော့ ဘုရားရှေ့တွင် အတူယှဉ်တွဲကာ ဦးချကန်တော့ပြီးနောက် ဆုတောင်းလျက်ရှိကြလေသည်။ ငါးပါးသီလနှင့်ဂုဏ်တော်များ ရှိခိုးပြီးနောက် နှစ်ဦးသား တစ်ဦးနှင့်တစ်ဦး ကြည့်မိကြသည်။

မောင်ရွှေညို၏မျက်နှာမှာ မြမြရီကို ချစ်မြတ်နိုးသည့် စိတ်ကြောင့် ပြုံးနေသည်။ မြမြရီမှာ တောက်ပသောမျက်လုံးများနှင့် မောင်ရွှေညိုကို တစ်ချက်ကြည့်ပြီးနောက် ရက်ပြုံးလေးဖြင့် ခေါင်းငုံ့နေလိုက်သည်။

"မြ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"မယ်ဇယ်ပင်တွေအောက်ကို သွားရအောင်နော်"

"ဪ အသိတွေဘာတွေ တွေ့နေပါ့မယ် ကိုညို"

"အသိတွေက ဒီအချိန်မရှိလောက်တော့ပါဘူး မြရဲ့၊ မြတို့အိမ်နီးချင်းတွေက ဖြတ်သွားဖြတ်လာရှိလို့လား"

"အို ဘယ်ပြောလို့ရပါ့မလဲ"

"ဦးပိန်တံတားနဲ့ဝေးတဲ့ မယ်ဇယ်ပင်တွေအောက်ဆိုရင် ရုတ်တရက် မမြင်နိုင်ပါဘူး"

"အို…ကြောက်ပါတယ်"

"မကြောက်ပါနဲ့ မြရယ်၊ ကိုညိုက မြကို ကိုက်မစားပါဘူး"

မောင်ရွှေညိုက ရယ်က မြမြရီကို ပြောလိုက်၏။ ထိုအချိန်မှာပင် စန်းရီက ထလာလေသည်။

"ကဲ…မြရီ ဒီဘုရားကပဲ စောင့်နေမယ်။ မြတို့ ဘယ်သွားမလဲ သွားလေ။ သိပ်မကြာစေနဲ့"

"မယ်ဇယ်ပင်တွေဘက်ကို ကိုညိုက သွားချင်လို့တဲ့၊ မြ ခဏ လိုက်သွားမယ်နော်"

"သွားပါရှင်…ကျွန်မ ဒီကစောင့်နေပါ့မယ်"

မြမြရီမှာ ပထမငြင်းပယ်သော်လည်း မိန်းကလေးပီပီ ချစ်သူ၏ အငြိုငြင်ခံရမည်စိုးသောကြောင့် မောင်ရွှေညို၏သဘောကို လိုက်လျောရန် ဆုံးဖြတ်လိုက်သည်။ မြမြရီသည် တဘက်ကလေးကို လည်ပင်းပတ်ကာ မောင်ရွှေညိုဘေးမှ ယှဉ်ကာလိုက်လာသည်။

"မြ မပျော်ဘူးလားဟင်"



မောင်ရွှေညိုက ခပ်တိုးတိုးမေးလိုက်သည်။

မြမြရီ၏လက်ကလေးများကို သူ့လက်နှင့် မသိမသာထိကာ ဆုပ်ကိုင်ထားလိုက်၏။

"မြ ရင်ထဲမှာ ကတုန်ကရင်နှင့် ပျော်သလိုလို ကြောက်သလိုလို ကြီးပဲ ကိုညိုရဲ့"

မောင်ရွှေညိုမှာလည်း ထိုသို့ပင်ဖြစ်နေရာ မြမြရီ၏လက်ကလေးကို ဆုပ်ကိုင်ထားရင်းမှ…

"အဲဒါ အချစ်ပေါ့ မြရဲ့၊ ကိုယ့်ရင်ထဲမှာလည်း မြနဲ့ ခုလိုနှစ်ဦးတည်းတွေ့ရတာကိုလေ ကြောက်သလိုလို ပျော်သလိုလိုပါပဲ"

"အို…ပိုပြီ ကိုညိုက ယောက်ျားလေးပဲ ဘာကြောက်စရာရှိလဲ၊ အရေးရှိရင် မြကသာ အရှက်ကွဲမှာ"

မြမြရီက နှုတ်ခမ်းလေးစူကာ ပြောလိုက်လေသည်။

"ဘယ်ဟုတ်မလဲ မြရဲ့၊ မြက ကိုယ့်ကို စိတ်ဆိုးမှာ စိုးကြောက်တာလည်း ကြောက်တယ် မြရဲ့၊ ပြီးတော့ မြရဲ့အဖေက သိရင် မြကိုဆူပူကြိမ်းနက်ပြီးတော့ ကိုညိုနဲ့မတွေ့ရအောင်လုပ်မှာ သိပ်စိုးရိမ်တာပဲ"

မြမြရီမှာ မောင်ရွှေညို၏လက်ကို ပြန်၍ဆုပ်ကိုင်လိုက်ရင်း…

"ကိုညို"

ဟု ခေါ်လိုက်သည်။

"မြ ပြောပါ"

"ကိုညို မြကို တကယ်ပဲမေတ္တာစစ်နဲ့ချစ်တာပါနော်"

"ပြောနေစရာ လိုသေးလား မြရယ်၊ မြကို မတွေ့တဲ့အချိန်က

www.burmeseclassic.com

www.burmeseclassic.com



တည်းက ကိုညို့ရင်ထဲမှာ နေမထိထိုင်မသာ ဖြစ်နေတာ။ မနွဲ့လေးမှာ မိန်းမ ချောတွေရှိပါတယ်။ ဒါပေမယ့် ကိုညို့ရင်ထဲမှာ ဒီလိုတစ်ခါမှ မဖြစ်ဖူးဘူး။ မြကြ ငြင်းပယ်မှာ စိုးလိုက်ရတာလေ"

"ဩော် ကိုညိုရယ်။ အဲဒါတွေကို မြသိနေသလိုပဲ။ ကိုညို မြ ပေါ်မှာ သံယောဇဉ်ရှိနေတယ်ဆိုတာ မြ စတွေ့ထဲက ရိပ်မိတယ်"

"ဟင်···မြ ဘယ်လိုလုပ်သိသလဲ"

"ကိုညိုမျက်လုံးတွေထဲမှာ ပေါ်နေတာပေါ့။ မြကိုကြည့်တဲ့ မျက် လုံးတွေထဲမှာ သနားကြင်နာတဲ့အကြည့်၊ စေတနာရှိတဲ့အကြည့်တွေ မြင် နေရတယ်"

"ကြည့်စမ်း မြက အကဲခတ်တတ်တာပဲ"

မယ်ဇယ်ပင်များ၏အောက်တွင် ချစ်သူနှစ်ဦး၏ ရယ်မောသံ ပျံ့ လွင့်သွားသည်။ တောင်သမန်အင်းပေါ်မှ ဖြတ်၍ ပျံသန်းသွားသော အိပ်တန်း ပြန်ငှက်များကို မြင်ရသည်။ မယ်ဇယ်ပင်ကြီး၏ သစ်မြစ်ပေါ်တွင် ကိုရွှေညို က ထိုင်လိုက်သည်။

"လာလေ မြ ခဏထိုင်ရအောင်"

မြမြရီ၏လက်ကလေးဆွဲကာ ခေါ်၍ မြမြရီကလည်း မောင်ရွှေ ညိုဘေးတွင် ဝင်ထိုင်လိုက်သည်။

"မြကို ဖေဖေကလေ ကိုယ်နဲ့မြတို့ ချစ်ကြိုက်နေတယ်ဆိုတာ သိရင် ယက္ကန်းစင် ပြုပြင်တဲ့အလုပ်သမားတစ်ယောက်နဲ့ သူ့သမီးကို ဘယ်သဘောတူပါ့မလဲနော်"

မြမြရီ၏မို့ထားသော ကိုယ်လုံးလေးကို ဖက်ရင်း မောင်ရွှေညိုက



ပြောလိုက်သည်။

"အို···လွှတ်ပါ။ ရှက်ပါတယ်။ သိပ်အတင့်မရဲနဲ့"

"ချစ်လို့ပါ မြရယ်။ မြက ကိုယ့်ကိုမချစ်ဘူးလားဟင်"

"မြ မချစ်ရင် ကိုညိုနဲ့ ခုလိုလာတွေ့ပါ့မလား။ မြ ရှက်အောင် …လုပ်နဲ့ကွယ်။ ငိုလိုက်မယ် သိလား"

တန်ရှိသောအသံလေးဖြင့် ယောက်ျားလေးတစ်ဦးနှင့်မျှ မရင်းနှီး …သော မြမြရီက၊ တောင်းပန်လိုက်သည်။

"မြရယ် ကိုယ်က မြကိုလေ တစ်သက်လုံး မခွဲတဲ့ အတူနေချင် …။ ဒါပေမယ့် ကိုယ့်ဘဝအခြေအနေက···"

စကားမဆုံးမီ၊ မြမြရီက မောင်ရွှေညို၏နှုတ်ခမ်းများကို သူမ၏ …ကလေးဖြင့် ပိတ်လိုက်သည်။

"ဒီလိုစကားတွေ မပြောပါနဲ့ ကိုညိုရယ်။ ဖေဖေက လူကိုပဲ ကြည့်တာပါ။ ချမ်းသာတာ ဆင်းရဲတာကို ကြည့်တာ မဟုတ်ဘူး။ ကိုညို့ …ဆိုရင်လေ သိပ်ချီးကျူးတယ်။ မသောက် မစား နေတာထိုင်တာလည်း …ကျေးတယ်။ အလုပ်အကိုင်ကလည်း တစ်နေ့ကောင်းမှာပဲတဲ့"

"ဦးလေးက ဒီလိုပဲပြောသလား။ မြနဲ့ မြန်မြန်နီးရအောင် ကိုညို …ယ်လိုလုပ်ရမလဲဟင်"

"ခုတော့ စောပါသေးတယ် ကိုညိုရယ်။ ဖေဖေ့သဘောကို မြ …ချာမေးပါ့မယ်။ ပြီးတော့ ကိုညို့ရဲ့အလုပ်ရှင်ကို မိဘနေရာထား…လူ …အနေနဲ့ တောင်းရမ်းခိုင်းပေါ့"

"အင်း···အဲဒါ မဆိုးဘူးမြရဲ့။ ကိုညိုက တော…မြန်မြန်ပဲ မြနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတူနေချင်ပြီ သိလား"

"အို"

အမှတ်မထင် မြမြရီ၏ပါးကလေးကို ရွှတ်ခနဲနမ်းကြူလိုက်၍ မြမြရီမှာ ရုက်ကာ မျက်နှာကလေးရဲသွားလေသည်။

"ကိုညို မကောင်းဘူး။ မြကို ခေါ်လာပြီး အနိုင်ကျင့်တယ်။ မြ ပြန်တော့မယ်။ ဒီလို လက်ရဲဇက်ရဲဆို မြ ကြောက်တယ်။ နောက် ဘယ်တော့မှ လာမတွေ့တော့ဘူး"

မြက နှုတ်ခမ်းလေးစူကာ ထရပ်လိုက်၍ မောင်ရွှေညိုက ပျာပျာသလဲ တောင်းပန်လိုက်သည်။

"ကိုညို့ကို စိတ်မဆိုးပါနဲ့ မြရယ်။ ကိုညိုက မြကိုချစ်တဲ့စိတ်ကို မထိန်းနိုင်ဘဲ အသည်းယားလာလို့ ခုလိုလုပ်မိတာပါ။ မြက သိပ်ချောတာကိုး။ ကဲ ပြန်ကြစို့ ကိုညို လိုက်ပို့ပါ့မယ်"

မြမြရီမှာ ထိုအခါမှ ပြုံးလာသည်။

"နောက်ကို ဒီလိုမဆိုးနဲ့နော်"

"အင်းပါ"

အမှန်တော့ မြမြရီသည် ရင်ထဲတွင် နွေးခနဲ ရှိုက်ခနဲဖြစ်ကာ တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးအောင်ပင် ရင်ခုန်ကာ မျှော်နေလျက် ရှိသည်။ မိန်းကလေးဆိုတော့လည်း ချစ်သူအလိုကို မငြင်းမဆန် လိုက်လျော၍ မဖြစ်သောကြောင့် ဣန္ဒြေဆောင်ရခြင်းပင်ဖြစ်တော့၏။

×××



ဤသို့ဖြင့် မကြာခဏ ချိန်းဆိုတွေ့ဆုံကြရင်းမှ မြရီနှင့်မောင်ရွှေညိုတို့သည် တစ်ဦးနှင့်တစ်ဦး မခွဲနိုင်မခွာရက်ဖြင့် ကြီးမားသော သံယောဇဉ်ဖြစ်လာမိကြလေတော့သည်။ ဦးဖိုးတာသည် သမီး မြမြရီ၏ပျော်ရွှင်နေပုံ တွေးတောငေးငိုင်နေပုံကို ကြည့်လျက် တစ်စုံတစ်ရာ စိတ်ဝင်စားမှု ရှိနေပြီဆိုသည်ကို သိသည်။

မောင်ရွှေညိုနှင့်ပတ်သက်သော ကိစ္စများကို ပြောလျှင် ဖျတ်ခနဲ လှည့်ကြည့်ခြင်းဖြင့် မျက်လုံးများ တောက်လာခြင်းကိုလည်း ငယ်ရာက ကြီးလာသော ဦးဖိုးတာက အကဲခတ်မိ၏။ ထို့ကြောင့် ပညာရှိသော ဦးဖိုးတာသည် သမီးအကြောင်းကို သိနိုင်၍ သူငယ်ချင်းဖြစ်သူ စန်းရီအား ခေါ်ကာ မေးမြန်းလေသည်။

ယက္ကန်းခတ်နေသော မြမြရီမှာ အိမ်ပေါ်တွင် စန်းရီအား အသစ်ယက်လုပ်ရမည့်အဆင်ကို ပြောနေကြသည်ဟုထင်ကာ မောင်ရွှေညို၏ အကြောင်းကို တွေးတောရင်း ယက္ကန်းခတ်လျက်ရှိနေသည်။

"ဒေါက်···ဒေါက်"

ယက္ကန်းစင်မှ လွန်းကလေးသည် တစ်ဘက်နှင့်တစ်ဘက် မြန်မြန် ပြေးကာ တိုင်ချည်များကြားမှ တစ်ပင်ပြီးတစ်ပင် ဖောက်လျက်ရှိနေလေသည်။

"ကဲ···စန်းရီ ငါ့ကိုမှန်မှန်ပြောစမ်း။ သမီးနဲ့ မောင်ရွှေညို တော်တော် ရင်းနှီးနေကြသလား"

"ရှင်···ကျွန်မ···ကျွန်မ"

စန်းရီမှာ ကြောက်၍ မည်သို့ပြောရမည်မသိ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ငါစိတ်ချလို့ နင်နဲ့တယ်သွားသွားထည့်တာ။ နင့်ကိုလည်း ငါ့သမီးရင်းလို သဘောထားတယ်ဆိုတာ သိတယ်မဟုတ်လား စန်းရီ"

"သိ···သိပါတယ် ဦးကြီး"

"သိရင် မိတ်ဆွေကောင်းဆိုတာ ကိုယ့်သူငယ်ချင်းကို စောင့်ရှောက်ရတယ်။ အန္တရာယ်မဖြစ်အောင် ထိန်းသိမ်းရတယ်။ ခု မြရီ မှုပြောင်း နေတာကြာပြီ။ အရင်လို မဟုတ်တော့ဘူး။ အဲဒါ သူ့စိတ်မှာ တစ်ခုခု သဘောကျနှစ်သက်လို့ ပျော်နေတဲ့သဘောပဲ။ ဒါကြောင့် နင့်ကို ငါမေး တာ။ မိန်းကလေးဆိုတာ အရှက်တကွဲအကျိုးနည်းဖြစ်တတ်တယ် စန်း မောင်ရွှေညိုက လူတော်လေးပါ။ သူတို့ကို ကြည့်ရတာ ငါ အကဲမရလို့"

စန်းရီသည် အိမ်ရှေ့သို့ တစ်ချက်ကြည့်လိုက်ကာ ဦးဖိုးတာ သို့ တိုး၍···

"ကိုရွှေညိုနှင့် မြတို့ တစ်ဦးနဲ့တစ်ဦး ရည်ငံနေကြတယ် ဦးကြီး ရဲ့"

ဟု ပြောလိုက်တော့၏။

"ဟော···ငါထင်သားပဲ ကြာပြီလား"

"ကြာပြီ သုံးလေးလရှိရောပေါ့"

ဦးဖိုးတာ သက်ပြင်းချလိုက်လေသည်။

"အင်း···သမီးကညာအရွယ်ရောက်လာ ချိန်ခါမလင့်စေနဲ့ လို့ လောကသာရဆုံးမစကား ပြောသလို ရည်ငံနေကြလည်း သူတို့ မေးပြီးတော့ မြရီကို အိမ်ထောင်ရက်သား ချပေးရတော့မှာပဲ။ ကောင်က ကြည့်ရတာ ရိုးရိုးလူကောင်းလေးပါ။ အခြေအနေမရှိလဲ တို့က ထောက်



ကူညီရမှာပေါ့"

ဦးဖိုးတာထံမှ သဘောတူညီသော စကားသံကြားရသောကြောင့် စန်းရီမှာ သူငယ်ချင်းအတွက် ဝမ်းသာသွားလေတော့ပါသည်။

"ဦးကြီးပြောတာ သင့်လျော်ပါတယ်။ မြကလည်း သင့်လျော်တဲ့ သူကိုရွေးတာပါ။ ပြီးတော့ သူတို့နှစ်ယောက်ကြည့်ရတာ တည်တည်ကြည် ကြည် စွဲစွဲမြဲမြဲပုံပါပဲ"

ထိုအခါတွင်မှ စန်းရီမှာ မြမြရီဘက်မှ ထောက်ခံပြောရဲတော့၏။

"အေးလေ···ခေတ်အခြေအနေကလည်း ကောင်းတာမဟုတ် ဘူး။ နန်းတော်ထဲမှာ မင်းညီမင်းသားတွေ အခြွေအရံတွေ အသတ်ခံရ အောက်ပြည်သိမ်းထားတဲ့ မျက်နှာဖြူအစိုးရကလည်း နေ့လိုလို ညလိုလို ဆိုတော့ လူတွေလည်း ရတ်ရတ်ရက်ရက်ဖြစ်နေတယ်။ ဒီတော့ သူတို့ မြန်မြန်စီစဉ်ပေးတာ ကောင်းပါတယ်။ မနက်ဖြန် ဘာနေ့လဲ"

"ကြာသပတေးနေ့ပါ ဦးကြီး"

"သူ ချည်လုံးလာပို့ဦးမှာ မဟုတ်သလား။ ဒီတော့ မနက်ဖြန်ပဲ မောင် ရွှေညိုနဲ့ ဦးလေး စကားပြောချင်တယ်"

"ဖြစ်နိုင်ပါတယ် ဦးလေး။ ကျောက်တော်ကြီးဘုရားကို ကိုရွှေညို က ဒီနေ့လာဖူးမယ် ပြောပါတယ်"

"အတော်ပဲပေါ့"

×××

ကျောက်တော်ကြီးဘုရားမှာ တောင်သမန်ရွာနှင့် နီးသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေညိုက သူနှင့်စကားပြောရန် မြမြရီ ခပ်ဝေးဝေး မလာရစေရန် အတွက် ချိန်းဆိုထားခြင်းဖြစ်သည်။ ယက္ကန်းစင်ရှိရာသို့ စန်းရီပြန်လာသော အခါ မြမြရီက···

"မေမေနဲ့ နင် ဘာတွေပြောနေတာလဲ"

ဟု မေးလိုက်သည်။

"အို···ဒီအတိုင်း ဘယ်ပြောလို့ရမလဲ။ တံတားထိပ်မှာ အကြော် ဝယ်ကျွေးမယ်လို့ ကတိပေးမှ ပြောမယ်"

စန်းရီက ယက္ကန်းစင်ပေါ်တက်၍ ယက္ကန်းခတ်ရင်း ပြောလိုက်၏။

"မိန်းမ မျက်နှာကလည်း ပြုံးစိစိနဲ့၊ ဘာအကြံရှိနေသလဲ"

"ကျွန်မတို့ အကြံမရှိပေါင်နော်။ အကြံရှိတဲ့သူတွေတော့ ပေါ်ကုန်ပြီ"

"ဟယ်···မြအကြောင်း ပြောလိုက်တာလား"

ယက္ကန်းကိုရပ်ကာ မြမြရီက စိုးရိမ်သံဖြင့် မေးလိုက်လေသည်။

"ကျုပ်က စပြီးတိုင်မပြောတတ်ပါဘူးတော်။ ဦးကြီးက မေးလို့ ဖြေရတာပါ"

"ဟယ်···ဘာတွေပြောလိုက်ပြီလဲ။ ပြောစမ်း ပြောစမ်း ဒုက္ခပါပဲ"

မြမြရီမှာ ယက္ကန်းစင်ပေါ်မှ ဆင်းလာကာ ခြေမကိုင်မိ လက် မကိုင်မိဖြစ်သွားလေသည်။

"သိပ်မပူပါနဲ့ မြရယ်။ ဦးကြီးက အမှန်အတိုင်းပြော၊ မောင်ရွှေ ညိုနဲ့ မြမြရီနဲ့ ဘယ်လိုလဲတဲ့ မေးတယ်"

"ဒီတော့ နင်က ပြောလိုက်ရောလား"



"မပြောလို့ရမလား။ ရှင် အနေအထိုင်ထူးနေတာကို ဦးကြီးက ရည်းစားရှိမှန်း ရိပ်မိတယ်ဆိုတော့ ဖုံးကာနေရင် ကျွန်မအပြစ်ပိုကြီးမှာပေါ့။ ဒါနဲ့ပဲ အမှန်အတိုင်း အကုန်ပြောပြလိုက်ရတယ်"

"ဟယ်···ကောင်းရော။ မေမေ့ကို ငါ ဘယ်လိုလုပ်မျက်နှာပြ ရမှန်း မသိဘူး"

"အံမလေး အမေကလည်း သိပါတယ်တော်။ ခုပဲ အမရပူရ ဘက်ကို ကွမ်းဝယ်ဖို့ဆိုပြီး ထွက်သွားပါပြီ"

"ထွက်သွားလည်း ပြန်လာတော့ တွေ့ရမှာပေါ့"

မြမြရီမှာ အမေကိုလည်းချစ်၍ တစ်သက်လုံးက ဖခင်မကြိုက် သည့်အရာကို ပြုမူလုပ်ကိုင်ဖူးသူ မဟုတ်ရာ တုန်လှုပ်စိုးရိမ်နေသည်။

"အခြေအနေက ကောင်းပါတယ်။ သူတို့ကို မြန်မြန်စီစဉ်ပေးမှ ဖြစ်မယ်၊ လိုတာ သူထောက်ပံ့မယ်တဲ့။ အဲဒါ မနက်ဖြန် ကြာသတေးနေ့ ကိုရွှေညိုနဲ့တွေ့ချင်သတဲ့"

"ဟောတော့"

မြမြရီ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူမတွင် ဝမ်းသာ သည့်စိတ်၊ ရှက်သည့်စိတ်တို့ဖြင့် မှုန်ထူသွားလေတော့သည်။

"အင်း···ကိုညိုသိရင်တော့ ဝမ်းသာမှာပဲ"

"ကိုညိုအတွက်ပဲ စဉ်းစားသလား။ စောစောက မြအပေနဲ့ မျက် နှာချင်းဆိုင်ရမှာ ရှက်တယ်ဆို"

"ဒါက တစ်နေ့ရင်ဆိုင်ရမှာပဲ စန်းရီရယ်။ ခုမေမေက ဒီအကြောင်း သိလို့ အနေရခက်မှာစိုးလို့ ညည်းကို မေးတာ။ မေမေ့ကို ငါခေါင်းငုံ့

www.burmeseclassic.com



တောင်းမန်ရမှာပဲ"

"အင်း . . . လောကမှာ သမီးအတွက် အဆင့်အတန်းမခွဲဘဲ စိတ်ချမ်းသာမှုရအောင် ဒီလိုလိုက်လျောနိုင်တဲ့ သူတော်ကောင်းအဖေမျိုးဟာ တစ်သက်လုံး အိမ်ဦးခန်းမှာထားပြီးတော့ ကြည်ညိုလုပ်ကျွေးသင့်တဲ့ သူ ပါပဲ"

ဦးဖိုးတာကို ကြည်ညိုစိတ်ဖြင့် စန်းရီက ပြောကြားလိုက်လေ သည်။

"ဟဲ . . . အဲဒါက အရေးမကြီးဘူး။ သူက အရှက်ကြီးတယ် ဖေဖေ့ကို ဒီစကားတွေပြောဖို့ လိုက်ရဲပါ့မလား"

မြမြရီက စိုးရိမ်စိတ်ဖြင့် ပြောလိုက်လေသည်။

"ဘာမလိုက်ရဲစရာရှိသလဲ။ ဦးလေးက သဘောတူနေပြီပဲ။ ဒါ ကိုရွှေညိုကို ပြောပြလိုက်ပေါ့"

"အလို . . . ရှက်စရာကြီး"

"အောင်မယ် . . . အဖေ့ကို ရှက်လိုက်၊ ချစ်သူကို ရှက်လိုက် တတ်နိုင်တဲ့ မိန်းမ"

ဤသို့ဖြင့် ဦးဖိုးတာသည် မောင်ရွှေညိုကို တွေ့ဆုံကာ အလု အကိုင်နှင့် မိဘဆွေမျိုးကို မေးလေသည် မောင်ရွှေညိုကလည်း သူ အခြေအနေကို နှစ်ယောက်တည်း တိုးတိုးတိတ်တိတ်ပြောကာ သူ သီပေါမင်းမှ ချီးမြှင့်ထားသော ရွှေငွေများ သိမ်းဆည်းလျှို့ဝှက်ထားသည် ပြောပြကာ မင်္ဂလာပွဲကို တင့်တယ်အောင် လုပ်ဆောင်ပါ့မည်ဟု အာ လေသည်။



ဤသို့ဖြင့် ရပ်ရွာလူကြီးများကို ဖိတ်ကြားလျက် မောင်ရွှေညိုနှင့် မြမြရီတို့၏ မင်္ဂလာပွဲကို တောင်သမန်ရွာမှာပင် ကျင်းပခဲ့လေသည်။ ဦး ပိုက်မှာလည်း အလုပ်ရှင်လူကြီးတစ်ဦးအနေဖြင့် ယက္ကန်းစင်တစ်စင်ကို မောင်ရွှေညိုတို့ လင်မယားအတွက် လက်ဖွဲ့လေသည်။

မောင်ရွှေညိုမှာလည်း တောင်သမန်ရွာထဲမှာပင် ခြံဝင်းလေး တစ်ဝင်းဝယ်ကာ သပ်သပ်ရပ်ရပ်အိမ်ကလေး ဆောက်လုပ်လျက် ယက္ကန်း စင်သုံးစင်ထောင်ကာ ငြိမ်းချမ်းစွာ နေထိုင်ခဲ့လေတော့သည်။ ချစ်သူခင်သူ ခြင်း အိမ်ထောင်ဖက်ရသောကြောင့် မောင်ရွှေညိုတို့ လင်မယားမှာ အလွန် ပင် ပျော်ရွှင်ချမ်းမြေ့ကြ၏။

သူတို့လင်မယားနှစ်ဦးအတွက် မောင်ရွှေညိုမှာရှိသည့် ငွေသည် လုံလောက်တင့်တယ်စွာ နေထိုင်နိုင်သော်လည်း စုပုရားလက်စေလွှတ် ရှာ ဖွေသူတို့ ရောက်လာနိုင်သည်ကို သိ၍ မထင်မရှားသာနေခဲ့လေသည်။ သို့ သော် တစ်နှစ်ခန့်အကြာမှာပင် အင်္ဂလိပ်တို့သည် မန္တလေးနေပြည်တော် အား သိမ်းပိုက်ကာ ကုလားဖြူစစ်သားတို့သည် နေရာအနှံ့သို့ ရောက်ရှိ လာလေတော့၏။

×××

ထိုအချိန်တွင် မောင်ရွှေညိုနှင့် မြမြရီတို့တွင် သားကလေးတစ်ဦး ဖွားမြင်ကာစဖြစ်သောကြောင့် မိုးပြိုသကဲ့သို့ အလွန်အမင်း ထိတ်လန့် ကြောက်ရွံ့လေတော့သည်။ မောင်ရွှေညိုမှာလည်း လက်ရာတော်ကြီးတွင် အမှုထမ်းဖူးသူဖြစ်သောကြောင့် ကိုယ့်တိုင်းပြည်နှင့် ကိုယ့်ဘုရင်ကို အနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကျွင့် သိမ်းယူသည့် အင်္ဂလိပ်တို့ကို မုန်းတီးကာ ထိုအချိန်က မျိုးချစ်စိတ်ထက်သန်သူများနည်းတူ မာဆွဲ၍တော်လှန်ရန် ဆုံးဖြတ်လိုက်လေတော့၏။

မြမြရီမှာ မောင်ရွှေညိုကို ဖက်ကာ ငိုယိုတောင်းပန်ရှာလေသည်။

"သူတို့က မီးလက်နက်တွေရှိတယ် မောင်မောင်၊ စစ်သည်တော်တွေအောင် မနိုင်လို့ လက်နက်ချကြရတာ မဟုတ်လား။ မြန့်သားလေးမျက်နှာကို ထောက်ပါဦး"

မောင်ရွှေညိုသည် ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်းမှ…

"ဒီအတိုင်း ဒီကောင်တွေ အုပ်ချုပ်တာကိုခံပြီး ကျွန်လုပ်ဖို့တော့ မောင်မောင့်ကို မတိုက်တွန်းနဲ့ မြမြ။ မောင်မောင် နန်းထဲကလာတဲ့သူ။ လုံးဝ ကျွန်မခံနိုင်ဘူး"

"ခက်တာပဲ မောင်မောင်ရယ်။ မောင်မောင် သွားမယ်ဆိုရင်လည်း မြကို သတ်ပြီးမှသွားပါ"

ထိုအချိန်မှာပင် ဦးပိုက်အိမ်မှ ဖိုးကြင်သည် ပုဆိုးတိုတိုဖြင့် အိမ်ထဲသို့ ပြေးဝင်လာလေသည်။ သူ့ပုံမှာ ရေးကြီးသုတ်ပြာနိုင်လှလေသည်။

"မောင်ရွှေညို…မောင်ရွှေညို"

"ဘာလဲ မောင်ဖိုးကြင်"

"အမရပူရမှာ မျက်နှာပြည့်ပြည့်နဲ့လူကြီးတစ်ဦးက သူ့လူလေးယောက်နဲ့ ရောက်နေတယ်။ သူတို့ကြည့်ရတာ အင်္ဂလိပ်အစိုးရှကို ချောင်းမြောင်းတိုက်ခိုက်တဲ့ပုံမျိုးပဲ။ ပြီးတော့ လူတစ်ယောက်ရဲ့ပုံသဏ္ဍာန်ကိုလည်း ပြောပြီး တွေ့သလားလို့ မေးတယ်။ နာမည်က သုနန္ဒရတဲ့"



"ဟင်…ဟုတ်လား"

"ဟုတ်တယ်။ သူတို့ပြောတဲ့ပုံစံက မောင်ရွှေညိုနဲ့တူလို့။ နာထုံပေါ်ပေါ်၊ မျက်လုံးပြူးပြူး။ မေးစေ့မှာ မွေးမျှင်စုရှိတဲ့ မည်ပါတဲ့လူ ဘယ်သူမြင်ဖူးလဲ၊ မြင်ဖူးတဲ့သူကို ဒေါင်းဒင်္ဂါးတစ်ပြားပေးမယ် ပြောနေတယ်"

စုဖုရားလတ်က ရှာဖွေ၍ လွှတ်ထားသောလူများဖြစ်နိုင်ကြောင်း မောင်ရွှေညို ရိပ်မိလေသည်။ သူတို့သည် ယခု စုဖုရားလတ်၏အမိန့်ကို ခံ၍လာခြင်းမဟုတ်။ သီပေါမင်းနှင့်စုဖုရားလတ်တို့ မြောက်စားစဉ်က ပေးထားသော ရတနာဆုလာဘ်များ သုနန္ဒရထံတွင်ရှိသည်ကို သိ၍ အတ်ဖြတ်၍ ယူငင်ရန်လာခြင်းဖြစ်သည်။

"အခု ဘယ်မှာလဲ"

"အခုတော့ မောင်ရွှေညိုကို မေးမန်းသိလို့ ဦးကြီးပိုက်က အိမ်မှာ ကျွေးမွေးဧည့်ခံ အချိန်ဆွဲပြီး ကျုပ်ကို မောင်ရွှေညိုဆီ အကြောင်းကြားခိုင်းလိုက်တာ"

ဦးပိုက်၏အမျှော်အမြင် ကြီးမားမှုကြောင့် သတင်းကြိုသိရခြင်းဖြစ်လေသည်။ ဤအတိုင်းဆိုလျှင် မောင်ရွှေညိုသည် တောင်သမန်ရွာမှာ နေ၍မဖြစ်တော့။ မကြာမီ ဦးပိန်တံတားကို ဖြတ်ကာ ကူး၍လာနိုင်သည်။

မတတ်နိုင်တော့ပေ။ အချိန်မီ သူတို့ကိုရှောင်တိမ်းဆုတ်ခွာ ပြေးတော်မည်ဟု မောင်ရွှေညို တွေးလိုက်မိ၏။

"ကဲ ဖိုးကြင်ရေ တို့ကိုကူညီပါဦး။ တို့ အင်းထဲကနေပြီး စစ်ကိုင်းသွားတဲ့လမ်းကို ပြေးမှဖြစ်မယ်။ အဲဒါ ကျုပ်ကိုရန်ရှာမယ့်သူတွေပဲ။ အရှေ့ထဲ သစ်တောဖောက်တွေက တမောင့်"

www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင် ကျွန်မကို မထားခဲ့ပါနဲ့နော်။ မောင်မောင် သွားတဲ့နေရာကို ခေါ်သွားပါ။ ဘယ်မှာနေနေ ဘယ်မှာသေသေ မောင်မောင်နဲ့ပဲ လိုက်မယ်။ သားနဲ့မောင်မောင်ရဲ့ မျက်နှာ မြင်နေရရင် မြ သေရမှာကို မကြောက်ပါဘူး"

"သိပ်စဉ်းစားမနေကြနဲ့ မောင်ရွှေညို။ မြန်မြန်လုပ်။ မန္တလေးဘက်ကတော့ ဝင်လို့ရတော့ဘူး"

"ကျုပ်သိပါတယ်။ ကျုပ်စစ်ကိုင်းတံတားရောက်အောင် သွားပြီး လှေနဲ့အထက်တက်မယ်။ ကဲ မြ မြန်မြန်လုပ်။ ကလေး မောင်မောင့်ကို ပေး"

ဦးဖိုးတာမှာ တစ်ချိန်တွင် ထိုသို့အန္တရာယ်ဖြစ်ပေါ်လာနိုင်သည်ကို သိ၍ သူ့အား လာရောက်ကန်တော့သော သားမက်၊ သမီးနှင့် မြေးတို့ကို "ဘေးကင်းရန်ကွာပြီး ချမ်းသာကျန်းမာစွာ နေနိုင်တဲ့အရပ်ရောက်ကြပါစေ" ဟု ဆုပေးကာ စေလွှတ်လိုက်လေတော့၏။

ကလေးအတွက် အနီးများ၊ စောင်များနှင့် အဝတ်အစားထုပ်နှစ်ထုပ်ကို ကိုယ်စီလွယ်ကာ ရေမခန်းသေးသော ကာလဖြစ်၍ တောင်သမန်အင်းထဲမှ ရင်းနှီးသောလှေတစ်စီးကို ငှားကာ အမရပူရမြို့ထိပ်သို့ မောင်ဖိုးကြင်က လိုက်ပို့လေသည်။

မောင်ဖိုးကြင်မှာ ထန်းရည်မူးသောအချိန်က မဖြိုးအိုကို မောင်ရွှေညိုက ခေါင်းရိုက်ခွဲမည်ဟု ပြောခဲ့သော်လည်း ပင်ကိုယ်စိတ်ရင်း ကောင်းသူဖြစ်၍ ရိုးသားတည်ကြည်သော မောင်ရွှေညိုကို ရန်မရှာဘဲ ကူညီခြင်းပင်ဖြစ်သည်။ ယခုအခါ မဖြိုးအိုနှင့် မောင်ဖိုးကြင်တို့မှာလည်း လက်ထပ်



း မောင်ဖိုးကြင် တောင်သမန်ရွာထိပ်မှ ထန်းတောကို စွန့်ခွာလိုက်ပြီလည်း နေသည်။

စစ်ကိုင်းလမ်းနှင့်နီးကာ သူတို့နေသော တောင်မင်းကြီးစေတီနှင့် သော ရွာမှ ဝေးလာ၍ မောင်ရွှေညိုတို့မှာ ရောက်ဖူးနေကျ ယက္ကန်းရုံ ရှိရာ ကမ်းနားသို့ ကပ်လျက် ခပ်သုတ်သုတ် ထွက်လာခဲ့ကြလေ ည်။

လမ်းများပေးတွင်လည်း တစ်နေရာမှတစ်နေရာသို့ သွားနေကြ သော စစ်ပြေးဒုက္ခသည်များ ရှိနေရာ အကျႌအပေါက်အပြဲ အဝတ်ခပ် တ်နှင့် ကလေးချီကာလာသော မောင်ရွှေညိုတို့သည်လည်း ထိုကြား င် ရောသွားတော့၏။

လမ်းဘေးတစ်ဘက်တစ်ချက်တွင် လက်နက်ကိုင် ကုလား သားများက စောင့်ကြည့်နေကြသည်။ လုယက်သူ၊ နှောင့်ယှက်သူများ အားဆီးရန်ဖြစ်သည်။ မောင်ရွှေညိုနှင့်မြမြရီတို့မှာ မျက်နှာကို ညိုအောင် နှင့်ဖိုးမည်း မသိမသာလိမ်းထား၍ ရုပ်များမှာ ဆင်းရဲ၍ အထာရာရ သူများနှင့်ပင် တူနေလေတော့သည်။

စစ်ကိုင်းတံတားကို မည်သူမျှဖြတ်၍မရပေ။ တံတားအောက်ရှိ ထိပ်သို့ဆင်းလာရာ အထက်သို့တက်မည့် လှေကြီးများမှာ သူတို့ ဖက်မည့်အရပ်ကို ပြောဆိုကာ လူခေါ်လျက်ရှိကြလေသည်။ လှေ ည်း မနည်းလှပေ။

"ငွေတစ်မူးရှိမှ လှေပေါ်ကိုတက်ပါ။ ငွေတစ်မူးမပါတဲ့သူတွေ ပေါ်က ပြန်ဆင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



လှေသမားများမှာ ဟစ်အော်နေကြသည်။ ထိုလှေကြီးမှာ ဧရာဝတီမြစ်ကြောင်းအတိုင်း အထက်မြို့ရွာသို့ ဆန်တက်မည့်လှေကြီးဖြစ်ပေရာ မောင်ရွှေညိုမှာ မန္တလေး အမရပူရနှင့်ဝေးလျှင် ပြီးရော၊ ရောက်ချင်ရာရောက်ဟု သဘောထားကာ လှေပေါ်သို့ ကလေးချီထားသော မြမြရီကို ဆွဲ၍တက်လာရာ...

"တစ်ယောက် တစ်မူးပါမှတက်နော်" ဟု လှေသူကြီးက လက်တား၍ ပြောလိုက်သည်။

"ပါပါတယ်ခင်ဗျာ။ အခုယူလည်း ထုတ်ပေးပါ့မယ်"

ဟုဆိုကာ နှစ်ယောက်တွက်ငွေကို မောင်ရွှေညိုက ထုတ်ပေးလိုက်ပြီး လှေပေါ်သို့ ရောက်လာတော့၏။

×××

များသောအားဖြင့် အထက်အညာသို့ ဆန်သောသူများသာ ရှိ၍ အင်္ဂလိပ်များ အုပ်စိုးနေသည်မှာ ကြာပြီဖြစ်သော အောက်ပြည်သို့ သွားမည့်လှေများပေါ်သို့မူ တက်ရောက်သူ နည်းလှလေသည်။ မောင်ရွှေညိုတို့ လှေကြီးပေါ်သို့ ရောက်ရှိပြီး နောက်မကြာမီ လှေဆိပ်သို့ဆင်းသော သူများကို စစ်သားများက ပိတ်ကာ ကိုယ့်အရပ်ကို ကိုယ်ပြန်နိုင်းနေသည်ကို တွေ့ရလေသည်။

"ကဲ ထွက်မယ်ဟေ့.. ထွက်မယ်။ တော်ကြာ တို့ကိုလာပြီး ရန်ရှာနေဦးမယ်"

အင်္ဂလိပ်စစ်တပ်လှေကြီးများသည် မြစ်ထဲမှ ဒုက္ခသည်လှေများ



အမြန် အလံမြှုပ်ထားသည့် လှေများကို လက်ပြကာ မြန်မြန်မြစ်ကြောင်းမှ သွားနိုင်းလေသည်။

လှေထိုးသမားများ ညာသံဟစ်ကြွေးကာ လှော်တက်ရှည်ကြီးများဖြင့် လှော်ခတ်လာကြရာ လှေကြီးသည် စစ်ကိုင်းနှင့် အင်းဝတို့ရှိရာ ကြားမှ တပြည်းပြည်း ဝေးလာခဲ့လေတော့သည်။

အထက်မြစ်ကြောင်းများတွင်ကား အင်္ဂလိပ်မျက်နှာဖြူလှေများ မရှိတော့သောကြောင့် အေးချမ်းသွားလေသည်။ ဤသို့ဖြင့် လှေကြီးပေါ်မှ ဆင် ရောင်းချသော ထမင်းနှင့်ဟင်းများကို ဝယ်ယူစားသောက်ကာ လိုက်ပါလာကြရာ တော်တော်ခေါင်သော အထက်ပိုင်းသို့ ရောက်ရှိလာလေတော့၏။

မောင်ရွှေညိုမှာ ကမ်းနစ်ဖက်တွင်ရှိသော မြစ်ဆိပ်များကို ကြည့်ကာ ဆိုက်ကပ်တိုင်း အေးချမ်းမှု ရှိ၊မရှိကို လေ့လာလျက်ရှိသည်။

"ကိုညို ဘယ်တော့ ဘယ်တောင်တွေကို ရောက်လာပြီလဲရှင်"

"ပခုက္ကူတို့ ပုဂံတို့တော့ လွန်လာပြီ။ ရေမှာတော့ အေးချမ်းပုံရပါတယ်"

"မထူးပါဘူးရှင်။ အင်္ဂလိပ်တွေနဲ့နီးနေရင်/ရှင့်စိတ်နဲ့ရမှာ မဟုတ်ဘူး ဒီလှေက ကချင်ဝါးဖောရွာမှာ နောက်ဆုံးဆိုက်ကပ်မယ်ပြောတယ်။ အဲဒီအထိသာ လိုက်စီးပါတော့"

လမ်းခရီးဆိပ်ကမ်းများတွင် လူများဆင်းသွားသောကြောင့် အတော်ပင် ချောင်ချောင်ချိချိရှိသည်။ လသားအရွယ်ကလေးငယ်လေးမှာလည်း အိပ်ရေးဝကာ ရွှင်ရွှင်လန်းလန်းဖြင့် မျက်လုံးဖွင့်ကာ တရွရွ တဂဲဂဲ လုပ်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှိသည်။ ဓိတနစ်ပါးမှာ ဆေးဒုက္ခများကြားမှ ပြေးရသည်ပင် မှန်သော်လည်း ကြည်လင်သောသား၏မျက်နှာကြောင့် အေးချမ်းသွားကြလေသည်။

"သားကလေးက သိပ်ချစ်စရာကောင်းတာပဲနော် မြ"

"ဟုတ်တယ်။ ဒီသားလေးရှိနေရင် ကျွန်မ ဘယ်မှာနေရနေရ ဘာလုပ်စားရစားရ နော် သား"

မြက သားလေး၏မျက်နှာကို ငေးကြည့်ရင်း ပြုံးကာပြောလိုက်၏။

"မြ နည်းနည်းမှ ရေမှာနေရတိုင်ရမယ့်အရေးကို တွေးပြီး စိတ်မပူဘူးလားဟင်"

"အို…ဘာလို့ပူရမှာလဲ။ မောင်မောင်ရှိသားပဲ။ မောင်မောင်ရှိတဲ့နေရာမှာ မြရှိနေရင် ဘာဆင်းရဲဒုက္ခမဆို မြ ခံရဲပါတယ်။ မြက သားနဲ့ဖြစ်ဖြစ်၊ လင်နဲ့ဖြစ်ဖြစ် ခွဲရရင် ရင်ကွဲနာကျပြီး သေမယ့် မိန်းမရှင့်"

"သြော်…မြရယ်"

မောင်ရွှေညိုမှာ မြ၏ဆံပင်လေးများကို သပ်ကာ ညည်းညူမိလေသည်။

×××

နောက်ဆုံး မောင်ရွှေညိုတို့မိသားစုသည် ဝါးဖောရွာမှ တစ်ဆင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာကြသည်။ ထိုအချိန်တွင် အင်္ဂလိပ်များသည် ကချင်ပြည်နယ်အထိ သိမ်းပိုက်နိုင်ခြင်း မရှိသဖြင့် ကချင်ပြည်နယ်ရှိ ပုန်းခိုနေသော မြန်မာများနေသောရွာတွင် နေထိုင်ကြလေသည်။



အင်္ဂလိပ်ရေယာဉ်များ ဧရာဝတီမြစ်ကြောင်းမှ တက်လာလျှင် ဒူးလေးများ လေးလုံများဖြင့် ဆီးကြိုကာ တိုက်ခိုက်ကြသဖြင့် မျက်နှာဖြူအင်္ဂလိပ်တို့ ရှုံးနိမ့်ဆုတ်ခွာကြရသည်က များလေသည်။

မြစ်ကြောင်းမှာလည်း ကျဉ်း၍ လာသောကြောင့် ရေတိမ်၍ အမြောက်တင်သင်္ဘောကြီးများ ဆန်လာ၍ မရသောကြောင့် အခြားမြို့ရွာတွင်လည်း အင်အားသုံးနေရရာ အင်္ဂလိပ်တို့မှာ ကချင်ပြည်နယ်၏အရပ်ဒေသများအားလုံးလိုလိုကို လက်လျှော့ကာ ထားရချိန်ဖြစ်လေသည်။

မြစ်ကြီးနားမှတစ်ဆင့် မောင်ရွှေညိုတို့သည် မြန်မာများသောဒေသနှင့် နဘားဘူတာကြားရှိ ရွာလေးတစ်ရွာသို့ ပြောင်းရွှေ့လာခဲ့သည်။ ထိုရွာလေးတွင် တောင်ယာလုပ်ကိုင်ရင်းဖြင့် နောက်ထပ်သားကလေးတစ်ဦးကိုင် ရရှိလာခဲ့ရာ မောင်ဘမှန်ဟု နာမည်ပေး၍ အကြီးကိုမူ မောင်ခင်ဟု နာမည်ပေးခဲ့လေတော့သည်။

မြဆည်းဆာ၏ဘကြီးသည် ထိုနေရာသို့အရောက်တွင် ယူထားသော ကွမ်းကိုဝါးကာ စကားကို ရပ်နားထားလိုက်တော့သည်။

"ဒါဆိုရင် ဘကြီးရဲ့နာမည်က…"

"ငါ့နာမည်က အမှန်ပေါ့"

"ဟင်…ဒါဆို ကျွန်မရဲ့ဘွားဘွား ဒေါ်မြမြရဲ့ ဘိုးဘိုးက သုနန္ဒရဲ့ ပိုးရွှေညိုရဲ့သား ဦးခင်ပေါ့"

ဝမ်းသာအားရ ပြောလိုက်လေသည်။

"ဒါပေမယ့် လက်နက်အင်အားကောင်းတဲ့ အင်္ဂလိပ်ကဘယ်ရဲ့ ထဲကွယ်။ လေးငါးနှစ်အတွင်းမှာ ကချင်ပြည်နယ်ကို တိုက်ခိုက်သိမ်းတယ်။

www.burmeseclassic.com



ဒီတိုက်ပွဲမှာ မျိုးချစ်သူရဲကောင်းကြီး သုနန္ဒခေါ် တို့အဖေဦးရွှေညို ကျသွား တာပဲ"

"ဪ…ဖြစ်ရလေ"

"ဒီအချိန်မှာ မေမေခေါ် မြမြရီဟာ အရွယ်ကောင်းပဲ ရှိပါသေး တယ်။ ဒါပေမယ့် နောက်ထပ်အိမ်ထောင်မပြုခဲ့ဘူး"

"တစ်နေ့မှာတော့ တောင်ယာထဲက ငှက်ခူးတဲ့ဆေးရာနဲ့ မေမေ ဟာ အဖျားဝင်ခဲ့တယ် သမီး။ ကချင်ဆေးမြစ်တွေက စွမ်းပေမယ့် အစ်ကို ဆယ့်ငါးနှစ်သားအရွယ်မှာပဲ မေမေဟာ ကွယ်လွန်ခဲ့တယ်။ မေမေ ကွယ် လွန်ကာနီးမှာ ဖေဖေပေးခဲ့တဲ့ နန်းစဉ်ပတ္တမြားလက်စွပ်၊ နီလာလက်စွပ်နဲ့ မြလက်စွပ် သုံးကွင်းကို ခေတ်အခါကောင်းတဲ့အချိန်မှာ ရောင်းချလို့ပါ ပြီးတော့ ဖေဖေနဲ့ မေမေကို အမှတ်ရနိုင်ဖို့ ဇရပ်တစ်ဆောင် ဆောက်ပါလို့ မှာခဲ့တယ်"

"ကိုဘစံနဲ့ ဘကြီးဟာ အဖေ အမေတွေမရှိတဲ့ ကာသာမှာ မနေ တော့ဘဲ ရှမ်းပြည်ကို ပြောင်းခဲ့ကြတယ်။ အစ်ကိုဘစံက အဲဒီမှာ စောခေ လို့အမည်တွင်တဲ့ မိန်းကလေးနဲ့ [illegible]ဆောင်ကြပြီး သမီးကို မွေးတာပဲ"

"ဖေဖေကရော ခု ဘယ်ရောက်နေသလဲ"

ထိုမေးခွန်းကို အမေးခံရသောအခါတွင် ဦးစာမှန်မှာ သက်ပြင်း ချလိုက်မိလေသည်။

"အင်း…သမီးဖေဖေဟာ အင်မတန်မှ သမီးမေမေနဲ့ သမီးကို သံယောဇဉ်တွယ်တာပါတယ်။ ဒါပေမယ့်လို့ သိန္ဒိမှာနေတဲ့အချိန်မှာပဲ နန်း တော်ထဲမှာတုန်းက သူ့ကိုသိနေတဲ့ စုဖုရားလတ်ရဲ့ဘက်က ရွှေမြ ဆိုတဲ့



[illegible]ကျွန်တစ်ယောက်နဲ့သွားပြီး မတော်တဆတွေ့တယ်။ ရွှေမြဟာ တောင် [illegible]ရွာကို လိုက်လံစုံစမ်းတဲ့ လူစုထဲမှာပါတယ်။ သူဟာ နောက်ဆုံး [illegible]ရပြီး လေ့နဲ့ အထက်ဘက်မှာ လိုက်ရှာတာ မတွေ့ဘူး။ ဒါပေမယ့် [illegible]လျှော့ဘူး။ ဘာလဲဆိုတော့ မောင်ရွှေညိုဆီမှာ သီပေါဝင်းနဲ့ ထိပ်စုဖုရား [illegible]ချတဲ့ ရွှေဒင်္ဂါးနဲ့လက်ဝတ်ရတနာသုံးကွင်းရှိတယ်ဆိုတာ သိထားတာ [illegible] နောက်ဆုံး တိုတိုပြောရရင် သမီးရယ်၊ အဲဒီလက်စွပ်သုံးကွင်းကို မက် [illegible] လိုက်နေတဲ့သူဆိုပါတော့"

"ဪ တော်တော်လောဘရမက်ကြီးတဲ့သူပဲနော်။ ကိုယ့်တိုင်း [illegible] ကျွန်ဖြစ်တာတောင် မျက်နှာဖြူကို တွန်းလှန်ဖို့စိတ်မကူးဘဲ ကိုယ် [illegible] ရှာချင်နေတာ"

"အဲသလို အရွှကြီးမားပြီး အသိဉာဏ်နည်းတဲ့သစ္စာဖောက်တွေ [illegible]လို့ပဲ ကျွန်ဘဝရောက်ရတာပဲပေါ့"

"ဆက်ပြောပါဦး ဘကြီး"

"ဒါနဲ့ မောင်ရွှေညိုလည်း သားနှစ်ယောက်ရပြီး မောင်ရွှေညို [illegible]လိပ်ကိုတိုက်ရင်း သေတဲ့သတင်းနဲ့ မြမြရီပါ ဆုံးတဲ့သတင်း သူရပြီး [illegible]အစ်ကို ပြောင်းတယ်ဆိုတဲ့ ရှမ်းပြည်ဘက် ထွက်လာတာပေါ့"

"သူက တစ်ယောက်တည်းလား"

"မဟုတ်ဘူး သမီး။ သူ့အဖော်နှစ်ယောက်ပါတယ်။ သူတို့က [illegible] [illegible] လုယက်ပြီးတော့ ဆိုးသွမ်းနေတဲ့ ဓားပြရွှေမြဖြစ်နေပြီ။ ဒါနဲ့မောင်

www.burmeseclassic.com



"ဘယ်လိုလုပ်ပြီး မောင်ရွှေညိုရဲ့သားမှန်းသူက သိသွားတာလဲ"

"ကိုဘငံက မျက်နှာကျရော ကိုယ်လုံးကိုယ်ပေါက်ပါ ပေ

တူနေတာကိုး။ ပြီးတော့ ကိုဘငံက သဘောကောင်းတယ်။ လူချစ်လူ

များတယ်လေ။ သူ့ကို နောက်တော့ သူငယ် ပေါ့သူငယ်နဲ့ လုပ်အေ

လူကြီးတစ်ဦးကိုတွေ့ကော့ သူက လှည့်ကြည့်လိုက်သတဲ့"

"ဩော်...ဟိုကလည်း စုံစမ်းနေတာဆိုတော့ ဟုတ်လို ဟု

ညားခေါ်တာပေါ့"

"ဟုတ်တာပေါ့ သမီးရယ်။ အဲဒီကပဲ စခဲ့တာပေါ့"

×××

ဘငံသည် သူ့နောက်မှ တုတ်ခိုင်သောလူကြီးကို စောင့်နေ

ခလသည်။

"မင်း ဘယ်မှာနေတာတုံး"

"ဗျာ...ဘာကိစ္စရှိလို့လဲ။ ကျွန်တော်က ဟိုတောင်ကုန်း

ရွာမှာနေတာ"

"ဩော်...ဩော်...ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ကို ငါတွေ့

တော့ သတိရလို့ပါ။ ကျုပ်ရဲ့မိတ်ဆွေက မောင်ရင့်လိုပဲ မျက်ခုံးထူထူ

ပင်ကလည်း နဖူးပေါ်မှာ ကကြီးပုံနဲ့"

"ကာကမ်ား နာမည်ကမရားပေါခင်ဗျာ။ ဦးကြီးက သိ



လာရတာပါ။ ငါတို့များ သိမလား မသိဘူး"

"ဘယ်သူများပါလိမ့်ခင်ဗျာ"

ဘငံက သိန္နိတွင် သူ့အသိများလှ၍ ကူညီပေးနိုင်ရန် မေးလိုက်

လေသည်။

"သူ့နာမည်က ဦးရွှေညိုတဲ့၊ ဇနီးနာမည်ကတော့ မြမြရီတဲ့"

"ဟင်...အဲဒါ ကျွန်တော့်ပေပေနဲ့မေမေပါပဲခင်ဗျာ။ ဦးက ဘယ်

သူများပါလိမ့်"

ထိုစကားကို ကြားလိုက်ရသောကြောင့် ရွှေမြဲ၏မျက်လုံးများမှာ

အရောင်တောက်ပသွားကြသည်။ ဝေနွှ နန်းစဉ်လက်စွပ်ကို မောင်ရွှေညို

က သူ့မိန်းမကို ပေး၊ သူ့မိန်းမက သေတော့ သူ့သားအကြီးဆီပေးခဲ့တာ

ကျိန်းသေဖြစ်ရမည်ဟု သူ တွက်ဆလိုက်၏။

"ဟာ...ဒါဆိုအတော်ပါပဲကွယ်။ အမရပူရမှာ သိခဲ့ကြတာပေါ့။

ခု အိမ်မှာရှိသလား"

"နောက်ကျသွားပြီခင်ဗျာ"

"ဘယ်ကိုများသွားလို့လဲ"

"ပေပေက ကျွန်တော်တို့ ခပ်ငယ်ငယ်ကပဲ ကချင်လူမျိုးတွေနဲ့

မျက်နှာဖြူကို တိုက်ရင်း သေသွားရှာပါပြီခင်ဗျာ"

"မောင်ရွှေညို ရွှေညို တော်တော်လည်း သတ္တိရှိတဲ့လူပဲ။ ကျုပ်

စိတ်မကောင်းလိုက်တာ။ ဒါပေမယ့် ကိစ္စမရှိပါဘူးလေ။ သခင်ရှားရှားကို

www.burmeseclassic.com

www.burmeseclassic.com



ပဲခင်ဗျာ။ ပေမေမရှိပေမယ့် မေမေ့မိတ်ဆွေဆိုတော့ ကျွန်တော့်မှာ ဝတ္တရား ရှိပါတယ်။ ကျွန်တော့်အိမ်သာ လိုက်ခဲ့ပါတော့ခင်ဗျာ"

ရွှေမြသည် သူ့ကိုယုံကြည်စေရန် သူ့ကိုယ်သူ "မိုးမြ" ဟု ပြောကာ လမ်းတွင် ဦးရွှေညိုအတွက် စိတ်မကောင်းကြောင်း အထပ်ထပ်ပြောကာ လိုက်ပါလာခဲ့လေတော့သည်။

အမှန်တော့ ဓားပြကြီးရွှေမြမှာ အခွင့်သာပါက နန်းစဥ်လက်စွပ် သုံးကွင်းကို အရယူနိုင်ရန် အကြံဖြင့် ဘဇံကို အယုံသွင်းကာ လိုက်ပါလာခဲ့ခြင်းပင် ဖြစ်သည်။

ဘဇံက ထိုနေ့တွင် ရွှေမြပြောပြသည့် အမရပူရမြို့၏ သာယာပုံ၊ သူ့အဖေနှင့်ခင်မင်စွာ အတူနေကြပုံတို့ လုပ်ကြံပြောဆိုသည်ကို အဟုတ် မှတ်လျက် ထမင်းဟင်းဖြင့် ဧည့်ခံကျွေးမွေးလေသည်။

ရွှေမြကား သူ့ဓာတ်ရုပ်မပေါ်အောင် ထိန်းကာ ညစာစားလျက် တည်းခိုသည့်နေရာသို့ နှုတ်ဆက်ကာ ပြန်သွားလေသည်။

အမှန်မှာ ရွှေမြဝင်လာကတည်းက မျက်နှာရိပ် မျက်နှာကဲကို မကြိုက်သောကြောင့် ခြံထဲတွင် စိုက်ခင်းကို မြောင်းပေါက်ရင်း ကြည့်နေသည်။ သူ့အားမခေါ်ရန် ဘမှန်က မျက်ရိပ်ပြလိုက်သောကြောင့် ဘဇံသည် အကြောင်းရှိရမည်ဟု ညီဖြစ်သူ၏ မျက်နှာရိပ် မျက်နှာကဲကိုကြည့်လျက် ရွှေမြကိုသာ အိမ်ပေါ်ခေါ်သွားသည်။

စောဒေဝီမှာလည်း မျက်နှာပေါက်ကြမ်းကာ မျက်လုံးကျဥ်းသော



ပေါင်းများကို ကျကျနနပင် ကျွေးမွေးဧည့်ခံလိုက်လေသည်။

ညနေလေးနာရီလောက်တွင် မြို့သို့ ရောက်သည်ကို ဘဇံက လိုက်ပို့သည်ကိုတွေ့ရပင် အမှန်မှာ ... ဘဇံမှာ စောဒေဝီပေါင်ရင်း ... ကို လှမ်းကာ ... နေလေသည်။

***

ညီအစ်ကိုနှစ်ယောက် ... ဘမှန်မှာ ... တွင်နေသည်မှာ ဘဇံက ဘမှန်၏မျက်နှာရိပ်မျက်နှာကဲကြောင့် ... ပြောခဲ့လေသည်။ ဘမှန်မှာလည်း ဘဇံနှင့်မတူပေ။ မျက်နှာဖြူဖြူ အရပ် ... နှင့်ဖြစ်၍ ညီအစ်ကိုဟု မည်သူမျှမထင်။

အမေ့ဘက်အဘိုးဘက်မှ အမရပူရမျိုးနွယ်တူသောကြောင့် သားနှစ်ယောက်မှာ တစ်ယောက်တစ်ပုံဖြစ်နေသည်ကို မောင်ရွှေညိုက မြမြရီ တို့ ပြောကာ မကြာခဏရယ်မောတတ်လေသည်။

"မြတော့ မရိုးတော့ဘူး"

"ဩော်...မောင်မောင်ကလည်း ဒါပဲ စနေတာပဲ။ မြ ကြာရင် စိတ်ဆိုးမှာနော်။ မြက မောင်မောင်ကလွဲလို့"

ညစ်ညမ်းစွာ ပြောမိတော့မလိုဖြစ်ပြီးတော့မှ မြမြရီက စကားကို ရပ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရည်မတူတာ မောင်မောင် အဘိဓမ္မာတရား သင်ဖူးတော့ သိပါတယ်"

မောင်ရွှေညိုက ထိုသို့ချော့မော့လိုက်မှ မြမြရီမှာ စိတ်ကျေနပ်သွားသည်။ ထို့ကြောင့် ဘမှန်ကို ရွှေမြက ခြံအလုပ်သမားဟုထင်ကာ အရေးတစိုက် ဂရုမပြုတော့ဘဲနေခြင်း ဖြစ်ပါသည်။

"ကိုဘငံ"

"လာ ဘမှန်...မင်းပေါက်တူးနဲ့ နောက်လှန်ပြီး အချက်ပြတာ ငါသိတယ် ဘာဖြစ်လို့လဲကွ"

"အစ်ကိုက ဘယ်ကမှန်းမသိတဲ့ လူစိမ်းတစ်ယောက်ကို အိမ်ခေါ်လာလို့။ ကြည့်ရတာ လူကောင်းသူကောင်းနဲ့မတူဘူး။ ဒါကြောင့် ကျွန်တော့်မခေါ်ဖို့ အချက်ပြတာ။ သူက ဘယ်သူလဲ"

"ဖေဖေ့သူငယ်ချင်းတဲ့ကွ"

"ဘယ်တုံးက သူငယ်ချင်းလဲ"

"အမရပူရတုန်းကတဲ့"

"ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ ဒါပေမယ့် အစ်ကိုနဲ့ ဘယ်လိုတွေ့တာလဲ"



"အေး..မင်းပြောမှပဲ ငါလည်း စဉ်းစားမိတော့တယ်၊ မေမေက ဖေဖေရဲ့ရန်သူတွေ ရှိနိုင်သေးတယ်လို့ တို့ကိုပြောဖူးတာပဲ"

"ဘာပဲဖြစ်ဖြစ် သတိတော့ထားပါ ကိုဘငံရာ။ ကိုယ်က ကလေးနဲ့ နေ့နဲ့။ လူဆိုးလူယုတ်မာဖြစ်နေရင် မလွယ်ဘူး"

ဘမှန်နှင့်ဘငံသည် တစ်ဦးမျက်နှာကို တစ်ဦးကြည့်မိကြသည်။

"ဒါဆိုလဲ မင်းနဲ့ငါ့ သင်ထားတဲ့ပညာတွေ ရှိတာပဲကွာ။ ရင်ဆိုင်ကြတာပေါ့"

"ဒီလို လွယ်လွယ်ပြောလို့မရဘူး ကိုဘငံ"

"ဟုတ်တယ်ရှင့်။ သူတို့က ဒီလိုလူထူစည်ကားတဲ့အချိန်မှာ မလာဘဲ ညအမှောင်ထဲမှာလာပြီး ရန်ရှာရင် ဘယ့်နှယ်လုပ်မလဲ။ ကျွန်မလည်း အဲဒီလူကြီးမြင်တော့ ရင်တွေထိတ်လိုက်တာ ကိုဘမှန်ပြောသလိုပဲ"

"စိတ်က စိုးရိမ်လို့ဖြစ်ကြမှာပါ။ ဘာပဲဖြစ်ဖြစ် တစ်ခုခုဖြစ်လာရင် ငါ ရင်ဆိုင်မယ်။ ဘမှန် မင်းက သမီးလေးမြဲသည်းဆာနဲ့ ငါတို့သိမ်းထားတဲ့ ဘိုးဘွားပိုင်ပစ္စည်းရှိတဲ့နေရာက ယူပြီး လစ်ပေတော့"

"ဒါလဲဖြစ်ချင်မှ ဖြစ်လာမှာပါ။"

"အဲဒီအကြံ အကောင်းဆုံးပဲကွ"

စောဒေဝီမှာလည်း သိုင်းပညာတတ်သူဖြစ်၍ မကြောက်မ ပြောလိုက်သည်။

×××

www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုလေးယောက်တွင် ဆွေမျိုးဆက်အတွက် "မြ ဆည်ဆာ" ဆိုသော သမီးလေး အသက်ရှင်သန်ရေးနှင့် နန်းစဥ်ရတနာများ ကို ရေပ်တန်ဆောင်၊ ဆောက်လုပ်ကာ ကောင်းမှုတစ်ခုခု ပြု၍ ဘိုးဘွား အဘေအမေများကို အမျှဝေနိုင်ရေးသည် အရေးကြီးလေသည်။

မည်သည့်နေရာတွင်မဆို မတည်ငြိမ်သေးသောကြောင့် ထို ကောင်မလေး မလျော့နိုင် နန်းစဥ်ရတနာလက်စွပ်သုံးကွင်းကို ထိန်းသိမ်းဖို့ နှင့် မျိုးဆက်ကျန်ဖို့သည် အဓိကဖြစ်နေသည်။

ဘမှန်၏စကားမှာ မမှားပေ။ ရှိရပေမည်။ ထိုနေ့ည သန်းခေါင်ယံ အချိန်တွင် ဘိုးတော်နတ်ဝင်ကာ စာရှည်ကိုင်ထားသော လူသုံးဦးသည် ခြံ တံခါးများသို့ အမှောင်ထုထဲမှ ချဥ်းကပ်လာကြလေသည်။ လူသုံးများ တိတ် ဆိတ်ရိပ်တွင် ခြံတံခါးကို ဘိုးဝင်က သိနိုင်ရန် ဘမှန်၏အကြံပေးသည့် အတိုင်း ဘခဲက ခြံစည်းရိုးတွင် မမြင်နိုင်သော အနက်ရောင်ချည်ကြိုး ပတ် ပတ်လည် တန်းကာ မီးဖိုထဲမှ ခေါင်းလောင်းလေးဖြင့် ဆက်ထားခဲ့လေ သည်။

ထွေရာလေးပါး အတွေးများကြောင့် ဘမှန်ရော ဘခဲပါ အိပ် မပျော်သေးချေ။ သုံးနှစ်အရွယ်သမီးလေး မြဆည်ဆာမှာ သူ့၏အိပ်ရာထဲ တွင် အိပ်ပျော်လျက်ရှိနေလေသည်။ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော သူ သုံးဦးသည် ခြံစည်းရိုးသစ်ပင်ကြားမှ တိုးဝင်လိုက်သည်။

"တောင် တင်"

" " "



လေး မြည်လာ၏။ အိပ်ထဲတွင် မီးမထွန်းဘဲ ထားသောကြောင့် ဘမှန်က

"အစ်ကိုဘခဲ"

ဟု ခပ်တိုးတိုးခေါ်လိုက်သည်။

"ဟုတ်တယ် ငါ ကြားတယ် ဘခဲ"

"ကျွန်မလည်း ကြားတယ်။ အသင့်ပဲ သမီးလေးကို ချီပြီး ခြံ နောက်ပေါက်က ကျွန်မတို့ချိန်းဆိုထားတဲ့ ဦးဘဖိုးရဲ့အိမ်နောက်ဆောင် ရှင် သွားပေတော့"

"သွားမယ် အစ်ကို။ ကျွန်တော် လာပြီ"

အဆင်သင့်ထုပ်ထားသော ကလေးအတွက် အဝတ်အစိတ် တစ် လုံး၊ ဓားတစ်ချောင်းနှင့် နန်းစဥ်ရတနာထုပ်ကို လွယ်ကာ ယူကာပြီး ဘခဲအခန်းထဲမှ ကလေးကိုချီကာ နောက်ဖေးအမှောင်ထုထဲမှ ဘမှန် ဆင်း သွားလေတော့သည်။

ဘခဲနှင့်ဘမှန်တို့ ညှိကဲ့သို့စီစဥ်ရခြင်းမှာ ကလေးအတွက် နောက်ဆံမတင်းရစေရန်ပင် ဖြစ်သည်။ အိမ်ပေါ်တွင် ကလေးအိပ်ထားပြီး ဘမှန်ပါ ရန်သူကိုထွက်တိုက်ပါက အိမ်ပေါ်သို့ ရန်သူက ဆောက်၍ဝင်သွား ပြီး ကလေးကိုမြင်လျှင် ရှုပ်ရှားနေလေသည်။

မကြာမီ တံခါးခေါက်သံပေါ်လာလေတော့သည်။

"ခေါက် ခေါက် ခေါက်"

အတွင်းမှ တံခါးမဖွင့်ပေ။

xxx

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ တံခါးဖွင့်ပါဦး"

အသံခပ်အုပ်အုပ်ဖြင့် ခေါ်သည်။ တံခါးကို ခပ်ပြင်းပြင်းလေး ထုသည်။ တစ်အိမ်နှင့်တစ်အိမ်မှာ ခြံကျယ်ကြီးများဖြစ်၍ အိပ်မောကျနေသော ဝတ်ဝန်ဘျင်မှာ ရုတ်တရက် မကြားနိုင်ကြ။

ထိုအခြေအနေကို ရွှေမြနှင့်သူလူနှစ်ယောက်က သိရှိလေသည်။

"ဟော့ . . တံခါးဖွင့်လို့ပြောနေတယ်"

ထိုအချိန်မှာပင် အိမ်နောက်ပေါက်မှ ထွက်လာသော ဘငံနှင့် စောဒေဝီတို့က ငှက်ကြီးတောင်ဓားများဖြင့် နောက်ဘက်မှ ဝင်တိုက်လိုက်လေတော့သည်။

"လူယုတ်မာတွေ သေကြစမ်း"

"ရွှတ်"

"အား"

"ချွမ်"

"ထန်"

အနက်ရောင်ဝတ်စုံနှင့် လူတစ်ဦးက ဓားချက်ထိကာ လဲကျသွားလေသည်။ ကျန်တစ်ဦးမှာ လှည့်၍ခံလိုက်သောကြောင့် ဓားချက်မှာ မထိပေ။

ရွှေမြသည် ပါးနပ်သူဖြစ်၍ စောဒေဝီ၏ဓားချက်ကို သူ့ဓားဖြင့် ခုခံနိုင်လိုက်၏။ တံခါးခေါက်နေသူကလည်း လှည့်ကာ တိုက်လိုက်လေသည်။

"ဗုစ်"



"ချွမ်"

ရွှေမြမှာ ဓားမြလုပ်နေသည်မှာ ကြာပြီဖြစ်၍ ရန်သူများနှင့် တိုက်ရည်ခိုက်ရည် ရှိနေသူဖြစ်ရာ မိန်းမသားဖြစ်သော စောဒေဝီမှာ အတော်ပင်ကြိုးစားသော်လည်း ထိအောင်မတိုက်ခိုက်နိုင်အောင်ဖြစ်လျက် ရှိလေသည်။

လရောင်မှိန်ပျပ်ဖြစ်သောကြောင့် လူလုံးသဲကွဲစွာ မြင်နေရ၍ စောဒေဝီ အရေးနိမ့်နေသည်ကိုသိကာ သူ့ရန်သူကို ဆတ်ခနဲ ဓားချက်ဖြင့် ထိုးကာ အဝေးသို့ဆုတ်ခွာအောင် ဖိ၍ တိုက်လိုက်၏။

"ထန်"

"ချွမ်"

"အိုး"

ထရကြမ်းတိုက်ခိုက်နေသော ဘငံ၏ဓားချက်ကြောင့် နောက်သို့ ခုန်ဆုတ်သွား၏။ ဤတွင် ဘငံသည် စောဒေဝီနှင့်တိုက်နေသည့် လူထွားကြီးကို ဝင်ကာ လျှပ်တစ်ပြက် တိုက်လိုက်သည်။

"ရွှတ်"

"အိုး"

ဓားချက်တစ်ချက် ထိကာ ရွှေမြသည်လည်း ထိုင်၍ဆင်းသွားလေသည်။

"စောရေ ဟိုလူကို သတိထားနော်"

"ဗုစ်"

"အား"

ပြောနေသည့်ကြားမှာပင် စောစောက ခုန်ဆုတ်သွားသော ဘငံ

www.burmeseclassic.com

www.burmeseclassic.com



နှင့်တိုက်ခိုက်နေသည့် အနက်ရောင်ဝတ်စုံနှင့်လူသည် သူ၏ခါးကြားမှ ဓား ကို ထုတ်ကာ လျှပ်တစ်ပြက်ပစ်ခတ်လိုက်ရာ စောဒေဝီ၏နံကြားသို့ ဓား ချက်က တန်းဝင်သွားလေတော့သည်။

စောဒေဝီ၏အော်သံကြောင့် ယိမ်းယိုင်ကာ လှည့်ကြည့်လိုက်သော ဘငံကို ရွှေမြသည် ဒဏ်ရာရနေသည့်ကြားမှပင် ခြေထောက်ဖြင့် လှမ်းထိုးလိုက်လေတော့သည်။

"ရှတ်"

"အား"

ဓားချက်မှာ မိမိရရ ထိုးသွင်းလိုက်၍ နံကြားသို့ဖောက်ကာ ဝင်သွားလေသည်။ သတိကောင်းသော ဘငံမှာ သူ၏ဓားနှင့်ပြန်ကာ၍ မက်တင်လိုက်ရာ ရွှေမြ၏ရင်ဝတွင် ဓားက ကန့်လန့်ဖြတ်ထိသွားရပြန်လေတော့သည်။

"ရှတ်"

"အိုး"

ဘငံရော စောဒေဝီပါ လဲကျသွားသည်။

ရွှေမြမှာလည်း တပြိုင်နက်ပြည်းချင်း လဲကျသွားလေတော့သည်။

ရွှေမြမှာ ဓားချက်နှစ်ချက်ပင် ထိသော်လည်း သေလောက်သော နေရာမဟုတ်၍ အားတင်းကာ ထပြီးကြိုးစားနေသည်။

"ငါ့ဆီကို မလာနဲ့ အိမ်ပေါ်တက်ရှာစမ်း။ မီးအိမ်ထွန်းပြီး တစ်အိမ်လုံးနှံ့အောင်ရှာ"

ရွှေမြမှာ သူတပည့်ကို အမိန့်ပေးလိုက်သည်။ သူတပည့်က



အိမ်ခါးကို ဝုန်းခနဲကိုယ်လုံးနှင့်တိုက်ကာ အသင့်ပါလာသော မီးခတ်လျှက် တစ်အိမ်လုံးကို ပွစာကြဲအောင် လိုက်လံရှာဖွေလေသည်။

သေတ္တာများ၊ ဘီရိုများနံအောင် ရှာဖွေသော်လည်း မည်သည့် နေရာနှင့်မျှတူသည့် ပစ္စည်းကိုမျှ မတွေ့ရပေ။ ဤသို့ဖြင့် မိုးလင်းသည် အထိ ဆက်ကာ မနေသင့်သောကြောင့် ပြန်ဆင်းလာကာ သတိမေ့နေပြီ ဖြစ်သော ရွှေမြကို ထမ်းကာ ပြန်ဆင်းသွားခဲ့လေတော့သည်။

×××

ချိန်းဆိုထားသောနေရာတွင် စောင့်နေသော ဘမှန်သည် လူများ ပြောဆိုသံမှတစ်ဆင့် သူ့အစ်ကိုနှင့်မရီးတို့ သေဆုံးသွား၍ ရန်သူတစ်ဦးလည်း သေကျန်ခဲ့ကြောင်း သိရသည်နှင့် အန္တရာယ်မအေးကြောင်း သိရကာ ဓားမ လေး မြဆည်းဆာကို ခေါ်ကာ သိန္နီမြို့မှ တိတ်တဆိတ် ထွက်ခွာလာခဲ့လေ သည်။

"ဒါဆိုရင် အဲဒီဓားပြရွှေမြ ဒဏ်ရာနဲ့သေသွားရောလား ဘကြီး"

"မသေဘူး သမီးရဲ့၊ သူသေရင် ခုလို သမီးကို ပုန်းရှောင်ဖို့ ပြောစရာမလိုဘူး။ သူဟာ ဒဏ်ရာတွေနဲ့ သူ့မိသားစုအိမ်ရှိတဲ့ မန္တလေးကို ရောက်အောင်ပြန်တယ်။ ဟိုမှာ သူသား ရွှေမင်းနဲ့ ရွှောင်းဆိုတာရှိတာကိုး။ အဲဒီအချိန်ကတော့ ဆယ်နှစ်ကျော်ကျော်ပေါ့။ ရွှေမြဟာ မသေပေမယ့် အကြောတွေ ပြတ်သွားလို့ အိပ်ရာကမထနိုင်တော့ဘူး။ ဒီတော့ သူ့သား ရွှောင်းနဲ့ရွှေမင်းကို သူကိုသတ်တဲ့သူဟာ ဘငံနဲ့ဘမှန်ပါ။ ဘငံကတော့ သေ ပြီ။ ဒီတော့ ဘမှန်နဲ့ မြဆည်းဆာကို သတ်ပြီး နန်းစဉ်ရတနာတွေ သူ့ဆီက

www.burmeseclassic.com

www.burmeseclassic.com



လှယူသွားတာ ပြန်ယူဖို့ လိမ်လည်ပြောဆိုခဲ့တယ်"

"ဟင် ဒီလူကြီးက သေခါနီးတာတောင် အကုသိုလ်ယူသွား

သေးတယ်နော်"

"တုတ်တယ်။ ဒါက သူတို့ညီအစ်ကိုလည်း စားပြခေါင်းဆော

တွေဖြစ်တဲ့အခါ သရက်မြို့မှာ ဘကြီး ခဏနီနေတုန်း သူငယ်သား

ယောက်က မူးမူးနဲ့ပြောပြတာ ကြားရတာ။ ဒါနဲ့ ရွှေဝင်းတို့ရန်က လူ

အောင် ဘကြီးဟာ ပြည်ဘက်ကတစ်ဆင့် မြန်အောင်မြို့ကို ပြေးလာခဲ့

ပဲ။ ခု ဒီအထုပ်ကိုယူပြီး သမီးလည်း ဟသာ်တရောက်အောင် သွား

တော့"

×××

သူမအားမှ လူက ဆတ်ခနဲခေါင်းထောင်လာသောကြောင့်

ဆည်းဆာ အတွေးစပြတ်သွားသည်။ တိုက်ပုံအကျီအနက်ရောင်ကို ရင်

ဝတ်ဆင်ထားပြီး၊ တဘက်တစ်ထည်ကို ခေါင်းပေါင်းထားသောကြောင့်

က အသက်တော်တော်ကြီးသည့်လူကြီးတစ်ဦးဟု ထင်မှတ်မိသော်လ

ပြတင်းပေါက်ပေါ်တွင် လက်တင်ကာ မှီအိပ်နေသည့်ခေါင်းကို ထော

လိုက်တော့မှပင် ငယ်ရွယ်သော လူတစ်ယောက်မှန်း သိလိုက်ရသည်။

ထို့ပြင် ထိုမျက်နှာနှင့်မျက်လုံးတို့မှာ သူမ မောင်ရီဝိုးတစ်

ရန်သူသုံးဦးနှင့်ရင်ဆိုင်နေရစဉ်က ဝင်၍ ကူညီခဲ့သော သူနှင့်တူနေသည်

"ဟင်"

မြဆည်းဆာ အံ့ဩသွားသည်။ လူငယ်က သူမကို တစ်ချက်



ပြုလိုက်၏။ နှာတံပေါ်ပေါ်၊ မျက်လုံးပြူးပြူး အသက်နှစ်ဆယ်ဝန်းကျင်

လောက်သာ ရှိပေလိမ့်ဦးမည်။

"ဘယ်ဘူတာ ရောက်ပြီလဲ"

လူရွယ်က သူမကို ခပ်တိုးတိုးမေးလိုက်လေသည်။

"အင်ပင်ဘူတာက ထွက်လာပြီ"

"အင်း . . . ကျုပ် နည်းနည်းအိပ်ပျော်သွားတာကိုး လွန်တောင်

လွန်လာပြီ"

လူရွယ်က သူ့ဟာသူပြောသလိုလိုနှင့် မျက်နှာသုတ်ပဝါကို ဖြုတ်

ကာ မျက်နှာကိုပွတ်လိုက်သည်။ ခေါင်းတုံးဆံတောက်ဆံပင်နှင့် မျက်နှာ

မှာ ယောက်ျားပီသ ခံ့ညားလှလေသည်။

ထိုစဉ်မှာပင် ရထားတွဲထိပ်မှ လူနှစ်ယောက်က မြဆည်းဆာကို

နှိုက်ကြည့်ကာ လှမ်း၍လာနေကြသည်။ သူတို့၏မျက်လုံးများမှာ ကျားရဲ

တို့၏ မျက်လုံးနှင့်တူသည်။

ထိုင်ခုံမှလည်း လူလေးယောက်ထကာ သူတို့နောက်လိုက်လာ

ကြသည်။ ရထားတွဲမှာ ဟူရှင်းနေသည်။

"တွဲတံခါးပေါက်နားကို သွားရပ်နေ မိန်းကလေး။ မင်းကို ရန်ရှာ

မယ့်သူတွေ လာနေပြီ"

လူငယ်က မြဆည်းဆာကို ကျော်ကာ ထိုင်ခုံများကြားရှိ စင်္ကြံ

ထဲတွင် ရပ်နေလိုက်သည်။ စစ်ဘက်ရှိ တွဲပေါက်ဝနှင့်သူတို့ထိုင်ခုံ

မှာ နှစ်ခုံမျှသာ ခြားလေသည်။

"ဟော့ သေချင်ရလို့လား ဖယ်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



မြဲဆည်းဆတက ကြောက်ကြောက်ဖြင့် သူ့အိတ်ကိုလွယ်ကာ လူ ယ်ပြောသည့်အတိုင်း တွဲတစ်ဘက်ပေါက်ဝနားတွင် ရပ်နေလေသည်။

"မင်းတို့ မိန်းကလေးတစ်ယောက်ကို အနှောင့်အယှက် ပေးရင် တော်ရောပေါ့"

လူငယ်က မကြောက်မရွံ့ လမ်းမဖယ်ဘဲ ပြောလေသည်။

"ပြောရခိုရခက်တဲ့ ကောင်ပဲကွာ"

မျက်နှာချင်းဆိုင်မှ ဂင်တိုတိုခပ်ဝဝနှင့်လူက ဓားမြှောင်ဖြင့် လူငယ်၏ရင်ဝကို လှမ်းထိုးလိုက်သည်။ လူငယ်က ခြေတစ်လှမ်းဆုတ် ဓားမြှောင်ကိုင်သော လက်ကို ဖမ်းလိမ်ကာ လှည့်ချိုးပစ်လိုက်လေသည်။

"အား"

ဂင်တိုတိုလူက နာကျင်စွာ အော်ဟစ်နေစဉ် သူ့လူတစ်ယော က ထိုင်ခုံပေါ်ကို ခုန်တက်ကာ ချုပ်ကိုင်ထားသော လူငယ်ခေါင်းကို ထောက်ဖြင့် ကန်လိုက်သည်။

"ဗိုး"

"အိုး"

သူ နောက်ပြန်လိမ်ချုပ်ထားသည့် ဂင်တိုတိုလူကို တွန်းလွှ လိုက်ပြီးနောက် ခေါင်းကို ငုံ့ပေးလိုက်၏။ လူစီးထိုင်ခုံနောက်မှီတန်း တက်ကာ ကန်လိုက်သော လူမှာ အားလွန်ကာ သူ့စရိတ်နှင့်သူ ဝှ ထိုင်ခုံကြားသို့ လိမ့်ကျသွားသည်။

ခရီးသည်များသည် ရှတ်ရှတ်သဲသဲ ဖြစ်သွားကြ၏။

"ရန်ဖြစ်နေပြီ တွဲထဲမှာ ရန်ဖြစ်နေပြီ"



"ဟော့…ရန်မဖြစ်ကြနဲ့"

"လုပ်ကြပါဦး ကလေးထိတော့မယ်"

ပွဲက ပိုကြမ်းသည်။ မိန်းမသံ ယောကျ်ားသံများ ဆူညံသည် ထွက်ပေါ်လာသည်။ ထရပ်ကြသည်။ နောက်ဆုတ်ကာ ရှောင်ကြသည်။

တစ်ဘက်မှ ခြောက်ယောက်ဖြစ်နေ၍ ရေရှည်တွင် လူငယ်သည် အဆင်းကျဉ်းကျပ်ကျပ်နေရာတွင် နိုင်အောင် တိုက်ခိုက်လျှင် မလွယ်ကြောင်း သဘောပေါက်သည်။ ထို့ကြောင့် နောက်ထပ် ဓားနှင့်ဝင်စိုက်သည့်လူ၏ ညာလက်ကို ဘယ်လက်နှင့်ကာခံကာ ရင်ဝကို လက်သီးဖြင့် ထိုးချလိုက်သည်။

"ခွပ်"

"အား"

×××

"မလုပ်ကြနဲ့ ရန်မဖြစ်ကြနဲ့"

ရထားပေါ်မှ လူရွယ်သုံးလေးဦးက ဝင်ဆွဲသည်။

ကြမ်းတမ်းသောသူများကို ထိုသူများက ဓားနှင့်ဇွတ်ကာ ထိုးလိုက်သည်။

"မဆိုင်သူ မကပ်နဲ့။ အကုန်သေကုန်မယ် ဖယ်ကြစမ်း"

"ဗိုး"

"အိုး"

ဆွဲမည့်သူများ ပြောင်လက်နေသည့် ဓားမြှောင်ကြောင့် နောက်

www.burmeseclassic.com

www.burmeseclassic.com



ချခတ်လိုက်လေတော့သည်။ သူတစ်ယောက်တည်းဆိုလျှင် အကြောင်းမဟုတ်၊ မြဆည်းဆာကို အန္တရာယ်ပေးခံရမှာ စိုးနေသည်။

ရထားကတော့ ပုံမှန်ခုတ်မောင်းနေလျက်ရှိသည်။ ရထားသည် မယ်ဇလီကုန်းဘူတာနှင့် နီးလာသည်။ မယ်ဇလီကုန်းဘူတာကို အရောက် ခံ၍မဖြစ်ဟု လူငယ်က သဘောပေါက်ထားသည်။

ထို့ကြောင့် မြဆည်းဆာရှိရာ တွဲပေါက်ဝသို့ ရောက်ရှိလာသည်။

"မိန်းကလေး လက်လွှတ်လိုက်၊ မျက်လုံးမှိတ်ထား။ ဘာမှ ကြောက်မနေနဲ့"

မြဆည်းဆာ၏ခါးကို ဖက်ကာ လူငယ်သည် ရထားပေါ်မှ ခုန်ချလိုက်လေတော့သည်။ ရထားလမ်းဘေး ချုံစပ်သို့ လူငယ်နှင့်မြဆည်းဆာတို့ကျလာကြသည်။ လူငယ်သည် မြဆည်းဆာ၏ကိုယ်ကိုဖက်လျက် ရထားပေါ်မှ ခုန်ချလိုက်ရာ သူ့ကိုယ်နှင့်ချုံပေါ်သို့ တစောင်းကျပြီး မြဆည်းဆာကို တွန်းကာ လိမ့်လိုက်သည်။

လူငယ်၏ကိုယ်ပေါ်သို့ တစောင်းထပ်ကျသောကြောင့် မြဆည်းဆာမှာ နာကျင်ခြင်း မရှိပါ။ လူငယ်ကတော့ မြေမှာပေါ်တွင် တစောင်းကျသွားသောကြောင့် အတော်ပင် နာကျင်သွားပုံရသည်။ ရုတ်တရက် မထနိုင်။

မြဆည်းဆာမှာ တစ်ပတ်နှစ်ပတ် လိမ့်ကာ မြက်ခင်းပေါ်တွင် ကျရာမှ ထရပ်လိုက်သည်။ လူငယ်မှာ ရုတ်တရက်မထနိုင်သေးဘဲ ခဏကြာမှ လူးလွန့်ကာ ထိုင်လိုက်လေသည်။

"ရှင် တော်တော်နာသွားလား"

"ကိစ္စမရှိပါဘူး။ ထင်ပါးနဲ့ပခုံးက နည်းနည်းနာသွားတာပါ။ မတ်



တ်ခုန်ချရင် မင်းခြေထောက်ကျိုးမှာစိုးလို့ ရထားက အရှိန်နည်းနည်း နေတယ်"

ရထားကြီးမှာ သူတို့မြင်ကွင်းများမှ ပျောက်ကွယ်သွားပြီ ဖြစ် သည်။ အနောက်ရိုးမတောင်ကြီးသည် နံနက်နေရောင်ဖြင့် စိမ်းလန်း ကပလျက်ရှိသည်။ မြဆည်းဆာသည် မသေမသပ်ဖြစ်နေသော သူမ ဆံပင်များကို သပ်လိုက်၏။

"မင်းရော ဘာဖြစ်သွားသေးလဲ"

ခြေတစ်ဖက် အနည်းငယ်ထောက်ကြွထောက်ကြွ ဖြစ်လျက် လာရင်း မေးလိုက်သည်။

"ကျွန်မက ဘာမှမဖြစ်ပါဘူး"

ခရီးဆောင်အိတ်ကို လွယ်ထားသော မြဆည်းဆာက သူမကိုယ် များကို ခါရင်း ပြောသည်။ လူငယ်မှာ ခြေလှမ်းလျှင် ဘယ်ခြေထောက် အနည်းငယ် ညာလျက် လျှောက်လှမ်းနေကြောင်း တွေ့ရလေသည်။

"ရှင့်ခြေတစ်ဖက် တော်တော်နာသွားတယ် ထင်တယ်။ လျှောက် ရဲ့လား"

"ရပါတယ်။ သွေးပူသွားရင်တော့ ပုံမှန်ဖြစ်သွားမှာပါ။ လာ သွား

ထန်းပင်လေးများ အစုစုရှိသော ရွာတစ်ရွာသို့သွားသည့် လမ်းကို လက်ညှိုးထိုးရင်း လူငယ်က ပြောလိုက်လေသည်။

"ဘယ်သွားမှာလဲရှင့်။ ကျွန်မကော ရှင်နဲ့ဘယ်လိုက်ရမှာလဲ"

"မင်းအသက်အန္တရာယ်အတွက် ငါခေါ်နေတာပါ။ သဘော

www.burmeseclassic.com

www.burmeseclassic.com



သော။ ခင်နောက်ကို လိုက်နေတဲ့လူအင်အားက မနည်းဘူး။ ဒီလူတွေ ချက်နှာစိမ်းတွေပဲ၊ ကျုပ်တို့အရပ်ဒေသကလူတွေလည်း မဟုတ်ဘူး။ ကြက်မင်းအဖွဲ့ကလူတွေလည်း မဖြစ်နိုင်ဘူး"

ကြက်မင်းအဖွဲ့ဟု ပြောသောကြောင့် သူမက ဘကြီး နှုတ်ကိုဖွင့် နေသည့် ဦးလေးတော်သူဦးဘမှန်ပြောပြချက်အရ တက်ခါးဟူသော ဓားပြ အဖွဲ့နှင့် ကြက်မင်းဟူသော ဓားပြအဖွဲ့တို့ကို သတိရပါသည်။

"ဒါဆိုရင် ဒီလူတွေက တက်ခါးအဖွဲ့ကရော မဖြစ်နိုင်ဘူးလား"

လူငယ်ထံမှ ရယ်သံပေါ်လာသည်။

"တက်ခါးအဖွဲ့ထဲကတော့ ဘယ်လိုလုပ်ဖြစ်နိုင်မလဲဗျာ"

"ရှင်⋯ဘာ⋯ဘာလို့ ဒီလိုပြောနိုင်ရတာလဲ"

"ကျုပ်က အသိဆုံးမို့လို့ပေါ့"

မြဆည်းဆာသည် မည်သို့မျှမပြောဘဲ လူငယ်ကို ကြောက်ရွံ့ ထိတ်လန့်သော မျက်လုံးများဖြင့် ကြည့်လိုက်လေသည်။

"သူတို့ဟာ မနေ့ကမှ မြို့ခနဲ ပြည်တစ်ဘက်ကမ်း ပန်းတောင်း ကနေကူးပြီး နီနွယ်ဘက်ရောက်လာကြတာပဲ။ လူအင်အားက နှစ်ဆယ် ထက် မနည်းဘူး။ ကျုပ်လူတွေက သတင်းပေးလို့ ဘာအခြေအနေတွေ ဖြစ်နေလဲလို့ ကျုပ် ညနေပိုင်းက မြန်အောင်မြို့ထဲ ဝင်ကြည့်တာ။ လတ် စသတ်တော့ အမိနောက်လိုက်နေတဲ့လူတွေကိုး"

မြဆည်းဆာမှာ ထိုလူအင်အားကို သိလိုက်ရ၍ ထိတ်လန့် သွားလေသည်။

"ဒီလောက်တောင်ပဲ များသလားရှင်"



"များတာပေါ့။ အရက်ဆိုင်မှာ အမိကို မနက်စောစော လာပြီး တော့ ဖမ်းဖို့စောင့်တဲ့လူသုံးယောက်ပြောတဲ့စကားအရ သိရတာ။ သူတို့ထဲ မှာကတော့ ခေါင်းတုံးနဲ့လူက ဆရာကြီးထင်ပါရဲ့"

×××

မြဆည်းဆာမှာ မြန်အောင်ဘူတာအနီးတွင် လူဆိုးသုံးဦးလက်မှ သူမအား ကယ်တင်ခဲ့ပြီး ရထားပေါ်တွင်လည်း သူမနောက်သို့ အင်ပင် ဘူတာမှ တက်ကာ လိုက်လာခဲ့သည့် လူခြောက်ယောက်လက်မှ ခုံကာ လွတ်မြောက်အောင် ကယ်လာခဲ့သည့် လူငယ်ကို ယုံရခက် မယုံရခက် ဖြစ်နေသည်။

လူငယ်၏အသွင်ကတော့ ကြံ့ခိုင်သလောက် တည်ကြည်သည်။ မဟုတ်မမှန်လုပ်မည့် မျက်နှာမျိုးတော့ မပေါ်ချေ။

"လောလောဆယ်မှာတော့ ကျုပ်တို့ ဟိုဇီးပင်ကြီးရွာကို ရောက် အောင်သွားရမှာပဲ၊ အဲဒီရွာမှာ ကျုပ်အသိတွေရှိပါတယ်၊ နားလို့ရတယ်။ နောက်ကလိုက်လာ,မလာ ကြည့်ရမယ်။ ခုနေ ခင်ဗျား ရထားဘူတာသွား ရင် သူတို့လက်ထဲကို ကိုခနဲ ရောက်သွားမှာပဲ"

"မလုပ်ပါနဲ့ရှင်⋯ကျွန်မ အဲဒီရွာကိုပဲ လိုက်ပါ့မယ်။ ရှင့်ကို လည်း ယုံပါတယ်"

မြဆည်းဆာက အသံတုန်တုန်လေးဖြင့် ပြောလိုက်လေသည်။

"ဟသာတကိုသွားမှာ မဟုတ်လား။ ဒီနားမှာ ကြံဇလီကုန်း ဘူ တာရှိပါတယ်။ ခင်ဗျားအတွက် အန္တရာယ်ကင်းတော့ ကျုပ်ကိုယ်တိုင် မြင်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘုတာကို ပို့ပြီး ရထားပေါ်တင်ပေးမယ် စိတ်ချ"

"ကျေးဇူးပါပဲရှင်… ရှင်နဲ့တွေ့ရတာ သိကြားမင်းနဲ့တွေ့ရသလိုပါပဲ"

"ဒီလောက်လဲ မမြှောက်ပါနဲ့ဗျာ။ ကျုပ်အကြောင်းတွေသာ သိရင် ခင်ဗျား မှန်မှန်ကန်ကန် တွေးတတ်ဖို့လိုပါတယ်"

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

လူငယ်က ရုတ်တရက်မဖြေဘဲ စဉ်းစားကာ…

"နာမည်က အရေးမကြီးပါဘူးဗျာ။ ဒါပေမယ့် ခင်ဗျား ခေါ်ချင်ရင်တော့ မောင်တက်လို့ခေါ်ပေါ့"

"အို…မောင်တက်လို့တော့ မခေါ်ချင်ပါဘူး"

မြဆည်းဆာက ရှက်ပြုံးလေးပြုံးကာ ပြောလိုက်၏။

"ဒါဆိုလဲ ခေါ်ချင်သလို ခေါ်ပေါ့"

"ရှင်က ကျွန်မထက်နည်းနည်းတော့ ကြီးပုံရတယ်။ ကျွန်မက ဆယ့်ကိုးနှစ်"

"ကျုပ်က နှစ်ဆယ့်တစ်နှစ်"

"အဲဒါဆို အစ်ကိုပေါ့။ ကျွန်မက ကိုတက်လို့ခေါ်မယ်"

လူငယ်က မြဆည်းဆာကိုကြည့်ကာ ခေါင်းညိတ်၍…

"အင်း ခေါ်လို့ရပါတယ်။ ခင်ဗျားနာမည်ကိုတော့ ကျုပ် ပြောစရာမလိုဘူး မြဆည်းဆာမဟုတ်လား"

ဟု မေးလိုက်၏။

"အို…ရှင်ဘယ်လိုလုပ်သိသလဲ"

"ခင်ဗျားကို ဖမ်းတဲ့လူတွေကပဲ ခေါ်တာလေ မဟုတ်ဘူးလား"



မြဆည်းဆာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်…ရှင်က သိပ်မှတ်ဉာဏ် ကောင်းတာပဲ။ တိုက်ခိုက်တာလည်း သိပ်ကျွမ်းကျင်တာပဲ"

"ကျုပ်တို့နယ်မှာ လူဆိုးဓားပြတွေရှိတယ်။ ဒီတော့ တိုက်တာခိုက်တာ မကျွမ်းကျင်လို့ မရဘူး မြဆည်းဆာရဲ့"

သူ့နာမည်ကို ပထမဆုံးအကြိမ် ခေါ်လိုက်ခြင်းပင် ဖြစ်လေသည်။ နေ့အထိ ခြေတစ်ဖက်က အနည်းငယ်ထော့နဲ့ထော့နဲ့ဖြင့် ကိုတက်ဆိုသောလူငယ်သည် မြဆည်းဆာနှင့် လှဉ်ကာ ရွာကလေးရှိရာသို့ လျှောက်လှမ်းလာသည်။ နံနက်ခင်းနေခြည်နနုတွင် နှမ်းခင်းများထဲမှ သူတို့နှစ်ဦး ဖြတ်လျှောက်လာရာ မကြာမီ အိမ်ခြေစုစုလေး မြင်ရသော ရွာနားသို့ ရောက်လာကြလေသည်။

နှမ်းခင်းထဲသို့လာဟန်တူသော လူနှစ်ဦးက ကိုတက်ကိုမြင်သည်နှင့် ပြေးလာကြသည်။

"ဟင်…ဆရာတက် ဒဏ်ရာရလာသလား။ လာလာ ကျွန်တော်တို့ တွဲပို့မယ်။ ခြော် ညှော်သည်လည်း ပါလာတာကိုး။ ဒါကို ဆရာတက်က ကြိုမပြောဘူး"

ကိုတက်ကို နှစ်ယောက်ပြေးကာ တွဲလိုက်သည်။ အတော်ပင် နာခင်ပုံရသည်။ မြဆည်းဆာမှာ ကိုတက်၏နောက်မှ လိုက်ပါသွားရလေသည်။

×××

www.burmeseclassic.com

www.burmeseclassic.com



သပ်ရပ်စွာ အင်ဖက်မိုးကာ ဝါးပိုးထရံကာထားသည့် တဲအိမ်လေး တစ်လုံးရှိရာသို့ ရောက်လာသည်။ ခြံဝင်းမှာလည်း ဝါးစည်းရိုးနှင့်ဖြစ်သည်။ အရှန်တော့ ကိုတက်သည် ခြေတစ်ဖက်အတော်ပင် နာနေလေရာ သူ့ လက်နှစ်ဖက်ကို ပခုံးပေါ်တင်ကာ လူနှစ်ဦးက ခေါ်ဆောင်လာမှပင် မြဆည်း ဆာ စိတ်မကောင်းဖြစ်မိတော့၏။

အိမ်ကလေးမှာ ဝါးကြမ်းခင်းပင် ဖြစ်သော်လည်း ဝါးပိုးဝါးများကို ညီညာအောင် ခင်းထား၍ တောင့်တင်းကြံ့ခိုင်လှသည်။ ကြည့်ရသည်မှာ လူရှိပုံမရ။ အိမ်ပေါ်တွင်တော့ သင်ဖြူးဖျာတစ်ချပ်နှင့် ထမင်းစားပွဲ၊ အိပ် ခန်းတို့ ရှိနေကြသည်။

"ကဲ…ဆရာတက်…ဆရာတက်က ဆိုင်းမပါဗုံမပါ လုပ်လာ တော့ ကျွန်တော်တို့အလုပ်များတော့မှာပေါ့။ ဆရာတက်မိန်းကလေးက မိန်းမချောလေးပဲ"

"အို"

အိမ်ပေါ်သို့ လှမ်းတက်နေသည့် မြဆည်းဆာမှာ မျက်နှာတစ်ပြင် လုံး သွေးရောင်လွှမ်းသွားသည်။

"ဘာတွေလျှောက်ပြောနေတာလဲ ထွန်းဝ။ ဟိုမှာ မိန်းကလေး ကို ဘယ်လောက်အားနာစရာ ကောင်းသလဲ။ သူက ဧည့်သည်ကွ။ ငါနဲ့ ဘာမှဆိုင်တာ မဟုတ်ဘူး။ အားနာစရာ"

ကိုတက်က ဟိန်းလိုက်ပောက်လိုက်တော့မှပင် သူ့လူနှစ် ယောက်ဖြစ်သော ထွန်းဝနှင့် ရွှေညာတို့မှာ မြဆည်းဆာကို အလွန်ပင် အားနာသွားကြတော့သည်။



"မသိလို့ပါဆရာတက်ရာ။ ဒီလိုနေရာကို ခေါ်လာတယ်ဆိုတော့ လူစိမ်းမဟုတ်ဘူးပဲ ထင်လို့ပါ"

ခေါင်းတုံးနှင့်ထွန်းဝက တောင်းပန်လိုက်သလို ရွှေညာကလည်း မြဆည်းဆာအားလှည့်၍…

"စိတ်မဆိုးပါနဲ့ မမလေး။ မသိလို့ ပြောမိတာပါ"

ဟု လှည့်ကာ တောင်းပန်လိုက်၏။

"ရပါတယ်ရှင် ကိစ္စမရှိပါဘူး"

မြဆည်းဆာက ခေါင်းငုံ၍ ပြန်ဖြေလိုက်၏။

"ကဲ ထွန်းဝ…ဒီအိမ်က သူ့အတွက် နေဖို့ထိုင်ဖို့ မဆိုးပါဘူး။ အဖော်ပဲ စီစဉ်ပေးဦး။ စားဖို့သောက်ဖို့…"

မြဆည်းဆာအတွက် ကိုတက်က မှာနေလေသည်။

"ဘာမှမပူပါနဲ့ ဆရာရယ်။ ဆရာ့ဧည့်သည်အတွက် အားလုံး အဆင်ပြေရမှာပေါ့။ ကျွန်တော့်ညီမ ရွှေအိကို ဒီအိမ်ပို့လိုက်မယ်။ ဒါဆို ပြီးရော။ ဘယ်နှစ်ရက်နေမှာမို့လဲ"

"ပြောလို့မရဘူးကွ။ မြန်ချင်လည်း မြန်မယ်။ ကြာချင်လည်း နည်းနည်းကြာမယ်"

အိမ်ကလေးမှာ ကျေးလက်တောရွာများတွင် ဆောက်လေ့ရှိသည့် ဖိနပ်ချွတ်တစ်ဆင့် အိမ်မကြီးတစ်ဆင့် ဆောက်ထားသော အိမ်ဖြစ်၍ တံခါး များမှာ ခေါက်ဝံခါးများဖြစ်သောကြောင့် ကျယ်ကျယ် တစ်ခုလုံးဖွင့်ထား ၍ နေလေသည်။

သုံးပင်နှစ်ခန်း ဆောက်ထား၍ အလယ်တွင် ထရံမှလွှားကွယ်

www.burmeseclassic.com

www.burmeseclassic.com



တို သပ်သပ်ရပ်ရပ် လုပ်ထား၏။ ဘုရားစင်ရှိရာ ခေါင်းရင်းဘက်တွင် တက်ခါးနှင့် သူလူနှစ်ယောက်က ထိုင်နေ၍ ခြေရင်းခန်းတွင် ခြေချကာ ခရီးဆောင်အိတ်ကိုချလျက် မြဆည်းဆာက ထိုင်နေသည်။ ရှေ့သို့ သူမသည် တစ်ယောက်တည်း ဘဝကိုရင်ဆိုင်ရတော့မည်ဖြစ်ရာ မည်သည့်ကိစ္စမဆို သတိရှိဖို့ ဉာဏ်ရှိဖို့လိုသည်ဟု တွေးမိလေသည်။

"ကဲ・・・ဆရာလည်း ဒီမှာ ခဏနားနေဦး။ ကျွန်တော်တို့ စီစဉ်စရာရှိတာကို စီစဉ်ရဦးမယ်"

ထွန်းဝနှင့်ရွှေညာတို့က အိမ်ကလေးပေါ်မှ ဆင်းသွားကြလေသည်။ သူတို့နှစ်ယောက် ထွက်သွားတော့မှပင် မြဆည်းဆာက ခရီးဆောင်အိတ်ကို ယူကာ ကိုတက်ရှိရာသို့ ရွှေ့လာသည်။

ကိုတက်က သင်ဖြူးများပေါ်တွင် ခြေနှစ်ဖက်ဆန့်ကာ ခေါင်းရင်းမှ မြဆည်းဆာ ထလာသည်ကိုတွေ့သောကြောင့် ကပျာကယာ ခြေများကို ကွေးကာ တင်ပလ္လင်ခွေ ထိုင်လိုက်သည်။

"ကျွတ်・・・ကျွတ်"

"အို・・・ရှင် ဘာလို့ခြေထောက်ကို ပြင်ရတာလဲ၊ နာနေရင်လည်း ဆန့်ထားပါရှင်"

"ရပါတယ် မြဆည်းဆာ။ ရှိန်းရာကျမှာစိုးလို့ပါ"

"ကိစ္စမရှိပါဘူး။ ကျွန်မက ရှင့်ထက်ငယ်တာပဲ။ တော်တော် နာနေလား"

"အကြောများတင်သွားလား မသိဘူး။ ခုမှ နည်းနည်းပိုနာလာတယ်"



"ကျတဲ့အရှိန်ကလည်း နည်းမှမနည်းတာ။ အဲဒါကျွန်မကြောင့်ပဲ။ ကျွန်မကိုသာ ရှင်ဝင်မကယ်ဘဲနေရင် ခုလို ဖြစ်မှာမဟုတ်ဘူး"

"ဒါတော့ပြောမနေပါနဲ့တော့ဗျာ။ ကဲ・・・ခင်ဗျားအိတ်ကို အခန်းထဲမှာ ထားလိုက်၊ ခင်ဗျား ဘာမှမပူနဲ့။ ဒီအိမ်မှာ နေမယ့်လူ၊ ခင်ဗျားကို အန္တရာယ်ပေးဖို့လူ ဘယ်သူမှ မလာနိုင်ဘူး။ ခင်ဗျားကို အန္တရာယ်ပေးဖို့ ရှာနေတဲ့လူတွေ ဒီရွာလိုက်လာရင် ကျုပ်လူတွေနဲ့ တွေ့မှာပဲ"

"ခက်တာက ကျွန်မ ဒီရွာမှာ ဘယ်လောက်ကြာကြာ နေရမလဲ မသိဘူးရှင်"

မြဆည်းဆာက စကားပြောရင်း အိမ်ခန်းထဲသို့ သွားကာ အိတ်ကို ထားလိုက်သည်။ အတွင်းခန်းမှာ တံခါးတစ်ထပ်ရှိ၍ တံခါးကို ပြန်စေ့ပိတ်ခဲ့၏။

"ဒါက ဒီလူတွေ မြန်မြန် စိတ်ပျက်ပြီး ပြန်သွားဖို့လိုတယ်။ ဒါမှ ခင်ဗျား အန္တရာယ်ကင်းမှာပေါ့။ ဘာမှမပူပါနဲ့ ဒီကိစ္စကို မြန်နိုင်သမျှ မြန်အောင် ကျုပ်စီစဉ်မှာပါ။ ဟသ်ာတမှာရော ခင်ဗျားအတွက် စိတ်ချယုံကြည်ရတဲ့ နေရာ ရှိသလား"

"ဟသ်ာတရောက်ရင်တော့ အဆင်ပြေပါပြီရှင်။ ကျွန်မဘကြီးရဲ့ တပည့်က ဟသ်ာတပွဲရုံပိုင်ရှင်ပါ၊ အဲဒီမှာ ကျွန်မနေပြီး ရန်ကုန်က အသိမိတ်ဆွေတွေဆီကို ဆက်ပို့ပေးဖို့ ရှိပါတယ်"

မြဆည်းဆာ၏စကားကို နားထောင်ရင်း ကိုတက်က ခေါင်းညိတ်လိုက်သည်။ မြဆည်းဆာက ကိုတက်၏ရှေ့တွင် ကျုံ့ကျုံ့လေးထိုင်နေသည်။

မကြာမီမှာပင် ဟင်းအိုးများ၊ တောင်းများဖြင့် လူပျိုလေးယောက်

www.burmeseclassic.com



သူတို့အိပ်ဆောင်းထဲသို့ ဝင်လာသည်။ ရွှေညှာ၊ ထွန်းဝနှင့် ဖြူဖြူလုံးလုံး ချစ်စရာ မိန်းကလေးတစ်ဦးဖြစ်သည်။ ဆံထောက်တဖားဖား၊ မျက်နှာဝိုင်းဝိုင်းနှင့် အသက်ဆယ့်ငါးနှစ်လောက်ရှိမည့် ကောင်မလေးတစ်ဦးက ထမင်းအိုးကို ခြင်းထဲသို့ ထည့်ဆွဲလာသည်။

"ကဲ ရွှေအိ ဒီအခ်စ်မနဲ့နေပေတော့"

×××

ရွှေအိကို မြဆည်းဆာက မြင်မြင်ချင်း ချစ်ခင်မိသွားသကဲ့သို့ ရွှေအိကလည်း မြဆည်းဆာကို မြင်မြင်ချင်းပင် ခင်သွားသည်။ အညာစောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးနှင့် ဖျာများကို ရွှေအိက ကျကျနန အခန်းထဲတွင် ခင်းသည်။ ကဲလားထောက်ရသည့် တံခါးကို ဖွင့်လိုက်သောအခါ အိပ်ခန်းလေးမှာ ရှင်းသွားသည်။

ရွှေအိက ပြုံး၍လှည့်ကြည့်ကာ···

"ခုမှ လင်းသွားတယ်နော် မမ"

ဟု ပြောလိုက်၏။

"အေးကွယ်···ညီမလေးနာမည်က ရွှေအိ ဟုတ်လား။ ချစ်စရာ သိပ်ကောင်းတာပဲ။ နာမည်နဲ့လူနဲ့လိုက်တယ်"

"မမ ကျွန်မကို မြှောက်မနေပါနဲ့။ မမကသာ ချောတာပါ။ မမက ချောလို့ ဆရာတက်က သဘောကျပြီးခေါ်လာတာပေါ့"

ကလေးမကျ လူကြီးမကျအရွယ်ဖြစ်သောကြောင့် စိတ်ထဲတွင် ရှိသည့်စကားကို လွှတ်ခနဲ ပြောလိုက်သော ရွှေအိကို မြဆည်းဆာက ရှက်



သံနှင့်···

"အို···မမကို သဘောကျလို့ခေါ်လာတာ မဟုတ်ပါဘူးကွယ်။ ဆိုတက်က မမ ဒုက္ခရောက်နေလို့ ကူညီတဲ့အနေနဲ့ ခေါ်လာတာပါ"

ဟု ပြောလိုက်၏။

"ကဲ···မမ···ကျွန်မ ထမင်းချက်လိုက်ဦးမယ်။ ခုတော့ မနက်က ဆီထမင်းနဲ့ကြက်သားကြော် ထည့်ပေးမယ်"

ဟုပြောကာ စားပွဲချလျက် ဆီထမင်းနှင့်ကြက်သားကြော်များကို ထည့်ပေးလေသည်။ မြဆည်းဆာသည် ဗိုက်ဆာနေသောကြောင့် ခြေရင်းဘက်တွင် အဖီချထားသည့် မီးဖိုထဲမှ အဖီလေးထဲရှိ ထမင်းစားပွဲတွင် ထိုင်ကာ ဆီထမင်းကို ကြွေမဆောင်နိုင်ဘဲ စားသည်။

ရွှေအိကတော့ အဖီလေးထောင့်ရှိ မီးဖိုတွင် မီးမွှေးနေသည်။ အဖီဆေးမှာ မီးဖိုချောင်အပြင် ထုတ်ထားရာ သီးသန့်ဖြစ်နေလေသည်။

ရွှေအိက မီးတောက်ထဲတွင် ထင်းထိုးကာ အိတ်ထဲမှ ဆန်များကို အိုးထဲသို့ထည့်ကာ စဉ့်အိုးထဲမှ ရေများဖြင့် ဆန်ဆေးနေသည်။ လုပ်ပုံကိုင်ပုံမှာ သွက်လက်လှလေသည်။

"မမ ဘာဟင်းစားချင်လဲပြော။ ရွာထဲက တောကြက်သားတွေ၊ ဆိတ်သားတွေ လာပို့မှာပဲ။ ကျွန်မက မမစားချင်တာ ရှာပြီး တစ်အိုးချက်ပေးမယ်"

"ရပါတယ် ရွှေအိရယ်။ အလုပ်ရှုပ်ပါတယ်။ ဘာနဲ့စားရစားရပါ။ မမက ငါးပိရည်တို့စရာနဲ့လည်း စားတတ်တယ်"

ထိုစကားကြောင့် ရွှေအိမှာ သဘောကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ…ကျွန်မလည်း ငါးပိရည်ကြိုက်တယ်။ ငါးပိရည်ကို ကောင်းကောင်းဖျော်ပြီး ဇရစ်တို့ ဘူးရွက်ပြုတ်တို့ တို့မယ် မမ ကြိုက်လား"

"ကြိုက်တာပေါ့"

ခဏအတွင်းမှာပင် မြဆည်းဆာနှင့် ရွှေအိတို့မှာ ညီအစ်မလို ရင်းနှီးခင်မင်သွားကြလေသည်။ ရွှေအိနှင့်အတူ ခြံဝင်းထဲရှိ ရေတွင်းတွင် ရေချိုးရသည်မှာ လွတ်လပ်မှုလည်းရှိ၍ စိတ်ချမ်းသာမှုကို မြဆည်းဆာ ခံစားရလေသည်။

"ကဲ အိမ်ပေါ်မှာ ထမင်းတွေ ဟင်းတွေလည်း ကျက်ပြီ။ ငါးပိ ရည်လည်း ကျိုပြီးပြီ။ မမ သနပ်ခါးလိမ်းပြီးစောင့်နေဦးနော်။ ကျွန်မ ကွမ်း သီးခြံထဲမှာ ဇရစ်တွေ သွားနှုတ်လိုက်ဦးမယ်"

"မမကိုစောင့်ပါဦး ရွှေအိရဲ့၊ မမလည်း လိုက်မှာပေါ့"

"အို…ဆရာတက်က ကျွန်မကို ဆူမှာပေါ့ မမရဲ့"

"ဘာလို့ဆူရမှာလဲ။ မမ ပျင်းလို့လိုက်တာပဲ"

"ကျွန်မအဖေမှာထားတယ်။ မမကို ဟိုခေါ်ဒီခေါ်မသွားနဲ့တဲ့ အန္တရာယ်တစ်ခုခုဖြစ်ရင် ဆရာတက်က ဒေါသထွက်ပြီး သတ်လိမ့်မယ်တဲ့"

"ဟင်…ဟုတ်လား"

"ဟုတ်တယ် မမရဲ့"

"မင်းတို့ရွာက ကိုတက်ကို ကြောက်နေကြရလား"

"မကြောက်လို့မရဘူး။ သူက ကျွန်မတို့ရွာကို ခေါင်းဆောင်ကာ ကွယ်တာပဲ။ ဒို့ ကျွန်မတို့ရွာတင် မဟုတ်ပါဘူး။ ဒီဟသာ်တနဲ့မြန်အောင် ကြားမှာရှိတဲ့ လူဆိုးဓားပြတွေက ရွှေငွေလုယက်သွားရင် သူက လိုက်နှိုက်



နင်းပြီးတော့ ပိုင်ရှင်ပြန်ပေးတယ်။ ပိုင်ရှင်မရှိရင်လည်း ဆင်းရဲတဲ့ ရွာသူ ရွာသားတွေကို ထောက်ပံ့တာပဲ"

မြဆည်းဆာမှာ ရိုးသားသော ရွှေအိ၏ပြောပြမှုကြောင့် ကိုတက် ဆိုသူ၏အကြောင်းကို ပို၍သိလာရသည်။ သူမသည် ရင်ထဲတွင် စိုးရိမ် စိတ်များ ဝင်လာသည်။

သူမကို မျိုးဆက်ရန်စွယ်ကြားမှ ကယ်တင်လာခဲ့ခြင်းဖြစ်သည်၊ ရိုးသားမှုမှ ရှိပါ၏လောဟူသော သံသယစိတ်ပင် ဖြစ်လေသည်။ အကယ်၍ ရိုးသားမှုမရှိဘဲ အကြံကြီးကြီးနှင့်သာ ခေါ်ဆောင်လာခြင်းဖြစ်ပါက သူ့တွင် ရှိသော ရတနာများနှင့် သူမကိုပါ အပိုင်သိမ်းပိုက်ရန် ဖြစ်ဖို့မှားသည်။

"ကဲ…မမ ကျွန်မသွားမယ်။ ဘာတွေတွေးနေတာလဲ"

"ဘာမှမတွေးပါဘူး"

ထိုအခါတွင်မှ ရေတွင်းဘေးတွင် ရင်လျားနှင့်ရပ်နေသော မြ ဆည်းဆာမှာ ထဘီရေစိုကိုညှစ်ကာ အသစ်လုပ်ထားသော ခပ်နိမ့်နိမ့် ထဘီ တန်းတွင် လှမ်းကာ အိမ်ကလေးရှိရာသို့ ပြန်လာခဲ့လေသည်။

လူဆိုးဓားပြတစ်ဦး၏ ကယ်တင်ခြင်းဖြစ်နေလျှင် သူမဘာဝသည် တွေးရဲစရာမရှိတော့ဟု ဆင်ခြင်ကာ အိမ်ကလေးမှ အမြန်ဆုံးထွက်ခွာဖို့ ဆုံးဖြတ်လိုက်လေသည်။

×××

ရွှေအိကတော့ ဇရစ်ခူးရန်ထွက်သွားပြီ။ သူမသည် အသင့်ရှိနေ သည့် ကျောက်ပြင်တွင် သနပ်ခါးသွေးကာ လိမ်းရင်း သူမဆိုင်ရမည့်

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေများကို တွေးတောနေလေသည်။

"လောလောဆယ်မှာတော့ ငါဟာ ဒီကထွက်သွားရင် ဟိုရွှေဝင်းတို့အဖွဲ့ရဲ့ အန္တရာယ်နဲ့တိုးမှာပဲ။ သူတို့က ငါ့အဘိုးရဲ့ရတနာတွေ ငါ့ဆီမှာရှိမှန်းသိလို့ လိုက်လာတာ။ ဒါတွေကို ငါဟာရန်ကုန်က ရွှေတိဂုံဘုရားမှာ ဇရပ်ပြုပြင်ဖို့ လှူပြီး ရေစက်ချနိုင်အောင် ကြိုးစားမယ်။ ဒါမှ ငါ့အမေ ငါ့အမေတွေအတွက် ကောင်းမှုကို အမျှရမှာ အဘိုးအဘွားတွေအတွက်လည်း အမျှရမှာ"

သနပ်ခါးလူးရင်း စဉ်းစားကာ မျက်နှာကို မှန်ထဲသို့ကြည့်လိုက်သည်။ သူမ၏မျက်နှာမှာ အပြစ်ကင်းစင်စွာ လှပနေသည်။

မြန်အောင်သူဟုဆိုသော်လည်း နယ်စုံရောက်ဖူးသော ဦးဘေဘမုန်၏ ထိန်းသိမ်းမှု၊ နည်းညွှန်မှုကြောင့် မြို့ဆန်ဆန်ပင် လှပနေသည်။

"ဦးဘမုန်သမီးက ရန်ကုန်သူရုပ်ကလေးပဲ"

ဟု အိမ်နီးနားချင်းများက ချီးကျူးကြသည်ကို သူမ မကြာခဏကြားခဲ့ဖူးသည်။ ဆံတောက်မညှပ် ဆံပင်မဖြတ်ရဘဲ၊ ဦးဘမုန်က မြဆည်းဆာကို ဆံပင်ရှည်ဖြင့် ယဉ်ယဉ်လေး ထုံးနောင်ဖွဲ့တွတ်အောင် သင်ကြားပေးထားခဲ့ရာ ရိုးရိုးနှင့်ယဉ်သော အလှပိုင်ရှင်ဖြစ်နေခဲ့လေသည်။

အင်္ကျီအနီရဲရဲနှင့် ထဘီအညိုရောင်ကို လဲလှယ်ဝတ်ဆင်ကာ ခရီးသွားဝတ်ခဲ့သည့် အင်္ကျီလုံချည်တို့ကို လျှော်ဖွတ်ရန် ခြေရင်းတန်းတွင် တင်ထားလိုက်၏။

မကြာမီ မြဆည်းဆာထံသို့ ရွှေညှာနှင့်ရှာထဲမှ မိန်းမကြီးတစ်ဦးက ဘန်းနှင့်ထည့်ထားသော ခွက်များ ယူလာခဲ့သည်။



"ဟော⋯ကလေးမတောင် ရေချိုးပြီးနေပြီ။ မိန်းမချောလေးပဲ။ ရွှေအိရော"

အသက်လေးဆယ်အရွယ် မိန်းမကြီးက မေးသည်။

"ဇရပ်ခွေးမယ်ဆိုပြီး တောထဲထွက်သွားတယ် အဒေါ်ကြီး"

"အေး⋯ရွှေအိကတော့ သိပ်ခင်တတ်တယ်။ သူ ကြိုက်တာတွေ အတင်းကျွေးပါလိမ့်မယ်တော်"

အိမ်ပေါ်သို့တက်လာကာ မီးဖိုထဲသို့သွား၍ ဟင်းပန်းကန်များကို ချလိုက်သည်။

"ဆာရင် စား ကလေးမ။ ရွှေအိ စောင့်မနေနဲ့။ အဒေါ်ကြီး ပြင်ထားမယ်"

"ရပါတယ်။ ကျွန်မ မနက်က ဆီထမင်းနဲ့ကြက်သားကြော်စားထားလို့ မဆာသေးပါဘူး။ ရွှေအိလာမှပဲ စားတော့မယ်"

"လာပါပြီတော်၊ ဟိုမှာ ပေါက်ကျော်မ"

ရွှေအိက အိမ်ပေါ်ခုန်တက်လာသည်။

"ဟော⋯အစ်မတို့ရောက်နေတာကို။ ဇရပ်သွားခူးတာ အစ်မရဲ့"

အသင့်တင်ထားခဲ့သည့် ရေနွေးအိုးထဲသို့ ဇရပ်များကို ရေဆေးကာ ထည့်လိုက်လေသည်။ ခဏကြာသောအခါတွင် ရွှေညှာနှင့်ရှာထဲမှ အမျိုးသမီးကြီးတို့ ပြန်သွားကြလေသည်။

ခဏကြာတော့မှ ရွှေအိနှင့်အတူတူ ထမင်းစားကြလေသည်။ ဟင်းများမှာ စုံလင်၍ ငှက်သား၊ ဝက်သားနှင့် ကြက်ဆီပြန်အပြင် ဘူးသီးချဉ်တင်နှင့် ငါးပိ တို့စရာပါ ပါလေရာ မြဆည်းဆာ အကြိုက်ဖြစ်သော

www.burmeseclassic.com



ကြောင့် ထမင်းသုံးပန်းကန်လောက် စားမိရာ ထမင်းစားပြီးသည်နှင့် မျက်လုံးများ စင်းလာသောကြောင့် ရွှေအိခင်းထားသည့် အိပ်ရာပေါ်တွင် ခေါင်းချလိုက်ရာ အိပ်ပျော်သွားလေတော့သည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ အိမ်ရှေ့မှ စကားသံများကြားတော့မှပင် မြဆည်းဆာ နိုးလာလေတော့သည်။

"အိပ်နေတယ် အဘရဲ့"

သူမကိုမေးသောကြောင့် ရွှေအိက တစ်ယောက်ယောက်ကို ပြန်ဖြေခြင်း ဖြစ်လေသည်။

"အေး. . .ညနေသည်ကတော့ ဇိမ်ကျနေပြီ။ တို့ဆရာကတော့ ခြေတစ်ဖက်ထောက်လို့ မရတော့ဘူး။ သမားတော် သွားခေါ်မလို့"

"အို. . .ဟုတ်လား"

"ဟုတ်တယ် ရွှေအိရေ။ နိုးလာရင် နည်းနည်းပါးပါးသိအောင် ပြောပြလိုက်ဦး"

"ဟုတ်ကဲ့"

မြဆည်းဆာမှာ အိပ်ရာမှ လူးလဲထလိုက်၏။ စောစောက နှုတ်ဆက်ပြောဆိုသောသူမှာ ထွက်ခွာသွားပြီ ဖြစ်လေသည်။ သူတို့ဆရာသည် မြဆည်းဆာကြောင့် ဒဏ်ရာရခဲ့ခြင်းဖြစ်၍ မြဆည်းဆာကို မကျေနပ်ဖြစ်နေသည်ဟု ရိပ်မိလိုက်သည်။

ရွှေအိက အိမ်ရှေ့ဧကပျဉ်တွင် ခြေတွဲလဲချထိုင်ကာ သီချင်းညည်းနေသည်။ မြဆည်းဆာထကာ မျက်နှာသစ်သံကြားမှ အိမ်ထဲသို့ ဝင်လာသည်။



"မမ နိုးလာပြီလား"

"ညနေစောင်း တော်တော်စောင်းနေပြီနော်"

"ဟုတ်တယ်။ ဒါနဲ့ ဆရာတက်ခြေထောက် ထောက်လို့မရဘူး ပြောတယ်။ ကိုရင်သာထူး စောစောက သမားတော်သွားခေါ်နေတယ်"

"ဟုတ်လား ရွှေအိ။ ဒါဆို မမ ဒီအတိုင်းနေလို့ ဘယ်ကောင်းမလဲ။ ကိုတက်ဆီသွားကြည့်ဦးမှပေါ့။ ရွှေအိ သိတယ် မဟုတ်လား"

"သိပါတယ် ဒီကသုံးအိမ်ကျော်မှာ ဆရာတက်နေတယ်။ ခြေတံရှည်အိမ်ကြီးလေ"

ကမန်းကတန်း သနပ်ခါးကို ပါးပါးပွတ်ကာ မြဆည်းဆာ ထွက်လာခဲ့၏။

ရွှေအိက လိုက်၍ပို့လေသည်။ ခြေတံရှည်အိမ်ကြီးရှေ့တွင် မြေကွက်လပ်ရှိပြီး၊ အောက်ထပ်တွင် နောက်ဘက်တစ်ခြမ်းကို သစ်ရစ်ရှာ အခန်းဖွဲ့ထားသည်။ ထိုအခန်းဝမှ လူလေးငါးဦးကို မြင်ပြီး ခုတင်ပေါ်တွင် လှဲလျောင်းနေသည့် ကိုတက်ကို မြင်လိုက်ရလေသည်။

ရထားပေါ်မှ သူမကိုဒဏ်ရာမရစေရန် အကာခံလိုက်သောကြောင့် တင်ပါးဆုံရိုး မျက်သွားခြင်းဖြစ်ပေလိမ့်မည်။

"ညနေသည်လာနေပြီ"

လူတစ်ယောက် ပြောသံနှင့်အတူ အခန်းထဲရှိလူများက ဆီကာနေရာဖယ်ပေးကြသည်။ မြဆည်းဆာက စိတ်မကောင်းသော မျက်နှာဖြင့် ခုတင်ဘေးရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

အခန်းထဲမှ လူများက အလိုက်သိစွာ အောက်သို့ဆင်းသွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မြဆည်းဆာကို ကိုတက်က အံ့ဩသော မျက်နှာဖြင့်ကြည့်ရင်း…

"နေရထိုင်ရတာ အဆင်ပြေလား"

ဟု မေးလိုက်၏။

×××

မြဆည်းဆာမှာ အိပ်ရာမှာလဲနေသော ကိုတက်ကို မျက်ရည်ဝဲသော မျက်လုံးများဖြင့်ကြည့်လျက်…

"ရှင့်ခြေထောက် တစ်ခုခုဖြစ်သွားရင် ဒုက္ခပါပဲနော်"

ဟုပြောလိုက်သည်။

ကိုတက်က ပြုံးလိုက်၏။

"ဘာမှဒုက္ခဖြစ်စရာ မရှိပါဘူး။ ခြေထောက်တစ်ဖက်ချောင်းက ဘယ်လောက်တန်ကြေးရှိလို့လဲ မြဆည်းဆာ။ အသက်ရှင်နေလို့သာ လူတွေက စိုးရိမ်နေကြတာပါ။ သေသွားတော့လည်း ဘာမှ မထိခိုက် မပွန်းပဲ့သေးတဲ့ ခြေထောက်အကောင်းတွေပါ လူတွေက စွန့်ပစ်ကြရတာပဲ မဟုတ်လား"

"ဒါ…ကျွန်မကြောင့်ဖြစ်ရတာပဲ၊ ကျွန်မမှာ အပြစ်ရှိတယ်"

"ဘယ်ဟုတ်ပါ့မလဲ မြဆည်းဆာရဲ့။ ဘယ်သူ့မပြု မိမိမှုပဲ။ မဟုတ်ဘူးလား။ သမားတော်လာရင် ပျောက်သွားမှာပါ၊ ပူမနေပါနဲ့။ ဒါပဲ ဒဏ်ရာက ကျုပ်အတွက် ရိုးနေပါပြီဗျာ"

မည်သို့မျှ မပူပန်သကဲ့သို့ ကိုတက်က ပြုံးကာပြောလိုက်ပြန်လေသည်။



"မဖြစ်ဘူး…ကျွန်မကြောင့်ဖြစ်တဲ့ ဒဏ်ရာပဲ ကျွန်မ ရှင့်ဆီးမှာ ဖြူစုရမှာပေါ့။ ဒီည ကျွန်မဟိုအိမ်ကို မပြန်ဘူး။ ရှင့်အနားမှာပဲနေမယ်"

"ဟာ…မဟုတ်တာ"

ထိုအချိန်မှာပင် သမားတော်အဘိုးကြီး ရောက်လာသောကြောင့် မြဆည်းဆာက နေရာမှ ရပ်ကာ ဖယ်ပေးလိုက်လေသည်။

သမားတော်ကြီးမှာ အာယုဗေဒမြန်မာဆေးဆရာကြီးဖြစ်၍ ထိုခေတ်က မယ်ဇလီကုန်း ထူးကြီးနှင့် အင်ပင်တစ်ဝိုက်နှင့် ရိုးမတောင်ခြေရွာများဝန်းကျင်တို့တွင် ထင်ရှားသော ဦးရွှေကျော်ပင် ဖြစ်သည်။

ဦးရွှေကျော်က နာနေသည့် ဘယ်ခြေကို တစောင်းလှည့်စေကာ မှဆိုးကို ဖြေလျက် အတွင်းသို့လက်ဖြင့်နှိက်ကာ တင်ပါးဆုံရိုးမှ ဒူးဆစ်အထိ ဖျစ်ကာ ဖျစ်ကာ စမ်းကြည့်လိုက်လေသည်။

"အိုး ကျွတ် ကျွတ်"

"အင်း"

ကိုတက်ထံမှ နာကျင်ညည်းညူသံ ပေါ်လာလေသည်။ သေချာအောင် စမ်းသပ်ပြီးတော့မှ ဦးရွှေကျော်ထံမှ စကားသံထွက်ပေါ်လာသည်။

"တော်သေးတယ်၊ အရိုးက ဘာမှမဖြစ်ပါဘူး။ အမာပေါက်ချက်တဲ့ ဒဏ်နဲ့ အကြောညှပ်နေလို့ပါ။ မောင်တက်ကို ဆေးကြောခဏလိမ်းပေးဖို့နဲ့ သောက်ဆေးတိုက်ဖို့ လူတစ်ယောက်အနီးမှာ ရှိဖို့လိုတယ်"

"ကျွန်မရှိပါတယ်။ ကျွန်မ ဆေးလိမ်းပြီး ဆေးတိုက်ပါ့မယ်"

မြဆည်းဆာက သူ့ဆန္ဒကို ထုတ်ဖော်ပြောဆိုလိုက်လေသည်။ သမားတော်ကြီး ဦးရွှေကျော်က မော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဪ. . .ကောင်းတယ် သမီး။ တစ်နာရီခြား တစ်ခါလောက် အဘာပေးခဲ့တဲ့ဆေးကို အသားထဲဝင်အောင် ဆုပ်ဆုပ်ပြီး လိမ်းပေးပါ။ ဆေးကတော့ အတွင်းဆေးပေါ့ တစ်နေ့ကို လေးခွက်လောက် တိုက်ရင်ရပါပြီ"

ဆေးအစ်ထဲမှ သမားတော်ကြီးက ပုလင်းကြီးတစ်လုံးထုတ်ကာ နလင်မင်ဆီနံ့ရသော ဆေးရည်ပျစ်ပျစ်များကို ပုလင်းငယ်လေးထဲသို့ ခွဲထည့်ပေးလိုက်သည်။

ထို့နောက် မြဆည်းဆာကို လှမ်းပေးလေသည်။

"ရော့ ကလေးမ ဒီဆေးကို ဒီလိုစောင့်ပြီးတော့ လိမ်းပေး တင်ပါးကနေ ဒူးရှတ်အထိ ဆွဲချပေး။ ဆုပ်နယ်ပေး ကြားလား"

"ဟုတ်ကဲ့"

ထို့နောက် သောက်ဆေးပါပေးလျက် သမားတော်ကြီးက ဆေးအစ်ကို အိတ်ထဲထည့်ကာ ထရပ်လိုက်သည်။

"ဇာစ်ညလိမ်းလိုက်ရင် ကောင်းကောင်း သိသာပါပြီ။ ကဲ ကျုပ်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

"အင်း. . .မောင်တက် ဒီလိုအဖော်မျိုးရတာ ကံကောင်းတာပဲ"

သမားတော်ကြီးက မြဆည်းဆာကိုကြည့်ကာ မှတ်ချက်ချရင်း သူ့တပည့်ကို ဆေးအိတ်လှမ်းပေးလိုက်၏။

×××

သမားတော်ကြီးဦးရွှေကျော်ကို အပြင်မှ စောင့်နေသော ရွှေညာ



က ဆေးဖိုးငွေများကို ပေးကာ လိုက်ပို့သည်ကို တွေ့လိုက်ရသည်။ ကိုတက်၏တပည့်များမှာ အလွန်သစ္စာရှိ၍ စိတ်ချရသောလူများဖြစ်ကြောင်း မြဆည်းဆာ ရိပ်မိလိုက်လေသည်။

"ကဲ . . . ဆေးတစ်ကြိမ်လောက် လိမ်းလိုက်ရအောင်နော် ကိုတက်"

မြဆည်းဆာမှာ မိန်းမပျိုလေးဖြစ်၍ ကိုတက်မှာ ရှက်ရွံ့အားနာနေသည်။

"အို. . .ကျုပ် တွန်းဝကို လိမ်းနိုင်းပါ့မယ် မြဆည်းဆာ။ မသင့်လျော်ပါဘူး"

"ဘာမသင့်လျော်စရာရှိလဲ။ ရှင်က ကျွန်မရဲ့အသက်ကို ကယ်ခဲ့တဲ့လူပဲ။ ရှင် ဘာပြောပြော ကျွန်မဟိုအိမ်ကို ပြန်မအိပ်ဘူး။ ဒီညတစ်ညတော့ ကျွန်မကို ဒီအခန်းထဲမှာ နေခွင့်ပေးပါ"

ပြောပြောဆိုဆို ကိုယ်တစောင်းအနေအထားရှိသော ကိုတက်ကို ပုလင်းထဲမှ ဆေးဆီများ ညာလက်ဖဝါးထဲထည့်ကာ သမားတော်ကြီး ဝမ်းသပ်သကဲ့သို့ပင် ပုဆိုးထဲမှ လက်လျှိုကာ တင်ပါးမှပေါင်သားများကို ဆုပ်ကာ နောက်ဘက်ဒဏ်ရှိသည့်အခြမ်းကို လိမ်းပေးနေသည်။ ဒူးနားအထိ ဆီ၍ အောက်မှပုဆိုးကို အသာလှန်ကာ ဆုပ်၍လိမ်းပေးလိုက်ပြန်သည်။

ကိုတက်မှာ ငွတ်အတင်းလိမ်းပေးနေသော မြဆည်းဆာကြောင့် သူ့ပုဆိုးကို လက်နှင့်ဖိကာ ခါးအောက်သို့ လျှောမကျအောင် ရှက်ရှက်ဖြင့် ဆွဲယူထားရလေသည်။

မြဆည်းဆာကိုယ်တိုင်မှာလည်း ကျိုစ်လစ်မာကျောလှသော

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ဦး၏ ကြွက်သားများကို ဆုပ်နယ်မိနေ၍ ရင်များ တဒိုင်းဒိုင်း ခုန်နေလေသည်။ သို့သော် သူမသည် ဦးလေးဖြစ်သူ ဦးဘမှန်ကို မြုစုနေရသကဲ့သို့ပင် သဘောထားကာ စိတ်ကိုချုပ်တီး၍ လိမ်းပေးခဲ့လေသည်။

ဆေးလိမ်းပြီးသောအခါတွင်မှ ကိုတက်၏ သက်ပြင်းချသံကို ကြားလိုက်ရသည်။

"ဟင်း"

"ကိုတက် ရှက်မနေပါနဲ့။ ကိုယ့်ညီမတစ်ယောက်က ကိုယ့်အစ်ကိုကို ပြုစုတာလို့ သဘောထားစမ်းပါ။ ကျွန်မလည်း ရှင့်ကို အစ်ကိုရင်းတစ်ယောက်၊ မောင်တစ်ယောက်လို သဘောထားပြီး ဆေးလိမ်းပေးတာပဲ"

ပက်လက်လှန်၍ ပုဆိုးကိုပြင်ဝတ်ကာ...

"ကျုပ် နားလည်ပါတယ်။ ကျုပ်က မြဆည်းဆာကို အားနာတာပါ"

ဟု ပြန်ပြောလေ၏။

"အားနာမနေပါနဲ့ရှင်။ ရှင်သာ မကယ်ရင် ကျွန်မဘဝ ဒီလိုဘဝမျိုးမှာ ရှိမှာ မဟုတ်ဘူး"

မြဆည်းဆာက ထိုသို့ဆေးလိမ်းပေးသည်ကို အခန်းပြင်မှတစ်ဆင့် ရွှေအိ၊ ထွန်းစနှင့် ကိုတက်ကိုစောင့်ရှောက်နေသော ရွာသားများက တအံ့တဩ ကြည့်နေကြသည်။ ပြီးမှ တီးတိုးစကားပြောကာ ထွက်ခွာသွားလေသည်။

"ရွှေအိရေ မမအိပ်ရာကို ဒီအခန်းထဲ ရွှေ့ပေးပါကွယ်။ ရွှေအိလည်း အိမ်ပြန်အိပ်တော့။ မမ ဒီမှာ ကိုတက်ကို တစ်ညလုံး မကြာခဏ



ဆေးလိမ်းပေးရလိမ့်မယ်"

×××

ကိုတက်သည် မိန်းမပျိုတစ်ဦး၏ အနီးကပ်ပြုစုစောင့်ရှောက်မှုကို တစ်သက်နှင့်တစ်ကိုယ် ဤကဲ့သို့ မခံစားရဘူးချေ။ မြဆည်းဆာ ဆေးလိမ်းပေးတိုင်း ရှင်မတောင်သနပ်ခါးနံ့နှင့် ရောနေသည့် မြဆည်းဆာ၏ ကိုယ်သင်းရနံ့ကို ရှူရှိုက်မိနေလေသည်။ ထိုကိုယ်သင်းနံ့ကို ကိုတက်၏ဘဝတစ်လျှောက်တွင် မေ့နိုင်တော့မည် မဟုတ်ပေ။

မြဆည်းဆာသည် အခန်းထဲရှိတိုင်ကပ်နာရီကို ကြည့်ကာ ညနေလေးနာရီခွဲသည်နှင့်...

"ကိုတက် လေးနာရီခွဲပြီ ခုမှ နာရီဝက်လောက်ပဲရှိသေးတယ်။ ထမင်းဘယ်အချိန်စားသလဲ"

ဟု မေးလိုက်၏။

"ရပါတယ် မြဆည်းဆာ ဆေးတစ်ခွက်သောက်ပြီး ကျုပ် အိပ်ချင်လာတယ်"

"ဒါဆိုလဲ အိပ်လေ။ ကျွန်မ ထမင်းတွေ ဟင်းတွေလာပို့ရင် သိမ်းထားပေးပါ့မယ်"

မကြာမီ ထွန်းဝတို့က ထမင်းဟင်းများ ယူလာရာ စကားသံကျယ်ကျယ်မပြောရန် မြဆည်းဆာက အချက်ပြရင်း အိမ်ပေါ်မှ ဆင်းလာသည်

"တိုးတိုးရှင့်။ အိပ်ပျော်နေတယ်။ သူနိုးလာလို့ ဆောက်တစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



ဆေးလူးပေးတော့မှပဲ ကျွန်မ ကျွေးလိုက်ပါ့မယ်"

ရွှေအိကာ ပြုံးစိစိနှင့်…

"အင်း…မမလေးက အနားကမခွာတော့ဘူးဆိုပါတော့လေ"

ဟု နောက်လိုက်သည်။

"ဟာ ဒီကောင်မလေး နောက်ရမယ့်နေရာ မသိ ဘာမသိ ဟိုမှာ ဆရာတက်က ဒဏ်ရာနဲ့ ဝေဒနာခံနေရတာ။ ဒီမမလေးရှိလို့ပေါ့။ မမလေး အိပ်ချင်ရင် ကျွန်တော့်နှိုးနော်။ ကျွန်တော် ဆေးဝင်လိမ်းပေးမယ်။ မမလေး တစ်လုညည့်အိပ်"

"ဟုတ်ကဲ့ ကျွန်မအိပ်ချင်ရင် ပြောပါ့မယ်"

"မမလေး ထမင်းအရင်စားလိုက်ပါလား"

"ရပါတယ်။ ကျွန်မ မဆာသေးပါဘူး။ ဆာတဲ့အခါတော့လည်း ဒီအခန်းထဲမှာပဲ စားတာပေါ့"

အိမ်ပေါ်သို့ ခြေသံမကြားအောင်တက်ကာ ခုတင်ဘေးရှိ စားပွဲ လေးပေါ်တွင် ထမင်းနှင့်ဟင်းပန်းကန်များတင်ကာ မီးဖိုထဲမှ အသင့်ရှိသော ဝါးဇကာကြီးဖြင့် အုပ်ထားလိုက်သည်။ ခေါင်းလန်းဟုခေါ်သော စဉ့်ရေသုတ် ဘန်းဗိုင်းထဲတွင် ထမင်းများကို ပုံထားလေသည်။

ငါးနာရီထိုးကြောင်း တိုင်ကပ်နာရီမှ ငါးချက်မြည်သံထွက်လာ သည်။ နားပါးလုသော ကိုတက်သည် ဖျတ်ခနဲ အိပ်ရာမှ နိုးလာလေသည်။

"ငါးနာရီထိုးပြီထင်တယ်နော် မြဆည်းဆာ"

"ဟုတ်တယ်…ကိုတက် ဆေးလိမ်းရမှာ အတော်ပဲ"

ကိုတက်က လက်ထောက်ကာ ထထိုင်လိုက်လေသည်။



"အို…ခြေထောက်ကနာနေပါဦးမယ်။ ဘာလို့ ထတာလဲ"

ဟုဆိုကာ မြဆည်းဆာက ခုတင်ဘေးတွင် တင်ပါးလွှဲထိုင်ကာ မေးမထူပေးလိုက်သည်။

"သမားတော်ကြီးဦးရွှေကျော်က အစွမ်းထက်တယ် မြဆည်းဆာ။ နေ့ခင်းကလို မနာတော့ဘူး။ ဆေးပုလင်းပေးပါ ကျုပ် လိမ်းလို့ရပြီ"

"ဟန်ဆောင်ပြီး ပြောနေတာလား ကိုတက်။ ကျွန်မကို အားမနာ နဲ့နော်"

"အို တကယ်ပြောတာပါ"

မြဆည်းဆာက ဆေးပုလင်းဖွင့်ကာ ပေးလိုက်ရာ လက်ထဲသို့ ယူကာ သူ့ပေါင်ထဲသို့ လက်နှိုက်ကာ ကိုတက်က သူ့ဟာသူ လိမ်းလေ သည်။

မြဆည်းဆာက ဆပ်ပြာနှင့်ရေဇလုံကို သွား၍ယူကာ အသင့် စောင့်နေသည်။ အပြင်ဘက်တွင် မှောင်နေပြီဖြစ်သောကြောင့် နံရံတွင် ချိတ်ဆွဲထားသော မီးအိမ်အရောင်က အခန်းထဲတွင် လင်းနေသည်။

မြဆည်းဆာက…

"ကိုတက် လက်ကိုစင်အောင်ဆေးရအောင်။ ပြီးရင် တစ်ခါတည်း ထမင်းစား။ ဒါမှ ကိုတက် ကောင်းကောင်းအိပ်ရမှာ"

"မြဆည်းဆာရော စားပြီးပြီလား"

မြဆည်းဆာက ခေါင်းခါပြသည်။

"ဒါဆို ကျွန်တော်နဲ့အတူတူ စားရအောင်။ နို့မို့ မြဆည်းဆာ တစ်ခါထပ်ဆေးနေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



မြဆည်းဆာသည် မည်သို့မျှမပြောတော့။ ဒေါင်းလန်းထဲရှိ ထမင်းများကို ယူကာ ဟင်းများကို ပုံကာ ယူလာခဲ့သည်။ နှစ်ယောက်သား လက်ဆေးပြီး ဒေါင်းလန်းနှင့်အတူ စားကြသည်။

ထိုခေတ်က ဒေါင်းလန်းခေါ် (စဥ့်ကိုင်ဘန်းဝိုင်းထဲတွင် တထမင်းဟင်းများထည့်ကာ မိသားစုလက်ဆုံစားကြလေ့ရှိ၏။ ဦးဘမှန်နှင့် မြဆည်းဆာတို့လည်း ထိုသို့ အတူစားခဲ့ဖူး၍ မြဆည်းဆာအဖို့တော့ မဆန်း။

သို့သော် ရင်များကတော့ ခုန်နေသည်။

"ငါ ဒီလိုစားတာ သင့်မှသင့်လျော်ရဲ့လား။ လိုက်လျောလွန်းရာများ ကျမလား"

ဟု တွေးနေမိလေသည်။

"စားလေ မြဆည်းဆာ။ ဘာလဲ စားမကောင်းဘူးလား"

"မဟုတ်ပါဘူး ကိုတက်။ ကိုတက်ပြီးတော့ စားမှာပေါ့"

"အို...မဟုတ်တာ စားပါ"

ကြက်သားဟင်းများကို မြဆည်းဆာဘက် တွန်းပို့သည်။ မြဆည်းဆာ ခေါင်းငုံ့ကာ စားလိုက်ရတော့သည်။

×××

လပြည့်ည၏ လသည် ကောင်းကင်ထက်၌ ထိန်ထိန်သာနေခြင်း ဖြစ်သည်။ ပြင်ပကမ္ဘာလောကသည် လရောင်နှင့် နှင်းမှုံများကြောင့် သာယာလှပနေသည်။ မြဆည်းဆာကား အိပ်မပျော်သကဲ့သို့ ကိုတက်မှာလည်း နိုးနေလေသည်။ မြဆည်းဆာသည် ခြေရင်းခန်းရှိ သူမအိပ်ရာလေးမှ ထ



ကာ တံခါးဝသို့ ထွက်လာခဲ့၏။

"မြဆည်းဆာ"

ခုတင်ပေါ်တွင် ထိုင်နေသော ကိုတက်ကို တွေ့ရသည်။ အချိန်က ညသန်းခေါင်ကျော်နေပြီဖြစ်လေသည်။

"မြဆည်းဆာ"

"ရှင် ကိုတက် အိပ်မပျော်ဘူးလား"

"အိပ်ရေးသွားလို့ ပြီးတော့ ခြေထောက်ကလည်း လုံးဝမနာတော့ဘူး မြဆည်းဆာ"

"ဒါပေမယ့် လှုပ်လှုပ်ရှားရှားနေဖို့တော့ မကောင်းသေးပါဘူးရှင်"

"ခဏ ထိုင်ပါဗျာ။ ကျွန်တော်နဲ့ စကားပြောရအောင်"

ကိုတက်က ခါတိုင်း ကျုပ်ဟုပြောရာမှ ကျွန်တော်ဟု နူးညံ့ညင်သာစွာ ပြောလာလေသည်။

မြဆည်းဆာက ဆံနွယ်များကို သိမ်းကာ ပခုံးတစ်ဖက်တွင် တင်ထားရင်း ခုတင်နားရှိ ကုလားထိုင်မှာ ဝင်ထိုင်လိုက်ရလေသည်။

"ကျုပ် ဘယ်သူလဲဆိုတာ မြဆည်းဆာ သေသေချာချာ သိပြီ မဟုတ်လား"

"အင်း...သိပ်တော့မသိပါဘူး။ ရှင်က လူတစ်စုကို ခေါင်းဆောင်ပြီးတော့ ဓားပြတွေ လူဆိုးတွေ နှိမ်နင်းတဲ့သူဆိုတာပဲ သိပါတယ်"

မြဆည်းဆာက ရွှေအိုပြောပြသမျှကို ပြန်ပြောပြလိုက်ပါသည်။

"အဲဒီ ကျုပ်ကိုရှုံးသွားတဲ့ သူပုန်ဓားပြတွေက ကျုပ်ကိုလူတွေက လူဆိုးထင်အောင်လုပ်ကြတယ်။ သူတို့လိုပဲ လုယက်တဲ့သူလို့ နာမည်

www.burmeseclassic.com

www.burmeseclassic.com



ဖူတ်အောင် နာမည်ဖျက်ကြတယ်ဗျ။ ဒါကြောင့် မြဆည်းဆာတို့နေတဲ့ မြ
အောင်တို့ ကြံခင်းတို့ကလူတွေက ကျုပ်ကို စားပြခေါင်းဆောင်လို့ ထင်
ကြတယ်။ မြဆည်းဆာလည်း ဒီလိုပဲထင်မှာပဲ။ ကျုပ်နာမည်အပြည့်အစုံ
တက်ခါးလေ"

"ရှင်"

မြဆည်းဆာ မျက်လုံးဝိုင်းသွားသည်။

ထိတ်လန့်တုန်လှုပ်သွားသည်။ သူတို့နယ်တစ်ခွင်တွင် လူသ
ရက်စက်သည်ဟု ဟိုးဟိုးကျော်သော စားပြကြီးတက်ခါးမှန်း သိလိုက်
ဖြစ်သည်။

မြဆည်းဆာ ထိုင်ရာမှ ထရပ်လိုက်လေသည်။

"ထိုင်ပါ မြဆည်းဆာ။ ကျုပ် ဒီလိုပြောရင် မြဆည်းဆာ ထိတ်
လန့်သွားမယ်ဆိုတာ သိပါတယ်။ ကျုပ် မြဆည်းဆာတို့ထင်သလို လုယ
လူသတ်တဲ့ စားပြခေါင်းဆောင် တက်ခါးမဟုတ်ပါဘူး။ ဆင်းရဲသားတွေ
လည်းပင်ညှစ်ပြီး အနိုင်ကျင့်တဲ့ တောကြောင်တွေကို ခုံးမတဲ့တက်ခါး

မြဆည်းဆာက ပြန်ထိုင်လိုက်သည်။ သူမမျက်ဝန်းအိမ်တွင် မျက်
ရည်များ ပြည့်လျှံနေသည်

"ဘာပဲဖြစ်ဖြစ် ရှင်က ရာဇဝတ်မှုမကင်းတဲ့သူပဲ။ ရှင် ဘာသဘော
နဲ့ ကျွန်မကို ခေါ်လာတာလဲ"

"ဒါတော့ မြဆည်းဆာ ကိုယ်တွေ့ပါပဲ။ မြဆည်းဆာကို ဘာ
ကြောင့် ဒီနေရာခေါ်လာရသလဲဆိုတာ ကျွန်တော့်ကို မမေးပါနဲ့။ မြဆည်း
ဆာကိုယ် မြဆည်းဆာ ပြန်မေးပါ။ ကျွန်တော် မခေါ်ဘဲထားခဲ့ရင် မြဆည်း



ဆာအတွက် ဘယ်လိုဖြစ်မှာလဲ"

"ဒါဆို ရှင် ကျွန်မကိုယုံအောင် ရှင့်လူတွေနဲ့လုပ်ကြံတာ ဖြစ်
ချင်လည်း ဖြစ်မှာပေါ့။ ရှင် ကျွန်မဆီက ဘာလိုချင်လို့ ဒီလိုလုပ်တာလဲ"

မြဆည်းဆာ၏ ဒေါသသံလေး ထွက်လာသည်။

"သွေးရိုးသားရိုးပါ မြဆည်းဆာ။ မြဆည်းဆာတို့မှ မဟုတ်ပါ
ကျွန်တော် ဘယ်သူ့ရဲ့ပစ္စည်းကိုမှ မတရားမယူဘူး။ လူကိုလည်း မ
ဆီးတတ်ပါဘူး။ တက်ခါးဟာ အများအတွက် အသေခံဖို့လူဖြစ်လာတဲ့သူ..

မြဆည်းဆာက ရှိုက်၍ ငိုနေလေသည်။

xxx

မြဆည်းဆာမှာ တစ်ညလုံးအိပ်မပျော်ခဲ့သောကြောင့် ရွှေအိနှင့်
အတူနေသော အိမ်ကလေးသို့ရောက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်
သွားလေတော့သည်။ ရွှေအိသည် နံနက်စာချက်ပြုတ် ပြင်ဆင်ပြီးသော်လည်း
မြဆည်းဆာ အိပ်ရေးပျက်၍ အိပ်ပျော်နေမှန်းသိသောကြောင့် မနိုးဘဲ ထိုင်
စောင့်နေလေသည်။

မြဆည်းဆာ နေ့လယ်ပိုင်းလောက်မှ နိုးလာသည်။ ရွှေအိက
ဝမ်းသာအားရ သတင်းပေးသည်။

"မမ ဆရာဝတ် ကောင်းကောင်း လမ်းလျှောက်နိုင်နေပြီတဲ့
ဆရာကြီး ဦးရွှေကျော်ဆေးက ဒါကြောင့် နာမည်ကြီးနေတာ"

"အေး ကောင်းတာပေါ့"

"မမ ရေချိုးဦးမယ်မို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

မြဆည်းဆာက ဖြတ်ဖြတ်တောက်တောက်သာ ဖြေသည်။

သူမသည် တက်ခါးကို အများမုန်းသည့်ရာဇဝတ်ဖြစ်မှုရှိသူတစ်ယောက် မဖြစ်စေလိုပေ။ သူမ၏အတွင်းစိတ်က တက်ခါးကို လူကောင်းတစ်ယောက် ဖြစ်စေချင်သည်။ သူမအားကိုးအားထားပြုချင်သည်။

သို့သော် မြို့ပိုင်နှင့်အရေးပိုင်တို့က တက်ခါးကို ဖမ်းဝရမ်းထုတ်ထားသည်ကို သူမ သိနေသည်။ ထို့ကြောင့် ထိုအဖြစ်မျိုးကို ရောက်ရသည်ကို သူမ မကျေနပ်၍ ဝမ်းနည်းယူကျုံးမရ ဖြစ်နေလေသည်။

ထိုနေ့က တစ်နေ့လုံးပင် ရေချိုး ထမင်းစားကာ အခန်းထဲမှ မထွက်တော့။ ညနေပိုင်းတွင်လည်း တက်ခါး သက်သာ,မသက်သာ သွား၍ မမေးတော့။ ရွှေအိနှင့်အတူ ထမင်းစားကာ စောစောအိပ်ရာဝင်လေသည်။

"မမ ဆရာတက်ကို စိတ်ဆိုးလို့လားဟင်။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ရွှေအိရယ်။ သူ နေကောင်းနေမှ မမ ဘာသွားဖို့လိုတော့မှာလဲ"

စကားဆုံးသည်နှင့် တစ်ဘက်သို့ စောင်းကာ အိပ်နေလိုက်သောကြောင့် ရွှေအိကလည်း ဆက်၍ မေးမနေတော့ပေ။ ခဏအကြာတွင် ရွှေအိ အိပ်ပျော်သွားသည်ကို သိရ၍ အိပ်မရသော မြဆည်းဆာ ထလာသည်။ သူမနေသည့် အိမ်ခြံဝင်းလေးရှေ့တွင် ဝါးရုံတောရှိသည်။ ဝါးရုံတောအောက်တွင် အပန်းဖြေရန် ဝါးတန်းလေးရိုက်ထားလေသည်။

မြဆည်းဆာသည် အိမ်ပေါ်မှဆင်းကာ ဝါးခုံတန်းလေးတွင် ထိုင်လျက်ရှိသည်။ လဆုတ်တစ်ရက် သာ အရှေ့မှ ဝါဝင်းစွာ ထွန်းလင်း



တောက်ပလျက်ရှိ၏။ ညဦးလေပြေနှင့်အတူ ပန်းရနံ့လေးများကို ရှူရှိုက်ရှိုက်နေလေသည်။

မယုံကြည်၍ သူမသည် မနက်က သူမခရီးဆောင်အိတ်ထဲမှ ပစ္စည်းများကို စစ်ဆေးကြည့်သောအခါ ဘာမျှလက်ရာခြေရာ မပျက်။ နှစ်ထပ်သုံးထပ်ထားသည့် ဘူးနှင့် ပိတ်စများလည်း ထိုအတိုင်းပင်။

ဝါးပင်များက လေတိုက်ခတ်၍ တရှဲရှဲမြည်နေလေသည်။ ထိုစဉ်မှာပင် သူမနောက်ဘက်မှ ဝါးရွက်ခြောက်လေးများကို နင်းလာသော ခြေသံကို ကြားလိုက်ရ၏။

"ဟင်"

မြဆည်းဆာ လှည့်ကြည့်လိုက်သောအခါတွင် သူ့နောက် ခြေလှမ်းငါးလှမ်းစာတွင် ရပ်နေသော တက်ခါးကို တွေ့လိုက်ရသည်။

"ဘာလို့ အိမ်ဘက်လျှောက်မလာတာလဲ မြဆည်းဆာ"

"ရှင် သက်သာနေပြီ သတင်းကြားလို့ပါ။ ပြီးတော့ ရှင်နဲ့ကျွန်မ ဘာကိစ္စမှ မရှိတာ"

မြဆည်းဆာက ခပ်ပြတ်ပြတ်ပြောကာ ကျောပြန်ခိုင်းလိုက်လေသည်။

"မြဆည်းဆာက ကျွန်တော့်ဘဝမှန်ကို သိလို့ စကားမပြောချင်အောင် ဖြစ်နေပြီလား။ ကျွန်တော်က မြဆည်းဆာအတွက် ပြောစရာစကားတွေရှိလို့ စောင့်နေတာ"

"ကျွန်မအတွက် ပြောစရာစကားတွေရှိလို့ စောင့်နေတာ ဟုတ်လား။ ဘာစကားလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မြဆည်းဆာ ခရီးလမ်းချောမွေ့သွားပြီဆိုတဲ့ သတင်းပါ"

"ရှင်"

မြဆည်းဆာ အံ့အားသင့်သွားသည်။ တက်ခါး ပြောသောအဓိပ္ပာယ်မှာ သူမနောက်ကို လိုက်နေသော ရွှေဝင်းတို့လူစု မီးရထားဘူတာလမ်းတစ်လျှောက် မရှိတော့ခြင်းကို ဆိုလိုဟန်တူသည်။

"ကျွန်တော် စကားဆက်ပြောလို့ရပါတယ်နော် မြဆည်းဆာ"

"ရပါတယ်။ ရှင်ကလည်း ကျွန်မကို မခနဲ့ပါနဲ့။ ကျွန်မက ရှင့်ကို ဘာမှ မုန်းလို့၊ မတွေ့ချင်လို့ မဟုတ်ဘူး။ ရှင့်ဘဝအတွက် ယူကျုံးမရလို့ပါ"

ဝါးခုံတန်းလေးနားတွင် လာရပ်၍ မြဆည်းဆာက နေရာတိုးပေးသည်။

"ထိုင်လေ . . . ရှင့်ခြေထောက် ကြာကြာရပ်လို့ ကောင်းချင်မှ ကောင်းမယ်"

"ကောင်းပါတယ် . . . မြဆည်းဆာ။ ဘာကိစ္စမှမရှိပါဘူး"

တက်ခါးက မြဆည်းဆာဘေး ဝါးခုံတန်းတွင် ဝင်ကာထိုင်လိုက်၏။

"ရှင်စုံစမ်းကြည့်ပြီးပြီလား"

"စုံစမ်းပြီးပါပြီ။ ကျုပ်လူ မြင်းစီးသမားနှစ်ယောက် သုံးယောက်ကြံ့ခင်းကနေ ဟသ်ာတအထိ လမ်းမှာရှိတဲ့ ဘူတာတွေနဲ့ ရထားဘူတာဝန်းကျင်ကရှိတတ်တဲ့ နေရာတွေကို စုံစမ်းခိုင်းတယ်"

"မျက်နှာစိမ်းလူဆိုးအသွင်ပေါက်တဲ့ လူတွေ မတွေ့ရဘူး။ ခေါင်းတုံးနဲ့ခေါင်းဆောင်လည်း မရှိတော့ဘူးတဲ့"



"ဒါဆို သူတို့ဘယ်သွားတာဖြစ်နိုင်လဲ"

"အရှေ့ဘက်ရွာစဉ်တွေမှာ လိုက်ပြီး ခင်ဗျားကို ရှာနေတာဖြစ်မယ်။ ဒီအချိန်မှာ ခင်ဗျား မယ်ဇလီကုန်းကနေ ဟသ်ာတကို မနက်ဖြန်ထားနဲ့သွားလို့ရပြီ"

"ရှင်"

ဤသို့ဆိုပြန်တော့လည်း မြဆည်းဆာသည် သူနေသည့် အိမ်လေးနှင့် သူ့ပေါ်တွင် ကောင်းမွန်စွာ စောင့်ရှောက်သော တက်ခါးကို ခွဲရမည်ဖြစ်၍ စိတ်ထဲတွင် ဆို့နင့်သွားပြန်လေသည်။

"သွားမယ်မို့လား မြဆည်းဆာ။ စောစောအိပ်ရာထနော်။ ဘူတာသို့ ကျုပ်လိုက်ပို့ပါ့မယ်"

မြဆည်းဆာ ရှိုက်၍ ရှိုက်၍ ငိုလိုက်လေတော့သည်။ တက်ခါး အနေရခက်သွားသည်။

"ဟင် . . . မငိုပါနဲ့ မြဆည်းဆာ။ ဘာဖြစ်လို့ ငိုတာလဲ။ မြဆည်းဆာ ဟသ်ာတကို သွားချင်တယ် မဟုတ်လား"

"ရှင် ဟသ်ာတအထိ မလိုက်နိုင်သေးရင် ကျွန်မ မသွားချင်သေး

မြဆည်းဆာစကားကြောင့် တက်ခါး ဖါးစပ်အပေါင်းသား ဖြစ်သတော့သည်။

×××

မှောင်မည်းတိတ်ဆိတ်သော ညအချိန်တွင် ဖါးပင်များမှာ အိမ်

www.burmeseclassic.com



ပတ်ဝန်းကျင်တွင် တရှဲရှဲ ယိမ်းထိုးလှုပ်ရှားနေကြသည်။ လေတိုက်ခတ်သောကြောင့် ဝါးပင်များသည် အရွက်အခက်ချင်း ပွတ်တိုက်ကာ ဂီတသံတစ်သံလို မြည်ဟီးနေ၏။

မြဆည်းဆာမှာ သူမအတွက်ပေးထားသော အိမ်ကလေး၏ အိပ်ခန်းထဲတွင် အေးမြသောရာသီဥတုကြောင့် စောင်ကလေးခြုံကာ ကွေးကွေးလေး အိပ်ပျော်နေသည်။

ညဆယ်နာရီလောက်မှ အိပ်ပျော်သွားသောကြောင့် သန်းခေါင်အချိန်တွင် အိပ်မောကျလျက် အိပ်ပျော်နေဆဲဖြစ်သည်။ မြဆည်းဆာ အဖော်ရစေရန် အတူအိပ်စက်သော ရွှေအိလေးမှာလည်း မြဆည်းဆာဘေးတွင် ခွေခွေလေး အိပ်ပျော်နေလေ၏။ တညင်ဆီမှန်အိမ်လေးမှ မှိန်မှိန်လေး ထွန်းလင်းလျက်ရှိနေသည်။

"ရွှေအိ ရွှေအိ"

တံခါးဝမှ အသံခပ်အုပ်အုပ် ခေါ်သံ ထွက်ပေါ်လာသည်။

ရွှေအိကား ညက ဗိုက်ကားအောင်စား၍ အိပ်ပျော်နေခြင်းဖြစ်သောကြောင့် ကော်ရုံနှင့်မနိုးပေ။ မြဆည်းဆာမှာ ထရံကို ခေါက်သံခေါ်သံကြား၍ ဖျတ်ခနဲ လန့်နိုးလာသည်။

"ရွှေအိ"

"ဟင်"

မြဆည်းဆာက ရွှေအိကို တွန်းလှုပ်လိုက်သောကြောင့် ရွှေအိနိုးလာသည်။ အိပ်ချင်မူးတူးဖြင့် မျက်လုံးများ ပွတ်နေ၏။

"ရွှေမိ ကောင်မလေး နိုးပြီလား"



"ဒေါက် ဒေါက် ဒေါက်"

"ဟော ကြားလား ရွှေအိ။ အပြင်က ခေါ်နေတယ်"

"ဟုတ်ကဲ့ ဆရာလေး လာပါပြီ"

ရွှေအိက သူတို့၏ဆရာအသံကို မှတ်မိ၍ ပြန်ထူးလိုက်သည်။ မြဆည်းဆာမှာလည်း လူးလဲကာထလိုက်သည်။ အသံမှာ သူ့အား ကယ်တင်လာသော တက်ခါးအသံမှန်း သိလိုက်လေသည်။

ရွှေအိက မီးအိမ်ကို မီးစာမြှင့်ကာ ထရံခေါက်တံခါးလေးအား ကန့်ထားသော မင်းတုန်းနှင့် ချက်များကို ဖွင့်လိုက်လေသည်။

မြဆည်းဆာမှာလည်း စောင်ကိုဖယ်ကာ အိပ်ရာထဲမှ လူးထဲထလိုက်လေသည်။ တက်ခါး ညအချိန်မတော်ရောက်လာခြင်းမှာ အကြောင်းတစ်ခုခုရှိ၍ဟု သိလိုက်သည်။

"မြဆည်းဆာကို နှိုးလိုက်"

"မမလေး နိုးနေပါပြီ"

မြဆည်းဆာသည် သူမအိတ်ထဲမှ အနွေးထည်တစ်ထည်ကို ထုတ်ယူကာ ဝတ်၍ အပြင်ခန်းသို့ထွက်လာခဲ့လေသည်။

ထိုအခါ လရောင်ဖြင့် အိမ်ပေါက်ဝတွင် ရပ်နေသော တက်ခါးနှင့်ဇက်ကြိုးဆွဲထားသော မြင်းနှစ်ကောင်ကို တွေ့လိုက်ရလေသည်။

နောက်တွင်လည်း သူတပည့်နှစ်ဦးသုံးဦးက မြင်းများစီးလျက် ရပ်နေလေသည်။

"မြဆည်းဆာ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"အချိန်မရှိဘူး။ မြဆည်းဆာရဲ့ ပစ္စည်းတွေယူလာခဲ့တော့။ မြင်းပေါ်တင် ဒီညထွက်မှဖြစ်မယ်"

တက်ခါး ရေးကြီးသုတ်ပျာပြောကြားလိုက်လေသည်။ မြဆည်းဆာသည် သူမ၏ခရီးဆောင်အိတ်ကြီးကို သွား၍လွယ်လိုက်သည်။ ခြေရင်းတွင် လှမ်းထားသော ထဘီရေစိုကို ကြည့်လျက်…

"အင်း…ဒါတော့ ရွှေအိအတွက်ထားခဲ့ရမှာပဲ"

ဟုဆိုကာ သွက်လက်စွာထွက်လာခဲ့လေသည်။

"ကဲ…မြဆည်းဆာ မြင်းစီးတတ်တယ် မဟုတ်လား"

"စီးတတ်ပါတယ်"

"ထင်တော့ ထင်သားပဲ မြင်းပေါ်တက်"

မြင်းမှာမြင့်မားနေ၍ မြဆည်းဆာ ခြေနင်းကွင်းကို မမီဖြစ်၍နေရာ မြန်ဆန်လှသော တက်ခါးက မြဆည်းဆာ၏ ခါးကိုမကာ မြင်းခြေနင်းကွင်းကို မီအောင် ချီပေးလိုက်ရာ…

"အိုး"

မြဆည်းဆာမှာ ထိုမျှသာ ညည်းညူနိုင်ကာ ခရီးဆောင်အိတ်ကို လွယ်ရင်း မြင်းပေါ်သို့ ရောက်သွားတော့၏။ မြဆည်းဆာက ထဘီကို သိမ်းထား မြင်းပေါ်တွင် ထိုင်မိသည်နှင့် ဇက်ကြိုးကို တက်ခါးကလှမ်းပေးလိုက်သည်။

"ဟိုဘက်ရွာမှာ ဟိုကောင်တွေ ရောက်နေပြီ မြဆည်းဆာ၊ မိုးလင်းရင် ဒီရွာကို ကူးလာမှာသေချာတယ်။ ကဲ သွားကြစို့။ မင်းတို့ ရွာထိပ် အထိပဲ လိုက်ပို့ကြပေ့"



သူ့နောက်မှ မြင်းစီးသမားလူသုံးဦးကိုပြောရင်း မြဆည်းဆာကို အမှတ်ပြုကာ မြင်းကို မောင်းထွက်သွားတော့၏။

×××

လရောင်ကြောင့် ရွာအနောက်ဘက်ထွက်သော လမ်းကလေးမှာ ရွှေနေသည်။ နှင်းများက ရီဝေအုံ့မှိုင်းနေသည်။ တက်ခါးက မြဆည်းဆာကို စောင့်ကာ ရှေ့မှ မြင်းကို မှန်မှန်စီးသွားသည်။ မြဆည်းဆာကလည်း ဇက်ကြိုးကိုလှုပ်ကာ ရိုက်ကာ နောက်မှအမီလိုက်လာလေသည်။

မြဆည်းဆာ မြင်းကောင်းကောင်းစီးနိုင်သည်ကို သိသော တက်ခါးမှာ ဘဝင်ကျသွားပြီး မြင်းကို အသုတ်နှင်လေတော့သည်။ မကြာမီ ကားလမ်းဘက်သို့ ထွက်သောနေရာသို့ ရောက်ရှိလာ၏။ သူတို့ ရွာ ဆည်ရိုးဆုံးလေပြီ။

တက်ခါးက မြင်းကိုအရှိန်လျှော့ကာ ရပ်လိုက်၍ မြဆည်းဆာ သည်း ဇက်ကြိုးကိုဆွဲကာ ကမန်းကတန်း ရပ်လိုက်လေသည်။

"ဟီး ဟီး ဟီး"

မြင်းက လန့်ကာ ဟီလိုက်သံထွက်လာသည်။ တက်ခါးက မြင်း ဇက်ကြိုးကိုဆွဲကာ နောက်ဘက်သို့လှည့်ကာ ရပ်လိုက်ရင်း…

"ကဲ…ပြန်တော့။ ဒီကောင်တွေ ဒီဘက်မှာတော့ မရှိလောက်ဘူး။ ငါ ပြန်မလာမချင်း မင်းတို့ရွာကလူတွေနဲ့ ကိုယ်လူတွေ စောင့် ရှောက်ကြ။ သူတို့ဘက်က ရန်မစမချင်း တိုက်တာခိုက်တာ မလုပ်နဲ့"

ဟု အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ငယ်သားများက ခေါင်းဆောင်ဖြစ်သူ တက်ခါးကို ရိုသေလေးစားစွာ ခေါင်းညိတ်ပြလိုက်ကြသည်။

"သွားကြတော့"

သူတို့အား ရွာထိပ်သို့ လိုက်ပို့သော မြင်းစီးသမားသုံးယောက်မှာ စကားသံဆုံးသည်နှင့် ရွာဘက်သို့ လှည့်ပြန်သွားကြလေတော့သည်။

"ကဲ...မြဆည်းဆာ သွားကြစို့၊ သိပ်မြန်မြန်စီးဖို့ မလိုတော့ဘူး။ ကျုပ်တို့ ဖြတ်လမ်းကနေပဲ သွားကြမယ်၊ ရထားလမ်းဘေးကပ်လို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲရှင်"

"ပုလိပ်တွေနဲ့ မျက်နှာဖြူအစောင့်တွေက စစ်လား ဆေးလား လုပ်နိုင်တယ်"

"အို...ဟုတ်လား...ဒါဆိုရင် ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်။ ကျုပ်က ဒီလမ်းတွေသွားနေကြပါ၊ ဒီရွာတွေကနေ အစောင့်ရှင်းတဲ့ ရထားလမ်းကိုဖြတ်တက်ပြီးတော့ ဇမ္ဗူရောက်အောင် သွားလို့ရတယ်။ ဇမ္ဗူရောက်ရင် ဟသ်ာတ မဝေးတော့ဘူးလေ"

"ရှင့်ကျေးဇူးကို ကျွန်မ ဘယ်လိုဆပ်ရမှန်းတောင် မသိဘူး"

"မလိုပါဘူး မြဆည်းဆာ၊ ကျုပ်တို့ မြန်မာမိန်းကလေးတစ်ယောက်ရန်သူ့လက်ကလွတ်အောင် ကူညီဖို့တာဝန် ကျုပ်မှာရှိပါတယ်"

"ရှင်...ရှင်ဟာ ဓားပြခေါင်းဆောင်တက်ခါးဆိုတာပဲပေါ့"

မြဆည်းဆာက ထိတ်လန့်သံဖြင့် မေးလိုက်သည်၊ သူတို့နှစ်



ယောက်သည် အတူမြင်းစီးလာရင်း စကားပြောလာခြင်းဖြစ်၏။

"ဟုတ်တယ်...မြဆည်းဆာ၊ ကျုပ်က လူတွေပြောသလို ချမ်းသာတဲ့ မြန်မာလူမျိုးတွေဆီက တိုက်ခိုက်တဲ့ တက်ခါးမဟုတ်ဘူး ဗြိတိသျှနယ်ချဲ့ ကိုလိုနီကိုယ်ကျိုးရှာသမား လူစားဟားတွေဆီက မတရားရထားတဲ့ငွေတွေကို တိုက်ခိုက်ပြီး မြန်မာလူမျိုးတွေကို ဝေပေးနေတဲ့ တက်ခါးပါ"

တက်ခါးက သူ့လုပ်ရပ်ကို ရှင်းပြလိုက်သည်။

"ရှင် ကျွန်မဆီမှာပါတဲ့ငွေတွေ ရွှေတွေကိုတော့ ဘာဖြစ်လို့ ယူယက်တာလဲ၊ မြန်အောင်ဘူတာကလူတွေပြောတော့ ရှင်က ဘာမဆို ယူတာဆို"

"ဟား ဟား ဟား ဟား"

ညသန်းခေါင်ယံတွင် ဓားပြခေါင်းဆောင်တက်ခါး၏ ရယ်မောသော ဝမ်းခေါင်းသံကြီး ထွက်ပေါ်လာသည်။

"အဲဒါ တက်ခါးကို နာမည်ဖျက်တာပေါ့ဗျာ၊ ကဲပါဗျာ ဒီနာမည်ကြီးက မကောင်းပါဘူး၊ လူတွေကြောက်လန့်နေတဲ့ နာမည်ကြီး မြဆည်းဆာက ကျုပ်ကို ဒီလိုခေါ်စရာမလိုဘူး"

"ဘယ်လိုခေါ်ရမှာလဲ"

"ကျုပ်နာမည်ရင်းက မျိုးနိုင်၊ မြဆည်းဆာ ကြိုက်သလိုခေါ်ပေါ့"

×××

ဇမ္ဗူဘူတာနှင့် လေးဖာလုံခန့်ဝေးသောနေရာရှိ ထန်းပင်နှစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



အောက်မှ အကြော်တဲလေးသည် မီးအိုးကလူလူ ထွက်နေလေသည်။ ထင်းခေါင်းတွင် နားလိုက်၊ အပန်းဖြေလိုက်ဖြင့် မြင်းစီးလာကြရာ တက်ခါး နှင့် မြဆည်းဆာတို့မှာ ထိုအကြော်တဲလေးအနီးသို့ ဝေလီဝေလင်းအချိန် တွင် ရောက်ရှိလာကြလေသည်။

"ကိုနိုင် ရှေ့က အငွေ့တလူလူထွက်နေတာ အကြော်တဲလေး ထင်တယ်"

"ဟုတ်တယ်ဗျ။ အဲဒီမှာ အကြော်ရရင် စားမလို့ဘဲ။ ဘာလဲ ဗိုက် ဆာနေပြီလား"

"ဆာပြီပေါ့။ တစ်ညလုံးမြင်းစီးလာရတာ ဗိုက်ကို ဟာနေတာပဲ"

မြဆည်းဆာမှာလည်း မရှက်တော့ဘဲ ပွင့်လင်းစွာ ပြောကြား လိုက်သည်။

"အကြော်ရပြီလားဗျို့"

ထန်းပင်နှစ်ပင်နားရောက်သည်နှင့် မြင်းကိုရပ်ကာ တက်ခါး အော်မေးလိုက်သည်။

"ဟာ...ရမယ်။ အကြွမ်းသောက်ရင်း ခဏထိုင်ပါလား။ ကြော် လည်း ရှိတယ်"

တက်ခါးက မြင်းပေါ်မှခုန်ဆင်းလိုက်သည်။ ပြီးနောက် မြဆည်း ဆာကို လက်တစ်ဖက် ကမ်းပေးလိုက်သည်။

မြဆည်းဆာက တက်ခါး၏လက်ကိုလှမ်းဆွဲကာ မြင်းပေါ်မှ ခုန် ချလိုက်သည်။ မြဆည်းဆာမှာ ဆံပင်လေးကပိုကရို၊ ဆွယ်တာအနက်ရောင် နှင့် တစ်မျိုးလှပနေသည်ကို တက်ခါး သတိထားလိုက်မိသည်။



မြဆည်းဆာက ကြေမွနေသောထဘီကို ဆွဲဆန့်ကာ တစ်ဘက် သို့လှည့်၍ "ခဏနော်...ကန်တော့" ဟုပြောကာ ထဘီကို ချပ်ချပ်ရပ်ရပ် ပြင်ဝတ်လိုက်သည်။

အကြော်တဲလေးထဲတွင် မီးဖိုနှင့်ဆီအိုးမှာ ပွက်ပွက်ဆူနေပြီး ဘူးသီးကြော်များ ကြော်ရန် အသက်ငါးဆယ်အရွယ် အဒေါ်ကြီးတစ်ဦးက ပြင်ဆင်နေ၏။ တဲထဲရှိ စားပွဲဝိုင်းတွင် မြေရေနွေးကရား မြေပဲကြော်နှင့် ချက်နာသုတ်ပဝါပေါင်းထားသော လူကြီးတစ်ဦးက ရေနွေးကြမ်း ထိုင် သောက်နေ၏။

ခရီးဆောင်အိတ်လွယ်ထားသော မိန်းမပျိုနှင့် ဓားတစ်ချောင်းကို ကျောတွင် လွယ်ထားသော တက်ခါးကိုတွေ့ရသောကြောင့် အဘိုးကြီးရော မိန်းမကြီးပါ အကဲခတ်ကြည့်ရှုနေ၏။

"အင်း...ခေတ်အခါကြီးကလည်း မကောင်းပါဘူး။ မိန်းကလေး ငယ်ငယ်ရွယ်ရွယ်တွေ ခရီးသွားရင် အစောင့်အရှောက်ပါမှ။ ထိုင်ကြ တော်ကြာ အကြော်ကရမှာပါ။ ဒီမှာ မြေပဲကြော်နဲ့အကြမ်းသောက်"

သူတို့ကိုယ်များတွင် နှင်းများစိုနေသောကြောင့် စားပွဲဝိုင်းတွင် မထိုင်သေးဘဲ အကြော်အိုးမီးဖိုနားတွင် မြဆည်းဆာရော တက်ခါးပါ ထိုင် ကာ မီးလှုံနေကြသည်။

"အဝေးက လာရတယ်ထင်ပါ့"

အကြော်များကို ဒယ်အိုးထဲသို့ ရှဲခနဲထည့်ရင်း မိန်းမကြီးက မေး လိုက်သည်။

"ဟုတ်ပါတယ်...ဇီးပင်ကြီးရွာဘက်က လာတာပါ"

www.burmeseclassic.com

www.burmeseclassic.com



တက်ခါးက ဖြေလိုက်၏။

"အဲဒီဘက်မှာလည်း ဓားပြက ထဆို"

အဘိုးကြီးက မေးပြန်၏။

"ဓားပြတော့ရှိတာပေါ့ ဘဘရယ်"

တက်ခါးက ဣန္ဒြေရရ ပြန်ဖြေလိုက်လေသည်။

"ကြယ်မင်းနဲ့တက်ခါးဆိုတဲ့ ဓားပြအဖွဲ့တွေက တော်တော်ဆိုးလို့ အင်္ဂလိပ်မင်းအစိုးရကတောင် ဝရမ်းထုတ်ထားရဲဆို"

အဘိုးကြီးက စပ်စုပြန်သည်။

"ဟုတ်ပါတယ် အဘရယ်။ ဒီလိုပေါ့ ကြည့်ရှောင်နေရတာပါပဲ"

တက်ခါးက မီးဖိုဘက်ကျောလှည့်ကြည့်ရင်းမှ ဖြေလိုက်သည်။

"အဘကြားတာတော့ တက်ခါးဆိုတာ တော်တော်ရက်စက်တယ်ဆိုလား။ ပုလိပ်အရာရှိတွေတောင် ခံတိုက်တယ်ပြောတယ်။ ငါ့တူတို့ရော တွေ့ဖူးလား"

"လူတွေက စကားချဲ့တာပါ အဘရယ်။ တက်ခါးက မျက်နှာဖြူလူချမ်းသာတွေနဲ့ သူတို့လက်ပါးစေတွေဆီကသာ တိုက်တာပါ။ မြန်မာလူမျိုးအချင်းချင်း မတိုက်ပါဘူး"

"သာဓုကွယ် သာဓု၊ ဒီလိုကြားရတာ ကောင်းပါတယ်"

×××

မိုးစင်စင်လင်းသွားပြီ ဖြစ်သည်။ မြဆည်းဆာသည်လည်း အကြော်များကို တဝစားပြီးနောက် မှန်ပိုင်းလေးဖြင့်ကြည့်ကာ သူမမျက်



ဆံ တို့ဖတ်ရိုက်၍ ခေါင်းမှဆံပင်များကို သေသပ်စွာ စည်းကာ ထုံးနှောင်လိုက်သည်။

တက်ခါးက ငွေတစ်မတ်ကိုပေးကာ...

"ကဲ ခွင့်ပြုပါဦး ဒေါ်ကြီးနဲ့အဘ ခရီးဆက်လိုက်ဦးမယ်"

ဟု နှုတ်ဆက်လိုက်၏။

"ကျွန်မကိုလည်း ခွင့်ပြုပါဦး"

"ဘယ်အထိ သွားကြမှာတုံး"

"ဟသ်ာတရောက်တဲ့အထိ သွားမှာ"

မြဆည်းဆာက လွှတ်ခနဲဖြေလိုက်၍ တက်ခါးက သတိပေးသောမျက်လုံးဖြင့် ကြည့်လိုက်သည်။

နောက်မှခြေရာခံလိုက်၍ အကြော်ဆိုင်ကို သတင်းစုံစမ်းသက မြဆည်းဆာရန်သူများက မြဆည်းဆာကို ခြေရာခံမိသွားနိုင်မည် ဖြစ်လေသည်။

"သူငယ်တို့လင်မယား ဘေးမသိ ရန်မခပါစေနဲ့။ ကဲ သွားကြ သွားကြ"

အကြော်သည် အဒေါ်ကြီးက ဆုတောင်းစကားဆိုလိုက်၍ မြဆည်းဆာမှာ ရှက်သွေးဖြာသွားပြီး၊ တက်ခါးမှာလည်း အားတုန့်အားနာ ဖြစ်သွားသည်။ မြင်းများကို ဆွဲလှည့်ပြီး ရွာလမ်းထဲမှ ဖြတ်လျှောက်လာခဲ့ကြ၏။

နှစ်ဦးစလုံး တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲ အားတုန့်အားနာ ဖြစ်နေသည်။ မြင်းလှည်းများ ရပ်ထားသောနေရာသို့ရောက်မှ တက်ခါးက

"ဟသ်ာတအထိ ဒီမြင်းနှစ်ကောင်ယူသွားလို့ မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ ကိုနိုင်"

"ဟသ်ာတအရေးပိုင်က မြင်းကောင်းတွေရှင် အတင်းဈေးနှိမ်ပြီး ဝယ်တတ်တယ်ပြောတယ်။ တော်ကြာ ကျုပ်မြင်းတွေ သိမ်းထားမှာ နိုး ရတယ်။ ခဏ ဒီမှာနေဦးနော် မြ"

ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် မြဆည်းဆာကို ထားခဲ့ကာ တက်ခါးသည် မြင်းလှည်းသမားများရှိရာသို့ မြင်းနှစ်ကောင် ဆွဲယူသွားသည်။ ထို့နောက် ခပ်ဝဝလူကြီးတစ်ဦးနှင့် စကားပြောကာ မြင်းနှစ်ကောင်ကို ပေး အပ်လိုက်သည်ကို တွေ့လိုက်ရသည်။

ပြီးနောက် မြဆည်းဆာရှိရာသို့ ရောက်လာလေသည်။

"လာ မြ・・・မြင်းလှည်းနဲ့သွားကြတာပေါ့။ ဟသ်ာတက သိပ် မဝေးတော့ပါဘူး။ မြဆည်းဆာ သွားမယ့်အိမ်က ဟသ်ာတ ဘယ်နားကလဲ"

"ရှင်"

မြဆည်းဆာ မျက်လုံးလေးများ ဝိုင်းသွားချည်။ သူမသည် အိမ် လမ်း စသည်တို့ကို တိတိကျကျ မသိပါ။

"ကျွန်မ ဦးသောင်းထွန်းဆိုတဲ့ ကပ္ပိယကြီးတစ်ယောက်ကို ရှာ ရမှာပါ"

"ဦးသောင်းထွန်း・・・ကပ္ပိယ・・・ကပ္ပိယဆိုတော့ ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်းမှာ ရှာရမှာပေါ့"

တက်ခါးက လျှင်မြန်စွာစဉ်းစားရင်း ဖြေလိုက်လေသည်။ မြင်း လှည်းကို ရပ်နိုင်းကာ မြင်းလှည်းခပေး၍ လျှောက်လာကြလေ၏။



"ဒီလိုပဲ ထင်ရတာပဲ"

"ဒါဆို ဟသ်ာတမှာ ဘုန်းကြီးကျောင်းတွေက များတယ်။ တစ် ကျောင်းဝင်တစ်ကျောင်းထွက် ရှာရမယ့်ကိစ္စဟာ မြလို မိန်းကလေးတစ် ယောက်အနေနဲ့ ဘယ်သင့်တော်မလဲ"

"ဘယ်တတ်နိုင်မလဲ ကိုနိုင်။ ဘဝက ဒီလိုပဲအခြေအနေ ဖေ ဆိုလာတာကိုး"

"ဒီတော့ တည်းခိုခန်းမှာ အေးအေးဆေးဆေးတည်းပြီးမှ ရှာ ဖြစ်မှာ မြ။ ဈေးနားမှာရှိတဲ့ တည်းခိုခန်းကို အရင်သွားကြတာပေါ့။ ဒီအတိုင်း ဆို လျှောက်သွားနေလို့မဖြစ်သေးဘူး"

မြဆည်းဆာ သက်ပြင်းချလိုက်သည်။ မြင်းလှည်းတစ်စီးကို တက်ခါး(မျိုးနိုင်)က လက်ခုပ်တီး၍ ခေါ်လိုက်လေသည်။ မြင်းလှည်းက သူတို့နှစ်ဦးရှိရာ မောင်းလာသည်။

"ဘယ်ကိုသွားမလဲ"

"ဟသ်ာတဈေးထဲကို ပို့ပါ"

"ကောင်းပါပြီ"

မြင်းလှည်းက ခြူသံတလွင်လွင်ဖြင့် ဟသ်ာတဈေးဘက်သို့ မောင်းလာသည်။ သိပ်ကြာကြာ မမောင်းလိုက်ရပါ။ လူစည်ကားသော ဟသ်ာတဈေးအနီး ကုက္ကိုပင်ကြီးအောက်သို့ ရောက်လာလေသည်။

"တော်ပြီ မြင်းလှည်းဆရာ ရပ်တော့"

မျိုးနိုင်က အမိန့်ပေးလိုက်သည်။ ဟသ်ာတဈေးမှာ လူစည်ကား နေရာ တစ်နေရာတွင် ရှုရှုတ်စုရုတ်စု ဖြစ်နေသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးထောင့်လမ်းဆုံနေရာတွင် ဖြစ်လေသည်။

လင်မယားရန်ဖြစ်ခြင်း၊ ခွေးနှစ်ကောင်ကိုက်ခြင်းကအစ ဝိုင်းကြည့်လေ့ရှိသော လူ့သဘာဝအတိုင်း လူအုံနေသည်။

"ကပ်ရဲတဲ့လူရှိရင် ကပ်၊ ကိုယ့်မိန်းမကို ကိုယ်ဆွဲတာ ဘာဖြစ်သလဲ"

"အို…တယ်ကြပါဦး၊ ကျွန်မ သူနဲ့ဘာမှမဆိုင်ပါဘူး၊ ကျွန်မကို နှောင့်ယှက်နေတာပါ"

"ဘာနှောင့်ယှက်တာလဲ၊ နင့်လင်ငယ်ဆီသွားချင်လို့မို့လား"

"ဖြန်း"

"အမလေး"

တက်ခါးသည် မတရားမှုကိုတွေ့လျှင် ရပ်ကြည့်နေတတ်သူမဟုတ်ချေ။ သူသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ မုန့်ဟင်းခါးဆိုင်နှင့် ကာကာဆိုင်ကို တွေ့ရသည်။

ကာကာဆိုင်ရှိရာသို့ လက်ညှိုးထိုးပြရင်း…

"မြ အဲဒီဆိုင်ထဲက ခဏစောင့်နော်"

ဟု ပြောလိုက်သည်။

"ကိုနိုင် ဘယ်သွားဦးမလို့လဲ"

"ခဏလေးပါ၊ ပြဿနာတစ်ခုကို ဖြေရှင်းပေးမလို့"

စကားကို ခပ်ပြတ်ပြတ်ပြောကာ မျိုးနိုင်က လှည့်ထွက်သွားသည်၊ ဝိုင်းနေသောလူများကြားမှ တိုးဝင်လိုက်သည်၊ ဂင်တိုတို၊ အကျီခပ်ညစ်ညစ်နှင့်လူတစ်ဦးက မိန်းမပျိုတစ်ဦးကို ဆွဲခေါ်နေ၏။



"မလိုက်ဘူး"

"ကျွန်မ မလိုက်ဘူး"

မိန်းမပျိုက ငြင်းနေသည်။

"ဘာမလိုက်ရမှာလဲ လာခဲ့"

"ရှင်နဲ့ကျွန်မနဲ့လည်း မသိဘူး၊ ဆိုင်လည်း မဆိုင်ဘူး၊ ကယ်ကြပါရှင်၊ ဒီလူ ကျွန်မယောက်ျားမဟုတ်ပါဘူး၊ ရှင်တို့ မယုံကြပါနဲ့"

မိန်းမပျိုက ငယ်သံပါအောင် အော်သည်၊ မျိုးနိုင်က ဓားသောက်ကြည့်ရင်း…

"ဟေ့ကောင်…လွှတ်လိုက်စမ်း၊ မင်း ဒါဘာလုပ်တာလဲ"

ဟု ခပ်တည်တည် ဟိန်းဟောက်လိုက်သည်၊ တုတ်တုတ်နိုင်နိုင်နှင့်လူက လှည့်ကြည့်၍ မျက်လုံးပြူးသွားသည်။

×××

"ငါ့မိန်းမကို ငါခေါ်တာ မင်းနဲ့ဘာဆိုင်လဲ ထွက်သွားစမ်း"

တုတ်တုတ်ခိုင်ခိုင် မျက်နှာပေါက်ဆိုးဆိုးနှင့်လူက လှည့်ကာပြောလိုက်သည်။

"မင်းမိန်းမ မဟုတ်ပါဘူးလို့ သူက ပြောနေတယ်"

"ဟုတ်ပါတယ် အစ်ကိုကြီးရယ်၊ သူ့ကို ကျွန်မ သိလည်းမသိပါဘူး၊ မြင်လည်း မမြင်ဖူးပါဘူး"

မိန်းမပျိုက ငိုယို၍ပြောလိုက်သည်။

"ဟေ့…သံဒိုင်တဲ့ကွ၊ မင်းက ဘာကြောင့်ဝင်ရှုပ်တာလဲ၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကို ကြောနိုချင်လို့လား"

သံဒိုင်ဆိုသူက လက်သီးနှစ်ဖက်ကိုဆုပ်ကာ မျိုးနိုင်ကို ရန်စကား ဆိုလိုက်သည်။ မျိုးနိုင်က ပြုံးလိုက်၏။

"မင်းမိန်းမဆိုလည်း ဒီလိုလူကြားထဲမှာ ဆွဲလား ရိုက်လား မလုပ်သင့်ဘူး။ သူ မလိုက်ချင် မင်းအခေါ်နဲ့ပေါ့။ နှိပ်စက်စရာမလိုဘူး"

"လူပါးဝတဲ့ကောင်···မဆိုင်ဘဲ ဝင်ရှုပ်တယ်။ သေပေတော့ကွာ"

သံဒိုင်က ခါးကြားမှ သံတုတ်ကိုထုတ်ကာ မျိုးနိုင်ကို ရိုက်ချ လိုက်သည်။ လူအုပ်ကြီးပင် ထိတ်လန့်ကာ နောက်ဆုတ်သွားကြ၏။

"ဝုစ်"

"အိုး"

မျိုးနိုင် သတိဖြင့်ရပ်နေသူဖြစ်၍ သူ၏ခေါင်းကို ရိုက်ချလိုက်သည် နှင့် အသာအယာဝင် ငုံ့ကာ ရှောင်ပေးလိုက်ပြီး၊ အားလွန်သွားသော သံဒိုင် ၏နံကြားကို သူ၏ခြေဖောင်းဖြင့် ခပ်ဆတ်ဆတ် ကန်ချလိုက်လေသည်။

သံဒိုင်မှာ ဘုန်းခနဲလဲကျသွားသည်။ ထိချက်ပြင်းထန်၍ မျက်နှာ ရှုံ့မဲ့ကာ ပြန်မထနိုင်။ ထိုအချိန်မှာပင် လူအုပ်ကြားမှ လူနှစ်ယောက် ထွက် လာသည်။ တစ်ဦးက ဓက်ကြီးတောင်ဓားကိုကိုင်ထားပြီး၊ အခြားတစ်ဦးက ဝါးတုတ်ရှည်ကို ကိုင်ဆောင်ထားလေသည်။

"ထိမယ်ဟေ့ ရှောင်ကြ"

လူအုပ်ထဲမှ တစ်ယောက်က သတိပေးလိုက်၍ နောက်သို့ဆုတ် သွားသည်။ မိန်းမပျိုမှာလည်း ထိတ်လန့်စွာ နောက်သို့ဆုတ်ပေးလိုက်သည်။ ကြည့်ရသည်မှာ သံဒိုင်နှင့်အပေါင်းပါလူများ ဖြစ်ဟန်တူသည်။ တုတ်ရှည်



သမားက မျိုးနိုင်ကို ဝင်ကာရိုက်လိုက်သည်။

"ဝိုး"

မျိုးနိုင်က သူ့ခါးပိုင်းကို ဖြတ်ရိုက်လိုက်သော တုတ်ချက်ကို ခုန် ရှောင်ကာ တုတ်သမား၏လက်ကို တံတောင်ဆစ်အောက်မှ ပင့်ကန်လိုက် သည်။

"ဖြောင်း"

"အား"

တံတောင်ဆစ်ရိုးကျိုးသွား၍ ညာလက်ကို ဘယ်လက်နှင့် ဆုပ် ရင်း တုတ်ကို လွှတ်ကျသွားသည်။ မျိုးနိုင်က တုတ်မြေမကျမီ ခြေနှင့် နင်းထောက်ကာ သူ့လက်ထဲတွင် ဖမ်းကိုင်လိုက်၏။

ပြေးဝင်ခုတ်ရန်လာသော ဓားသမားမှာ မျိုးနိုင်က တုတ်ရှည်နှင့် ထိုးလိုက်သောကြောင့် နောက်သို့ဆုတ်သွားသည်။

"ချွင်"

"ထန်"

ဓားသမားနှင့်တုတ်သမားတို့ ယှဉ်ပြိုင်ကာ တိုက်ခိုက်နေကြသည်။ နှုတ်ခမ်းမွေးကားကားနှင့် အသက်လေးဆယ်အရွယ် ဓားသမားမှာ သိုင်း ဆရာ အတော်အတန်တတ်၍ ပါးနပ်လိမ္မာသူတစ်ဦးဖြစ်ကြောင်း သိရသည်။ သူသည် မျိုးနိုင်၏တုတ်ရိုက်ချက်များကို ပါးနပ်စွာ ရှောင်တိမ်းရင်း ဓားဖြင့် ဖယ်ထုတ်နေသည်။

"ပုလိပ်တွေလာပြီ··· ပုလိပ်တွေလာပြီ"

ထိုအချိန်မှာပင် လူကြားထဲမှ အော်သံတစ်သံ ပေါ်လာသော

www.burmeseclassic.com

www.burmeseclassic.com



ခြောင့် ဓားသမားသည် လှည့်၍ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။ မျိုးနိုင်က တုတ်နှင့်ရိုက်ထားလိုက်၍ မပြေးသာဖြစ်နေသည်။ မြေကြီးပေါ်တွင် သံဒိုင် သတိမေ့နေသည်။

လက်ကျိုးသွားသောလူက လူအုပ်ကြားသို့ တိုးဝင်ရာ···

"သူလည်းပါတယ်···သူလည်းပါတယ်"

ဟုပြောပြ၍ ပုလိပ်ရာဇဝတ်အုပ် ကျော်လွင်ဆန်းက လက်ထိပ်ခတ်ကာ ဖမ်းဆီးလိုက်လေသည်။ နောက်ဆုံးတော့ သံဒိုင်၊ ဓားသမားနှင့် တုတ်သမားတို့ကို ပုလိပ်များက ဖမ်းဆီးသွားလေတော့သည်။ မျိုးနိုင်အား လူအုပ်ကြားတွင် အသာနောက်ဆုတ်နေလိုက်သည်။

×××

"လက်မရှုံသံဒိုင်ဆိုတာက မှသိမ်ထောင်ကို ဖောက်ပြေးလာတဲ့ လူသတ်သမားပေါ့ဗျာ။ သူက အဲဒီလိုပဲ ချမ်းသာတဲ့မိန်းကလေးတွေကို လူအုပ်ကြားမှာ ဆွဲခေါ်သွားပြီး လူကိုလည်း အနိုင်ကျင့်၊ ရွှေငွေရတနာယူပြီး ပြန်လွှတ်တဲ့ကောင်ပဲ။ ခုတော့ ပုသိမ်ထောင်မှာ အနှစ်နှစ်ဆယ်ကျတာ ဖောက်ပြေးလာတဲ့ကောင်"

ရာဇဝတ်အုပ်ဝန်ထောက် ဦးစိန်မောင်က ရာဇဝတ်အုပ် ကျော်လွင်ဆန်းကို ရှင်းပြလိုက်သည်။

"ကျွန်တော်တို့ သွယ်သွယ့်ကို အချိန်မီကယ်ပေးတဲ့ လူငယ်လေးကိုတော့ ကျေးဇူးပြုဖို့ ကောင်းတယ်"

ကျော်လွင်ဆန်းက သူ့ဆန္ဒကို ထုတ်ဖော်ပြောဆိုလိုက်လေ



သည်။

"သမီး အဲဒီလူကို မှတ်မိသလား။ သွယ်သွယ် ဒီဟာသာတမြို့က လား"

"လူကိုတော့ မှတ်မိပါတယ် ဖေဖေ။ မွန်မွန်ရည်ရည်နဲ့ ခပ်ငယ်ငယ်လူပါပဲ။ ဖျတ်လတ်လိုက်တာလည်း မပြောပါနဲ့တော့။ ဒီလိုလူမျိုး မေမေ့မှာရှိရင် သိပ်အားကိုးရမှာပဲ"

သွယ်သွယ်က ဓားပြခေါင်းဆောင် တက်ခါးခေါ်မျိုးနိုင်၏ ဇစ်မြစ်ကို မသိသေးသောကြောင့် သူ့စိတ်ထဲတွင်ရှိသည်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

"အဲဒါထားပါဦး ကျော်လွင်ဆန်း"

"ဗျာ"

"ဒီသူငယ်က ပုလိပ်ဘက်နဲ့ပတ်သက်ပြီး ရှင်းလင်းရမှာကြောက်လို့ ရှောင်သွားတဲ့တောသားထင်ပါရဲ့ကွာ။ မင်း ဟင်္သာတဈေးတစ်ဝိုက်မှာ ရှာကြည့်စမ်းပါ။ သမီးပါခေါ်သွား"

"ဆရာက ဒီလူကို စိတ်ဝင်စားနေပြီထင်တယ်။ ကျွန်တော် ရအောင် ရှာခဲ့ပါ့မယ်"

ကျော်လွင်ဆန်းက အာမခံလိုက်သည်။ ကျော်လွင်ဆန်းကို သွယ်သွယ်က လှမ်း၍ မျက်စောင်းထိုးလိုက်၏။ ရာဇဝတ်အုပ် ကျော်လွင်ဆန်းမှာ ဆတ်ကျောင်းဆင်း လူပျိုလူလွတ် လူငယ်တစ်ဦးဖြစ်ပြီး သွယ်သွယ့်ကို ချစ်ကြိုက်နေသူဖြစ်၏။

သွယ်သွယ်ကတော့ ကျော်လွင်ဆန်းပေါ်တွင် ချစ်သည့်အရိပ်

www.burmeseclassic.com

www.burmeseclassic.com



အဆောင်လေးတွေထော မရှိသေးဘဲ မိတ်ဆွေသူငယ်ချင်းလိုသာ ဆက်ဆံနေခဲ့လေသည်။ ရာဇဝတ်ဝန်ထောက်ကြီးအား အလေးပြုကာ ကျော်လွှင်ဆန်းက အခန်းထဲမှ ထွက်လာသည်နှင့် သွယ်သွယ်ပါ လိုက်လာသည်။

သွယ်သွယ်သည် ရာဇဝတ်ဝန်ထောက်ကြီးဦးစိန်မောင်၏ တစ်ဦးတည်းသောသမီးဖြစ်၍ ငယ်စဉ်ကပင် မိခင်ဆုံးသွားသောကြောင့် ဆိုးချင်တိုင်း ဆိုးနေသည့် မိန်းကလေးတစ်ယောက်ဖြစ်လေသည်။ ပို၍ ဆိုးသည်မှာ ရာဇဝတ်အုပ်ကြီးက မထွေးသိန်းဆိုသော ငယ်ရွယ်နုပျိုသည့် မိန်းမတစ်ဦးနှင့် လက်ထပ်လိုက်သောအခါတွင် သွယ်သွယ်မှာ မကျေနပ်၍ ဆုံးမရ ခက်နေသည်။

မထွေးသိန်းမှာ လုံးကြီးပေါက်လှ မော်လမြိုင်သူတစ်ဦးဖြစ်သောကြောင့် မင်းကြီးကြိုက်ဟု ပြောရမည့်အသွင်အလျာရှိသည့် မိန်းမမျိုးဖြစ်သည်။ မျက်နှာပြင် ချောသလောက် စကားပြောချိုသာသည်။ သူမသည်လည်း ဝန်ထောက်တစ်ဦးနှင့် ညားရခြင်းအတွက် သူမဘဝကို ကျေနပ်နေသူဖြစ်ရာ သွယ်သွယ်ကို သမီးအရင်းလေးကဲ့သို့ပင် အလိုလိုက် သည်းခံရှာသည်။

အမေအရင်းမဟုတ်သည်ကို သိသော သွယ်သွယ်ကတော့ မထွေးသိန်းကို မနှစ်မြို့သော်လည်း သူမအပေါ်တွင် အလိုလိုက်မှု အစစအရာရာဖေးမ၍ ဖခင်မသိအောင်ပင် ကာကွယ်ပေးမှုတို့ကြောင့် ရိုင်းရိုင်းပျပျတော့ မဆက်ဆံပေ။ အမေဟူ၍ကား မခေါ် "ဒေါ်ဒေါ်" ဟူ၍သာ ခေါ်၏။

သဘောထားကြီးသော ဝန်ထောက်၏နေ့ဇက်ဇနီးမှာ သွယ်သွယ်၏ဆိုးမှု အနိုင်ယူမှုတို့ကို အပြုံးမပျက်ခံသည့်အပြင် မိန်းကလေးသဘာဝတို့



လည်း ချော့မော့ဆုံးမလေ့ရှိသည်။ ဝန်ထောက်ကြီး ဧည့်ခန်းမှထွက်သွားသည်နှင့် သွယ်သွယ်ထိုင်နေရာအနီးသို့ မထွေးသိန်း ရောက်ရှိလာသည်။

"သမီးရယ် . . . ဒေါ်ဒေါ် ဖြင့် စိတ်တွေပူလိုက်တာ။ ဒီအကောင်တွေကို မိလို့ တော်တော့တာပေါ့။ သူတို့ ဝန်ထောက်သမီးဆိုတာတောင် မသိဘူးလား"

"ဘယ်သိမလဲ ဒေါ်ဒေါ်ရဲ့။ ဝန်ထောက်သမီးလည်း လူပဲ။ လည်ပင်းမှာ ဆိုင်းဘုတ်ဆွဲထားတာမှ မဟုတ်တာ"

"အင်း . . . ဒါလဲ ဟုတ်ပေတာပဲ။ သူတို့က ချော်ကျွင်းတွေ လက်ကောက်တွေမြင်လို့ လုဖို့ဆွဲခေါ်တာနေမှာပေါ့"

"ဟုတ်တယ် ဒေါ်ဒေါ်ရဲ့။ အဲဒီအစ်ကိုကသာ လာမကယ်ရင်ဆေ သွယ်သွယ့်ကို ဘယ်ခေါ်သွားမလဲမသိဘူး။ သွယ်သွယ့်ကို လက်ပြန်ချိုက်တာ ခုထိ နာနေတယ်"

"အို . . . ဟုတ်ပါရဲ့။ ပါးတစ်ခြမ်းတောင် ညိုနေတယ်။ လာ သမီး ဆေးလိမ်းရအောင်နော်"

"နာအောင် မလိမ်းနဲ့နော် ဒေါ်ဒေါ်"

"အေးပါ သမီးရယ် . . . သမီးကို စော်ကားတဲ့ကောင်တွေကို အချုပ်ခန်းထဲမှာ နာနာရိုက်နိုင်းဖို့ အစ်ကိုကြီးကို ပြောထားတယ်။ ကျော်လွှင်ဆန်းကိုပဲ အားကိုးရတယ်နော်"

"တော်ပါ သူ့ရောက်မလာလည်း ဟိုအစ်ကိုက တစ်ယောက်ပြီး တစ်ယောက် လဲအောင်ရိုက်မှာ။ သိပ်ကြည့်ကောင်းတာပဲ။ ဒေါ်ဒေါ်ရဲ့ သူ ရောက်လာတော့ အမှုပတ်မှာစိုးလို့ လူကြားထဲကနေ ပြီးထွက်သွားတာ"

www.burmeseclassic.com



"ဟင်း. . .ဒါဆို ဒီသူတော်ကောင်းလေးက ဒီမြို့ထဲမှာ ရှိနေတာပေါ့"

"ဒီမြို့မှာနေတာ ဟုတ်ချင်မှ ဟုတ်မယ်။ ကျွန်မထင်တာတော့ ဒေနနားမှာပဲ ရှိဦးမယ်ထင်တယ်"

"မောင်ကျော်လွင်ဆန်းက ရှာပေးမယ်ဆို"

"သူက လူတောင်မှ မမြင်လိုက်ရတာ ဘယ်လိုလုပ် ရှာမလဲ ဒေါ်ဒေါ်ရဲ့။ သမီးကသာ လူကို မြင်ဖူးတာ။ သမီးရှာမှ တွေ့မှာပေါ့"

ဒေါ်ထွေးသိန်းက သွယ်သွယ်၏မျက်နှာကို ပြုံး၍ ကြည့်လိုက်သည်။

"သမီးကြည့်ရတာ ကယ်တင်တဲ့သူရဲ့ကောင်းကို သိပ်အထင်ကြီးနေပြီထင်တယ်"

"အထင်ကြီးတာပေါ့ ဒေါ်ဒေါ်ရဲ့။ သူကလေ လူကလည်း ခပ်ချောချော။ အရပ်မြင့်မြင့်။ သမီးကို ဆွဲလွှဲနိုပ်စက်နေတဲ့ သံဒိုင်ကို ကန်ထည့်လိုက်တာ တစ်ချက်တည်းပဲ။ ဓားသမားနဲ့ တုတ်သမားကိုလည်း တစ်ယောက်တည်း ခုခံချတာ။ ကိုကျော်လွင်ဆန်းရောက်မလာရင် ဓားသမားရော တုတ်သမားရော အလဲပဲ"

"ဟုတ်ပါ့မလား သမီးရယ်"

"ဟုတ်တယ် . . .သူတိုက်ခိုက်ပုံကြည့်တာနဲ့ သမီးသိတာပေါ့။ သမီးတောင် သူ့ဆီက တတ်နိုင်ရင် သိုင်းပညာသင်ချင်တယ်။ ဒါမှ သမီးကို နှောင့်ယှက်မယ့် ယောကျ်ားတွေကို ဒီလို ဒီလို"

ဘယ်လက်ညာလက်ဖြင့် တိုက်ခိုက်ဟန်မျိုး ပြလိုက်သောကြောင့်



ဒေါ်ထွေးသိန်းက သူ့ကို မထိအောင် နောက်သို့ ရှိုရှောင်ရင်း. . .

"သမီးရယ် ဒေါ်ဒေါ့မျက်နှာလည်း ရိုက်မိပါ့မယ်"

ဟု ပြောလိုက်သည်။

"အိုး. . .မတော်လို့ ဒေါ်ဒေါ် ကန်တော့ ကန်တော့။ ဟိုအစ်ကို တိုက်ခိုက်တာမြင်ပြီးတော့ သမီးပါ မာန်ပါသွားလို့ပါ"

"သမီး သင်စရာမလိုပါဘူးကွယ်။ သူ့ကို သမီးအနားမှာ အမြဲ အောင်ဒီဂတ်လုပ်ခိုင်းရင် စိတ်မချရဘူးလား"

"အို. . .ဒေါ်ဒေါ်ကလည်း"

×××

ရန်ပွဲတွင် မျိုးနိုင်ဝင်ရောက်တိုက်ခိုက်နေပြီဆိုသည်ကို သိ၍ စိတ်မချသောကြောင့် မြဆည်းဆာက ကာကာဆိုင်တွင် ဝင်မနေဘဲ လူအုပ်ကြားထဲမှ သွားချောင်းကြည့်သည်။ လူဆိုးများကို မျိုးနိုင်က တစ်ဦးပြီး တစ်ဦးတိုက်နေသည်ကို တွေ့ရပြီး၊ နစ်ဦးထိခိုက်၍ ပုလိပ်များရောက်နေသည်ကို တွေ့ရမှ ကွဲသွားသောလူအုပ်ကြီးနှင့်ရောကာ ကာကာဆိုင်ထဲတွင် ဝင်ထိုင်လိုက်သည်။

ကိတ်မုန့်နှင့် ကော်ဖီတစ်ခွက်မှာကာ သောက်နေသည်။ မျိုးနိုင်က ချက်ချင်းရောက်မလာသေးပေ။ လူဆိုးသုံးဦးကို ပုလိပ် ရာဇဝတ်အုပ် ကျော်လွင်ဆန်းနှင့် ပုလိပ်များက ဖမ်းခေါ်သွားပြီး လူရှင်းသွားမှ မျိုးနိုင်သည် ကာကာဆိုင်ထဲသို့ ဝင်လာ၏။

"စောင့်နေရတာ ကြာပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ကြာပြီပေါ့ လူစွမ်းကောင်းကြီးရဲ့၊ ရှင်က ရွှေမင်းသမီးလေးကို လူဆိုးတွေလက်ထဲက သွားကယ်ပေးလိုက်တာကိုး"

"မြ လာပြီး ကြည့်တယ်ထင်တယ်"

"ကြည့်တာပေါ့၊ ရှင်တစ်ခုခုဖြစ်သွားရင် ဝင်ကူမယ့်သူမှ မရှိဘဲ ကိုနိုင် ရှင့်ရဲ့တိုက်ရည်ခိုက်ရည်ကို ရှင် တကယ်ယုံတာကိုး"

"ယုံတာတော့ မဟုတ်ပါဘူး။ ကြည့်လိုက်တာနဲ့ မိန်းကလေး တစ်ယောက်ကို မတရားကြံနေတယ်ဆိုတာ သိရတာကိုး"

"ကျွန်မလည်း ထင်ပါတယ်။ အေးကလူတွေက ဘာမှဝင်မလုပ် တာ အံ့ဩစရာပဲ"

"လူတွေကလည်း ရတ်တရက် ကိုယ့်ကိစ္စမဟုတ်တော့ ဝင်မ မရှုပ်ရဲဘူးလေ။ အဲသလိုနဲ့ လူကြားထဲကနေဆွဲထုတ်ခံရပြီး ရေတိမ်နစ် တဲ့ မိန်းကလေးတွေ ဘယ်နှည်းတော့မလဲ"

မျိုးနိုင်က လူဆိုးများကို မကျေနပ်သည့်အသံဖြင့် ပြောဆိုလိုက် သည်။

"ရှင်က ပုလိပ်ဘက်ကို ဝင်ဖို့ကောင်းတယ်"

"အို . . . ဘာလို့ဝင်ရမှာလဲ၊ ကျုပ် ဗြိတိသျှအစိုးရရဲ့ သူ ဘယ်တော့မှ မလုပ်ဘူး။ မြန်မာပြည်ကို ဗြိတိသျှတွေ သိမ်းပြီးကတည်းက ကျုပ်အဘိုးတွေ အဖေတွေဟာ ရရာလက်နက်နဲ့ မောင်းနှင်ထုတ်ရင်း ခဲ့ကြတာ၊ ကျုပ်က သစ္စာခံရင် ဘယ်လောက်ရှက်စရာကောင်းလဲ"

"တိုးတိုးပြောပါရှင်၊ ဟိုမှာ ပုလိပ်တစ်ယောက် ဒီဘက်လာ တယ်"



ရာဇဝတ်အုပ်ကျော်လွင်ဆန်းက ဆိုင်ထဲသို့ ဟိုဟိုသည်သည် ကြည့်ကာ ထွက်သွားသည်။ လက်ဖက်ရည်ဆိုင်ထဲသို့ ရောက်ရှိလာသူများ မှာ လူသစ်များဖြစ်နေ၍ စောစောက ရန်ပွဲကို သိမြင်လိုက်သူ မပါပေ။

ထိုသို့ဖြစ်စေရန်အတွက်လည်း သူ့ကို သိမြင်လိုက်သူများ ဟုတ် မဟုတ် အကဲခတ်ပြီးမှ မျိုးနိုင်က ကာဂျာဆိုင်ထဲသို့ ဝင်လာခဲ့ခြင်းပင် ဖြစ် သည်။ အမေးခံရသူများက ခေါင်းခါပြလိုက်သည်။ ကျော်လွင်ဆန်းမှာ ခပ် ဝေးဝေးရှိ ဆိုင်ကလေးများရှိရာသို့ သွယ်သွယ့်ကို ကယ်တင်သော လူငယ် အား စုံစမ်းရန်ထွက်သွားသည်။

သွယ်သွယ်ကတော့ ကျော်လွင်ဆန်းထွက်သွားသည်ကို ကြည့် ရင်း ကာဂျာဆိုင်ထဲသို့ ဝင်လာခဲ့သည်။ သူမသည် အနီရောင်လက်ပြတ် အင်္ကျီနှင့်ချိတ်လုံချည်အနီ ကန့်လန့်စင်း ဝတ်ဆင်ထား၍ ဖြူဖွေးသော အသားအရည်ဖြင့် လိုက်ဖက်နေသည်။

ဆိုင်ပေါက်ဝကို ကျောပေးထားသော မျိုးနိုင်က သွယ်သွယ့်ကို မမြင်သော်လည်း ဆိုင်ပေါက်ဝသို့ မျက်နှာလှည့်ကာ ထိုင်နေသော မြ ဆည်းဆာက သွယ်သွယ့်ကို မြင်သွားသည်။

"ဟင် . . . ဒီမိန်းကလေး ဒီလောက်အန္တရာယ်နဲ့ကြုံတာတောင် အဝတ်အစားလဲပြီး ဈေးဘက်ကို တစ်ခေါက်ပြန်လာပြန်ပြီ"

"ဟင်"

မျိုးနိုင်မှာ ဖျတ်ခနဲလှည့်ကြည့်လိုက်၏။ ဆိုင်ထဲသို့ ဝင်လာသော သွယ်သွယ်က လှမ်းအကြည့်နှင့် မျက်လုံးချင်း ဆုံသွားကြသည်။ သွယ် သွယ်သည် မြဆည်းဆာနှင့်အတူ မျိုးနိုင်ကို တွေ့လိုက်ရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အသိမကျသလို ဖြစ်သွားသော်လည်း မျိုးနိုင်ရှိရာသို့ လျှောက်လှမ်းလာခဲ့၏။

"မင်းဒီနေရာကို ချက်ချင်းပြန်ရောက်လာတယ်။ မင်းအိမ်က နီးနီးလေး ထင်တယ်"

မျိုးနိုင်က အံ့ဩသံဖြင့် ပြောလိုက်၏။

"အစ်ကို့ကို လာရှာတာပါ။ ဖေဖေက အစ်ကို့ကိုရှာပြီး ခေါ်ခိုင်းလိုက်ပါတယ်။ ကျွန်မကို ကယ်တဲ့အတွက် ကျေးဇူးဆပ်ချင်လို့"

သွယ်သွယ်က သွက်သွက်လက်လက်မင် ပြောဆိုလိုက်၏။

"ဩော်···မလိုပါဘူး။ အမြင်မတော်လို့ ကျုပ်က ဝင်ကူညီတာပါ။ ကျုပ်ကို ဘာကျေးဇူးမှဆပ်စရာမလိုပါဘူး"

မျိုးနိုင်က ခပ်ပြတ်ပြတ်ပြောလိုက်သည်။ မျိုးနိုင်စကားကြောင့် မြဆည်းဆာက အားတုံ့အားနာ ဖြစ်သွားသည်။

"ဘာပဲဖြစ်ဖြစ် တစ်ဘက်က ဖိတ်ကြားမှတော့ စကားလေး ဘာလေးလိုက်ပြောမှ ကောင်းမှာပေါ့ ကိုနိုင်"

"ဟုတ်ပါတယ် အစ်မကြီးရယ်။ ဘာပဲဖြစ်ဖြစ် အသက်အန္တရာယ်ကို ကယ်ဆယ်တဲ့ကျေးဇူးရှင်ဆိုတာ ဒီအတိုင်း ဘာကျေးဇူးမှမပြုရရင် ကျွန်မတို့ မိသားစု ဘယ်ကောင်းပါ့မလဲ။ အစ်မက ···"

"အစ်မက ကိုမျိုးနိုင်ရဲ့ ညီမပါ"

"ဩော်···ဒါဆို မမပါလိုက်ခဲ့ပါနော်"

"မမပါတော့ ပိုကောင်းတာပေါ့"

မျိုးနိုင်က မလိုက်ပါဖို့ မျက်ရိပ်မျက်ကဲပြသော်လည်း မြဆည်းဆာက ဂရုမပြုပေ။



"ကျွန်မ မြင်းလှည်းသွားပြီး ခေါ်လိုက်မယ်နော်။ ခဏလေး"

ဝန်ထောက်သမီး သွယ်သွယ်မှာ ကိုယ်ပိုင်မြင်းလှည်းဖြင့် ရောက်လာခြင်းဖြစ်သည်။ ခပ်ဝေးဝေး ကုက္ကိုပင်ရိပ်တွင် မြင်းလှည်းကို ရပ်ထားခြင်းဖြစ်၏။ ဟသ်ာတတစ်မြို့လုံးက ပုလိပ်ဝန်ထောက်ကြီးဦးစိန်မောင်၏ မြင်းလှည်းဖြစ်ကြောင်း သိရှိကြသည်။

သွယ်သွယ်ထွက်သွားတော့မှ···

"မြ ဘာလို့ သူတို့ဖိတ်တာကို လိုက်ဖို့ သဘောတူရတာလဲ"

ဟု မျိုးနိုင်က မေး၏။

"ကျွန်မရဲ့ကိစ္စက ရှိသေးတယ် မဟုတ်လား။ ရှင်က သူတို့ရဲ့ ကျေးဇူးရှင်ပဲ။ သူတို့ကို အကူအညီတောင်းပြီးရှာရင် ပိုပြီး အဆင်ပြေ မသွားဘူးလား"

"သူတို့က ပုလိပ်ဘက်ကလူတွေဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ အစောက ပုလိပ်ရာဇဝတ်အုပ်တစ်ယောက်လည်း လာပြီး ဟိုရှာဒီရှာ လုပ်တာတွေ့တယ်မို့လား"

"အို···ကိုနိုင်ကလည်း ရှင့်ကို ဘယ်သူမှ မသိနိုင်ဘူး။ ရှင်က နေရှုကောင်းဖို့ပဲ လိုပါတယ်။ ဒါမှ ရှင့်အတွက်တောင် မိတ်ဆွေဖြစ်ပြီး အကာအကွယ်ရနိုင်တယ်။ ချမ်းသာတဲ့လူတွေဖြစ်တာတော့ သေချာတယ်"

"ဒါမျိုးက ရှောင်တာကောင်းပါတယ် မြရယ်။ ကိုယ့်မှာက···"

မျိုးနိုင်စကားမဆုံးမီ···

"အစ်ကိုနဲ့ အစ်မ လာ···မြင်းလှည်းရောက်လာပြီရှင့်"

ဟု ပြောသောကြောင့် မျိုးနိုင်နှင့် မြဆည်းဆာတို့မှာ ထကာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ထားသည်။

မျိုးနိုင်၏ညီမဟုဆိုသောကြောင့် သွယ်သွယ်က လက်ကလေး ကို လာဆွဲကာခေါ်ဆောင်သွားလေတော့သည်။ သွယ်သွယ်၏ မျက်နှာ ပြုံးရွှင်လျက်ရှိနေလေသည်။

×××

အုတ်ထရံပတ်ပတ်လည် ကာရံထားသော ကျယ်ဝန်းသော ထ တံခါးကြီးတစ်ခုရှေ့သို့ ရောက်ရှိလာသည်။ တံခါးပေါက်ဝရှိ အုတ်တိုင်တွင် ကြေးဝါဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်။ ဆိုင်းဘုတ်ပေါ်တွင် ရေးထုထား သော စာလုံးများကား…

"ရာဇဝတ်ဝန်ထောက်ကြီးဦးစိန်မောင်"

ဟူသော စာလုံးများပင်ဖြစ်သည်။

ထိုစာလုံးများကို မြင်လိုက်ရ၍ မြဆည်းဆာ၏စိတ်ထဲတွင် မည် သို့မျှ အပြောင်းအလဲမရှိသော်လည်း ရာဇဝတ်မှုမကင်းသော တက်ခါး မျိုးနိုင်၏စိတ်ထဲမှာကား ဒိန်းခနဲ တုန်လှုပ်သွားလိုက်လေသည်။

အစောင့်စန္တရီပုလိပ်က သွယ်သွယ်၏ မြင်းလှည်းကို တွေ့သည် နှင့် ခြံတံခါးကို ဖွင့်ဟပေးလိုက်သည်။

"ညီမက ဝန်ထောက်ကြီးရဲ့အိမ်မှာနေတာကိုး"

"ကျွန်မက ရာဇဝတ်ဝန်ထောက်ကြီးဦးစိန်မောင်ရဲ့သမီး သွယ် သွယ်ပါ"

သွယ်သွယ်က သူမကိုယ်သူမ ဂုဏ်ယူစွာဖြင့် ပြောလိုက်လေ



သည်။ မျိုးနိုင်ကတော့ သွယ်သွယ်၏စကားကို မကြားလေဟန်ဖြင့် ခြံထဲမှ ပန်းပင်များကို ကြည့်နေသည်။ နိုင်ငံခြားဖြစ် ပန်းများဖြစ်သော ဒေလီယာ နှင့် ဂန္ဓမာပန်းများကို လှလှပပ စိုက်ထားသည်ကို တွေ့ရသည်။ တိုက်ကြီး ၏ရှေ့တွင် လှပသော ပန်းခြံရှိပြီး ပန်းခြံနှင့် တိုက်ကြားတွင် လှပသော မြက်ခင်းပြင်တစ်ခုရှိနေ၏။

မြင်းလှည်းက တိုက်ကြီး၏တံခါးပေါက်ရှေ့ ပေါ်တီကိုအောက်တွင် ရပ်ဆိုင်းသွားသည်။ မြဆည်းဆာနှင့် မျိုးနိုင်တို့က သွယ်သွယ်၏နောက်မှ လိုက်၍ဆင်းလာကြသည်။ သံတံခါးကြီးကို အိမ်ဖော်မြန်မာအမျိုးသားကြီး က ဆွဲဖွင့်ပေးလိုက်လေသည်။

"ကိုမြင်း"

"ကဲ…အစ်ကိုလာ။ ဒီဧည့်ခန်းမှာ ခဏထိုင်ဦးနော်။ ဖေဖေ စာကြည့်ခန်းထဲမှာ ရှိမယ်ထင်တယ်"

သွယ်သွယ်က အီတာလျံကျောက်ပြားများ ပြောင်လက်စွာ ခင်း ထားသော ဧည့်ခန်း၏အလယ်တွင် ဧည့်သည်များ ထိုင်ရန် ချထားသည့် ဆက္ကီပါအစိမ်းရောင် ဆိုဖာကုလားထိုင်ကြီးများတွင် လက်ညှိုးထိုး၍ ထိုင် ခိုင်းလိုက်လေသည်။

သွယ်သွယ်ထွက်သွားတော့မှပင် မျိုးနိုင်က မြဆည်းဆာ နားသို့ ကပ်လျက် ခပ်တိုးတိုးပြောလိုက်သည်။

"ကဲ…တွေ့တဲ့အတိုင်းပဲ။ ကျုပ်ကတော့ ကျွန်ုပ်ရောက်ချောက် ထဲ ကျုပ်ခုန်ချသလိုဖြစ်နေပြီ"

"အို…ရှင့်ကို ဘယ်သူက မြင်ဘူးလို့လဲ။ ရှင်မှတ်ပုံ သူကိုဆီ

www.burmeseclassic.com

www.burmeseclassic.com



နှာ ရှိမှာတဲ့လား"

မြဆည်းဆာကလည်း ခပ်တိုးတိုး အားပေးစကား ပြောကြား လိုက်၏။

"မင်းက တော်တော်အပြောကောင်းတယ်။ ခတ်ပုံမရှိပေမယ့် သူတို့က တို့နယ်ဘက်တွေကို စုံထောက်တွေလွှတ်ထားတော့ ပုံသဏ္ဍာန် အရုပ်အမောင်းနဲ့ အမှတ်အသားတွေ ဘာတွေ သိနေနိုင်တယ် မြ"

"ဂ္ဂာမြွေကောင်းဖို့လိုပါတယ် ကိုနိုင်။ ရှင့်အမူအရာပျက်ရင်သာ ချက်ချင်းသိသွားမှာ။ ကျွန်မတို့ ခဏစကားပြောနှုတ်ဆက်ပြီးပြန်ရင် ဘာမှ မဖြစ်နိုင်ပါဘူး"

"ဒီလိုပဲဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ"

သူတို့စကားသံများ တိတ်ဆိတ်သွားသည်။ သူတို့၏ခေါင်းရင်းဘက် မှ အခန်းတံခါးပွင့်သွားပြီး ထောင်ထောင်မောင်းမောင်း နှုတ်ခမ်းမွေးကား ကား မျက်ခုံးထူထူနှင့် အသက်ငါးဆယ်ခန့်အရွယ်ရှိသော လူကြီးတစ် ယောက် ထွက်လာသည်။ လက်တစ်ဖက်တွင် ဆေးတံနှင့် ဆေးဘူးကိုပါ ယူလာ၏။

လူကိုကြည့်ခြင်းဖြင့် ရာထူးဂုဏ်သိက္ခာရှိသော လူကြီးတစ် ယောက်ဟု သိသာနေလေသည်။ မြဆည်းဆာက အရိုအသေပေးသည့် အနေဖြင့် ထရပ်လိုက်သော်လည်း ပင်ကိုယ်ကပင် ပုလိပ်အရာရှိနှင့် မျက် နှာဖြူအာဏာရှင်များကို မုန်းတီးလျက်ရှိသည့် တက်ခါးမှာ လုံးဝပင် အရေး လည်းမစိုက် လှည့်၍ပင် မကြည့်ပေ။

"ထိုင်ပါ…ထိုင်ပါ…မထပါနဲ့။ ကျုပ်ကို အရိုအသေပေးစရာ



မလိုပါဘူး"

တက်ခါး(မျိုးနိုင်)နှင့် မြဆည်းဆာတို့ရှေ့တွင် ဝန်ထောက်ဦး မောင်က ထိုင်လိုက်သည်။ မကြာမီ ကော်ဖီပန်းကန်နှင့် မုန့်များကို သယ် လာသော အိမ်ဖော်နှင့်အတူ သွယ်သွယ်နှင့် ဒေါ်ထွေးသိန်းတို့ လိုက်ပါလာ ကာ ဦးစိန်မောင်၏ တစ်ဘက်တစ်ချက်တွင် ဝင်ထိုင်လိုက်ကြသည်။

"မောင်ရင်က ကျုပ်သမီးကို ဒုက္ခပေးနေတဲ့ လူဆိုးတွေကို တိုက် ခိုက်ပြီး ပုလိပ်တွေက ဖမ်းဆီးလို့ရအောင် ကူညီတဲ့အတွက် ကျုပ် အများ ကြီးကျေးဇူးတင်ပါတယ်။ ပုလိပ်ဘက်မှာ အမှုထမ်းဖို့များ စိတ်သနား မပါဘူး လား"

"မပါပါဘူး ခင်ဗျာ။ စိတ်တော့မရှိပါနဲ့။ မတရားမှုတွေရှင်တော့ ဘယ်ဘက်ကဖြစ်ဖြစ် ကူညီနိုင်တဲ့ အရပ်သား အရောင်အဝယ်သမားအဖြစ် နဲ့နေရတာကိုပဲ ကျွန်တော် နှစ်သက်ပါတယ်"

"ဟား…ဟား…ဟား"

ဝန်ထောက်ကြီး ဦးစိန်မောင်၏ရယ်သံသဲ့သဲ့ ထွက်လာသည်။

"ကြိုက်ပြီဟေ့…မောင်ရင့်သတ္တိကိုတော့ ကျုပ် သဘောကျ သွားပြီ။ ကျုပ်ကလည်း အဲသလို ပွင့်လင်းတဲ့လူမျိုးကိုပဲ ကြိုက်တယ်။ အခု မောင်ရင် ဘာလိုချင်သလဲ ပြော ဘာကူညီရမလဲ"

"ဘာအကူအညီမှလဲ မလိုပါဘူးခင်ဗျာ။ ကျေးဇူးတုန့်ပြန်တာ လို ချင်လို့ ခုလို ဝင်ကူညီတာ မဟုတ်တဲ့အတွက် ဘာအခွင့်အရေးမှလဲ မယူ ပါရစေနဲ့"

ဝန်ထောက်ကြီးဦးစိန်မောင်၏မျက်နှာ သည်တစ်ခြိမ်တွင်တော့

www.burmeseclassic.com

www.burmeseclassic.com



တည်ရှိသွားသည်။ ဒေါ်တွေးသန်းက...

"မဟုတ်တာပဲ သားရယ်။ ဒေါ်ဒေါ်တို့က လူဆင်းရဲတွေမှ မဟုတ်ဘဲ။ အထက်တန်းဂုဏ်ရှိတဲ့လူတွေပဲ။ ကျေးဇူးရှင်ကို ဘာမှမတုန့်ပြန်ရတာတော့ သူတစ်ပါးကျွဲရဲ့စရာ ဖြစ်နေမှာပေါ့။ မဟုတ်ဘူးလား သမီး"

မျက်နှာအနည်းငယ် ပျော့ပျောင်းသော မြခည်းဆာဘက်သို့ လှည့်ကာ အကူအညီတောင်းသည့်အနေဖြင့် ဒေါ်တွေးသိန်းက ပြောလိုက်သည်။

"စိတ်မရှိပါနဲ့ ဒေါ်ဒေါ်...ကျွန်မရဲ့အစ်ကိုက စကားပြော သိပ်မတတ်ပါဘူး။ လူရိုးပါ"

"ဟုတ်ပါတယ် စကားပြောတာနဲ့ ကျုပ် ရိုပ်မိပါတယ်။ ဟသ်ာတမြို့ကလူတွေတော့ မဟုတ်ကြဘူး ထင်တယ်"

"ဟုတ်ပါတယ်ခင်ဗျာ လက်ပံတန်းမြို့က လာတာပါ"

ထိုစကားကိုတော့ မျိုးနိုင်က ဝင်ဖြေလိုက်၏။ ထိုခေတ်က မြန်အောင်၊ အင်ပင်၊ မယ်ဇလီကုန်းကမှာဆိုလျှင် ဓားပြများသတင်းကို မေးနေမည်စိုးသောကြောင့် လိုးလွဲဖြေလိုက်ခြင်းဖြစ်၏။

"ကိစ္စကရော"

ဝန်ထောက်ကြီးဦးစိန်မောင်က မျက်မှောင်ကြုံ့ကာ အကဲခတ်ရင်း မေးလိုက်၏။

"ကျွန်တော်တို့နဲ့ကွဲကွာသွားတာကြာပြီဖြစ်တဲ့ အမျိုးတစ်ယောက်ကို လာရှာတာပါ"

"ဪ...ဘယ်သူများပါလိမ့်"



"ကျွန်မတို့ ဘကြီးတစ်ယောက်ပါ"

"နာမည်သာပြောပါ။ မှတ်ပုံတင်ရုံး လှမ်းမေးလိုက်ရင် ဘယ်သူ...ပါ ဘယ်မှာနေတယ်ဆိုတာ ရှာလို့လွယ်ပါတယ်ကွယ်"

ဝန်ထောက်ကြီးက သူ၏အရှိန်အဝါဖြင့် ကူညီဆောင်ရွက်နိုင်သည်...ဖြစ်၍ အားတက်သရောပြောလိုက်သည်။

"မတွေ့ကြတာတော့ အတော်ကြာပါပြီ။ ဘုန်းကြီးကျောင်း တစ်...ကျောင်းကျောင်းမှာ နေတယ်ထင်ပါရဲ့။ ကပ္ပိယကြီးဦးသောင်းထွန်းပါ"

ဝန်ထောက်ကြီးဦးစိန်မောင်က ဖြုံး၍ ခေါင်းညိတ်လိုက်သည်။

"နေရာမသိရင်တော့ ဒီမှာ ဘုရားကြီးတိုက်တို့၊ စေတာဘုန်ခီဆတို့...ထပ်ကြီးကျောင်းတို့ ကျောင်းတွေက အများကြီး။ မင်းတို့လိုက်ရှာရ...ပင်ပန်းလိမ့်မယ်။ ဟသ်ာတရောက်ကာမှ ဖြည်းဖြည်းပေါ့။ ကျုပ်ရဲ့...မှာပဲ တည်းခိုပြီးနေပါ။ ကျုပ်လူတွေ လွှတ်ပြီး ရှာခိုင်းပေးပါ့မယ်"

"ဟုတ်ပါတယ် အစ်ကို။ ဖေဖေပြောတာ လက်ခံလိုက်ပါ။ ...ကြီးရဲ့ ဟိုဘက်မှာ ဧည့်သည်တွေနေဖို့ ဆောက်ထားတဲ့အိမ်လေးတွေ...တယ်။ အဲဒီမှာက လွတ်လပ်တယ်။ တစ်ရက်တည်း တွေ့ရင်လည်း...ရက်ပေါ့။ ဒါမှမဟုတ် မတွေ့သေးရင်လည်း ဘာမှအားနာစရာ မလိုပါ...

သွယ်သွယ်က မျိုးနိုင်ကို မျက်လုံးရွှဲကြီးများဖြင့် ကြည့်ရင်း...ဆိုလိုက်သည်။

"အားနာစရာ...ကျွန်တော်တို့အတွက် တာဝန်ကြီးနေပါမယ်"

"တာဝန်မကြီးပါဘူး...တာဝန်မကြီးပါဘူး။ ကျုပ်က မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ခဲ့တာပါ။ ဒါကို မငြင်းပါနဲ့လို့ တောင်းပန်ပါရစေ・・・ကဲ အနားယူချင်ရော ပေါ့ မောင်စိန်ရေ"

ညှော်ခန်းတံခါးဝသို့ လှမ်းခေါ်လိုက်ရာ အရပ်ဝတ်ဝတ်ထားသော လူငယ်တစ်ဦး ဝင်လာလေသည်။

"ဒီဧည့်သည်တွေကို ဧည့်စံအိမ်နံပါတ် (၁)ကို လိုက်ပို့လိုက်။ အနားယူကြဦးနော်"

စကားဆုံးသည်နှင့် ရဲဝန်ထောက်ကြီးဦးစိန်မောင်က ထ၍ ထွက် သွားသည်။

"အားနာစရာမရှိပါဘူးကွယ်။ ဒီအိမ်က ဧည့်အမြဲမျှော်နေတာ သမီးလိုက်ပို့လိုက်ပါကွယ်"

"လာ・・・အစ်ကို ကျွန်မ လိုက်ပို့ပါ့မယ်"

မျိုးနိုင်မှာ အားနာ၍ ပြန်မပြောသော်လည်း မျက်နှာမှာ အ မကျဖြစ်နေလေသည်။ ဤအိမ်မျိုးတွင် သူမတည်းခိုလိုပါ။ သို့သော် ယ အခြေအနေရောက်မှ ထွက်ခွာသွားလျှင်လည်း မယုံသလိုဖြစ်လျက် မျ နာပျက်စရာ ရှိနေသည်။

"ကျွန်တော်က ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ဒီမှာမတည်း ပါဘူး။ လွတ်လွတ်လပ်လပ် တည်းခိုခန်းမှာ တည်းခိုချင်ပါတယ်"

မျိုးနိုင်က စံအိမ်အပြင်ဘက်လမ်းကလေးပေါ်သို့ လျှောက်လှ လာရင်း သူ့ဘေးက လျှောက်လှမ်းလာသော သွယ်သွယ်ကို ပြောလို လေသည်။

"ဒီအိမ်မှာ အစ်ကို့အတွက်လည်း တည်းခိုခန်းသဘောမျိုး



ဒီခြံထဲက အစ်ကိုထွက်ချင်တဲ့အချိန် ထွက်ပြီး ပြန်ချင်တဲ့အချိန် ပြန်နိုင်ပါ တယ်။ ဖေဖေက လူတစ်ယောက်ကို ခင်မင်ခဲ့တယ်။ တော်ရုံလူကို အရေး ထားပြီး ဆက်ဆံတာမဟုတ်ဘူး။ အစ်ကို့ကိုသာ တွေ့တွေ့ချင်း ခင်မင်သွား လို့။ အစ်ကို့နာမည် ဘယ်လိုခေါ်လဲ"

"မျိုးနိုင်ပါ"

"ဒီက မမနာမည်ကရော"

"မြဆည်းဆာ"

"ရှင့်နာမည်လေးက သိပ်ဆန်း သိပ်လှတာပဲ။ ကျွန်မ မမြလို့ ခေါ်မယ်နော်"

"ကိုနိုင့်ကိုလည်း ကျွန်မခေါ်သလို ကိုနိုင်လို့ပဲခေါ်ပေါ့"

မြဆည်းဆာက မျိုးနိုင်ကို သွယ်သွယ်က သဘောကျနေမှန်း သိ ၍ ဝင်ကာပြောလိုက်သည်။ မျိုးနိုင်က မြဆည်းဆာကို မခံကျေနပ်သော မျက်လုံးဖြင့် ကြည့်နေသော်လည်း မသိချင်ယောင်ဆောင်နေလိုက်လေ၏။

×××

ဧည့်သည်များ တည်းခိုသည့်အိမ်ဟုဆိုသော်လည်း အရာရှိကြီးများ ဧည့်ကောင်းဆောင်ကောင်းများ လာပါက တည်းခိုနိုင်ရန်အတွက် လှပ သပ်ရပ်စွာ ဆောက်လုပ်ထားသော အိမ်ကလေးပင် ဖြစ်သည်။ အိမ်ကလေး ထဲတွင် စာဖတ်ခန်းနှင့် ဧည့်ခန်းရှိ၍ လှပသောမီးအိမ်လေးများ ထွန်းညှိ ထားသည်။

သံမံတလင်းများအားလုံးကို ကျွန်းကွက်များ ခင်း၍ ပြောင်နေ

www.burmeseclassic.com

www.burmeseclassic.com



အောင် တိုက်ထားလေသည်။ အိမ်ပေါက်ဝမှာ ဘေးလေှကားမှတက်၍ အိမ်ရှေ့မျက်နှာစာကို ဝင်ရန်လုပ်ထား၍ တစ်မျိုးလှပနေသည် ဘုရားစင်မှာလည်း သပ်ရပ်၍လှပသော သစ္စာပန်းအဖြူပွင့်ကြီးများ ဝေဆာနေသည်။

အိမ်ကလေးထဲ ရောက်သည်နှင့်ပင် မြဆည်းဆာမှာ စိတ်ချမ်းသာသွားသကဲ့သို့ ဖြစ်နေလေသည်။

"နောက်ဘက်မှာ ရေချိုးခန်းနဲ့အိမ်သာလည်း ရှိတယ်။ ထမင်းစားခန်းလည်း ရှိပါတယ်။ အိပ်ခန်းက နှစ်ခန်းပါတော့ မောင်နှမနှစ်ယောက်အတွက် အတော်ပဲပေါ့"

သပ်ရပ်သော အိမ်ကလေးကိုကြည့်ရင်း မျိုးနိုင်ပင် အံ့အားသင့်နေသည်။ မြဆည်းဆာက ဘုရားစင်ရှေ့တွင် ကျုံ့ကျုံ့လေးထိုင်ကာ ဦးချကန်တော့နေသည်။ မျိုးနိုင်ကတော့ ဧည့်ခန်းတွင်ဝင်ကာ ထိုင်လိုက်၏။ ယခုထိတော့ သူ့ကို ဓားပြခေါင်းဆောင်ဖြိတ်သျှတော်လှန်ရေးသမားမှန်း မရိပ်မိကြသေးပေ။

"လာ···မမမြ ကျွန်မလိုက်ပို့မယ် အိပ်ခန်းတစ်ခန်းရှိရာသို့ မြဆည်းဆာကို ခွဲခေါ်ကာ တံခါးဖွင့်၍ တင်သွားကြသည်။ မောင်စိန်က ဧည့်ခန်းဝတွင် ရပ်လျက်ရှိနေရာမှ···

"လိုတာရှိရင် ကျွန်တော့်ကိုနိုင်းပါ။ ထမင်း ဟင်းတွေကတော့ မထားတို့ ခုပဲ လာပို့ပါလိမ့်မယ်။ စားချင်တဲ့အချိန် စားကြပေါ့။ နွေးစရာမီးဖို၊ မီးသွေးမီးဖိုလည်း ရှိပါတယ်။ ကျွန်တော် လာနွေးပေးပါ့မယ်"

"ရပါတယ်ကွာ တို့ဟာတို့ လွတ်လွတ်လပ်လပ် နေချင်ပါတယ်။ မင်းကို ဘယ်မှာခေါ်ရမလဲ"



"ခြံဝကဂိတ်တဲလေးမှာ ရှိပါတယ်။ ဒီနားက မီးလုံးဖွင့်ပြီး ပြတင်းပေါက်က လက်ပြလိုက်ရင် ကျွန်တော် လာခဲ့ပါ့မယ်"

"ကောင်းပြီ···ကဲ···မင်းသွားချင် သွားပါတော့။ လောလောဆယ် ဘာမှမလိုဘူး"

မောင်စိန်က ထွက်ခွာသွားလေသည် အိပ်ခန်းထဲအွင်ရှိသော အကောင်းစားခုတင်၊ မှန်တင်ခုံနှင့် စောင်၊ ခေါင်းအုံးများကိုကြည့်ကာ မြဆည်းဆာမှာ နှစ်သက်သဘောကျသွား၏။

"မမမြ ဒီမှာပျော်သလောက်နေပါနော်။ မမြတို့ မောင်နှမကိုလေသွယ် မြင်မြင်ချင်း သိပ်ခင်မင်မိပါတယ်"

ခုတင်ပေါ်တွင်ထိုင်ကာ လက်ဆွဲရင်း မြဆည်းဆာကို သွယ်သွယ်က တဖွဖွ ပြောဆိုနေသည်

"ကိုနိုင်ကတော့ သိပ်ကြာကြာမနေချင်ဘူး သွယ်ရဲ့ ကိုကိုက နေမှ မြက နေလို့ရမှာ။ ကိုကို့အမိန့်ကို မြက နာခံရမှာပေါ့ မဟုတ်ဘူးလား"

"ဟုတ်တာပေါ့ မြတို့ မောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ"

မြဆည်းဆာသည် အဖြေရခက်သွား၏။ သို့သော် ချက်ချင်းပင် ဦးစပ်ထဲတွင် တွေ့ကရာကို ဖြေကြားလိုက်လေသည်။

"မောင်နှမ နှစ်ယောက်တည်းပါ"

"ဪ···ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတာကိုး"

သွယ်သွယ်က မှတ်ချက်ချလိုက်သည်။ အိတ်များကို နေရာတကျ

www.burmeseclassic.com

www.burmeseclassic.com



ထားပြီးနောက် သွယ်သွယ်နှင့်အတူ အခန်းထဲမှ ပြန်ထွက်လာကြလေသည်။

"ကိုမျိုးနိုင်နေရမယ့်အခန်း ဝင်ကြည့်ပြီးပြီလား"

မျိုးနိုင်မှာ စိတ်ရှုပ်နေ၍ လှည့်မကြည့်ဘဲ···

"အိပ်ရာတစ်ခုရှိ ပြီးတာပါပဲဗျာ။ ကျွန်တော်က အိပ်ရာနေရာတွေ မရွေးတတ်ပါဘူး"

"ကောင်းတာပေါ့။ ယောကျ်ားဆိုတာ ဒီလိုမှလဲ ဘာမဆိုပြဿနာ မရှိဘူးပေါ့။ သွယ်တော့ ကိုမျိုးနိုင်ရဲ့စိတ်နေသဘောထားရော နေပုံထိုင်ပုံရောကိုပါ လေးစားပါတယ်"

သွယ်သွယ်က ကိုမျိုးနိုင်ကို စိတ်ထဲမှသဘောကျနေကြောင်းကို သိသာရှိသောစကားများဖြင့်သာ အစားထိုးကာ ပြောဆိုခဲ့သည်။ သွယ်သွယ်၏စကားကြောင့် မျိုးနိုင် မျက်နှာအထားရ ခက်နေသည်။

"ကျွန်မ အစ်ကိုကို သွယ်က တွေ့ကာစရှိသေးတယ်။ နောက်ကျရင် အစ်ကို့ရဲ့စိတ်ထားကို ပိုသိလာမှာပါ။ အဲဒီကျတော့မှ စိတ်ပျက်မသွားနဲ့နော်"

"ကျေးဇူးရှင်ကို ဘယ်တော့မှ စိတ်မပျက်တတ်ပါဘူး မြရယ်"

×××

ခဏအကြာတွင် သွယ်သွယ်သည် နှုတ်ဆက်ကာ ထွက်သွားသည်။ ထိုအခါတွင် မျိုးနိုင်သည် အိမ်တံခါးကို သွား၍ပိတ်လိုက်လေတော့၏။ မြသည်းဆာက ဆံပင်များကို သပ်ကာ ညှော်ခန်းကုလားထိုင်တွင် ထိုင်လျက် ဆံနွယ်စများကို သပ်ကာ မျိုးနိုင်ကို ကြည့်နေသည်။ မျိုးနိုင်



သည် စိတ်ပျက်လက်ပျက်ဖြင့် မြဆည်းဆာရှေ့တွင် ထိုင်ကာ သက်ပြင်းချလိုက်လေသည်။

"ဟင်း"

"ရှင် တော်တော်စိတ်ပျက်နေပြီလား"

"စိတ်ပျက်နေပြီပေါ့။ မြ ဘယ်လိုလုပ်မလဲ။ အခု ပုလိပ်ဝန်ထောက်အိမ်မှာ ဝိတ်မိနေပြီ။ ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ အစ်ကို့ထွက်သွားရင် သူတို့က မသင်္ကာဖြစ်ဦးမယ်"

"သေချာတာပေါ့"

"ဒါပေမယ့် မထွက်ခွာလို့မဖြစ်ဘူး။ အစ်ကိုနဲ့အမြဲတမ်း ပြိုင်ဘက်ဖြစ်တဲ့ ကြယ်မင်းအဖွဲ့ကလူတွေနဲ့ မြနောက်ကို လိုက်လာတဲ့ ရွှေဝင်းဆိုအဖွဲ့ဟာ ပေါင်းမိနေပြီ"

"ရှင် ဘာ ယ်ပြောတာလား"

"ဟုတ်တယ် · · ·ဒါကြောင့် ညတွင်းချင်း မြအသက်ဘေးက လွတ်အောင် ခုလိုစီစဉ်ရတာပေါ့။ ခုတော့ မြရဲ့အသက်ဘေးက စိတ်မပူရတော့ဘူး။ ဟသ်ာတမြို့ကိုလည်း ရောက်ပြီ။ ပုလိပ်ဝန်ထောက်ဦးစိန်မောင် အိမ်ထဲမှာလည်းရှိနေပြီ။ ဒီတော့ မြ ဒီနေရာမှာနေခဲ့တာ လုံခြုံမယ်။ အစ်ကိုက အစ်ကို့ရဲ့အဖွဲ့တွေနဲ့ ကြယ်မင်းရဲ့အဖွဲ့တွေ တိုက်နိုက်ရင် သေကြေမှာကို စိတ်မချဘူး။ အစ်ကိုပြန်မှဖြစ်မယ်"

ပြောပြောဆိုဆို မျိုးနိုင်က ထရပ်လိုက်သည်။ မြဆည်းဆာမှာ သူ့အပေါ်တွင် မှည့်တစ်ပေါက်မစွန်းအောင် ရက်ကြာကြာ စောင့်ရှောက်ခဲ့သည့်သာမက ဟသ်ာတမြို့အထိ လိုက်ပါပို့ဆောင်ပေးခဲ့သော မျိုးနိုင်(ခေါ်)

www.burmeseclassic.com

www.burmeseclassic.com



တက်ခါးတို့ သံယောဇဉ်ဖြစ်နေမိပြီဖြစ်လေသည်။

"ကိုနိုင်"

မြခည်းဆာက လှမ်းခေါ်လိုက်သည်။

"ဘာလဲ"

"ရှင် မြတစ်ယောက်တည်းကို ဒီအိမ်မှာထားခဲ့တော့မှာလား။ မြက ရှင့်မျက်နှာနဲ့ ဒီအိမ်မှာနေရမှာ။ ရှင်မရှိရင် ကျွန်မကို နေခွင့်ပြုမှာမဟုတ်ဘူး။ သွယ်သွယ်က ရှင့်ကို သဘောကျနေလို့ ဒီလိုအခွင့်ပြေတာ။ ခဏလောက် အောင့်မနေနိုင်ဘူးလား"

"မြ အစ်ကို့ကို ထပ်ဒုက္ခမပေးပါနဲ့တော့။ မြလိုရာခရီးကို အစ်ကိုရောက်အောင် ပို့ပြီးပြီပဲ။ ကပ္ပိယကြီးဦးသောင်းထွန်းဆိုတာလည်း မကြာခင် ပုလိပ်တွေက စုံစမ်းရှာဖွေတာနဲ့ တွေ့ရမှာပါပဲ"

"ဟင့်အင်း ... ကျွန်မ ဒီအိပ်ထဲမှာမနေခဲ့ဘူး။ ကျွန်မပါ ရှင်နဲ့အတူ လိုက်ခဲ့မယ်"

"ခက်တာပဲ"

မျိုးနိုင် ညည်းညူလိုက်သည်။

"ဒေါက် ဒေါက် ဒေါက်"

ထိုစဉ်မှာပင် အိမ်ရှေ့မှ တံခါးခေါက်သံကိုကြားလိုက်ရလေတော့သည်။

"တံခါးခေါက်နေပြန်ပြီ"

"ဖွင့်ပေးလိုက်ရဦး"

မြက မျက်ခုံးလေးချီကာ ပြောလိုက်သည်။ မိန်းကလေး နှစ်



ယောက်က ထမင်းအုပ်နှင့်ခြင်းထဲတွင်ထည့်လာသော ဟင်းခွက်များကို ဆွဲလာသည်။ သူတို့နှစ်ဦး၏နောက်မှ မောင်စိန်ပါ ပါလာခဲ့လေသည်။

"ထမင်းလာပို့တာ ဆရာ။ အပြင်ထွက်ဖို့ အစီအစဉ်ရှိသေးလား"

မောင်စိန်က မျိုးနိုင်နှင့်မြခည်းဆာတို့ကိုကြည့်ရင်း ပြောလိုက်သည်။

"ရေချိုးပြီးရင် မြို့ထဲကို တို့မောင်နှမထွက်လည်မလားလို့"

မျိုးနိုင်က ဤအိမ်ဝင်းကြီးထဲမှတစ်ခါတည်း ထွက်ပြေးနိုင်ရန် စိတ်ကူးစီစဉ်လိုက်ခြင်းပင် ဖြစ်သည်။ သို့သော် မောင်စိန်စကားကြောင့် အံ့အားသင့်သွား၏။

"ခုနက ရာဇဝတ်အုပ်ကျော်လွင်ဆန်းနဲ့ ပုလိပ်တွေရောက်လာတယ်။ ဝန်ထောက်ကြီးကို ဟသ်ာတမြို့ထဲမှာ ဓားပြခေါင်းဆောင်တက်ခါးရောက်နေတဲ့သတင်း အတိအကျရထားတယ်။ ဒါကြောင့် လိုက်ပြီး တစ်မြို့လုံးကို ပိုက်စိတ်တိုက်ရှာမလို့တဲ့။ အမလေးသွယ်သွယ်နဲ့ ဧည့်သည်တွေလည်း ဒီခြံထဲကနေ မထွက်ပါစေနဲ့။ အန္တရာယ်ရှိနိုင်တယ်လို့ ပြောတယ်။ ဒါကြောင့် ဝန်ထောက်ကြီးက ပုလိပ်အစောင့်တွေ ခြံဝမှာထပ်တိုးချထားတယ်။ ဓားပြကို ဒီနေ့မိရင် မနက်ဖြန်ထွက်လည်ကြပေါ့"

မောင်စိန်က စကားဆုံးသည်နှင့် သူ့တာဝန်ပြီးသည့်အနေဖြင့် ထွက်ခွာသွားသည်။ ထမင်းဟင်းများကို မီးဖိုထဲရှိ ထမင်းစားခန်း စားပွဲပေါ်တွင် တင်ကာ အုပ်ဆောင်းများ အုပ်ခဲ့ပြီး မိန်းကလေးနှစ်ယောက်လည်း ထွက်လာသည်။

"ဟင်းတွေကို ကြည့်ပြီး လိုတာရှိရင် ပြောပါလို့ ဝန်ထောက်

www.burmeseclassic.com

www.burmeseclassic.com



ဘဘောကြီးက မှာလိုက်ပါတယ်"

"ရပါတယ်ကွယ်။ မမတို့က ဈေးမများပါဘူး။ ဘာနဲ့မဆို စားလို့ရပါတယ်။ ကဲ…မင်းတို့ ပြန်ချင်ရင် ပြန်လို့ရပါပြီ"

"ဟုတ်ကဲ့"

မိန်းမပျိုနှစ်ယောက်က ထွက်သွားသည်။ မျိုးနိုင်သည် တံခါးကို ပြန်ပိတ်လိုက်သည်။

"ပုလိပ်ဘက်က ဘယ်လောက်အနံ့ခံကောင်းတယ်ဆိုတာ တွေ့ပြီမဟုတ်လား။ မြ ကဲ အခုဘယ်လိုလုပ်ကြမလဲ"

"ကိုနိုင် ရှင် သိပ်စိတ်မညစ်ပါနဲ့။ ကျွန်မမှာ ဉာဏ်တွေအများကြီး ရှိပါတယ်။ ပြီးတော့ ကျွန်မတို့ကို ကူညီနိုင်တဲ့ သွယ်သွယ်လည်း ရှိတယ်။ ကဲ လာ…ဗိုက်လည်းဆာနေပြီ။ ထမင်းစားရင်း ပြောကြတာပေါ့"

မျိုးနိုင်မှာ မြဆည်းဆာ၏နောက်သို့ လိုက်ပါသွားရလေတော့၏။

×××

ရာဇဝတ်အုပ်ကျော်လွင်ဆန်းသည် ပုလိပ်တပ်သားလေးဦးနှင့်အတူ ဝန်ထောက်ဦးစိန်မောင်၏ အိမ်သို့ ည ၆ နာရီခန့်တွင် ရောက်ရှိလာလေသည်။

ဝန်ထောက်ဦးစိန်မောင်မှာ ထိုအချိန်တွင် ဘုရားခန်းထဲ၌ ဘုရားဝတ်ပြုချိန်ဖြစ်သောကြောင့် အောက်ထပ်ဧည့်ခန်းထဲတွင် ပုလိပ်များနှင့် ထိုင်နေရလေသည်။ ထမင်းချက်ခင်ထွေးက…

"ဘဘကြီးတော့ ဘုရားခန်းထဲမှာပါ"



ဟု ဆီးကြိုပြောရာ ကျော်လွင်ဆန်း ရင်မောသွားလေသည်။ ဝန်ထောက်ဦးစိန်မောင်မှာ ဘုရားရှိခိုးလျှင် အနည်းဆုံး တစ်နာရီခန့် ကြာတတ်လေသည်။

သူသည် သွယ်သွယ်ကို သတိရသွားလေသည်။ ဤအချိန်တွင် သွယ်သွယ်နှင့် စကားပြောရလျှင် မဆိုးပေ။

"သွယ်သွယ်ရော ခင်ထွေး"

"မမလေးလား…မမလေး ဧည့်ခန်းဆောင်နံပါတ် (၁)က ဧည့်သည်တွေကို သွားပါတယ်"

"ဩော်…ညနေက သတင်းရလိုက်ပါတယ်။ သူ့ကို လူဆိုးတွေ ထက်ထဲက ကယ်တဲ့ဧည့်သည်ထင်တယ်"

"ဟုတ်တယ်…မောင်နှမနှစ်ယောက် ဆရာရဲ့၊ အဲဒီလူကလည်း ခပ်ချောချော၊ အဲဒီလူရဲ့ ညီမကလည်း ဘယ်လိုယဉ်ပြီးချောမှန်း မသိဘူး"

အိမ်ဖော်ခင်ထွေး၏စကားကြောင့် ရာဇဝတ်အုပ်ကျော်လွင်ဆန်းမှာ မျက်နှာ တင်းမာသွားသည်။

"ဒီလူတွေက လူကောင်းမှန်းမသိ၊ လူဆိုးမှန်း မသိ။ လူကြီး လူကောင်းတွေ တည်းတဲ့ဧည့်ဂေဟာမှာ အဆောင်ဘယ်လောက်မှာ ထားသလဲ"

"အဲမယ် ဆရာ မမလေးရှေ့မှာ သွားမပြောနဲ့နော်။ မမလေးရော ဘဘကြီးကပါ အဲဒီဧည့်သည်နှစ်ယောက်ကို သိပ်ဂရုစိုက်တာ။ ယောက်ျားကလည်း သတ္တိဗျတ္တိရှိပြီး ဘယ်သူမှမကြောက်တဲ့ ယောက်ျားမျိုးသိတဲ့ မျက်နှာမျိုးရှင့်"

www.burmeseclassic.com



"နင်ဂပါ ချိုးမွမ်းနေပြန်ပြီ။ ငါ မတွေ့ဘူးသေးဘူး။ မင်းတို့ဒီမှာ ခဏစောင့်နေဦး"

"ဦးထုပ်ကို ဆောင်းကာ လက်ကိုင်ပဝါကိုကိုင်လျက် ညှော်ဆောင်များရှိရာသို့ လာသောအခါတွင် ညှော်သည်မှလိပ်မင်းကြီး အရေးပိုင်များထားလျှင် ထားရန် ဆောက်ထားသော နံပါတ်(၁) အိမ်ကလေးမှ မီးလင်းနေသည်ကို တွေ့ရလေသည်။ ထိုအိမ်၏သန့်ရှင်းရေးနှင့် လုပသပ်ရပ်မှုကို ဝန်ထောက်ကြီးက သူနှင့် သူ့တပ်ဖွဲ့ဝင်ခြောက်ယောက်ကို တာဝန်ချပေးထားသည်။ အိမ်ဘေးဝန်းကျင် မြက်များမှ အိမ်တွင်းနံရံများ၊ လိုက်ကာများအထိ သုံးရက်တစ်ခါ စစ်ဆေးကာ သန့်ရှင်းရေးလုပ်ထားရသည်။ လွန်ခဲ့သော နှစ်ရက်ကပင်လျှင် သန့်ရှင်းရေးသွားလုပ်ပေးရသေးသည်။

ဆေးကိုတက်ရသော လှေကားလေးထိပ်မှ တံခါးကို ပိတ်ထားသည်။ ရာဇဝတ်အုပ်ကျော်လွင်ဆန်းသည် အတွင်းမှ အသံများကို နားထောင်လိုက်၏။

"ဟံသာတမြို့က ပျော်စရာကောင်းပါတယ်။ မနက်ဖြန်ကျတော့ ဆယ်ထပ်ကြီးတို့၊ ရွှေပြောင်ပြောင်တို့ကို ဘုရားသွားဖူးတာပေါ့"

သွယ်သွယ်၏အသံဖြစ်သည်။

"တော်ကြာ မျက်စိလည်ပြီး မပြန်တတ်ရင် ဘယ့်နယ်လုပ်မလဲ သွယ်ရဲ့"

ယောက်ျားတစ်ဦးက ရင်းရင်းနှီးနှီးပြောသံကို ကြားရပြန်သည်။

"ဟုတ်တယ် . . . သွယ်က ရှင်တို့မောင်နမနစ်ယောက်လုံးကို ဆရာဝတီမြစ်ကမ်းစပ်က လှေသူကြီးတစ်ယောက်ယောက်ကို ရောင်းစားပြီ



ပစ်ကွဲထားတာ"

"ဟား . . . ဟား . . . ဟား"

"ခစ် ခစ် ခစ် ခစ်"

ရယ်မောသံများ စည်ကားစွာ ထွက်ပေါ်လာသည်။ တော်တော်ထင် ရင်းနှီးနေကြဟန်တူသည်။ ကျော်လွင်ဆန်း၏ ရင်ထဲတွင် မနာမန်တိုသော ခံစားမှုမျိုး ခံစားရ၏။ ထို့ကြောင့် တံခါးကိုခပ်ပြင်းပြင်း ထုလိုက်လေသည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း"

တံခါးထုသံကြောင့် သွယ်သွယ်က ထလာကာ တံခါးကိုဖွင့်လိုက်သည်။ တံခါးဝမှာ ရပ်နေသော ကျော်လွင်ဆန်း မျက်နှာကခပ်တည်တည်ဖြစ်နေသည်။

"ကိုကျော်လွင်ဆန်း အိမ်မှားလာပြီထင်တယ်"

သွယ်သွယ်က မျက်ခုံးလေးပင့်ကာ ပြုံး၍နောက်လိုက်လေသည်။

"ဟံသာတမြို့ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သိရဲ့လား . . . သွယ်"

×××

သွယ်သွယ်က ကျော်လွင်ဆန်း၏စကားကို ပြန်မဖြေဘဲ ညှော်ခန်းတွင် ထိုင်နေသော မျိုးနိုင်နှင့်မြဆည်းဆာတို့ရှိရာသို့ ခေါ်လာကာ ထိုင်လိုက်သည်။ ကျော်လွင်ဆန်းက ပုလိပ်ရာဇဝတ်အုပ်ဝတ်စုံ သေသေချာချာနှင့် ဦးထုပ်ကို ဆောင်းထားသောကြောင့် မျိုးနိုင်မှာ ဖျတ်ခနဲအကဲခတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကြွေမြှမပျက်နေလိုက်သည်။

ကျော်လွင်ဆန်းကတော့ မျက်နှာချင်းဆိုင် သွယ်သွယ်၏ဘေးတွင် ဝင်ထိုင်ရင်း မျိုးနိုင်နှင့်မြဆည်းဆာတို့ကို အကဲခတ်ကာ ပုလိပ်ကြည့် ကြည့်လျက်ရှိ၏။

"ခြေ... ကိုနိုင်နဲ့မြတို့ကို မိတ်ဆက်ပေးရဦးမယ်။ ဒါ ဟသ်ာတဌာနက ရာဇဝတ်အုပ်ကိုကျော်လွင်ဆန်းတဲ့။ ကိုကျော်လွင်ဆန်း ဒါကိုမျိုးနိုင်တဲ့ ကျွန်မကို ထောင်ပြေးလူသတ်မှုဒိမ်းသမားလက်က ဝင်ပြီး ကယ်တဲ့သူပေါ့။ ဒါကတော့ ကိုမျိုးနိုင်ရဲ့ ညီမ မမြဆည်းဆာတဲ့"

ကျော်လွင်ဆန်းက မျက်နှာထားတည်တည်ဖြင့် ခေါင်းညိတ်လိုက်သည်။

"သူတို့ကိုတော့ ချီးကျူးပါတယ်။ ဒါနဲ့ ကျုပ်တို့ရောက်လာတော့ ဘာလို့ ထွက်သွားရတာလဲ"

ကျော်လွင်ဆန်းက မျိုးနိုင်၏မျက်နှာကို စိုက်ကြည့်ရင်း မေးလိုက်သည်။

"ကျုပ်က ပုလိပ်ဌာနလိုက်ပြီး စကားပြောဆိုရှင်းလင်းတာတွေ မလုပ်ချင်ဘူးလေ။ ကာယကံရှင် မိန်းကလေး ရှိနေတာပဲ။ လူဆိုးကိုလည်း မိပြီဆိုတော့ ကျုပ် လွတ်လွတ်လပ်လပ် သွားချင်ရာသွားဖို့ ထွက်လာတာပေါ့"

အေးစက်တည်ကြည်သောအသံဖြင့် မျိုးနိုင်က ပြန်ပြောလိုက်သည်။

"အေးဗျာ... ကျုပ်တို့မြို့ကလည်း လမ်းဆုံဖြစ်နေတော့ ဟသ်ာ



ကလာတဲ့ လူဆိုးတွေ၊ ကြံခင်းဆက်ကလာတဲ့ ဓားပြတွေ၊ နေပြည်တို့ ဇလွန်တို့ဘက်ကလာတဲ့ လူဆိုးတွေက နိုချင်နိုတတ်တာဆိုတော့ လူစိမ်းဆိုရင် သိပ်သတိထားရတယ်ဗျာ"

ကျော်လွင်ဆန်းက အဓိပ္ပာယ်ပါပါ မျိုးနိုင်နှင့် မြဆည်းဆာတို့ကို အကဲခတ်ရင်း ပြောလိုက်သည်။ သူ့စကားမှာ မျိုးနိုင်နှင့်မြဆည်းဆာတို့ကို မယုံသင်္ကာသည့် အရိပ်အမြွက်ပါနေသည်။

"ကိုကျော်လွင်ဆန်း"

သွယ်သွယ်က ထိုအဓိပ္ပာယ်ကိုသိသောကြောင့် ဟန့်တားလိုက်လေသည်။

"ဘာလဲသွယ်"

"ကျွန်မညည်းသည်နှစ်ယောက်ရှေ့မှာ ဘယ်လိုစကားမျိုး ပြောတာလဲ။ ရှင်က သူတို့နှစ်ယောက်ကို လူဆိုး ဓားပြတွေလို့ စွပ်စွဲချင်တာလား"

"ဟာ... မဟုတ်ပါဘူး သွယ်။ ဒီသဘောမဟုတ်ပါဘူး။ ခုလည်း သတင်းတစ်ခုရလို့ ဝန်ထောက်မင်းကြီးဆီ လျှို့ဝှက်သတင်းသွားပို့တာပါ။ သွယ် ဘာသိသလဲ"

"ကျွန်မ ဘာသိစရာလိုသလဲ။ ဒါ ရှင်တို့ရာဇဝတ်အုပ်တွေ ပုလိပ်တွေရဲ့အလုပ်ပဲ။ ရှင်တစ်ခုသိထားဖို့က ဖေဖေကိုယ်တိုင်က ကိုမျိုးနိုင်တို့ မောင်နှမကို ဒီမှာတည်းခိုဖို့ အတင်းပြောလို့ ကိုမျိုးနိုင်တို့က အားနာပါးနာ နေတာဆိုတာ သိထားဖို့ပဲ"

"ဘာ... သွယ် ဝန်ထောက်မင်းက ကိုမျိုးနိုင်ကို တော်တော် သဘောကျတယ်ဆိုတဲ့ သဘောလား"

www.burmeseclassic.com

www.burmeseclassic.com



ကျော်လွင်ဆန်းက ရီသံ့သံ့ဖြင့် ပြောလိုက်ပြန်လေသည်။ ထိုစဉ်မှာပင် ကြေးစည်ထုသံကြားလိုက်ရလေသည်။ ဘုရားရှိခိုးပြီး၍ ကြေးစည်ထုကာ ဝန်ထောက်ကြီးက အမျှဝေခြင်းဖြစ်လေသည်။

"ကဲ...ရှင် ဖေဖေနဲ့တွေ့ဖို့လာတာ မဟုတ်လား"

"ဒီညက အင်္ဂါနေ့။ ဖေဖေ အောက်ထပ်ကို တစ်ခေါက်ဆင်းပြီး အညောင်းပြေလမ်းလျှောက်လိမ့်မယ်။ ရှင် မသွားရင် ဆေးသောက်ပြီး တရားထိုင်လိမ့်မယ်။ ရှင်စကားပြောခွင့်ရမှာ မဟုတ်တော့ဘူး"

သွယ်သွယ်က ဝန်ထောက်ကြီး၏အင်္ဂါနေ့ညတွင် လုပ်လေ့လုပ်ထ ရှိသည်ကို သိထားသောကြောင့် ပြောခြင်းဖြစ်သော်လည်း ကျော်လွင်ဆန်းကို ချက်ချင်း ထွက်သွားအောင် စီစဉ်သကဲ့သို့ ဖြစ်နေ၏။

"သွယ်"

"ရှင်"

"အစ်ကိုကို နှင်တာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး...စေတနာနဲ့ပြောတာပါရှင်"

"ကဲ...ဒါဆိုရင် သွားမယ်။ ကျွန်တော့်ကို ခွင့်ပြုကြဦးဗျာ"

×××

"မသွယ်သွယ်ရဲ့ရာဇဝတ်အုပ်က ကျုပ်တို့ကို သံသယဖြစ်နေတယ် ထင်ပါတယ်"

ကျော်လွင်ဆန်း ထွက်သွားတော့မှပင် မျိုးနိုင်က သွယ်သွယ့်ကို ပြောလိုက်သည်။



"ကိုကျော်လွင်ဆန်းက စိတ်ကောင်းရှိပါတယ်။ သူ့တာဝန်က ရာဇဝတ်အုပ်ဆိုတော့ ဘယ်သူ့ကိုမဆို မျက်လုံးထောက်ထောက် ကြည့်တာ၊ ပုလိပ်စစ် စစ်တာတော့ရှိတာပေါ့ ကိုနိုင်။ နည်းနည်းသည်းခံပါနော်"

"ရပါတယ်...မသွယ်သွယ်။ ကျုပ်တို့ကလည်း ချည်သည်ဆိုတော့ သူ့ထင်မယ်ဆိုလည်း ထင်စရာပေါ့"

"ဒါပေမယ့် အရှင်းကြီးပါ။ ကိုမျိုးနိုင်သာ လူဆိုးတစ်ယောက်ဆိုရင် ထောင်ထွက်လူဆိုးရဲ့လက်က ကျွန်မကို ကယ်ပါ့မလား။ ပုလိပ်နဲ့တွေ့ရင်ရော အဖမ်းခံနေရမှာပေါ့"

သွယ်သွယ်က မျိုးနိုင်ကို အပြုံးခေါင်းဆောင် တက်ခါးမှန်းမသိဘဲ ယုံကြည်စိတ်ချစွာ ပြောလိုက်သည်။ ထိုစကားကို မြဘည်းမောင အကောင်းပါးစွာဖြင့်...

"ဟုတ်တာပေါ့ သွယ်။ သွယ်ကလည်း ဝန်ထောက်မင်းရဲ့သမီးသို့ မပြောရဘူး သိပ်တွေးတတ်တာပဲ"

ဟု ပြောလိုက်သည်။

"သွယ်ကလည်း ပုလိပ်တွေကားထဲနေတော့ ခိုးသားထဲညတော့ နည်းနည်းရထားတာပေါ့ မမြဲရယ်။ မဟုတ်လား ကိုနိုင်"

"ဟုတ်...ဟုတ်ပါလိမ့်မယ်ဗျာ"

မျိုးနိုင်မှာ အထစ်ထစ် အငေါ်ငေါ်ဖြစ်ကာ ထယန့်ကာဘန်း ပြောလိုက်သည်။

"ရှင်ကလည်း လူဆိုးကိုမကြောက်ဘဲ ပုလိပ်ကမှ မသိကာမှာ ကြောက်နေသလိုပဲ။ ဘာမှမကြောက်နဲ့ ရှင်လူဆိုးမဟုတ်ဘူးဆိုတာ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



သိတယ်။ ရှင် လူဆိုးဖြစ်တယ်ပဲထားဦးတော့ ကျွန်မကို ကယ်တဲ့ကျေးဇူး ရှင့်ဘက်မှာ ကျွန်မရှိတယ်။ ဘယ်ပုလိပ်ကမှ ရှင့်ကို မဖမ်းစေရဘူး"

သွယ်သွယ်က မျိုးနိုင်ကို မြင်မြင်ချင်း သံယောဇဉ်တွယ်တာ သူဖြစ်၍ သူမဘက်မှ စကားအကုန်ပြောလိုက်သည်။

"ဟင်း"

မျိုးနိုင်က သက်ပြင်းကို လေးတွဲတွဲချလိုက်လေသည်။

"ကျုပ်မှာ လက်ပံတန်းဟိုဘက်ကရွာမှာနေတော့ ဘာမှ စကား ရှည်ရှည်ဝေးဝေး မပြောတတ်ဘူးဗျာ။ မသွယ်သွယ်တို့အိမ်က သိပ်ကောင်း တယ်။ တည်းခိုရတာ အားနာတယ်။ ဒီတော့ တစ်ရက်နှစ်ရက်နေပြီး ကျုပ်တို့ကို တည်းခိုခန်းပြောင်းခွင့်ပြုစေချင်ပါတယ်"

"ဩော် . . . အားနာစရာမဟုတ်တာ ကိုနိုင်ရယ်။ ကိုနိုင်နဲ့မ ရှာနေတဲ့ ဘကြီးကိုတွေ့အောင်တော့ ဒီမှာပဲတည်းပေါ့။ အမြန်ဆုံး တွေ့ အောင် မေမေ့လူတွေကလည်း ရှာပေးကြမှာပါ။ ဟသ်ာတမြို့က ဘုန်းကြီး ကျောင်းတွေကို နှစ်ရက်မလှည့်ရပါဘူး"

သွယ်သွယ်ကတော့ လှိုက်လှဲသော စေတနာဖြင့် ပြောနေသည်။ မျိုးနိုင်မှာ သွယ်သွယ်၏စေတနာကို နားလည်သဘောပေါက်သောကြောင့် ငြင်းဆန်ရန် ခက်နေသည်။ သွယ်သွယ်မှာ သူ့ကိုသံယောဇဉ်ရှိနေသည်ကို လည်း ရိပ်မိလေသည်။ မြဆည်းဆာကတော့ သွယ်သွယ်က မျိုးနိုင်ကို သံယောဇဉ်ဖြစ်နေသည်ကို သိရှိ၍ ရင်ထဲတွင် အလိုမကျသလိုလို ခံစား ရသော်လည်း မျက်နှာတွင် မပေါ်လွင်အောင်ကား ဖုံးအုပ်ထားနိုင်ခဲ့လေ သည်။ သွယ်သွယ်သည် သူတို့အတွက် ပေးထားသော ဧည့်ဂေဟာဆော



တွင် အချိန်အတော်ကြာကြာ စကားပြောဆိုပြီးနောက် ညနှစ်နာရီခွဲခန့်တွင် မှ ပြန်သွားခဲ့လေသည်။

သွယ်သွယ်ပြန်သွားသောအခါတွင် အိမ်ကလေးထဲတွင် မြဆည်း ဆာနှင့် မျိုးနိုင်တို့နှစ်ဦးသာ ကျန်ခဲ့ကြလေတော့သည်။ မြဆည်းဆာနှင့် မျိုးနိုင်တို့မှာ မည်သို့မျှ ခွေမျိုးတော်စပ်ခြင်း မရှိကြပါ။ ထို့ကြောင့် မြဆည်း ဆာသည် ယောကျ်ားတစ်ဦးနှင့်အတူ လုံခြုံသောအိမ်လေးတစ်ခုထဲတွင် အိပ်စက်ရတော့မည်ကို တွေးမိသောကြောင့် ရင်ဖိုနေမိလေသည်။

"မြ . . . အိပ်ချင် အိပ်တော့လေ"

တံခါးပိတ်ရာမှ ပြန်လာသော မျိုးနိုင်က ပြောလိုက်သည်။ မြ ဆည်းဆာက ခေါင်းခါပြလိုက်၏။

"ဒီလောက် စိတ်ရှုပ်စရာတွေနဲ့ ဘယ်အိပ်ပျော်ပါ့မလဲ ကိုနိုင်"

×××

ဝန်ထောက်ကြီးဦးစိန်မောင်သည် အရေးတကြီး ရောက်ရှိလာ သော ရာဇဝတ်အုပ်ကျော်လွင်ဆန်းကို ဧည့်ခန်းတွင် တွေ့ဆုံစကားပြော လေသည်။ ရာဇဝတ်အုပ်ကျော်လွင်ဆန်းက သူစုံစမ်းသိရှိထားသော သတင်း များကို ဝန်ထောက်ကြီးဦးစိန်မောင်အား သတင်းပေးပို့လိုက်သည်။

"ကျွန်တော် သိရသလောက်တော့ မဲဇလီကုန်း ထူးကြီး အင် ပင်နဲ့ မြန်အောင်၊ ကြံခင်းတစ်လျှောက်မှာ နာမည်ကြီးနေတဲ့ တောပုန်း ဓားပြကြက်မင်းနဲ့ တက်ခါးတို့ဟာ ဟသ်ာတမြို့ထဲကို ရောက်နေတယ်ဆိုတဲ့ သတင်း အတိအကျရထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်အုပ်ကျော်လွင်ဆန်းက ပြောလိုက်၍ ဦးစိန်မောင် မျက်လုံးပြူးသွားသည်။

"ဘာ . . . ဟိုတစ်ခါ မင်းတို့တောနင်းရာလို့ မတွေ့ဘူးဆိုတဲ့ တက်ခါးလား"

"ဟုတ်ပါတယ် ဝန်ထောက်မင်း"

"ဒါဆို မင်းဘာလုပ်နေတာလဲ ကျော်လွင်ဆန်း၊ ဟသ်ာတတစ်မြို့လုံးကို မြေလှန်ရှာလေ။ မာဖီးနဲ့မင်းရဲ့ပုလိပ်စုံထောက်တွေကို လွှတ်လေ"

"လွှတ်ထားပါတယ်။ ပြီးတော့ နာမည်ရှိတဲ့လူဆိုးစာရင်းဝင်တွေကိုလည်း အသုံးချထားပါတယ်"

"ကောင်းတယ် . . . မြန်မြန်မိအောင်လုပ်ပါ။ မြို့ထဲမှာ ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်လိုက်ရင် ကျုပ်ရော မင်းပါ ခေါင်းပူရလိမ့်မယ်။ ခုတော့ ဘယ်လိုအခြေအနေရှိသလဲ"

"ကြယ်မင်းအဖွဲ့က လူတစ်ယောက်ကိုတော့ စုံစမ်းလို့ရပါပြီ။ သူတို့အဖွဲ့က တက်ခါးနဲ့မတွဲဘူးလေ။ ဒီတော့ တက်ခါးရဲ့လူပုံသဏ္ဌာန်နဲ့ အမှတ်အသားကို ပြောပြမယ်လို့ ကျွန်တော့်ကို နက်ဖြန်ချိန်းထားပါတယ်"

"ကောင်းတယ် . . . လိုအပ်တာကိုပြောပါ။ ငါ ကူညီမယ်။ ဂေါ်ရာစစ်တပ်လိုရင်တောင် အကူအညီတောင်းလို့ရတယ်။ အ‿အားများရင် ပြော"

ဝန်ထောက်ဦးစိန်မောင်က စိတ်အားတက်ကြွစွာဖြင့် ပြောလိုက်သည်။

"ဒီလောက်အသုံးပြုဖို့တော့ မလိုသေးဘူး ထင်တယ်။ သူတို့က တောရွာတွေမှာသာ ပုလိပ်အဖွဲ့တွေ အမြဲမနေနိုင်လို့ သောင်းကြမ်းရဲတာပါ။ မြို့ပေါ်မှာကတော့ ဒီလောက်အတင့်မရဲနိုင်ပါဘူး။ ဝန်ထောက်မင်း ဒါပေမယ့်"



"ဒါပေမယ့် ဘာဖြစ်လဲ ကျော်လွင်ဆန်း"

"မြို့ကိုရောက်လာတဲ့ လူစိမ်းဆိုရင် ကျွန်တော်တို့ သတိထားပြီး စုံစမ်းရမယ် မဟုတ်လား"

"ဟုတ်တယ် ဒါက အစီကမဲ့"

"ဝန်ထောက်မင်းရဲ့အိမ်မှာ ညှိသည်လုပ်နေတဲ့ မှိုနိုင်ဆိုတဲ့လူကိုပါ အမှတ်တမဲ့ သတိအလွတ်မပေးဘဲ ပုလိပ်တစ်ယောက်နှစ်ယောက်နဲ့ စောင့်ကြည့်ဖို့ ကောင်းတယ်"

ဝန်ထောက်ဦးစိန်မောင် ခေတ္တစကားသံတိတ်သွားသေးသည်။

"လူကတော့ လူပုံရိုးပါပဲ။ ဒါပေမယ့် မင်း သတိထားတာ မဆိုးပါဘူး"

"ဘယ်သူဖြစ်ဖြစ် လူကောင်းနဲ့လူဆိုးဆိုတာ တံဆိပ်ကြီး နဖူးမှာ ရိုက်ထားတာ မဟုတ်ဘူးမို့လား ဝန်ထောက်မင်း"

"အေးပါကွာ . . . သတိဆိုတာ ပိုတယ်မရှိဘူးပေါ့။ ဒါပေမယ့် ဒီသူငယ်က တောသားမဟုတ်မခံလူရိုးလူဖြောင့်ပါ။ သိုင်းပညာကလည်း မဆိုးဘူး။ တို့အတွက် အကူအညီရနိုင်တယ် မဟုတ်လား"

"လူကောင်းဆိုရင်တော့ ဟုတ်ပါတယ်။ ဝန်ထောက်မင်း လူဆိုးဆိုရင်တော့ သွယ်သွယ်အတွက်ပါ စိတ်ပူစရာပဲ။ ဘာဖြစ်လို့လဲဆို သွယ်သွယ်ကလည်း ကျေးဇူးရှင်ဆိုပြီး အစစအရာရာ ဦးစားပေးကြည့်ညိုနေတယ်မို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး"

ပုလိပ်လေးဦးကလည်း ထရပ်ကာ ကျော်လွှင်ဆန်းနှင့်အတူ ဝန်ထောက်ကြီးကို အလေးပြုလိုက်သည်။ ပြီးနောက်ထွက်ခွာသွားကြလေသည်။

×××

လရောင်မှာ ထိန်ထိန်သာလျက်ရှိသည်။ တပေါင်းလပြည့်လုနီးပြီဖြစ်သောကြောင့် ဦးစိန်မောင်၏ ခြံဝင်းကြီးမှာ လရောင်ဖြင့် လပသာယာလျက်ရှိနေလေသည်။ မြဆည်းဆာသည် ညဝတ်စုံဝတ်ပြီးနောက် ခုတင်ပေါ်တွင် လှဲလိုက်သော်လည်း အတွေးများကြောင့် အိပ်မပျော်ဖြစ်နေလေသည်။

"ဟို ရာဇဝတ်အုပ်က ကိုမျိုးနိုင်ကို မသင်္ကာဘူး။ ကိုမျိုးနိုင်ကိုတားပြခေါင်းဆောင် တက်ခါးမှန်းသိရင်တော့ သူတို့ဖမ်းကြမှာ အသေအချာပဲ။ ဒါဆိုရင် ငါ့ရဲ့ပယောဂမကင်းဘူးဖြစ်မယ်"

မြဆည်းဆာသည် မျိုးနိုင်အတွက် ပူပန်သွားမိလေသည်။

"ကိုမျိုးနိုင်ကလည်း အလွယ်တကူတော့ အဖမ်းခံမှာ မဟုတ်ဘူး။ ခုခံတိုက်ခိုက်မှာပဲ။ ဒါဆိုရင် သွယ်သွယ်နဲ့မျက်နှာပျက်စရာတွေဖြစ်ပြီး နောက်ဆုံး ကိုမျိုးနိုင် ဒုက္ခရောက်မှာပဲ"

သူမအခန်းတံခါးကို ဖွင့်ထားပြီး လရောင်ဖြင့် သာယာနေသော ခြံဝင်းကြီးကို ငေးမောကြည့်လျက် ခုတင်ပေါ်မှီထိုင်ကာ တွေးနေခြင်းဖြစ်သည်။ အိပ်ခန်းထဲမှ မီးအိမ်ကို မီးစာလျှော့ထားသော်လည်း ပြာယုံအဲ



လရောင်ကြောင့် အရာအားလုံးမှာ ထင်ရှားနေသည်။

"ဟင်"

ထိုစဥ်မှာပင် သူမတို့၏အိမ်ကလေးခေါင်းရင်း ပိန္နဲပင်ကြီးဘေးသို့ လူရိပ်တစ်ရိပ် တိုးဝင်ကပ်လိုက်သည်ကို မြဆည်းဆာ တွေ့လိုက်ရ၏။ သူမ ထိတ်လန့်သွားသည်။ ပြတင်းပေါက်တွင် သံတိုင်ရှည်များ ကာရံထားသောကြောင့် အတွင်းဘက်သို့ ဝင်လာမည်ကိုတော့ မပူရ။

သို့သော် ပြတင်းပေါက်အပြင်မှ လက်နက်ကိရိယာတစ်ခုခုဖြင့် ပစ်လိုက်မည်ကို စိုးရိမ်ရလေသည်။ တစ်ဘက်ခန်းတွင်ရှိသော မျိုးနိုင်က အိပ်ပျော်,မပျော်မသိ။ သူမအနေဖြင့် ထိတ်လန့်စိုးရိမ်သွားသည်။ လရောင်ကြောင့် လူရိပ်ကို သူမ ထင်ထင်ရှားရှားမြင်လိုက်ရသည်။

အိမ်ထဲသို့ဝင်လာချင်လည်း လာမည်။ ရာဇဝတ်ဝန်ထောက်ကြီး တစ်ဦးနေသော ခြံဝင်းထဲသို့ မည်သည့်လူဆိုးများသည် ဝင်ရောက်လာနိုင်သနည်း။ ခြံတွင် အစောင့် စန္တြီကလည်း ရှိနေသည်။ အစောင့်ရှိနေသည့်ကြားမှ ဝင်လာခြင်းဖြစ်၍ ပုလိပ်ဘက်က လူတစ်ဦးဦးပင်ဖြစ်မည်လား။

မြဆည်းဆာသည် အခန်းအပြင်ထွက်ဖို့ စဥ်းစားလိုက်သည်။ သူမအနေဖြင့် သူစိမ်းတစ်ဦးနှင့် တစ်အိမ်တည်းနေရသည့်အခါမျိုးတွင် လုံလုံခြုံခြုံတိတ်တိတ်ဆိတ်ဆိတ် မိန်းကလေးပီပီသသ နေဖို့လိုသည်။ သူမ အခန်းထဲမှထွက်၍ မျိုးနိုင်ကို ခေါ်ခြင်းမှာ အခြားအဓိပ္ပာယ်တစ်မျိုးဟု ထင်တာ မိန်းကလေးသိက္ခာကျနိုင်သည်။

ချီတုံချတုံဖြစ်နေသည်။ ထိုအချိန်မှာပင် ပိန္နဲပင်ဘေးမှ လူရိပ်သည် နှောခန်းနဲအိမ်နားရှိ ငှက်ပျောပင်များရှိရာသို့ ကူးလိုက်သည်ကို မြင်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လေသည်။ တဖြည်းဖြည်း အိမ်နှင့်ပိုနည်းလာသည်။ ညသန်းခေါင်နားဆင်နီးနေပြီ။

ဤအချိန်တွင် နိုးကြောင်ခိုးဝှက်ဖြင့် အိမ်နားသို့ကပ်လာသော သူမှာ မည်သည့်နည်းနှင့်မျှ ရိုးသားမှုမရှိနိုင်ပေ။ သူမကိုသော်လည်းကောင်း မျိုးနိုင်ကိုသော်လည်းကောင်း အန္တရာယ်တစ်စုံတစ်ရာ ပေးဖို့လာသည်ဆို သည်မှာ သေချာနေပေပြီ။

"ကျွိ"

ခပ်ဖြည်းဖြည်း ဖွင့်သော်လည်း တံခါးပတ္တာက တိတ်ဆိတ်နေသော ညတွင် ကျယ်ကျယ်လောင်လောင် ထွက်လာသည်။ ဧည့်ခန်းမှာ မီးထွန်း မထားပါ။ မျိုးနိုင်၏အခန်းတံခါးမှာ ပွင့်နေသည်။ မြဆည်းဆာသည် ခြေကို ဖွကာ ဧည့်ခန်းသို့ ထွက်လာခဲ့လေသည်။

ထိုအခါ ပြင်မှလရောင်ကြောင့် ခေါင်းရင်းဧည့်ခန်းပြတင်းတစ်ချပ် ကို ဖွင့်ကာ ရပ်နေသော မျိုးနိုင်ကို တွေ့လိုက်ရသည်။ မျိုးနိုင်က အလွှန်း နားပါးသူဖြစ်၍ လှည့်ကြည့်ရာ မှုန်ဝါးဝါးလရောင်ဖြင့် ဆံပင်များ ကပိုကယို နှင့် မြဆည်းဆာကို တွေ့သွားလေသည်။

မြဆည်းဆာကို အသံမထွက်ရန် ပါးစပ်တွင် လက်ညှိုးကပ်ကာ သတိပေးသည်။ မြဆည်းဆာက နားလည်သည့်အနေဖြင့် ခြေဖွကာ ပြတင်း ပေါက်အနီးသို့ ကပ်လာခဲ့လေသည်။ မျိုးနိုင်၏အနားသို့ကပ်ကာ···

"လူရိပ်တစ်ရိပ် တွေ့လို့လား ကိုနိုင်"

"ဟုတ်တယ်··ဟိုဘက်ငှက်ပျောပင်တွေကြားထဲကို ဝင်သွား တယ် မြ။ မြရော တွေ့လိုက်လို့လား"



"တွေ့လိုက်တယ်။ အဲဒါကြောင့် ထွက်လာခဲ့တာပေါ့"

"ကဲ···မြ···သတိရှိယနဲ့နေနော်။ ကိုနိုင် နောက်ဘက်တံခါး ဖွင့်ပြီး ဒီလူဘယ်သူလဲ၊ ဘာလာလုပ်တာလဲဆိုတာ သိအောင် ထွက်ပြီး ကြည့်လိုက်မယ်"

"အို···မြ ကြောက်တယ်"

မြဆည်းဆာက လေသံဖြင့် ခပ်တိုးတိုးပြောသည်။

"မကြောက်ပါနဲ့ မြ။ ကိုနိုင်တာ လူဆိုးလား လူကောင်းလား သိ ချင်လို့ပါ။ ဒီလို နိုးကြောင်ခိုးဝှက်လာတာတော့ မကောင်းဘူးမို့လား"

"အန္တရာယ်နဲ့တွေ့နေပါ့မယ် ကိုနိုင်ရယ်။ အိမ်ထဲကပဲ စောင့်ကြည့် ပါလား"

မြဆည်းဆာက တောင်းပန်စကားဆိုလိုက်သည်။

"အိမ်ထဲကိုရောက်လာမှဆိုရင် မြပါအန္တရာယ်ရှိနိုင်ပါတယ်။ ခုနေ အပြင်ထွက်တွေ့မှ မြကို တန်ဆာခံလုပ်ပြီး ကိုနိုင်ကို အနိုင်ယူနိုင်တယ်"

တိုက်နိုက်မှုအတွေ့အကြုံရှိသော မျိုးနိုင်က ခပ်အုပ်အုပ်ပြောရင်း နောက်ဖေးတံခါးကို ခြေဖွ၍ ထွက်သွားသည်။ အိမ်ထဲတွင် တစ်ယောက် တည်း နေခဲ့ရမယ့် မြဆည်းဆာမှာ အရဲစွန့်ကာ မျိုးနိုင်၏နောက်သို့ ခြေဖွ ဖွာ လိုက်လာခဲ့၏။

"မြ အပြင်မထွက်ခဲ့နဲ့"

မျိုးနိုင်က မှာကာ နောက်ဖေးတံခါးကို အသာအယာဖွင့်ကာ ငှက်ပျောချုံများရှိရာသို့ လှစ်ခနဲ ပြေးသွားသည်။

×××

www.burmeseclassic.com

www.burmeseclassic.com



ညည့်ဂေဟာလေး၏နောက်တွင် ငှက်ပျောပင် ဆယ်ပင်ဆယ့်ငါးပင်ခန့် ရှိသည်။ ထိုငှက်ပျောပင်များကြားတွင် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူရိပ်သည် အမှတ်မထင် နောက်ဖေးတံခါးဖွင့်ကာ လှစ်ခနဲ ပြေးလာသော မျိုးနိုင်ကို တွေ့လိုက်ရ၍ အခက်ကြုံသွားသည်။

သူ၏လက်ထဲတွင် တစ်တောင်သာသာ လက်ကိုင်တုတ်တစ်ခုကိုကိုင်ကာ ငှက်ပျောပင်အောက်တွင် ကျောမှီကာ ကပ်နေခြင်းဖြစ်လေသည်။ မျိုးနိုင်မှာ လူရိပ်မှီကပ်နေသည့်နေရာကို ခန့်မှန်းမိပြီးဖြစ်၍ လှစ်ခနဲ ပြေးရာမှ ထိုအနားတွင် ရောက်သည်နှင့် ရပ်လိုက်လေသည်။

ပုန်း၍ထိုင်နေသော လူရိပ်သည် ဖျတ်ခနဲထကာ လက်ထဲမှ တုတ်ဖြင့် ဆီးကြို၍ ရိုက်လိုက်လေသည်။

"ဝှစ်"

မျိုးနိုင်က ထိုင်ချပေးလိုက်၍ ရိုက်ချက်ကလွဲသွားသည်။ ငှက်ပျောပင်ရိပ်များကြောင့် မျက်နှာကို သဲသဲကွဲကွဲ မမြင်ရ။ အားလွန်သွားသော လူရိပ်၏နံကြားသို့ မျိုးနိုင်က ခြေစောင်းဖြင့် လှမ်းကာကန်သွင်းလိုက်လေသည်။

"ဝှစ်"

"ဖမ်း"

သို့သော် တုတ်သမားမှာ သာမန်လူမဟုတ်ပါ။ အားလွန်သွားသည်နှင့် ရန်သူက သူ့ကို တိုက်ခိုက်လာမည့်အတွက်ကို ကြိုတင်သိရှိနေပုံရလေသည်။ မျိုးနိုင်၏ ကန်ချက်က သူ၏နံကြားသို့ ဝင်မလာစေရန် သူ့ခြေတစ်ဖက်ကိုကြွ၍ မျိုးနိုင်၏ ခြေသလုံးအောက်မှ ပင့်ကန်ထုတ်လိုက်သည်။



မျိုးနိုင်က ကန်ချက်ကို ခုခံသောကြောင့် နောက်သို့ဆုတ်လိုက်သည်။ ထိုအချိန်မှာပင် တုတ်သမားက နောက်ထပ်တုတ်ရိုက်ချက်ကို ...ိုင်၏ခေါင်းပေါ်သို့ ရိုက်ချလိုက်လေသည်။

"ဗိုး"

"ထန်း"

မျိုးနိုင်က ခေါင်းကိုတိမ်းပေးလိုက်သောကြောင့် တုတ်ချက်ထ...ာက်ပခုံးပေါ်သို့ လာကျသည်။ ကိုယ်ကို နောက်သို့ယိုင်ပေးလိုက်၍ ...ာ်အရင်း လက်ကိုင်နားက လာကျသောကြောင့် ထိချက်က မနာချေ။

မျိုးနိုင်က တုန်ကိုင်လက်ကို အုပ်ဖမ်းလိုက်ကာ ကိုယ်ကိုထိုင်...ချ တုတ်သမားကို ထမ်းကာ ကိုင်ပေါက်ချလိုက်လေတော့သည်။

"ဘုန်း"

"အား"

သည့်တစ်ကြိမ်တွင် တုတ်သမားမှာ အထိနာသွားလေသည်။ ...မြင်ပေါ်သို့ ပက်လက်ကားယားကြီး ကျသွားလေသည်။ ငှက်ပျောပင်...မှ လရောင်ဖြင့် တုတ်သမား၏မျက်နှာကို မြင်လိုက်ရသောအခါတွင် ...င် အံ့အားသင့်သွားလေတော့သည်။

"ဟင်"

ထိုမျက်နှာကို မျိုးနိုင်သည် ကောင်းကောင်းမှတ်မိလေသည်။ ...က သူတို့အိမ်ကလေးရှိရာသို့ လာရောက်စကားပြောခဲ့သော ...ကျော်လွင်ဆန်းပင် ဖြစ်လေသည်။

"ဟာ . . . ရာဇဝတ်အုပ်ကြီး မတော်လို့ဗျာ။ ... လူဆိုး

www.burmeseclassic.com



မှတ်လို့"

ကျော်လွင်ဆန်းကို လက်တစ်ဖက်ကမ်းကာ ဆွဲထူပေးလိုက်သည်။ ကျော်လွင်ဆန်းကလည်း မျက်နှာရှုံ့မဲ့ကာ လက်ကိုဆွဲ၍ ခုန်ထ လိုက်သည်။

"ကိုမျိုးနိုင် ခင်ဗျားက လက်တော်တော်မြန်တဲ့သူပဲဗျာ၊ ကျုပ်က ကင်းပုန်းလာဝပ်တာပါ"

"ကင်းပုန်းဝပ်တာ ဟုတ်လား"

"ဟုတ်တယ်လေ . . . ဝန်ထောက်ကြီးရဲ့အိမ်မှာ ညဘက်ဆိုရင် ဒီလိုကင်းပုန်းဝပ်ရတာပဲ။ ပြီးတော့ ခင်ဗျားက အသံမပေး ဘာမပြောနဲ့ ရုတ်တရက်ထွက်လာတော့ ရန်သူမှတ်နေတာပေါ့"

"ဟား ဟား ဟား ကျုပ်ကလည်း ခင်ဗျားကို အိမ်နားက ဝိုင်းပင်ကနေ ကူးလာတော့ အန္တရာယ်ပေးမယ့်သူ ထင်မိတာကိုး။ တော်တော် နာသွားသလား"

ရာဇဝတ်အုပ်ကျော်လွင်ဆန်းက မျက်နှာရှုံ့မဲ့ကာ . . .

"ခင်ဗျား တော်တော်လက်သံပြောင်တာကိုး။ ကျုပ်ခါး တော်တော် နာသွားတယ်ဗျ"

ဟု မကျေမနပ်သံဖြင့် ပြောသည်။

"လာပါဗျာ . . . ဒါဆို ကျုပ်ခင်ဗျားကို တောင်ဆိတ်ဆီ လိမ်းပေးမယ်၊ အိမ်ထဲကို ဝင်ပါ။ လူမှားပြီး ခုလိုလုပ်မိတာ စိတ်မရှိပါနဲ့"

"ရပါတယ်။ ကျုပ်ကလည်း အထင်လွဲစရာဖြစ်သွားတာကိုး . . . ကျွတ် . . . ကျွတ်"



ကျော်လွင်ဆန်းက ခါးကိုလက်နှင့်ဖိကာ အိမ်ထဲသို့ဝင်လာလေသည်။ အခန်းထဲမှ သူဆောင်ထားနေကျ တောင်ဆိတ်ဆီဒယ်ကြေလိမ်း ဆေးဖော်ထားသည့် ပုလင်းကို ယူကာ လိမ်းပေးဖို့ ပြင်လိုက်သည်။

မြဆည်းဆာက နောက်ဖေးတံခါးဝမှ စကားပြောသံများ အစ အဆုံး ကြားရသောကြောင့် အသာအယာပင် အိမ်ထဲသို့ဝင်ကာ သူမ အခန်းတံခါးကိုပိတ်၍ ခုတင်ပေါ်တွင် လှဲလိုက်သည် ခေါင်းရင်းတံခါးကို သည်း ပိတ်၍ထားလိုက်လေတော့သည်။

"ခင်ဗျားညီမလေး အိပ်ပြီလား"

"အင်း . . . အိပ်ပြီထင်ပါရဲ့၊ အဲဒီကုလားထိုင်ပေါ်မှာပဲ မှောက် ကျုပ်လိမ်းပေးပါ့မယ်"

မျိုးနိုင်မှာ စိတ်ကောင်းဓာတ်ခံရှိသူဖြစ်သည့်အတိုင်း ဆွယ်တာ အနက်ကို လှန်ကာ ကျော်လွင်ဆန်း၏ကျောပြင်ကို ဆေးလိမ်းပေးလိုက် လေတော့၏။

×××

မြဆည်းဆာမှာ ညက အတော်ညဉ့်နက်မှ အိပ်ပျော်သွားသည် ဖြစ်ရာ နံနက်နေအတော်မြင့်မှပင် အိပ်ရာမှ နိုးလာလေတော့သည်။ သူမ အိပ်ရာမှ နိုးလာသောအခါတွင် မျိုးနိုင်မှာ ရေချိုးပြီး ဧည့်ခန်းတွင် ထိုင်နေ သည်ကို တွေ့လိုက်ရလေသည်။

"ကိုနိုင် နိုးတာကြာပြီလား"

"သိပ်မကြာသေးပါဘူး။ ကဲ . . . မြ ရေချိုးချင်ချိုး အလှပြင်ချင်

www.burmeseclassic.com

www.burmeseclassic.com



ပြင်၊ ဝန်ထောက်ကြီးက သူ့ရုံးမသွားခင် လက်ဖက်ရည်အတူလာသောက်ဖို့ ခေါ်ထားတယ်၊ စောစောကတင် လာပြောသွားတယ်"

"ဟုတ်ကဲ့ ကိုနိုင်"

မြဆည်းဆာမှာ ကပိုကရိုဖြင့် အခန်းထဲ ပြန်ဝင်သွားသည်။ ပြီးနောက် ရေလဲယူကာ ထဘီရင်လျားဖြင့် အိမ်နောက်ဘက်သို့ ထွက်ခွာသွားလေတော့သည်။ မျိုးနိုင်ကား ဘုရားစင်ရှေ့တွင် စာအုပ်တစ်အုပ်နှင့် ထိုင်ကာ တတွတ်တွတ် ရွတ်ဆိုနေလေသည်။

"ဥဒေတယံ စက္ခုမာ ဧကရာဇ"

ဥဒေါင်းမင်းပရိတ်ကို ရွတ်ဖတ်သံနားထောင်ရင်း မြဆည်းဆာ အပြင်သို့ ထွက်လာသည်။ မြဆည်းဆာ ရောက်အလာတွင် ဆယ်စောင်တွဲ စာအုပ်ကြီးကို ပိတ်ကာ မျိုးနိုင်က ဘုရားစင်ပေါ် ပြန်တင်၍ထွက်လာသည်။

"ကိုနိုင် ပရိတ်တွေဘာတွေလည်း ယုံကြည်သားပဲ"

"ကိုနိုင်တို့ ငယ်ငယ်ကတည်းက ဘုန်းတော်ကြီးကျောင်းမှာ စာသင်ခဲ့ရတာ၊ ကိုရင်ငါးဝါရောက်တဲ့အထိ သဒ္ဒါတွေ သဂြိုဟ်တွေပါ ပေါက်အောင် သင်ခဲ့ရတာ"

"ဟင်...မြက ကိုနိုင်ကို ဒီလိုမထင်ဘူး"

"ဒါပေါ့ တောသားလူရိုင်းလူဆိုးကြီးလို့ပဲ ထင်တယ် မဟုတ်လား"

တက်ခါးဟူသော နာမည်ဖြင့် ဓားပြခေါင်းဆောင်ဖြစ်နေသောကြောင့် ဒုစရိုက်လူဆိုးတစ်ဦးဟု ထင်မှတ်၍ မြဆည်းဆာ အထင်လွဲခြင်းအတွက် မျိုးနိုင်က ချေပလိုက်ခြင်းဖြစ်သည်။



"မြ ဒီလိုထင်တာ အပြစ်ရှိသလား"

မြဆည်းဆာက အားတုံ့အားနာဖြင့် မေးလိုက်လေသည်။

"မရှိပါဘူး မြရဲ့၊ ကိုနိုင်ဘဝကလည်း ဒီလိုထင်ရောဖြစ်နေတာကိုး၊ ကဲ နောက်မှပြောပြတာပေါ့၊ မသွယ်သွယ်တို့ အိမ်ဘက်သွားရအောင်"

မျိုးနိုင်နှင့်မြဆည်းဆာတို့သည် မြက်ခင်းဘေးမှ လူသွားလမ်းလေးအတိုင်း ဝင်လာခဲ့သည်။ ခေါ်ထွန်းသိန်းက တံခါးဖွင့်စောင့်နေရင်း...

"ထမင်းစားခန်းထဲမှာ ဝန်ထောက်ကြီးနဲ့သမီးတို့ ရောက်နေပါပြီ၊ တစ်ခါတည်း ဝင်သွားပါ"

ဟု လမ်းညွှန်လိုက်လေသည်။ ဧည့်ခန်းမှ အိပ်ခန်းနှံ့ရှေ့ဘက်ကြားအတိုင်း ဝင်လာသောအခါ သပ်ရပ်ကျယ်ဝန်းသော ထမင်းစားခန်းသို့ ရောက်ရှိလာလေသည်။ ထမင်းစားခန်းထဲတွင် သွယ်သွယ်၊ ဦးစိန်မောင်နှင့် မျက်နှာစိမ်းဧည့်သည်တစ်ဦး ထိုင်နေလေသည်။ သွယ်သွယ်က သကာ...

"ခြော်...လာကြပါ၊ ဖေဖေကစောင့်လို့ထင်ပြီး ထမင်းမခေါ်နိုင်းမလို့"

ဟု ပြော၏။

"ထိုင်ကြ"

သပ်သပ်ရပ်ရပ် တိုက်ပုံလည်ကတုံးအင်္ကျီနှင့် ရွှေဖလားရောင်ဘန်ကောက်လုံချည်ကို ခါးပတ်ပတ်ထားသော ဦးစိန်မောင်က မြဆည်းဆာနှင့် မျိုးနိုင်တို့ကို ထိုင်ခိုင်းလိုက်သည်။

အိမ်ဖော်မိန်းကလေးက မျိုးနိုင်နှင့်မြဆည်းဆာတို့၏ မှာထားသော လက်ဖက်ရည်ပန်းကန်လုံးများကို လွန်ကာ ဗီရိုကရားထဲမှ ကော်

www.burmeseclassic.com

www.burmeseclassic.com



ဒ်များကို ထည့်ပေးလေသည်။ စားပွဲပေါ်တွင် မြန်မာအစားအစာဖြစ်သော ဆီထမင်းနှင့် ငါးခြောက်ကြော်များက အငွေ့တထောင်းထောင်း ထနေ၏။

"ဆီထမင်းနဲ့ငါးခြောက်ကြော် အဝစား။ လိုရင် ထပ်ဖြည့်ပေး"

"ဟုတ်ကဲ့"

ဆာဆာနှင့် မြဆည်းဆာနှင့်မျိုးနိုင်တို့ စားမိကြသည် သုံးလေးလုပ်စားပြီးမှ...

"ကျွန်တော်တို့ကို ခေါ်တာ ပြောစရာရှိလို့လား ခင်ဗျာ"

ဟု မေးလိုက်သည်။

ထိုအခါ ဦးစိန်မောင်က ပြုံး၍ ခေါင်းညိတ်ပြသည်။

"အေး...ဟုတ်တယ်။ မင်းတို့ရှာနေတဲ့ ကပ္ပိယဦးသောင်းထွန်းဆိုတာ စေတုဘုမ္မိက ကျောင်းမှာ နှစ်အတော်ကြာနေခဲ့တယ် ပြောတယ်။ သူက မြန်မာဗေဒင်၊ ဆေးဝါးနဲ့ အင်္ဂုရတော်တော်ဝါသနာပါတယ်ဆိုပဲ"

"ရှင်...အခုရှိသေးလား ဘဘ"

မြဆည်းဆာက မျက်လုံးလေးတောက်ကာ ပြော်လိုက်လေသည်။

"အဲဒါတော့ ပြန်လာမလား၊ ပြန်မလာဘူးလား အတိအကျ မပြောလို့မရဘူး။ ဆရာတော်ကို လျှောက်ကြည့်ရင်တော့ သိချင်သိမယ်တဲ့။ ဟုတ်လား ဘိုးထူး"

သူဘေးမှ လူကြီးကို မေးလိုက်သည်။ ထိုအခါတွင် ဦးဘိုးထူးဆိုသူမှာ သူမအတွက် ဘုန်းကြီးကျောင်းများတွင် ဦးသောင်းထွန်းကို ရှာဖွေပေးနေသူဟု သိလိုက်ရလေတော့၏။

×××



စေတုဘုမ္မိကျောင်းဆိုသည်မှာ ဟသာ်တမှ ဝေးနံမြို့သို့သွားသည့် လမ်းပေါ်တွင်ရှိသည့် ဘုန်းကြီးကျောင်းဖြစ်သည်။ ဆရာတော်ဦးသီလမှာ အသက်ခြောက်ဆယ်အရွယ်ခန့်ရှိ၏။ သူအား ကန်တော့ဦးချနေသော မျိုးနိုင်နှင့်မြဆည်းဆာတို့အား ကြည့်လျက်...

"ဒကာလေးနဲ့ ဒကာမလေး ဘာကိစ္စရှိလို့လဲ"

ဟု မေးလေသည်။

"တပည့်တော်တို့ ဦးသောင်းထွန်းနဲ့ တွေ့ချင်လို့ပါ ဘုရား"

"မနေ့ကပဲ လူတစ်ယောက် လာမေးတယ်။ သူက ထွက်ချင်ထွက်သွားပြီး ပြန်လာချင်တဲ့အချိန်မှာ လာတာကွယ့်။ ခုတော့ ရန်ကုန်ကို သွားမယ်လို့ ပြောသွားတယ်။ ကြာလိမ့်မယ်ထင်တယ်။ တပည့်တော် ပြန်မလာဖြစ်ရင်လည်း တစ်ခါတည်း နှုတ်ဆက်ပါတယ်ဘုရားဆိုပြီး သူ့လွယ်အိတ်ကြီး လွယ်သွားတာပါပဲ"

ဆရာတော်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။ မြဆည်းဆာမှာ သူ့ဘကြီးမှာသည့်အတိုင်း ဦးသောင်းထွန်းထံတွင် ခိုကိုးရန်လာခဲ့ရာ ယခုတော့ မှီခိုစရာမရှိတော့ဟု တွေးကာ အားငယ်စိတ်ပျက်မိလေသည်။

"ရန်ကုန်တဲ့လား ဘုရား"

မျိုးနိုင်က ထပ်၍လျှောက်သည်။

"ဟုတ်တယ်...ဒီလိုပဲ ပြောသွားတယ်။ ဘာသိချင်သေးသလဲ"

"တပည့်တော်မတွက် ဘာများမှာခဲ့သေးသလဲ ဘုရား"

ဆရာတော်ဦးသီလသည် ခေတ္တ စဉ်းစားဆင်ခြင်လိုက်လေသည်။

"ဘုန်းကြီးကလည်း အသက်ကြီးတော့ သေသေချာချာမမှတ်မိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်နန္ဒဝန်နဲ့တော့ စကားတွေ ပြောသွားတာပဲ။ ဟဲ့ နန္ဒဝန်ကို လွှ
လိုက်စမ်း"

တံခါးဝရှိ ကိုရင်လေးတစ်ပါးကို လှမ်း၍အော်လိုက်လေသည်။

"တင်ပါ့ဘုရား"

မကြာမီ အရပ်ရှည်ရှည် ပိန်ပိန်နှင့် ကိုရင်ကြီးတစ်ပါး ဝင်ရော
လာလေသည်။

ကိုရင်ကို မြဆည်းဆာနှင့်မျိုးနိုင်တို့က ဦးချလိုက်လေသည်။

"ဒကာမကြီးက မြန်အောင်ကလာတာလား"

"တင်ပါ့ဘုရား"

"မြဆည်းဆာဆိုတာလား"

"တင်ပါ့ဘုရား"

"အင်း…ဒကာကြီးဦးသောင်းထွန်းက ဒကာမကြီး ဒီနှစ်အတွင်
ရောက်လာလိမ့်မယ်။ ရောက်လာရင် ဒီအထုပ်ပေးပါဆိုပြီး မှာသွားတာ
အဲဒါကိုသာ ယူသွားပေတော့။ သူ့ရဲ့ရှန်ကုန်လိပ်စာလည်း ရေးထား
ထင်ပါရဲ့"

"ကျေးဇူးပါဘုရား"

ကိုရင်က စကားပြောတိကျသည်။ ဖြတ်သားသည်။ ထို့နော
တွင်ကား ကျောင်းပေါ်မှ ပြန်ဆင်းသွားကာ မကြာမီ လေးထောင့်စပ်
အဝတ်ထုပ်တစ်ထုတ်ကို ယူ၍ လာခဲ့လေသည်။

အထုပ်မှာ ခြောက်လက်မထူ၍ ရှစ်လက်မရှည်သော သေတ္တာ
ကို ပင်နီဖျင်ကြမ်းဖြင့် ပတ်ထားဟန်ဘူသည်။



"အင်း…ကျုပ်မှာလည်း ဒီအထုပ်သိမ်းထားရတာ တာဝန်ဝတ္တ
ရားတစ်ခုပဲ။ ခု ဒကာမကြီးရောက်လာပြီဆိုတော့ တာဝန်အေးပြီပေါ့"

သေတ္တာကို ဖြေ၍မကြည့်ရန် မျိုးနိုင်က မျက်ရိပ်ပြသောကြောင့်
အဝတ်စကိုကိုင်ထားသည့် လက်ကိုချကာ ကိုရင်ကို ကန်တော့လိုက်သည်။
ဆရာတော်ကြီးကိုလည်း ဦးချကန်တော့လိုက်ကြ၏။

"တပည့်တော်တို့ကို ခွင့်ပြုပါဦး ဘုရား"

"ကောင်းပြီ ကျန်းမာချမ်းသာ သွားကြပါစေ"

ဆရာတော်ကြီးက မေတ္တာပို့သ ဆုတောင်းသည်ကို "ပေးတဲ့ဆုနဲ့
ပြည့်ပါစေ" ဟု ရှိခိုးပြီး ထွက်လာခဲ့ကြသည်။

×××

မြဆည်းဆာက အဝတ်ဖြင့်ပတ်ထားသော သေတ္တာလေးထဲတွင်
မည်သည့်အရာရှိသည်ကို သိချင်နေသည်။ သူမသည် သေတ္တာလေးကို
ခရီးဆောင်အိတ်ကြီးထဲတွင် ထည့်လျက်ထွက်လာရင်း…

"ကိုနိုင် ကျွန်မတို့ ဒီထဲမှာ ဘာတွေရှိမလဲဆိုတာ တစ်နေရာရာ
မှာ ဖွင့်ကြည့်ကြရအောင်နော်"

ဟု ခပ်တိုးတိုးပြောလိုက်၏။

"ဒီလို သေတ္တာကို အဝတ်နဲ့ပတ်တယ်ဆိုတာ အထဲမှ ပိုခြုံဖို့
လိုအပ်တဲ့ပစ္စည်းပါလို့ပေါ့ မြ။ ဒီတော့ လူသွားလူလာများတဲ့ နေရာမှာ ဖွင့်
ကြည့်လို့တော့ မဖြစ်ဘူး"

"တည်းခိုခန်းရောက်မှ ဖွင့်ကြည့်တာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အကောင်းဆုံးပါပဲ"

မြင်းလှည်းဖြင့် သူတို့နှစ်ဦးသည် ဟသ်ာတဈေးအနီးရှိ တော်ဝင်တည်းခိုခန်းတွင် ရွှေ့ပြောင်းနေထိုင်ကြသည်။ သွယ်သွယ်က မသွားစေချင်သော်လည်း အရိပ်အကဲကိုသိသော ဝန်ထောက်ဦးစိန်မောင်က "ညည်းသည်တွေကို မတားပါနဲ့ သမီးရယ်၊ သူတို့လဲ တခြားကိစ္စတွေရှိမှာပေါ့" ဟု ပြောလိုက်သောကြောင့် သွယ်သွယ်က ခွင့်လွှတ်လိုက်ရတော့၏။

သို့သော် သွယ်သွယ်သည် တော်ဝင်တည်းခိုခန်းကိုလည်း သိနေ၍ လာမည်ဖြစ်ကြောင်း၊ သူမကို မိတ်ဆွေကောင်းအဖြစ် အကူညီလိုကကောင်းပါရန်နှင့် သူမတို့အိမ်သို့လည်း လာရောက်၍ လည်ပတ်ရန် တဖွဖွ မှာကြားလိုက်လေသည်။

ခရီးဆောင်အိတ်ကို ဖက်ကာ မြဆည်းဆာသည် ငိုင်တွေလျက်ရှိသည်။ သူမသည် ဟသ်ာတမြို့တွင် ဘကြီးက စေလွှတ်လိုက်သော ကပ္ပိယဦးသောင်းထွန်းထံ ရောက်ရှိလျှင် နားခိုရာရလိမ့်မည်ဟု ယင်ရလေသည်။

ယခုတော့ ကပ္ပိယဦးသောင်းထွန်းမှာ ထွက်ခွာသွားပြီ။ သူမ၏ ရှေ့ရေးအတွက် အားကိုးအားထားပြုလျက်နေထိုင်ရန် နေရာမရှိသကဲ့သို့ ဖြစ်သွားရလေပြီ။ သူမရင်ထဲတွင် ဟာလာဟင်းလင်းဖြစ်လျက် ရှိသည်။

ဓားပြခေါင်းဆောင်တစ်ဦးဖြစ်သူ တက်ခါးမှာလည်း သူမအပေါ်တွင် ခင်မင်သံယောဇဉ်ရှိသည့်စိတ်ဖြင့် ဟသ်ာတမြို့အထိ လိုက်ပါလာခဲ့သော်လည်း သူ့ငယ်သားများရှိသည့် ရိုးမတောင်ခြေမှ ဇီးပင်ကြီးရွာသို့ ပြန်လိုပေလိမ့်မည်။



ဦးသောင်းထွန်းနှင့်တွေ့သည့်နေရာ ဦးသောင်းထွန်း၏သတင်းကို အတိအကျရသည်အထိ လိုက်ပါကူညီမည်ဟု (တက်ခါး)မျိုးနိုင်က မြဆည်းဆာကို ကတိပေးခဲ့သည်။ ယခုတော့ သူ၏ကတိပြီးဆုံးပြီဟု ဆိုရတော့မည်။ တက်ခါးသည် ငိုင်၍နေသော မြဆည်းဆာကို ငေးကြည့်နေမိသည်။

မြဆည်းဆာနှင့်အတူ နေထိုင်ခဲ့သည့် တစ်ရက်နှစ်ရက်အတွင်း မြဆည်းဆာ၏ ခံစားမှုများကို တက်ခါး(မျိုးနိုင်)က အကုန်သိရှိနေခဲ့သည်။ ယခုအရွယ်အထိ မည်သည့်မိန်းကလေးကိုမျှ မျိုးနိုင်သည် ဤသို့စိတ်ရှည်လက်ရှည် လိုက်ပါကူညီမှုခြင်း မရှိပေ။

"အင်း… သူလည်း သူ့ဘဝရှေ့ရေးအတွက် ပူပန်နေမှာပဲ။ ခေတ်အခါကလည်း ကောင်းတာမဟုတ်ဘူး။ သူလိုအရွယ် သူလိုအလှနဲ့ ခရီးဆက်ရင်တော့ ဒုက္ခတွေ့တော့မှာပဲ။ ငါ ဘယ်လိုလုပ်ရမလဲ"

မျိုးနိုင်မှာလည်း သူ့ဒေသသို့ ပြန်ဖို့အရေးကိစ္စကို စဉ်းစားနေရပြီ ဖြစ်လေသည်။ မြဆည်းဆာ၏ ဘဝရှေ့ရေးကို သူသည် စိတ်မချနိုင်ဖြစ်နေ၏။ သူ့စိတ်သည်လည်း အပြောင်းအလဲ အနည်းငယ်တော့ ရှိလာပြီဟု ဆိုရမည်။ သူတို့နေထိုင်သော ရိုးမတောင်ခြေဇီးပင်ကြီးရွာထက်စာလျှင် ဟသ်ာတမြို့သည် နတ်ပြည်နှင့် ငရဲပြည်လောက် ကွာခြားနေသည်။ မြို့တော့ ရောင်းဝယ်သွားလာစားသောက်တာ လွတ်လပ်ပျော်ရွှင်နေသည့် လူကောင်းတို့၏ ဘဝများမှာ အပူအပင်ကင်းလှသည်ကို သူမြင်ရသည်။

တကယ်တော့ မျိုးနိုင်သည် လူသတ်မှုသော ဓားပြဝတ်ကောင် တစ်ဦး မဟုတ်မှန်း [illegible] သိသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မရသေး။ ဓားပြခေါင်းဆောင်တက်ခါးအဖြစ်ဖြင့် သူနေရခြင်းထက် အလုပ်တစ်ခုခု လုပ်ကိုင်ကာ လူကောင်းတစ်ယောက်အဖြစ် နေထိုင်ရခြင်းကသာ ပို၍ သူ့ကို ဆွဲဆောင်မှုရှိလာသည်။

"ဟင်း"

"ရောက်ပြီလေ ကိုနိုင်...ဘာတွေသက်ပြင်းချနေတာလဲ"

မြဆည်းဆာက ပြောတော့မှ တည်းခိုခန်းရှေ့ရောက်နေကြောင်း တက်ခါး သတိရမိတော့သည်။

×××

တည်းခိုခန်းတွင်ကား မြဆည်းဆာနှင့် မျိုးနိုင်တို့သည် တစ်ယောက်တစ်ခန်း ငှားကာနေကြသည်။ သွယ်သွယ်တို့ကို ပြောသကဲ့သို့ပင် မောင်နှမအသွင်ဖြင့်နေသောကြောင့် မောင်နှမပီသစွာ မျက်နှာချင်းဆိုင် တစ်ခန်းစီငှားနေကြသည်။ သူ့အခန်းရှေ့သို့ ရောက်သောအခါတွင် မြဆည်းဆာက ရပ်လိုက်သည်။

"ကိုနိုင်"

"ဟင်"

"အဝတ်အစားလဲပြီးရင် မြ အခန်းကိုလာခဲ့နော်။ ဒီသေတ္တာကို အတူတူဖွင့်ကြည့်ရအောင်"

"အင်းပါ မြရဲ့"

မြဆည်းဆာက အခန်းထဲရောက်သည်နှင့် အဝတ်အစားလဲကာ ခေါင်းဖီးနေသည်။ မကြာမီ တက်ခါးခေါက်သံပေါ်လာ၏။



ဝွန်းလိုက် ကိုနိုင်။ တံခါးစေ့ရုံစေ့ထားတယ်"

မျိုးနိုင်က တံခါးကို တွန်းကာ အတွင်းမှပြန်ပိတ်လိုက်လေသည်။

မြကို တစ်ခုပြောထားပယ်။ တည်းခိုခန်းမှာနေရင် အတွင်းက တံခါးအမြဲပိတ်ထားပါ"

"ဘာဖြစ်လို့လဲ ကိုနိုင်"

"တည်းခိုခန်းဆိုတာ ကိုယ့်အိမ်မဟုတ်ဘူး။ လူပေါင်းစုံလာတာတတ်တယ်လေ။ ကိုယ့်အခန်းဟာနေရင် တွန်းဝင်လာပြီး မိန်းကလေးတစ်ယောက်တည်းတွေ့တော့ အနိုင်ကျင့် လုယက်သွားရင် ဘယ်လိုလုပ်မလဲ"

သည်တော့မှ မြဆည်းဆာက သူမရင်ဘတ်ကို ဖိလိုက်သည်။

"အို...ဒီလိုလုပ်တတ်သလား"

"ပြောလို့ဘယ်ရမလဲ။ အဲဒါကြောင့် မြကို စိတ်ပူတာ။ တိုယ်ခြံရမှာ စိတ်မချဘူး"

မြဆည်းဆာက သူမကို စိတ်ပူသည်ဟုဆိုသောကြောင့် ပြုံးလိုက်လေသည်။

"ဒီမှာ ဆရာ မြကို စိတ်ပူတာလား။ ဝန်ထောက်ကြီးသမီး သွယ်သွယ်နဲ့ ခွဲခွာသွားရမှာကို ဝန်လေးနေတာလား"

မြဆည်းဆာက မိန်းကလေးပီပီ ဝန်တိုသောစိတ်ဖြင့် ပြောလိုက်သည်။ မျိုးနိုင်မှာ မျက်နှာတင်းမာသွားလေ၏။

"မြ ကျုပ်ကို ဒီစကားမျိုးမပြောပါနဲ့"

လေသံက ချက်ချင်းပြောင်းသွားသည်။

မာကျောသောအသံကြောင့် မြဆည်းဆာ မျက်လုံးလေးများ ဝိုင်း

www.burmeseclassic.com



သွားသည်။

"ကျုပ် ကိုလိုနီနယ်ချဲ့ရဲ့ လက်အောက်ခံတွေကို ဘယ်လောက်မုန်းတယ်ဆိုတာ မြ သိတယ်မို့လား။ နောက်တစ်ခါ ဒီစကားမျိုးပြောရင် မြကို ကျုပ်ခွင့်လွှတ်မှာ မဟုတ်ဘူး"

ဤမျှမာကျောသော မျက်နှာ၊ မာကျောသောအသံမျိုးဖြင့် မျိုးနိုင်ဆက်ဆံခြင်းကို တစ်ကြိမ်မျှ မကြုံဖူးသောကြောင့် မြဆည်းဆာမှာ ထိတ်လန့်ကာ ခေါင်းငုံ့လိုက်လေသည်။

ထို့ပြင် သူမဘဝတွင် ဘယ်သွားလို့ ဘယ်လာရမှန်းမသိသည့်အချိန်တွင် ယာယီမှီခိုရာဖြစ်နေခဲ့သော မျိုးနိုင်က ဟိန်းဟောက်လိုက်သောကြောင့် အားငယ်ဝမ်းနည်းကာ မျက်ရည်များ လျှံကျလာလေတော့သည်။

မျိုးနိုင်မှာ သူ့ကိုဝန်ထောက်ဦးစိန်မောင်သမီးနှင့် စွပ်စွဲပြောဆို၍ ဒေါသထွက်ကာ စိတ်လိုက်မာန်ပါပြောမိသော်လည်း မြဆည်းဆာ မျက်ရည်များ လျှံကာကျလာသည်ကို တွေ့သောအခါ အံ့အားသင့်သွား၏။ အံ့အားသင့်သွားရာမှ သူမ လန့်သွားပြီဆိုသည်ကို ရိပ်စားမိလိုက်လေသည်။

"မြ…မြ…ဘာလို့ငိုတာလဲ"

မြဆည်းဆာက မျိုးနိုင်ကို မျက်နှာချင်းမဆိုင်ဘဲ တစ်ဘက်သို့ မျက်နှာလွှဲနေ၏။

"ပြောလေ မြ…ကိုနိုင်က စိတ်ဆိုးပြီး ပြောမိတာကို အားငယ်သွားတာလား"

ဤသို့ပြောလိုက်တော့မှ မြဆည်းဆာမှာ ရှိုက်ကြီးတငင်ငိုလေ



တော့သည်။ သူမဘဝကို သူမတင်း၍ခံထားသော အားတင်းမှုကြီး ပြိုကွဲပေါက်လျှံကျလာခြင်းဟုလည်း ပြောနိုင်လေတော့သည်။

"အဟင့်…ဟင်းဟင်း"

မြဆည်းဆာသည် မျိုးနိုင်ကို ကျောခိုင်းကာ အားရပါးရ ငိုချနေလေပြီ။

"မြ ကိုနိုင်မှားသွားတယ်။ မြကို ကိုနိုင်ဆူတာ မာန်အောမဟုတ်ပါဘူး။ မသွယ်သွယ်နဲ့ စွပ်စွဲတာကို မကြိုက်လို့ပါ"

"အဟင့် အဲဒါ ကိုနိုင်က မြကို ဒီလောက်တောင်ပဲ မုန်းပြီးအော်ရသလား"

"မုန်းပြီးအော်တာ မဟုတ်ပါဘူး မြရယ်"

"အော်တယ်…ခုပဲ အော်ငေါက်တယ်လေ"

"ကဲပါ မြရယ်…မြကို ကိုနိုင် မုန်းလည်းမမုန်းပါဘူး။ နောက်ကိုလည်း ဒီလိုမအော်တော့ဘူးနော်"

မျိုးနိုင်က မြ၏ပခုံးလေးနှစ်ဖက်ကို ကိုင်ကာ ချော့လိုက်သည်။ မြဆည်းဆာသည် မျက်ရည်ပြည့်လျှံနေသော မျက်လုံးဖြင့်မော့ကြည့်လေ၏။

"ကိုနိုင် မြဟာ ခိုကိုးရာမရှိတဲ့ဘဝပါ ကိုနိုင်ရယ်။ ကိုနိုင် မြန်သွားရင် မြ ရှေ့ကိုဘယ်လိုဆက်ရင်ဆိုင်ရမှန်း မသိဘူး။ မြကို အဲဒီလိုဘယ်တော့မှ မအော်မငေါက်ပါနဲ့နော်"

မြဆည်းဆာက မျိုးနိုင်ကို တောင်းပန်စကားဆိုလိုက်သည့်အခါ ကျောလုသော မိုးပြခေါင်းဆောင် တက်ခါး၏အသည်းနှလုံးများပင်။ မမာကျောနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"မြ· · · မြကို ကိုနိုင်ခွဲမသွားပါဘူး"

×××

ကတ္တီပါအဝတ်စနှစ်ထပ်ကို ခွာလိုက်သောအခါတွင် သံသေတ္တာပြားလေးတစ်လုံး ပေါ်လာသည်။ သေတ္တာတွင် သော့သုံးလုံးခတ်ထားလေသည်။ မျိုးနိုင်သည် မြဆည်းဆာ၏မျက်နှာကို လှမ်းကြည့်လိုက်၏။

"သော့တံက ပါမလာဘူး။ ဘယ်လိုလုပ်မလဲ"

"ခဏနေဦး မြရဲ့အဘက ပေးထားတဲ့ ဆံထိုးလေးတစ်ခုရှိတယ်။ အဲဒီဆံထိုးလေးကို နှင့်ခေါင်းမှာ ထိုးမထားနဲ့ တစ်နေ့အသုံးဝင်လိမ့်မယ် ပြောထားတယ်"

မြဆည်းဆာက ပြောပြောဆိုဆို နေရာမှထကာ အခန်းထဲဝင်သွားသည်။ ခရီးဆောင်အိတ်ထဲရှိ ပိုက်ဆံအိတ်ထဲမှ လှပသောဆံထိုးလေး တစ်ခုယူလာသည်။ ဆံထိုးမှာ ရွှေဖြင့်ပြုလုပ်ထားသော်လည်း ရွှေဆံထိုးထိပ်မှ တွဲလျားကျနေသည့် ကြေးချောင်းလေးသုံးချောင်းမှာ လုံမိန်အတိုအလတ် အရှည်ပုံ ဖြစ်နေလေသည်။

"ဒီမှာကြည့်စမ်း ကိုနိုင်။ ဒီဆံထိုးက မထူးဆန်းဘူးလား"

"အင်း· · · ထူးဆန်းသားပဲ။ ရွှေကို ကြေးလုံးလေးတွေ တွဲလျားချထားတာပဲ"

"အတိုအရှည် မညီဘူးနော်"

"ဟုတ်တယ်"

"ကဲ· · · ကျွန်မစိတ်ကူးမှန်ရင်တော့ ဝမ်းသာစရာဖြစ်မှာပဲ"



သံသေတ္တာပြားလေးမှာ သော့သုံးလုံးကို ဆံထိုးထိပ်မှ လုံသုံးချောင်းဖြင့်လဲကာ ဖွင့်ကြည့်သည်။

"ချောက်"

"ဟာ· · · ပွင့်တယ်"

"ဟုတ်တယ်"

နှစ်ဦးစလုံးပင် အံ့အားသင့်သွားကြလေသည်။ သော့တစ်လုံး ပွင့်သွားသည့်ကို တွေ့ရ၏။ ဘေးခန်းမှအသံများ ကြားမည်စိုး၍ သူတို့ပါးစပ်ကို သူတို့ ကမန်းကတန်း ပိတ်လိုက်ကြလေသည်။

"ရှူး· · · ကဲ· · · ဆက်ဖွင့်ကြ"

မျိုးနိုင်က မြ၏အနားသို့ကပ်ကာ ခပ်တိုးတိုးပြောလိုက်၍ မြက သော့တစ်လုံးဖွင့်လိုက်လေ၏။

သော့နှစ်လုံးပွင့်သွားသည်နှင့် သော့များကို စားပွဲပေါ်တွင် ချကာ သော့ကလောက်နှင့် သော့တံများ တပ်ထားပြီး သံသေတ္တာပြားလေးကို ဖွင့်ကာကြည့်လိုက်သည်။ သေတ္တာပြားလေးထဲတွင် အကန့်အလယ်မှ တစ်ခုခွဲထားပြီး နှစ်ကန့်ဖြစ်နေသည်ကို တွေ့ရ၏။ အကန့်တိုင်းအပေါ်တွင် ရွှေချည်ထိုးအဝါရောင် အဝတ်စအုပ်ထား၍ အဝတ်စကို ဖယ်လိုက်သောအခါတွင် စာလိပ်တစ်လိပ်နှင့် ရတနာပစ္စည်းများကို တွေ့လိုက်ရလေသည်။

လက်ကောက်၊ လက်စွပ်၊ နားတောင်း၊ လည်ကပ်၊ ဆွဲကြိုး စသည်တို့၊ အမျိုးအစားစုံလင်လှ၍ ရွှေများရော ကျောက်မျက်ရတနာများပါ အရောင်တလက်လက် ထွက်နေလေသည်။ နှစ်ဦးစလုံးမှာ အံ့အားသင့်သွားကာ မျက်လုံးပြူး၍ တစ်ဦးနှင့်တစ်ဦး ကြည့်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးမှာ သေးလှသည်မဟုတ်ချေ။ လက်ျာဘက်အကန့် ရတနာများပေါ်တွင် တွေ့ရသော ပေစာလိပ်ကို ဖြန့်ကာ ဖတ်ရှုကြည့်လိုက် သည်။

သုနန္ဒရဏ်မျိုးဆက်သို့

ဤရတနာများမှာ သင်ဝိုင်း၏ ဘေးတော်သူ သုနန္ဒ ပညာဗဟုသုတကို လေးစားသောကြောင့် နန်းတွင်းမှ မင်း မင်းသားများနှင့် မန္တလေးရွှေမြို့တော်မှ သူဌေးများက ပို့သ ပေးအပ်ကြသည့် သန့်စင်သော ရတနာများဖြစ်သည်။

ထိုက်သူ၏လက်ထဲသို့ရောက်ရှိရန် မသမာသူတို့ လက်မှ အကြိမ်ကြိမ်အသက်စွန့်၍ ပြန်လည်ရယူခဲ့ရသော ရတနာ များဖြစ်၏။

ယခုသင့်လက်ဝယ်သို့ ရောက်ရှိလာပြီဖြစ်၍ ဘုရား တန်ဆောင်းနှင့် ကောင်းမှုများကို ဘယ်ဘက်သာသနာအတွက် ဟု ရေးသားစာလိပ်ထားသော အကန့်မှ ရတနာများကို သဒ္ဓါ ရှိစွာ လှူဒါန်းကမ္ဘည်းထိုး၍ အမျှဝေပါ။

ညာဘက်မှ ရတနာများကိုကား သုနန္ဒရဏ်မျိုးဆက် လိုရာသုံးရန် ဖြစ်သည်။ အကုသိုလ်မကောင်းမှုအတွက် မသုံး စားဝတ်နေရေး၊ ဆင်းရဲသောသူများအား ကူညီထောက်ပံ့ ကျွေး မွေးဖို့သုံးပါက အလိုဆန္ဒပြည့်ပါလိမ့်မည်။

ဘဏ္ဍာတော်ထိန်းကြီး
ဦးထင်



နှစ်ဦးသား ခေါင်းချင်းဆိုင်ကာ စာကိုဖတ်ရှုကြည့်ပြီးနောက် တစ်ဦးနှင့်တစ်ဦး ပြုံး၍ကြည့်မိကြသည်။

"ကဲ...သေတ္တာကို ပြန်ပိတ်လိုက်ပါတော့ မြ။ သူ့အတိုင်း ပြန် ထုပ်။ ထောင့်တွေမပေါ်စေနဲ့။ ဒါ လူဆိုးတွေများပြအန္တရာယ်စိုးရိမ်ရတဲ့ပစ္စည်းပဲ"

"အို...ဘာပူစရာရှိလို့လဲ။ လူဆိုးတွေပြက ကိုယ့်နားမှာရှိနေပြီ ဥစ္စာ"

မြဆည်းဆာက မျိုးနိုင်၏ပခုံးကို ခေါင်းမှီကာ ပြောလိုက်သည်။

"ဒီတွေပြက ရတနာတွေကို မမက်ဘူး။ လူကိုမက်တာနော်"

"အို...ကြည့်ပါလား"

သူမ၏ခါးကိုဖက်ကာ ပိုင်ပိုင်နိုင်နိုင် ပြောလိုက်၍ မြဆည်းဆာက မျက်စောင်းထိုးလိုက်သည်။ ထိုအချိန်မှာပင် တံခါးခေါက်သံက ပေါ်လာ လေသည်။

မြဆည်းဆာက ကတ္တီပါအဝတ်ထုပ်ထားသော သေတ္တာကို သူမ ၏ခရီးဆောင်အိတ်ထဲသို့ ကမန်းကတန်း ထည့်လိုက်လေသည်။ ပြီးနောက် တံခါးဖွင့်ပေးလိုက်သောအခါတွင် သွယ်သွယ်နှင့်အတူ အရုပ်ဝတ်ဝတ် ထားသော ရာဇဝင်အုပ်ကျော်လွင်ဆန်းတို့ ဝင်ရောက်လာကြလေသည်။

"မောင်နှမတွေ ဘာတိုင်ပင်နေကြတာတုံး"

"ဘာမှမဟုတ်ပါဘူးဗျာ။ ဦးလေးက ရန်ကုန်သွားပြီဆိုတော့ ရန် ကုန်ကို လိုက်ကြမလားလို့"

"ရန်ကုန်မြို့က အကျယ်ကြီး တွေ့ပါ့မလားဗျ။ ဘာကိစ္စများ ဒီ လောက်အရေးတကြီး တွေ့ချင်နေရတာတုံး"

www.burmeseclassic.com

www.burmeseclassic.com



ကျော်လွင်ဆန်းက စစ်ဆေးမေးမြန်းနေသည်။ သူ၏မျက်နှာမှာ အဓိပ္ပာယ်တစ်မျိုး ပေါ်နေလေသည်။

"မနက်ဖြန် ကိုမျိုးနိုင်ကို ရာဇဝတ်ဝန်ထောက်က ခဏ တွေ့ချင်တယ်တဲ့"

"ဗျာ…ကိစ္စက"

"ကိစ္စကတော့ဗျာ…တက်ခါးဆိုတဲ့ဓားပြခေါင်းဆောင်မှာရှိတဲ့ ကိုယ်ပေါ်က အမှတ်အသားကို သိတဲ့လူက ပြောပြလို့ အဲဒါခင်ဗျားကို သက်သေခံအောင် စစ်ဆေးချင်တာတဲ့"

"ဗျာ"

မျိုးနိုင် မျက်လုံးဝိုင်းသွားသည်။

"ကဲ…ကျုပ်ပြောချင်တဲ့စကားက ဒါပါပဲ…ခွင့်ပြုပါဦး။ မနက်ဖြန် အဲဒီတာရားရုံးကို (၁၀)နာရီအရောက်နော်"

သွယ်သွယ်က အားနာနေလေသည်။

"ကဲ…ပြောစရာရှိတာ ပြော သွယ်သွယ်။ အစ်ကို ကာကာဆိုင်က စောင့်နေမယ်"

"ကောင်းတယ် ကိုကျော်လွင်ဆန်း"

မြဲဆည်းဆာရော မျိုးနိုင်ပါ မျက်နှာပျက်နေကြလေတော့သည်။

"တံခါး ခဏပိတ်မယ်နော်"

လုံခြုံမှုရှိစေရန် သွယ်သွယ်က တံခါးကို ထပိတ်လိုက်သည်။

"ကြယ်မင်းအဖွဲ့က ဓားပြတစ်ဦးက မနေ့ကမိတယ် ကိုနိုင်။ သူက ကိုနိုင်ဟာ ဗိုလ်တက်ခါးဖြစ်နိုင်တယ်လို့ ပြောတယ်။ မိန်းကလေးတစ်



ယောက်နဲ့ ဟသ်ာတကို ထွက်သွားတာတဲ့။ ဝီးပင်ကြီးရွာသား ညာဘက် ဖခုံးထောင့်လက်မောင်းသားပေါ်မှာ ငှက်ခါးပျံတဲ့အရုပ်တစ်ရုပ် ဆေးမင် ကြောင်ထိုးထားတယ်တဲ့"

မြဲဆည်းဆာက စိုးရိမ်၍ မျက်လုံးဝိုင်းကာ မျိုးနိုင်ကိုကြည့်လိုက်သည်။ မျိုးနိုင်က သိပ်ရုပ်မပျက်ပေ။ ဣန္ဒြေဆည်ကာ…

"မသွယ်သွယ်ကြားတာ ဒါ အကုန်ပဲလား"

"ဟုတ်တယ်…ကိုနိုင်ရဲ့ ညာဘက်လက်မောင်းပေါ်မှာ ငှက်ခါးပျံတဲ့အရုပ် ရှိလား"

အဖြေမပေးဘဲ ပြုံးလိုက်သည်။

"မနက်ဖြန် ရုံးရောက်တော့ သိကြမှာပေါ့ မသွယ်သွယ်"

"ကျွန်မ စိတ်ပူတယ် ကိုနိုင်"

"မပူပါနဲ့ဗျာ။ လူခိုးဆိုရင် ရာဇဝတ်မှုက ဘယ်လွတ်ပါ့မလဲ။ ကဲ ကိုကျော်လွင်ဆန်း စောင့်နေထင်ပါရဲ့"

"ကဲမြဲ…ကျွန်မ ပြန်မယ်နော်။ ကိုနိုင် သွားပြီ"

"ကျေးဇူးပါပဲ"

×××

ရာဇဝတ်အုပ်ကျော်လွင်ဆန်းနှင့် သွယ်သွယ်တို့ ပြန်သွားသည်နှင့် မြဲဆည်းဆာသည် သူမ၏အခန်းတံခါးကို ပိတ်လိုက်သည်။ မျိုးနိုင်မှာ မြဲဆည်းဆာနှင့်အတူ နေထိုင်ခဲ့သည့်နေရာတွင် ထိုင်၍ ငိုင်နေသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနိုင်"

"ဟင်"

"ရှင် ရေချူးတာကို ကျွန်မတစ်ခါမှ သတိထားပြီး မကြည့်ခဲ့ဘူး"

မြဆည်းဆာစကားကြောင့် လူရိုးကြီးမျိုးနိုင်မှာ ရှက်ရွံ့သွားသည်။

"ဟာ· · ·မြကလည်း ဘာစကားတွေပြောနေတာလဲ၊ ရှက်စရာတွေဗျာ"

"ကျွန်မပြောတဲ့ အဓိပ္ပာယ်က တစ်မျိုးရှင့်၊ တွေးချင်ရာတွေးမနေနဲ့။ ရှင့်ရဲ့ ညာလက်မောင်းမှာ ငှက်ခါးပျံနေတဲ့ ဆေးမင်ကြောင်ထိုးထားတယ်ဆိုတာ တကယ်ပဲလား"

"ဩော်· · ·ဒါကို မေးချင်တာကိုး"

"ဟုတ်တယ်လေ။ ကြက်မင်းအဖွဲ့ကလူက ရှင့်ရဲ့အပေါ်ပိုင်းအဝတ်မရှိဘဲ ထိုဏ်ခိုက်တာကို တွေ့ဖူးလို့ဖြစ်မှာပေါ့။ ဒါကြောင့် သူမှတ်ထားတာ။ ဒီအရုပ်ကို ဘာလို့ထိုးတာလဲ၊ ဒါဟာ ရှင့်ကို ကြိုးစင်တင်မယ့်အရုပ်ဆိုတာ ရှင်နားမလည်ဘူးလား"

"ဘယ်တတ်နိုင်မလဲ မြ။ ဒုစရိုက်သမားဟာ နောက်ဆုံး သူ့လမ်းသူသွားရတာပဲ။ မြ ကိုယ့်ကို သံယောဇဉ်ဖြတ်နိုင်အောင် ဖြတ်ပါ"

"ဟင့်အင်း· · ·ဟင့်အင်း· · ·မြ ရှင့်ကိုဘယ်နည်းနဲ့မှ မခွဲနိုင်ဘူး။ ရှင်သာ အဖမ်းခံရပြီး ကြိုးပေးခံရရင် ကျွန်မလည်း သေမှာပဲ"

မြဆည်းဆာက မျိုးနိုင်၏လက်မောင်းကို ဆုပ်ကိုင်လှုပ်ရမ်းကာ ပြောဆိုလိုက်သည်။

မြဆည်းဆာ၏ လက်များကို မျိုးနိုင်က သူ၏လက်များဖြင့် ဆုပ်



ိုင်လိုက်သည်။

"စိတ်ချပါ မြရယ်။ ကိုယ် မသေစေရပါဘူး။ မြအတွက် ကိုယ်သေရဘူး"

"ဒါဆို ကျွန်မတို့ ဝီးပင်ကြီးရွာက ထွက်ပြေးလာသလိုပဲ ပြေးရအောင်နော်"

မြဆည်းဆာက မျိုးနိုင်၏လက်မောင်းကို ခေါင်းမှီကာ ပြောလိုက်သည်။ သူ၏မျက်နှာလေးမှာ မျိုးနိုင်အတွက် စိုးပန်ကာ ညှိုးကျနေသည်။

"ဒီလိုပြေးလို့ရမယ်ထင်လို့လား မြ"

"ဘာလို့ မရရမှာလဲ ကိုနိုင်"

"ကဲ· · ·မြ အခုပဲ ပြတင်းပေါက်တွေထပြီး ဖွင့်ကြည့်လိုက်ပါဦး"

မြဆည်းဆာနှင့် မျိုးနိုင်တို့ပှုထားသော တစ်ယောက်အိပ်ခန်းမှာ နှစ်ထပ်ဆောင် အပေါ်ထပ် လမ်းဘက် အစွန်ဆုံးရှိ မျက်နှာချင်းဆိုင်ခန်းများဖြစ်သောကြောင့် ခေါင်းရင်းတံခါးဖွင့်လိုက်သည်နှင့် ဈေးကြီးသွားလမ်းပေါ်ရှိ သွားလာနေသူများ၊ ကာကာဆိုင်၊ မုန့်ဟင်းခါးဆိုင်နှင့် စားစရာဆိုင်များကို ကောင်းကောင်းမြင်နေရသည်။

မြည်းလုံည်းဂိတ်တွင် ဘောင်းဘီတို၊ အကျီလက်တိုနှင့် နံပါတ်တပ်ကိုင်ထားသော ပုလိပ်တစ်ယောက်သည် တည်းခိုခန်းဘိုရာသို့ လှမ်းကြည့် အကဲခတ်နေသည်ကို တွေ့ရသည်။

တည်းခိုခန်းအောက်တည့်တည့်သို့ ကြည့်လိုက်သောအခါတွင်လည်း အရပ်ဝတ်နှင့် ပုလိပ်တစ်ဦးမှာ စီးကရက်ဖွာကာ တည်းခိုခန်းပေါ်ကိုကို ကြည့်နေသည်ကို တွေ့ရလေသည်။ ဟုတ်ပါပြီ။ တည်းခိုခန်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



တက်ခါးကို ထွက်မပြေးနိုင်ရန် ရာဇဝတ်အုပ်ကျော်လွင်ဆန်းက အစောင့်များချထားခြင်း ဖြစ်ပေသည်။

"ကျိုင်း"

ပြတင်းတံခါးကို မြဆည်းဆာသည် ဒေါကြီးမောကြီးဖြင့် ပြန်ပိတ်လိုက်၏။ မျိုးနိုင်က ပြုံးလိုက်သည်။ မြဆည်းဆာက ဝန်ထောက်ဦးမိန်မောင်၏ အိမ်ထဲတွင် ပုလိပ်များ၏မျက်နှာ တော်တော်များများကို မြင်ဖူး၍ မှတ်မိနေခြင်းပင် ဖြစ်သည်။

"သူတို့ ရှင့်ကို စောင့်ကြည့်နေကြတယ်"

"ဟုတ်တယ် မြ . . . ကိုယ်သိတာပေါ့။ ပုလိပ်ကျင့် ပုလိပ်ကြံ ဆိုတာ ဒါပဲလေ"

×××

မြဆည်းဆာသည် ထွက်ပြေး၍မရတော့။ သူမကြောင့်ဟု ယူဆကာ မှုကျူးမရဖြစ်သွားသည်။ မြဆည်းဆာသည် မျိုးနိုင်၏ရှေ့တွင် ခြေပ်လက်ပစ် ထိုင်ချလိုက်သည်။

"ဒါ ကျွန်မကြောင့်ပဲ ကိုနိုင်။ ကျွန်မကို ဟသ်ာတကိုလိုက်ပို့တဲ့အတွက် ရှင် ဒုက္ခရောက်ရတာ"

မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရှိုက်ငိုရင်း ပြောလိုက်သည်။

"စိတ်မချမ်းမြေ့ မဖြစ်ပါနဲ့ မြ။ မြ ထင်သလို ကိုနိုင့်ကို သူတို့ ဖမ်းလို့မရပါဘူး"

"ဖမ်းလို့မရဘဲနေမလား။ မနက်ဖြန်ကျရင် ရှင့်ကို ရာဇဝတ်အုပ်



နဲ့ ဝန်ထောက်က အကျီချွတ်ကြည့်လိုက်ရုံပဲ၊ ရှင့်လက်မောင်းက ငှက်ခါးရုပ်ကိုတွေ့တာနဲ့ အချုပ်ခန်းထဲကို ဖမ်းထည့်လိုက်မှာပဲ၊ ပြီးရင် ရှင် ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေကို ဖော်ပြီး ကြိုးမိန့်ချလိုက်မှာပဲ။ ရှင် ကျွန်မစိတ်သက်သာရာရအောင် ပျောင်းပျမနေပါနဲ့"

"ပျောင်းပျနေတာ မဟုတ်ပါဘူး မြ။ မယုံရင် ဒီမှာကြည့်လေ"

မျက်နှာကိုအုပ်၍ ငိုနေသော မြဆည်းဆာ မော့ကြည့်လိုက်သည့်အချိန်တွင် လက်တိုအကျီကို ချွတ်ထားလိုက်သော မျိုးနိုင်ကို မြင်ရသည်။ မျိုးနိုင်က သူ၏တင်းရင်းပြည့်ဖြိုးသော လက်မောင်းသားကြီးများဖြင့် ဒါးထောက်နေသည်။

ညာဘက်လက်မောင်းတွင်ကား ပျံနေသော အစိမ်းရောင်ဆေးမင် ထိုးထားသည့် ငှက်ခါးရုပ်ကလေးက ထင်ရှားနေလေသည်။

"ဟော ဒီမှာ ရှင့်ကိုသေဒဏ်ပေးမှာ ဒီအရုပ်ပဲ။ မုန်းတယ် ကျွန်မ သိပ်မုန်းတယ်"

မြဆည်းဆာက ထရပ်ကာ လက်မောင်းရင်းမှ ငှက်ခါးလေးပျံနေပုံကို လက်ဖြင့်ကုတ်ခြစ်လိုက်လေသည်။ ထိုအခါ ဆေးများ အလိပ်လိုက်ကွာကာ ငှက်ခါးပျံလေးမှာ ပျက်သွားသည်ကို တွေ့ရသည်။

ကျန်သောနေရာများကို လိုက်လံကုတ်လိုက်သောအခါတွင် ဖယောင်းစက်များ ကပ်နေသည်ကို ခွာရသကဲ့သို့ အလွှာလိုက် ကွာသွားလေသည်။

"ဟင်"

"တွေ့ပြီမို့လား မြ. ခု ကိုယ့်လက်မောင်းမှာ ငှက်ခါးရုပ်ရှိသေး

www.burmeseclassic.com

www.burmeseclassic.com



လား"

"အို . . . အံ့ဩစရာပဲ၊ ဒါစုတ်နဲ့ထိုးထားတဲ့ ဆေးမင်ကြောင် မဟုတ်ဘူးလား"

"ဟား . . . ဟား . . . ဟား . . . ဟား"

မျိုးနိုင်က သူ့ညာလက်ကို အကျီဖြင့်ပြောင်အောင် ပွတ်ရင်း . .

"တကယ့်ခေါင်းဆောင် ဓားပြကြီးတက်ခါးမှာတော့ စုတ်နဲ့ထိုး ထားတဲ့ သေရာပါ ဆေးမင့်ကြောင်ရှိတာပေါ့"

"ရှင် . . . ဒါဆို ရှင်ဟာ"

"ဟုတ်တယ် . . . ကျုပ်ဟာ ကျုပ်အစ်ကိုတက်ခါးနဲ့ ဆင်တူတဲ့ အမွှာညီ တက်မင်းပါ"

"ဝမ်းသာလိုက်တာ၊ ဒါဆိုရင် ဓားပြမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး မြ၊ တကယ်တော့ ဓားပြခေါင်းဆောင် တက်ခါး ဟာ လောကကြီးမှာ မရှိရှာတော့ပါဘူး"

တက်မင်းခေါ် မျိုးနိုင်က သူ့ဘဝ အတိတ်ကို ပြန်ပြောပြလိုက် လေတော့၏။

x x x

ဘုန်းတော်ကြီး ဦးဝိမလသည် အထုပ်တစ်ထုပ်ကို လွယ်ကာ ကလေးနှစ်ယောက်ကို ဘယ်လက်တစ်ယောက်၊ ညာလက်တစ်ယောက် ပိုက်လာသော သျှောင်ထုံးနှင့်လူကြီးကိုကြည့်ရင်း သက်ပြင်းချမိသည်။

ဦးဝိမလကျောင်းရှေ့ လေှကားသို့ ရောက်သောအခါ သျှောင်ထုံး



နှင့် မေးရိုးကားကားလူကြီးမှာ မောပန်းလာဟန်နှင့် အိပ်ပျော်နေသော ကလေးနှစ်ယောက်အနက် တစ်ယောက်အား ပေါင်ပေါ်တင်ကာ အထုပ် ထဲမှ ပုဆိုးတစ်ထည်ကို ထုတ်ကာ ကျောင်းလေှကားခြေရင်းတွင် ထားကာ သိပ်လိုက်လေသည်။

ကလေးလေးနှစ်ယောက်လုံးမှာ တစ်နှစ်အရွယ်စီရှိပြီး ဝေတုတ် တုတ်နှင့် ချစ်စရာလေးများပင် ဖြစ်လေသည်။

အသာအယာချ၍ ပုဆိုးတစ်ထည်ခင်ကာ သိပ်ပြီး ညာလက် တစ်ဖက် အားသွားသောအခါတွင်မှ သောက်ရေအိုးမှ ရေကိုခပ်ကာ အငမ်း မရ သောက်လိုက်လေသည်။

"ဒကာကြီး ခရီးဝေးကလာရတယ် ထင်ပါရဲ့၊ ကျောင်းပေါ်ကို တက်ပြီး ကလေးတွေကို ခဏချသိပ်ပါလား။ ဒကာကြီး ကြည့်ရတာ ဆာ လောင်နေသလိုပဲ၊ ဘုန်းကြီးရှိတာ စွန့်ချင်လို့ပါ"

"တင်ပါ့ဘုရား တပည့်တော် မလျှောက်ရဲလို့ပါဘုရား။ ထမင်း မစားရတာ နှစ်ရက်ရှိပါပြီ"

"အို . . . ဒကာ . . . ဒကာ . . . ကဲကဲ ကျောင်းပေါ်ကိုတက်၊ ကလေး တစ်ယောက် အရင်သွားသိပ်။ ကော်ဇောပေါ်မှာ သိပ်ရုံပါပဲ။ ခေါင်းအုံးတွေ လည်းရှိတယ်။ ဒီကလေး ကျုပ်ကြည့်ထားပါ့မယ်"

"တင်ပါ့ဘုရား"

အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိ သျှောင်ထုံးနှင့်လူကြီးမှာ ကလေးတစ်ဦး ချီကာ ကျောင်းပေါ်သို့တက်ကာ ကော်ဇောပေါ်သို့ ချသိပ် သည်။ ပြီးတော့မှ သူ၏သား လေှကားရင်းတွင် သိပ်ထားသောကလေးကို

www.burmeseclassic.com



လာခဲ့ကာ ကျောင်းပေါ်သို့ ယူဆောင်လာသည်။ ဘုန်းတော်ကြီး ဦးဝိမလသည် ကျောင်းပေါ်သို့တက်လာကာ ဘုရားစင်ရှေ့ ကုလားထိုင်တွင် ထိုင်နေလေသည်။ ကလေးနှစ်ဦးကား ကောင်းကောင်း အိပ်ပျော်လျက်ရှိလေသည်။

ဘုန်းတော်ကြီးသည် ဝင်လာသော ကိုရင်တစ်ပါးအား. . .

"ကိုရင် ကျောင်းအောက်ထပ်က ငှက်ပျောသီးပျော့ပျော့ တစ်ဖီး ယူခဲ့"

"တင်ပါ့ဘုရား"

"အိုး. . .သူတော်က ရွာထဲမှာ ခုမှ ဆွမ်းချိုင့်တွေသွားယူတုန်း။ ငှက်ပျောသီး အရင်စားထားပေါ့။ ဆွမ်းတွေ၊ ဆွမ်းဟင်းတွေက ပိုပါတယ်။ ထမင်းစားချိန်ရောက်တော့ ထမင်းစားတာပေါ့"

"မှန်လှပါ။ ကျေးဇူးကြီးလှပါတယ် ဘုရား။ ငါ့ဗညဲ့တော်တို့ မြန်မာလူမျိုးတွေ ဒုက္ခရောက်နေတဲ့အချိန်မှာ သာသနာ့ နံ့ထမ်း ရဟန်းတော်တွေကို အလှူဒါနနည်းတဲ့အပြင် ကပ်ပြီး စားရတာ ရင်နာလှရာပါပဲ ဘုရား"

ခေါင်းထုံးနှင့် ထွားကျိုင်းသောလူကြီးက ဦးဝိမလအား ခါနဲ့တော့ ရင်း လျှောက်တင်လိုက်သည်။

"ကံအကြောင်းပေပေါ့ ဒကာကြီး။ ဒကာကြီးတို့လို လူတွေ အများကြီး ပြေးကြလွှားကြနဲ့ ဒုက္ခရောက်ကြရ။ သားတကွဲ မယားတကွဲ ဖြစ်ကြ တွေ့ရတာ ဘုန်းကြီး စိတ်မကောင်းပါဘူး။ ကုလားဖြူတွေကလည်း ရွာတွေ မီးရှို့ဆို"

"တင်ပါ့ဘုရား။ တပည့်တော် ကြက်သွန်ခင်းရွာကပါ။ တပည့်



တော်တို့က လူရှိသမျှစုပြီး ကုလားဖြူတွေကို တုတ်ဓားတွေနဲ့ တွန်းလှန်ပါတယ်ဘုရား။ သူတို့တွေက မီးပေါက်လက်နက်ရှိတော့ ဖမ်းခတ်ပြီး ရွာကို မီးရှို့လို့ ထွက်ပြေးလာရပါတယ်။ တပည့်တော်ရဲ့နာမည်က တက်ထူးပါဘုရား"

"အလို တကယ့်လူနဲ့မှ လာတွေ့ရတာကိုး။ ကြက်သွန်ခင်းက ဗိုလ်တက်ထူးဆိုတာ မှတ်တယ်"

"တင်ပါ့ တပည့်တော်ပါပဲ ဘုရား"

"အေးအေး ရန်အောင်ကြောင်းတရားဆိုတာ သစ္စာ ဓမ္မ ဝီရိယ ဉာဏတဲ့ကွယ့်။ ဘုန်းတော်ကြီးတို့လည်း ဝိနည်းကို စောင့်စည်းနေရလို့ အမျိုးသာသနာဖျက်တဲ့ ကုလားဖြူတွေတော့ ထွက်သွားစေချင်တာပေ"

"မှန်ပါ့. . .တပည့်တော် မသေမချင်း သူတို့ကိုတိုက်နိုက်မှာပဲလို့ သစ္စာဆိုထားပါတယ် ဘုရား"

ဘုန်းတော်ကြီး ဦးဝိမလမှာ သာဓုမခေါ်ကောင်းသောကြောင့် ဆိတ်ဆိတ်နေလိုက်သည်။

"ကဲ. . .ကဲ. . .ဒကာကြီး ငှက်ပျောသီးစားလိုက်ဦး။ ဘုန်းကြီး အောက်ထပ်ဆင်းလိုက်ဦးမယ်"

ကိုရင်လေး လာပေးသော ဖီးကြမ်းငှက်ပျောသီးကို တစ်လုံးပြီး တစ်လုံး ဖြုတ်စားနေရာ ဆယ်လုံးခန့်စားမိမှပင် ခရီးပန်းခြင်း၊ အဆာပြေခြင်း ကြောင့် မျက်လုံးများ စင်းလာကာ သားနှစ်ယောက်အောက်တွင် နံရံကိုမှီကာ ဦးတက်ထူးမှာ အိပ်ပျော်သွားလေတော့သည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ ဆွမ်းမောင်းခေါက် သံ ကြားတော့မှပင် အိပ်ရာမှ နိုးလာလေတော့သည်။ သူနိုးလာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



တွင် သိမ်းထားသော သူ၏သားနှစ်ယောက်ကို မတွေ့သောကြောင့် ထိတ်လန့်သွားလေတော့သည်။

သားနှစ်ယောက်ဇောဖြင့် ကျောင်းပေါ်မှ ဒရောသောပါး ပြေးဆင်းလာသည်။

×××

ကျောင်းအောက်ထပ် ဆွမ်းစားဆောင်တွင် မျက်ခုံးထူထူနှင့် ဖိုးသူတော်တစ်ဦးက ထမင်းသန်းကာန်တစ်ချပ်ဖြင့် သူ့သားနှစ်ဦးကို ထမင်းခွံ့နေသည်ကို တွေ့ရသည်။ ဆရာတော်ဦးဝိမလနှင့် ကိုရင်လေးသုံးပါးမှာ ဆွမ်းစားဆောင်တွင် ဆွမ်းဘုဉ်းပေးပြီး၍ အချိုပွဲနှင့်ထိုင်နေသည်ကို တွေ့ရသည်။

"အင်း . . . ဒကာကြီးတက်တူ့ သားတွေပျောက်လို့ထင်တယ်။ ကလေးတွေက တကယ်လိမ္မာပြီး အေးတဲ့ကလေးတွေပဲ။ ဗိုဝဆောင်းတယ် မငိုဘူး။ ဘိုးသူတော်ချီလာတာ အသာတကြည့်လိုက်လာတယ်"

ဦးဝိမလက ကရုဏာဖြင့် မိန့်တော်မူမှ ဦးတက်တူသည် ဆရာတော်ကို ကန်တော့ကာ သားများနားတွင် ထိုင်လိုက်သည်။ သားလေးများက သူတို့အဖေကို ပြုံးပြကြသည်။

"စား . . . စား . . . သားတို့"

သားသမီးစားနေရသည်ကို ဝမ်းသာပီတိဖြစ်သည့် မိဘတို့၏ စိတ်စေတနာအတိုင်း ခေါင်းကို ညွှတ်ကာ ပြောလိုက်သည်။ ကလေးနှစ်ဦးအနားလည်ဟန်ဖြင့် ဝက်သားဟင်းများဖြင့် ထမင်းခွံ့နေသည်ကို ပါးစပ်ဟကာစားနေလေသည်။



ဖိုးသူတော်မှာ အသက်သုံးဆယ်ခန့်မျှသာ ရှိပြီး မျက်ခုံးထူထူနှင့် ဥပမိရုပ်ကောင်းလှသူတစ်ဦး ဖြစ်သည်။ အရုပ်ရည်၍ သန်မာကျစ်လစ်သည်။ ဆရာတော်နှင့် ကိုရင်များမှာ ဆွမ်းစားပြီး၍ ထကာကြွမြန်းဖို့ ပြင်ကြသည်။

"ဒကာကြီးသားတွေ စားတာချည်း ပီတိဖြစ်မနေနဲ့၊ တိုမှာ ဧကာနဲ့အုပ်ထားတဲ့ ထမင်းစားပွဲဟာ ဒကာကြီးဖို့ပဲ သွားစားပေတော့"

"တင်ပါ့ဘုရား"

"အိုး . . . သူတော်ရွှေထီး ဒီဒကာကြီးကို နေမှိုအိပ်ဖို့ပါ စီစဉ်ပေးလိုက်။ သိပ်ပင်ပန်းလာတယ်၊ စားပြီးရင် ဘုရားတိုက်ထဲမှာ အိပ်ပါစေ။ ဒီနေ့တော့ ကလေးတွေ မင်းကြည့်ပေးလိုက်"

"တင်ပါ့ . . . စိတ်ကူးပြီးသားပါ ဘုရား"

ဘိုးသူတော်ရွှေထီးမှာ ကလေးချစ်တတ်သူဖြစ်သောကြောင့် ထမင်းဝအောင် ကျွေးပြီး ကလေးများ ကစားရန် သုခတ်နေသည့် ခြင်းလုံးများကို ချပေးထားရာ ကလေးများမှာ လေးဖက်ထောက်လိုက်၊ မတ်တတ်ရပ်လိုက်ဖြင့် ဆော့နေလေသည်။

"စားဗျို့ . . . ဦးတက်တူ၊ ဟင်းတွေရော ထမင်းတွေရော၊ ဒီကျောင်းက အမြဲပိုလျှံလို့ စွန့်စွန့်ခံနေရတာ အားမနာနဲ့"

"ကျေးဇူးပါပဲ"

မန်ကျည်းရွက်ချဉ်ဟင်း၊ ငါးပိရည်၊ ဝက်သား ကြက်သားချက် သုပ်တို့စုံလှ၍ ဦးတက်တူမှာ ဗိုက်ကားအောင် စားလိုက်မိလေတော့သည်။

×××

www.burmeseclassic.com



ကျောင်းတွင်ရှိသော ခြင်ထောင်၊ အိပ်ရာခင်းတို့ဖြင့် နေရသော ကျောင်း စစ်ပြေးဒုက္ခသည် ဦးတက်တူမှာ နတ်ပြည်သို့ရောက်နေသည်ဟု ပင် ထင်မိလေသည်။ သို့သော် သူတာဝက ကလေးနှစ်ယောက်ဖြင့် ဦးဝိမလကျောင်းတွင် နှိအောင်းနေ၍ မဖြစ်ပေ၊ သူမိန်းမ မသေမီက မှာသည့်အတိုင်း ရှိးပတောင်ခြေရှိ ဗရပ်ကွင်းရွာသို့ သွားကာ ကလေးများကို ပို့ရဦးမည်။

ဆရာတော်ဦးဝိမလအား အထုပ်လွယ်ကာ လာကန်တော့သော ကျောင်း . .

"ဒကာကြီး သွားတော့မလို့လား"

ဟု ဆရာတော်က မိန့်ကြား၏။

"တင်ပါ့. . .ဗရပ်ကွင်းရွာ ခရီးဆက်မလို့ပါဘုရား"

"အဝေးကြီးပါလား၊ ကလေးတွေကလည်း လမ်းကောင်းကောင်း မလျှောက်တတ်၊ ဒကာကြီး ဒုက္ခက တယ်ကြီးတာပဲ"

ကလေးကိုချီထားသော ဘိုးသူတော်ရွှေထီးက . . .

"ကလေးတစ်ယောက်ကို ဒီကျောင်းမှာ ထားခဲ့ပါလား၊ အခြေအနေ အေးချမ်းတော့ လာခေါ်တာပေါ့၊ ဦးတက်တူလည်း တစ်ယောက်တာဝန်ပေါ့တာပေါ့"

ဟု ဝင်ပြောသည်

"နှစ်ယောက်လုံးထားခဲ့လည်း ဘုန်းကြီးတို့က စောင့်ရှောက်ကျွေးမွေးပါ့မယ်"

ဦးတက်တူ ငိုင်သွားသည်၊ သားသမီးသံယောဇဉ်ဖြစ်၍ စဉ်းစား



ရခက်သည်။ သို့သော် နေပူပူတွင် အမှာညီအစ်ကို သားနှစ်ယောက်ကို ဘယ်တစ်ယောက် ညာတစ်ယောက်ချီ၍ ခရီးသွားရသည်မှာ မလွယ်ပါ။ ကလေးများလည်း ဒုက္ခရောက်၍ သူကိုယ်တိုင်လည်း ပုဆိုးကျွတ်၍ပင် ဝတ်ဖို့မလွယ်။

"ဒကာကြီး. . .သမုဒယသံယောဇဉ်ဆိုတော့ ကလေးတွေအတွက်ရော ဒကာကြီးအတွက်ပါ ဉာဏ်နဲ့သာ စဉ်းစားပေတော့"

ခဏကြာသောအခါတွင် ဦးတက်တူ၏ အသံတုန်တုန် ထွက်ပေါ်လာသည်။

"တပည့်တော်သားအငယ်တစ်ယောက်တော့ ဒီကျောင်းမှာ ထားခဲ့ပါ့မယ် ဘုရား"

"အငယ်က ဘယ်သူတုံး"

"အငယ်က အခု ဦးသူတော်ချီထားတဲ့ ကလေးပါပဲ၊ သူ့နာမည်က တက်မင်းပါ၊ ခုတပည့်တော်ဘေးမှာ ဆော့နေတာက တက်ခါးပါဘုရား"

"အေး. . .အေး. . .တစ်ယောက်ဆိုတော့ ဒကာကြီးလည်း သွားရလာရ နည်းတာပေါ့၊ ဒီကျောင်းထားခဲ့တဲ့ ကလေးအတွက်တော့ စိတ်ချပါ ဒကာကြီး၊ လူလိမ်မှာ စာတတ်ပေတတ်လေးဖြစ်ရမယ်၊ ဘိုးသူတော်ကလည်း အတတ်ကောင်းတွေ သင်ပါလိမ့်မယ်"

"စိတ်ချ. . .ကျုပ်က တုတ်သိုင်း၊ ဓားသိုင်း ဝါသနာပါတာ၊ ကျုပ်တွေ့သမျှဆရာနဲ့ လိုက်သင်ထားတာ၊ ဖောဒီသားကို ကြီးလာရင် သင်ရမယ်"

ဘိုးသူတော်ရွှေထီးက ကလေးကို မြှောက်ချီရင်း ပြောလိုက်ရာ ကလေးငယ်က သဘောကျ၍ တခစ်ခစ် ရယ်မောနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသော်အခါ ခွဲခွာရမည့် ဦးတက်တူသည် သားငယ်လေးအား ချီကာ ဘယ်ပြန်ညာပြန် နမ်း၍ ခေါင်းပွတ်ကာ ဆုတောင်းပြီး မျက်ရည်ဝဲသော မျက်လုံးများဖြင့် ဘိုးသူတော်လက်ထဲသို့ ထည့်လိုက်လေတော့သည်။

ဆရာတော်အား ကန်တော့၍ သားတစ်ယောက်ကို ချီကာ ဦးတက်တူသည် အထုပ်ကိုလွယ်ကာ ကျောင်းထဲမှ ထွက်သွားလေတော့သည်။ တက်မင်းလေးကား ဘာမျှမသိ။ ဦးသူတော်ရွှေထီးက မွေ့ရှမ်းနေသည်ကို တခစ်ခစ် ရယ်လျက် ကျန်ရစ်ခဲ့ရှာလေတော့သည်။ ဦးဝိမလသည် ခေါင်းတညိတ်ညိတ်ဖြင့် . . .

"ဦးသူတော် မင်းလည်း နေရင်းထိုင်ရင်း မွေးစားသားတစ်ယောက်ရပြီ။ ဒီကလေးတာဝန်အစစဟာ မင်းတာဝန်တွေပဲ"

"မှန်လှပါ။ တပည့်တော်လည်း မြင်မြင်ချင်း ဒီကလေးကို သံယောဇဉ်တွယ်မိပါတယ် ဘုရား"

***

ဦးဝိမလ၏ တောရကျောင်းလေးမှာ အနောက်ရိုးမတောင်ခြေ၌ရှိသော ဇရစ်ခြံရွာ၊ ကန်ကြီးရွာနှင့် မြေနီတောင်ရွာအနီးတွင်ရှိသောကြောင့် ဘုန်းတော်ကြီး ဦးဝိမလထံတွင် ထိုရွာမှ ကလေးများသည် ကျောက်သင်ပုန်းလေးများဖြင့် စာပေလာရောက်သင်ကြားကြ၏။ ဘုန်းကြီးကျောင်း ပညာရေးစနစ်မှာ သင်ပုန်းကြီးမှတစ်ဆင့် ပရိတ်ကြီး နမက္ကာရများမှ ယဉ်ကျေးမှုဆိုင်ရာ ဆယ်စောင်တွဲနှင့် စာပေကြိုးစားလိုက်စားနိုင်သူများအဖို့ ပိဋကတ်



[illegible]မ်းပေါက်အောင်ပင် သင်ယူနိုင်သော နည်းမျိုးဖြစ်သည်။

ဗြိတိသျှနယ်ချဲ့များကို တွန်းလှန်ရင်း အခြေမလှ၍ တိမ်းရှောင်[illegible]တ်ခွာနေသော ဗိုလ်တက်တူ၏သားငယ် တက်မင်းလေးကို ဆရာတော်[illegible] နေ့နံတွက်ကာ မောင်မျိုးနိုင်ဟု အမည်ပေးခဲ့လေသည်။ မောင်မျိုးနိုင်[illegible]းမှာ ငါးနှစ်သားအရွယ်မှစ၍ သင်ပုန်းကြီးကုန်ကာ (၇)နှစ်သားအရွယ်[illegible]ရိတ်ကြီး နမက္ကာရ၊ ရတနာရွှေချိုင့်နှင့် သဒ္ဒါကျမ်းများကိုပင် တတ်မြောက်[illegible]ပြီဖြစ်ရာ အရေးအဖတ် ဒေါင်းဒေါင်းပြေးနေပြီ ဖြစ်လေသည်။

(၁၂)နှစ်သားအရွယ်တွင်ကား ကမ္မဝါ သဒ္ဒါကျမ်းနှင့် ဓာတုကထာ[illegible]ပါဠိတော်များကို နိဿယပေးနိုင်လောက်အောင်ပင် ပေါက်မြောက်လာ[illegible] ဆရာတော်က အထူးနှစ်သက် သဘောကျလေသည်။ ၎င်းအထဲတွင်[illegible]သူတော်ရွှေထီးမှာ သူ့ဝါသနာအရ "ရှမ်းကြီးသိုင်း"နှင့်"ဗန်တိုပညာ" "မြန်[illegible]လက်ဝှေ့" ပညာများကို သင်ကြားပေးထားရာ ကန်ကြီးရွာနှင့် မြေနီ[illegible]တောင်ရွာတို့မှ မြန်မာ့လက်ဝှေ့သမားများနှင့် ထိုးသတ်ယှဉ်ပြိုင်တိုင်း ကာယ[illegible]သတောင့်တင်းသော မောင်မျိုးနိုင်က အနိုင်ရသည်သာ များလေသည်။

ခေတ်အခြေအနေမှာလည်း ဗြိတိသျှအုပ်ချုပ်ရေးက တဖြည်းဖြည်း[illegible]သားကျလာကာ မြို့ပိုင်နှင့် နယ်ပိုင်များကို ဘုရားထူးရသော ခေတ်သို့[illegible]ရောက်ရှိလာလေတော့၏။ မျိုးနိုင်သည် ဆရာတော်ထံတွင် စာဝါလည်း[illegible]က်၊ လက်ဝှေ့နှင့်သိုင်းပညာလည်း လေ့ကျင့်လုပ်နေရာ ဆရာတော်မှာ[illegible]နိုင်၏ရေ့ရေးအတွက် စဉ်းစားရလေတော့သည်။

နောက်ဆုံးတော့ ဆရာတော်က ရန်များမည်စိုးသောကြောင့်[illegible]ာင်မျိုးနိုင်ကို ကိုရင်ဝတ်စေကာ စာပေကိုသာ ဆက်လက်လေ့လာ သင်

www.burmeseclassic.com

www.burmeseclassic.com



ယူစေလေသည်။ မောင်မျိုးနိုင်ကား စာပေကို ဝါသနာပါ၏။ သို့သော် အသတ်အပုတ်ပညာများတွင် ဝါသနာထုံနေရာ ကိုရင်ဝါ လေးဝါရသော အခါတွင် အသက်တလည်း (၁၆)နှစ်ရှိပြီဖြစ်သောကြောင့် ဆရာတော်ထံ လျှောက်ထားတောင်းပန်၍ လူထွက်လေတော့သည်။

"အေးလေ…သာသနာ့ဘောင်မှာ မပျော်ရင်လည်း လူဝတ်လဲတာ ကောင်းပါတယ်။ ဒါပေမယ့် မင်းလည်း စာတတ်ပေတတ် ကုသိုလ်အကုသိုလ်သိတာပဲ။ လူ့ဘဝမှာ သမ္မာအာဇီဝနဲ့သာ အသက်မွေးပါကွယ်"

မောင်မျိုးနိုင်က ဝတ်ချကန်တော့လျက်…"တင်ပါ့ဘုရား" ဟု ကတိပေးကာ လူထွက်လိုက်ကာ ဦးသူတော်နေသည့် ကျောင်းလေးတွင် အတူနေရင်း သူ တတ်မြောက်လိုသည့် မြင်းစီးခြင်း၊ ဓားသိုင်း၊ တုတ်သိုင်း သင်ကြားခြင်းများကို ဆက်၍လုပ်ရင်း ဘုန်းကြီးကျောင်းသားအဖြစ် ရွာထဲမှ ဆွမ်းအုပ်ပို့ ဆွမ်းချိုင့်ယူ လုပ်ပေးနေလေသည်။

ရွာသူရွာသားများက မျိုးနိုင်ကို ချစ်ကြခင်ကြ၏။ မိန်းမပျိုလေးများကလည်း မျိုးနိုင်ကို ဖော်ရွေချဉ်းကပ်ကြသည်။ သို့သော် မျိုးနိုင်ကလည်း ဦးဝိမလ၏ကျေးဇူးကြောင့် ဣန္ဒြေကြီးသော ရက်တတ်သော လူရိုး, လူကောင်းတစ်ဦးအဖြစ်သာ နေထိုင်ခဲ့လေတော့သည်။

တစ်နေ့ ကန်ကြီးရွာနှင့်မြေနီတောင်ရွာနားရှိ ယာခင်းဘေး သစ်ပင်ရိပ်တွင် နားနေစဉ် မျိုးနိုင် မြင်းခွာသံများကို ကြားရလေသည်။ မယ်ဇလီကုန်းနှင့် မြန်အောင်ဘက်တွင် ဓားပြများ ထနေသည်ကြား၍ မျိုးနိုင် ထိတ်ခနဲဖြစ်သွားလေသည်။ သူ ထကာ ပြန်မည်ပြုစဉ် ဓားပြခေါင်းဆောင် လုပ်သူလည်ပင်းတွင် အဝါရောင်ပဝါစည်းထားသူက…



"ဟေ့…ရပ်လိုက်စမ်း"

ဟုအော်ကာ သူ့လူများနှင့် မျိုးနိုင်ကို ဝိုင်းလိုက်သည်။ မျိုးနိုင်ကို တားမြစ်လိုက်သည့် ဓားပြခေါင်းဆောင်အား ကြည့်လိုက်သောအခါတွင် သူ၏ရုပ်ကို မှန်ထဲတွင်ကြည့်ရသကဲ့သို့ ဖြစ်သွားသောကြောင့် အံ့အားသင့်သွားသည်။

"မင်း ငါနဲ့လိုက်ခဲ့ဟေ့။ သူ့ကို မြင်းတစ်ကောင်ပေးလိုက်စမ်း"

"ကျုပ်…ကျုပ်ဆွမ်းအုပ်တွေ သွားယူပြီး ဘုန်းကြီးကျောင်းကို ပို့ရမယ်"

"ဟား…ဟား…ဟား…ဟား…မင်းက ဘုန်းကြီးကျောင်းသား ဖြစ်နေတာကိုး။ ကဲ သွား…မင်း ဆွမ်းအုပ်ယူရမယ့်ရွာထဲက အိမ်တွေကို ဒီနေ့ ကိုယ့်ဟာကိုယ် ကျောင်းကိုသွားပို့ကြလို့၊ သွားလေကွာ။ တော်ကြာ မင်းဘုန်းကြီး ကျောင်းကဘုန်းကြီးတွေ ဆွမ်းငတ်နေဦးမယ်"

"ဒါဆို ကျုပ်သွားမယ်"

"မင်း ပြန်ထွက်လာခဲ့နော်။ ငါ ဒီသစ်ပင်အောက်က စောင့်နေမယ်၊ ထွက်မလာလို့ကတော့ မင်း ဝင်သွားတဲ့ရွာကို ငါ မီးရှို့ပစ်လိုက်မယ်"

မျိုးနိုင် ထိတ်လန့်သွား၏။

"ဒီလိုတော့ မလုပ်ပါနဲ့။ ကျုပ် ခုပဲ ပြန်ထွက်လာခဲ့မယ်။ ဘယ်မှ ထွက်မပြေးဘူး"

"ဟား…ဟား…ဟား…ဟား"

တက်ခါးက ရယ်မောကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။ ပြီးနောက် သစ်ပင်ရိပ်တွင် ကျောမှီကာထိုင်ချနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကန်ကြီးရွာသို့ မြင်းကို ဒုန်းစိုင်းစီးကာ မျိုးနိုင်က ဝင်သွားလေတော့သည်။

"အင်း...ဒါ...ဦးသူတော်ပြောတဲ့ ငါ့ရဲ့အမှားညီအစ်ကိုပဲ ဖြစ်မယ်။ သူက ငါ့ကို ဘာလုပ်မလို့ပါလိမ့်။ သူက လက်စသတ်တော့ လူဆိုးဓားပြဖြစ်နေတာကိုး။ ငါ သူ့ကို တတ်နိုင်သလောက် ဖျောင်းဖျရမယ်"

ကန်ကြီးရွာရှိ သူနှင့် ခင်မင်သော ကာလသားများရှိရာသို့ သွားကာ အကူအညီတောင်းလိုက်သည်။ ပြီးလျှင်...

"ဦးသူတော်ကို ခပ်တိုးတိုးပြောပြပါ။ သူ့အစ်ကိုနဲ့တွေ့လို့ ခဏအလည်လိုက်သွားတယ်လို့။ ကိုခင်မောင် ဆရာတော်ကြီး မသိစေနဲ့နော်"

"စိတ်ချပါကွာ...မင်းကိုမေးရင်လည်း ရွာထဲမှာ အလုပ်ကိစ္စရှိလို့ ခဏနေခဲ့တယ်လို့ ပြောမယ်"

မျိုးနိုင်မှာ ရွာထဲတွင် စပါးထမ်းခြင်း၊ စပါးကြိတ်ခြင်းများ ဝင်ရောက်လုပ်ကိုင်ကာ ဆန်ပေးစပါးပေးရသည့်ငွေကို စုထားတတ်သူဖြစ်ကြောင်း ဦးသူတော်နှင့် ဆရာတော်ကြီးတို့က သိနေသည်။

ဆရာတော်ကြီးဦးဝိမလာသည် ဝိရိယရှိခြင်း၊ စီးပွားရှာခြင်းအတွက် မျိုးနိုင်ကို ဆူပူလေ့မရှိပေ။ မျိုးနိုင်သည် မာစရာရှိတာ မာပြီးသည်နှင့် ချိန်းဆိုထားသည့်နေရာသို့ ပြန်ထွက်လာခဲ့လေတော့သည်။

"ကဲ...သွားကြစို့...မင်း အေးအေးဆေးဆေး ငါ့နောက်လိုက်ခဲ့"

တက်ခါးက ထိုသို့ပြောကာ မြင်းပေါ်သို့ လွှားခနဲခုန်တက်ကာ ထွက်ခွာသွားလေတော့သည်။

×××



ရိုးမတောင်ကြီးရှိရာသို့ ဦးတည်ကာ သွားခဲ့နေသော လူနှစ်ဆယ်ကျော်တို့၏ မြင်းခွာသံများမှာ ဆူညံနေလေသည်။ နွေရာသီဖြစ်သောကြောင့် ကျဲကျဲတောက်ပူ၍ ဖုံများ တထောင်းထောင်းထနေလေသည်။

"ဟော့...ဟော့"

"ဖြောင်း...ဖြောင်း...ဖြောင်း"

မြင်းမောင်းသံ၊ ဇက်ကြိုးရိုက်သံများ ဆူညံနေသောကြောင့် တောအုပ်ထဲမှ ငှက်များ ဝုန်းခနဲ ထပျံသွားကြသည်။ ဦးဝိမလကျောင်းနှင့် နှစ်မိုင်ကျော်ကျော်မျှ ဝေးသော တောအုပ်ထဲသို့ ရောက်သောအခါတွင် အလယ်ကောင်ရှိ သစ်ပင်များ ဝန်းရံနေသော ကျယ်ပြန့်သည့် မြေကွက်လပ်ကြီးတစ်ခုအလယ်တွင် ရှည်ရှည်လျားလျား တဲတန်းကြီးတစ်ခုကို တွေ့ရ၏။

တက်ခါးသည် ထိုနေရာသို့ရောက်သည်နှင့် မြင်းကို ရပ်ကာ ခုန်ဆင်းလိုက်၍ တက်ခါးနောက်မှ ပါလာသော မျိုးနိုင်ကလည်း မြင်းပေါ်မှ ခုန်ဆင်းလိုက်ရတော့သည်။

တက်ခါး၏ငယ်သားများအားလုံးသည် တဲတန်းကြီးထဲရှိ သူတို့နေရာကို ဝင်သွားကြ၏။ တဲတန်းကြီး၏အလယ်တွင် အခန်းကြီးတစ်ခန်း လုပ်ထားသည်။ ထိုအခန်းကြီးမှာ ဓားပြခေါင်းဆောင် တက်ခါးနေသော အခန်းပင်ဖြစ်ရာ ကော်ဇောများခင်းကာ ကတ္တီပါကုလားထိုင်တစ်လုံးကို ချထားသည်ကို အံ့ဩဖွယ်ရာ တွေ့ရလေသည်။

တက်ခါးက မျိုးနိုင်၏ပခုံးကို ခပ်ကြမ်းကြမ်းပုတ်လိုက်၏။

"ဒါ...ငါနေတဲ့နေရာကွ...မကောင်းဘူးလား"

www.burmeseclassic.com



"ကိုယ်ထင် ကုဓော်ရွှေနန်းပေါ့"

"အေး . . . မင်းက ဘုန်းကြီးကျောင်းသားဆိုတော့ စကားကြွယ်သားပဲ။ မင်းနဲ့ငါနဲ့ ညီအစ်ကိုတော်တယ်ဆိုတာတော့ မင်း သိထားတယ်မို့လား"

"သိပါတယ် ဦးသူတော်က ပြောတယ်"

တတက်ခါးသည် သူ့ညီတက်မင်း (မျိုးနိုင်)ကို တွေ့ရှု၍ ဝမ်းသာနေ၏။

"ငါ မင်းကိုလာခေါ်မလို့ဘဲ၊ ဒါပေမယ့်ကွာ အဖေက ဒဏ်ရာနဲ့ ဒီမှာ နှစ်လလောက် ဆေးကုနေရလို့ မအားဘူး"

"ဟုတ်လားဗျ . . . ခု အဖေရော"

"ငါ့လက်ထဲမှာပဲ ဆုံးသွားတယ်ကွာ။ အဖေက မျက်နှာဖြူတပ်သားတွေကို ပဒေါင်းလမ်းက ဖြတ်တိုက်ရင်း ဒဏ်ရာရလာတာ။ ငါလည်း ပါတာပေါ့"

"ခုသြော် . . . အဖေမရှိတော့ဘူးကိုး"

"အဖေမရှိပေမယ့် မင်းအားမငယ်ပါနဲ့၊ ငါရှိပါတယ်ကွ၊ ငါတို့ မျက်နှာဖြူပုလိပ်တွေ တပ်သားတွေ သတ်သင်ခဲ့ပေါင်း မနည်းတော့ဘူး။ ဒါ တို့လူမျိုးကို လာပြီး အနိုင်ကျင့်နေတာ မင်းသိတယ်မို့လား"

"သိတော့ သိတယ်အစ်ကို၊ ဒါပေမယ့် သူတို့က လက်နက်ကောင်းတယ်၊ အခြေကျနေပြီ။ ကျွန်ခံတဲ့လူတွေကလည်း များနေပြီ"

စာပေဗဟုသုတနှင့် လူမှုရေးဉာဏ်အမြင်ရှိသော မျိုးနိုင်က ဝေဖန်ပြောဆိုလိုက်သည်။



"မင်းက ဘာလဲ၊ မျက်နှာဖြူကို ဖူးထောက်ချင်တဲ့သဘောလား"

တက်ခါးက လက်သီးဆုပ်ကာ ဒေါသထွက်လာလေသည်။

"ကျုပ်က ဖူးလည်းမထောက်ဘူး။ ကိုယ်အကျိုးမရှိဘဲ ဖျက်စီးမယ့် အလုပ်လည်း မလုပ်ချင်ဘူး။ ပြီးတော့ ကိုယ့်လူမျိုးအချင်းချင်းလည်း အနိုင်မကျင့်ချင်ဘူး"

သူ့အတွေးအခေါ်ကို မျိုးနိုင်က ထုတ်ဖော်ပြောပြလိုက်ရာ တက်ခါး တဟားဟား ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား တက်မင်း။ မင်းက ငါထင်တာထက်တောင် ပိုပြီးတော့ လူပျော့လူညံ့ ဖြစ်နေပါသေးလားကွ၊ ကိုယ့်မြေကို ကျူးကျော်တဲ့ လူယုတ်မာတွေကိုတောင် မင်းရင်မဆိုင်ရဲဘူးလား"

"သိပ်ရင်ဆိုင်ရဲတာပေါ့၊ တရားမျှတမှုနဲ့ လက်နက်ချင်းဆိုရင်တော့ တစ်ရာနဲ့တစ်ယောက်လည်း ကျုပ်မကြောက်ဘူး၊ အခြေအနေမဟန်တဲ့အချိန်မှာ နည်းလမ်းရှာသင့်တယ်၊ လူစုလက်နက်အင်အားရှိပြီးတော့ အကွက်ကောင်းစောင့်သင့်တယ်"

"ဟား ဟား ဟား အဲဒါနဲ့ သူတို့ ဇက်ခွစီးမှာပေါ့။ မင်းတာရော သူများကအနိုင်ကျင့်ရင်တောင် ခံနိုင်တဲ့အင်အားရှိလို့လား"

"ရှိတာပေါ့ဗျ"

×××

မျိုးနိုင်၏စကားကို မယုံကြည်ဟန်ဖြင့် တက်ခါးက ခဲ့လိုက်သည်။ တက်ခါးက ထရပ်လိုက်၏။ မျိုးနိုင်ကလည်း ထသုံးလိုက်လေတော့

www.burmeseclassic.com

www.burmeseclassic.com



ညည်။ သူတို့ညီအစ်ကိုနှစ်ယောက် အရွယ်အဘူ၊ အလုံးတူ၊ မျက်နှာများအထိ တစ်ထေရာတည်းတူနေသည်။ တက်ခါးက အသားနည်းနည်းဝို၍ ညိုသည်မှလွဲ၍ အမြွှာညီအစ်ကိုနှစ်ဦးမှာ ခွဲမရအောင်ပင် တူညီနေလေသည်။

တက်ခါးသည် သူ၏ ကုလားထိုင်ရှိရာသို့သွားကာ ထိုင်ချလိုက်သည်။

"ကဲ . . . ငါ့ညီ၊ ငါက ပြောတိုင်းယုံတဲ့ကောင် မဟုတ်ဘူးကွ ဒီတော့ မင်းမှာ သူများအနိုင်ကျင့်ရင် တုံ့ပြန်နိုင်မှု ရှိ၊မရှိဆိုတာကို ငါ လက်တွေ့ ကြည့်ချင်တယ်"

"ဖြောင်း ဖြောင်း ဖြောင်း"

ပြောပြောဆိုဆို လက်ခုပ်သံသုံးချက် တီးလိုက်လေသည်။ လူနှစ်ယောက် ပြေးဝင်လာသည်။

"ဟေ့ ရမထာနဲ့ အုံ့ပွားကို ငါ့ဆီလွှတ်လိုက်စမ်း"

"ကောင်းပါပြီ ဆရာကြီး"

လူနှစ်ယောက်က ပြန်ထွက်သွားသည်။

"တက်မင်း မင်း ငါ့ကို လေမကျယ်နဲ့နော်၊ ကျိုးတာပဲ့တာ အသက်အန္တရာယ်ဖြစ်တာအထိ ရှိနိုင်တယ်၊ မင်းမှာ ဘာတိုက်ရည်ခိုက်ရည်မှ မရှိရင် ဝန်ခံလိုက်၊ မင်းကို ငါတို့သင်ပေးမယ်"

မျိုးနိုင်က ခေါင်းခါလိုက်သည်။

"ကျုပ် ဒီလောက်သွေးမကြောင်ပါဘူး။ ကျုပ်ကို မတရားအနိုင်ကျင့်ရင်တော့ ကျုပ် ရင်ဆိုင်ခုခံနိုင်အောင် လေ့လာထားပါတယ်"

"ဟား ဟား ဟား အလာကြီးပါလားကွ၊ ကြည့်ရသေးတာပေါ့



မကြာမီ ကျွဲပေါက်တစ်ကောင်လို မည်းနေပြီး ပခုံးသား၊ လက်မြင်သားများ ဖုထစ်နေသည့် "ရမထာ"ဆိုသော ဓားမြကြီးနှင့် အရပ်မြင့်မြင့်နှင့် နှာခေါင်းပြားပြား တုတ်ခိုင်သောခန္ဓာကိုယ်ရှိသည့် "အုံ့ပွား"တို့ ရောက်လာကြလေသည်။

"ကျွန်တော်တို့ ရောက်လာပါပြီ ဆရာကြီး"

"အေး အေး မင်းတို့လည်း ရေကူ သစ်ပင်ရိပ်မှာ သွားစောင့်"

ကြီးမားသော ကုက္ကိုလ်ပင်ရိပ်ကြီးရှိရာ မြက်ခင်းပြင်သို့ ရမထာနှင့် အုံ့ပွားက ထွက်သွားသည်။ တစ်နေရာရှိ အခန်းထောင့်မှ ခွက်ထဲသို့ ညာလက်ထည့်ကာ . . .

"တက်မင်း ခဏ မင်းက ငါနဲ့ရုပ်သိပ်တူတော့ သူတို့နှစ်ယောက်မြင်ရင် မင်းကို ငါကြောက်တာနဲ့ညာရင် အမှန်တရားဖြစ်မှာ မဟုတ်ဘူး"

ပြောပြောဆိုဆို ဆေးမင်တစ်ခြမ်းကို တက်မင်း၏မျက်နှာကို ကန့်လန့်လက်ဝါးနှင့် အုပ်လိုက်၏။ ကြပ်ခိုးနှင့် မင်ရောထားသော ထိုခွက်မှာ လူရုပ်မသိစေရန် ဓားပြတိုက်သွားသောအခါ တက်ခါးနှင့် သူ့အဖွဲ့သားများက ရုပ်ဖျက်ရာတွင် သုံးသည့်ဆေးဖြစ်သည်။

ရမထာနှင့် အုံ့ပွားမှာ စခန်းစောင့်ဖြစ်ပြီး တက်ခါးဆီဝင်လာစဉ်က ကျောပေး၍နေသော မျိုးနိုင်၏မျက်နှာကို မမြင်ဘူးကြချေ။

"ကဲ . . . သွားစို့၊ သတိတော့ရှိနော်၊ ဒီကောင်တွေက အရိုက်ချိုးတာတို့၊ လည်လိမ်ပစ်တာတို့ လုပ်တတ်တယ်၊ ငါတော့ ရှိတယ်"

"အစ်ကို ကျုပ်ကို ဝင်မကူပါနဲ့၊ ကျုပ်ညံ့လို့ ကျုပ်သေရင် သေပါစေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘား ဟား ဟား သတ္တိကိုတော့ ကြိုက်သွားပြီဟေ့။ ဒါမှ ငါ့ညီ"

လှမိုက်လှဆိုး သူ့ပုန်ဖြစ်နေသော တက်ခါးမှာ သူ့ညီကို ပခုံးမှတ်တာ ချီးကျူးလိုက်ခြင်းဖြစ်သည်။ ကုက္ကိုလ်ပင်နှင့် ပိတောက်ပင်ကြီးများမှာ ကြီးမားလှ၍ ပင်ဖျားထက်တွင် အကိုင်းချင်း ထိနေသောကြောင့် သစ်ပင်များကြားရှိ မြေကွက်လပ်မှာ နေပြောက်မထိုးအောင်ပင် အရိပ်ရနေသည်။ တစ်ဘက်နှင့်တစ်ဘက် သစ်ပင်များမှာ ပေငါးဆယ်တစ်ရာလောက်ဝေးပြီး နှစ်ချီပင်ကြီးများဖြစ်၍ ကြီးမားလှသောကြောင့် ထိုသို့ အရိပ်ရနေခြင်းပင် ဖြစ်လေသည်။

သစ်မြစ်ပေါ်ထိုင်နေသော ရမထာနှင့် အံ့ပွားတို့ ထရပ်လိုက်သည်။

×××

တဲထောင့်စားဖိုဆောင်တွင် အငွေ့တလူလူထွက်နေသည့် နံနက်စာ ချက်ပြုတ်နေကြခြင်းပင် ဖြစ်သည်။ တဲထဲတွင်ထိုင်သူထိုင်၊ ရပ်သူရပ်။ ဆေးလိပ်သောက်သူသောက်လုပ်နေသော အဖွဲ့သားများ လှမ်းလာကြသည်။ တက်ခါးထွက်လာလျှင် တစ်မုံ့ ၂စ်ရာပြဿနာရှိပြီကဲ့ သိကြ၍ တိုက်ပွဲတစ်ခုခုကိုကြည့်ရတော့မည် ဖြစ်သောကြောင့်ပင်။

"ကဲဟေ့၊ ရမထာတို့အဖွဲ့ထဲကို ရောက်လာတဲ့ လူသစ်ကို ထုံးစံအတိုင်း မင်းတို့နှစ်ယောက် ပညာပေးလိုက်စမ်းကွာ၊ သိပ်ပျော့ညံ့ရင်လည်း သေပေ့စေ၊ အဖွဲ့ထဲမှာ လူတစ်ယောက်ကို အပိုကျွေးမထားရဘူးပေါ့"

တက်ခါးက ခါးထောက်ကာ ပြောလိုက်သည်။ အနီးရှိ သစ်ပင်များအောက်သို့ ရောက်ရှိလာသော အဖွဲ့သားများက လက်ခုပ်တီးလိုက်



ကြသည်။

"ဖြောင်း ဖြောင်း ဖြောင်း"

"ရမထာ"ဆိုသော ကျွဲလိုတုတ်ခိုင် မည်းနက်နေသော ဓားပြမှာ အသက်သုံးဆယ်ခန့်ရှိပြီး သူ၏ လက်ကြီးများမှာ သားမန်လှမျှားထက် ပို၍ကြီးသည်ဟု ထင်မှတ်ရလေသည်။ "အံ့ပွား"ဆိုသောလူကတော့ နှာခေါင်းပြားပြား မေးရိုးခိုင်ခိုင်နှင့် ဆောင်းဘီပွကို ဝတ်ဆင်ထားသည်။

မျိုးနိုင်သည် သူဝတ်ဆင်ထားသော ဖျင်ကြမ်းလက်တိုကိုချွတ်ကာ သစ်မြစ်တစ်ခုပေါ်သို့ ပစ်တင်လိုက်ပြီး ပုဆိုးကိုတိုတိုဝတ်ကာ သူ့ကို ရပ်စောင့်နေသော ရမထာနှင့်အံ့ပွားတို့ရှိရာသို့ လျှောက်သွားလေသည်။

သူ၏ လက်မောင်းဆုံကြီးများမှာ သားမန်လှမျှားထက်ကြီးကာ သိုင်းပညာတစ်ခုခုကစားသူဖြစ်ကြောင်း သိသာနေ၏။ ကျွဲပေါက်လိုလှ ရမထာနှင့် အံ့ပွားဆိုသူတို့ထက် မဆိုသလောက် အရပ်နိမ့်သော်လည်း မျိုးနိုင်၏အရပ်မှာ ငါးပေရှစ်လက်မထက်တော့ မပုပါပေ။

ရမထာသည် လက်သီးနှစ်လုံးကိုဆုပ်ကာ ရှေ့သို့တိုးလာ၏။ အံ့ပွားကတော့ အခြေအနေကိုစောင့်ကြည့်ကာ သူလိုမှဝင်မည်။ ရမထာ တစ်ဦးတည်းနှင့်ပင် ကိစ္စပြီးချင်ပြီးမည်ဟုယူဆကာ လက်ပိုက်၍ကြည့်နေလေသည်။

ကျွဲကြီးတစ်ကောင် ပြေးခတ်လိုက်သလို ရမထာက မျိုးနိုင်ကို ဘယ်လက်သီး၊ ညာလက်သီးတို့ ပြေးဝင်ထိုးလိုက်သည်။ သူ၏ လက်သီးထိုးပုံမှာ လက်ဝှေ့ပညာကောင်းကောင်းတတ်ကျွမ်းသူ့ပုံ ပေါ်နေလေသည်။

မျိုးနိုင်က ပထမလက်သီးချက်ကို ခေါင်းငုံ့ရှောင်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘောက်ချိတ်လက်သီး ထိုးလိုက်သည်၊ သူ၏ လက်တစ်ဖက်ဖြင့် ဘလော့ခ်သည်။

"ဖြောင်း"

ကာပုံမှာ ဘယ်ဝိုက်လက်သီးထိုးလိုက်သည့် ရမထာ၊ ဘယ်ဘက်နံရိုးကြားကို သူ၏ ညာလက်ဖျံစောင်းဖြင့် ခပ်ပြင်းပြင်းရိုက်ထုတ်သိုက်ခြင်းဖြစ်သည်၊ ပြီးနောက် မျိုးနိုင်က ထိုလက်ဖြင့်ပင် မထင်မှတ်သောလက်သီးတစ်ချက်ကို ထိုးချလိုက်သည်။

"ခွပ်"

"အိုး"

ဖျောင်းခနဲ လက်ပြန်နှင့်ကာလိုက်ပုံနှင့် ထိုလက်ကိုဆန့်ကာ ရမထာ၏ နဖူးကို ဆန့်ကာ အားသွင်းထိုးပုံမှာ တစ်ဘက်လူမထင်မှတ်အောင်မြန်လှ၍ ရမထာ၏နဖူးကို ခွပ်ခနဲ တည့်မတ်စွာ ထိသွားသည်။

ရမထာမှာ နောက်သို့လန်သွားရာမှ ခြေလှမ်းသုံးလေးလှမ်းနောက်ပြန်ဆုတ်ကာ လဲမကျအောင် ထိန်းလိုက်ရသည်။ အုန်းသီးကို ကွဲအောင် ကျောင်းတွင်ထိုးကျင့်ထားသော မျိုးနိုင်၏ လက်သီးချက်မှာ အားပါလှ၍ ခေါင်းထဲတွင် မူးဝေသွားသည်။

တော်ရုံလူဆိုလျှင် ဖင်ထိုင်လျက်လဲကျကာ ပြန်ထနိုင်တော့မည်မဟုတ်၊ သူလူ လက်သီးချက်ထိသွားသောကြောင့် အုံပွားမှာ ပိုက်ထားသောလက်ကိုဖြေကာ မျိုးနိုင်၏ မျက်နှာကို ခြေဖျားနှင့်လှမ်း၍ ခပ်ထည့်လိုက်သည်။

"ဖြောင်း"



မျိုးနိုင်သည် သတိထားနေသူဖြစ်၍ မေးကို နောက်သို့လှန်ကာရှောင်ပေးလိုက်ပြီး အပေါ်သို့ အားလွန်သွားသော အုံပွား၏ပေါင်ရင်းကို သူ၏ခြေစုံဖြင့် ခပ်ပြင်းပြင်းကန်ထုတ်လိုက်သည်။

ဖောင်းဆိုသောအသံနှင့်အတူ အုံပွား နောက်သို့ ယိုင်ထွက်သွားသည်၊ ရပ်တည်နေသော ပေါင်တွင်းသားအကြောကို မိမိရရ ကန်လိုက်၍ ခြေထောက်ရသည်ပင် နာကျင်သွားသည်။

မျိုးနိုင်တိုက်ခိုက်ပုံမှာ ချက်ကောင်းနှင့် တိုက်ကွက်ကို မိမိရရနှင့်ဆမှုမှန်ကန်ကြောင်း သိရှိလိုက်ရသည်။ မျိုးနိုင် ထိုသို့ အုံပွားကို ကန်လိုက်သည့်အချိန်တွင် ပြေးကာ မျိုးနိုင်၏ခါးကို ပခုံးနှင့်ထမ်းယူကာ မြေကြီးပေါ်သို့ ကိုင်ပေါက်ချလိုက်တော့၏။

"ဒုတ်"

"အား"

မျိုးနိုင်က သူ့ကို ခါးမှမကာ ပခုံးဖြင့်ထမ်းလိုက်သည့်အချိန်မှာပင် ဘယ်ဘက်တံတောင်က စောစောက သူထိုးထားခဲ့သည့် ရမထာ၏ မျက်ခုံးထက် နဖူးနေရာကို စောင့်ထောင်းချလိုက်သည်။

ကိုင်ပေါက်မည့် ရမထာမှာ အားပျော့၍ ဖြစ်သလိုလွှတ်ချလိုက်သည်၊ မျိုးနိုင်သည် မြေကြီးပေါ်သို့ တစောင်းကျသွားရာမှ ကြောင်တစ်ကောင်လို ဖျတ်ခနဲလှည့်ကာ လေးဘက်ထောက်လိုက်ပြီး သူ့အား တိုက်ခိုက်ရန်ပြေးလာသော အုံပွား၏ ညာဘက်ပေါင်ကို ဖနောင့်နှင့် လှမ်းကန်လိုက်သည်။

"အို"

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း"

ပွဲက ကြည့်လို့ကောင်းသည်။ ရမထာ ဒယိမ်းဒယိုင်ဖြစ်သွားသကဲ့သို့ပင် စောစောက ပေါင်ကျောကို နောက်ဘက်မှ အကန်ခံရပြီး ယခုရှေ့မှ ဖနောင့်ဖြင့် အပေါက်ခံရ၍ မထိမ်းနိုင်ဖြစ်ကာ အုံ့ပွားဖင်ထိုင် ကျသွားသည်။

အုံ့ပွားနှင့် ရမထာနှစ်ယောက်ကြားတွင် မျိုးနိုင်သည် ရပ်နေ၏။ အုံ့ပွားမှာ နဖူးတွင် အလွှန်နာကျင်ကာ မူးဝေနေ၏။ အုံ့ပွားဂ ညာခြေတစ်ဖက် မထောက်နိုင်အောင်ဖြစ်နေလေသည်။

တက်ခါးမှာ သစ်ပင်ကိုကျောမှီကာ လက်ပိုက်ကြည့်နေရာမှ သူညီ၏တိုက်ခိုက်မှုကို သဘောကျကာ ပြုံးနေလေသည်။ အုံ့ပွားရော၊ ရမထာပါ ရေမှတ်ိုးရဲသလိုဖြစ်နေသည်။ ပြီးမှ အားတင်းကာ ပြိုင်တူပြေးလာကြသည်။

"ကျား"

မျိုးနိုင်၏ ဝမ်းခေါင်းသံကြီးပေါ်လာသည်။ သူသည် လေထဲသို့ ခုန်တက်လိုက်ပြီး ခြေနှစ်ဖက်ကားကာ သူ့ဆီကို ပြေးလာသော ဘယ်ဘက်ညာဘက်မှ ရမထာနှင့် အုံ့ပွားတို့ကိုကားကာ ကန်ထုတ်လိုက်သည်။

ညာခြေစောင်းကာ ရမထာ၏ နဖူး၊ ဘယ်ခြေစောင်းကာ အုံ့ပွား၏ ရင်ညွန့် တန်းဝင်သွားသည်။

×××

"အား"

ရမထာမှာ သေနတ်ပစ်ခံလိုက်ရသော ကျွဲတစ်ကောင်လို ကျယ်



လောင်စွာအော်ရင်း ဘုန်းခနဲ လဲကျသွားသည်။ သူသည် လုံးဝ သတိမရှိတော့ပေ။ အုံ့ပွားက လက်ထောက်ကာ ဖင်ထိုင်လျက်ကျသွားသည်။ ထမိကြိုးစားသော်လည်း ပါးစပ်ထဲမှ ဗွက်ခနဲ သွေးများအံချကာ စောင်းလဲကျသွားသည်။

မျိုးနိုင်က သူ့ကိုယ်ပေါ်မှ ဖုန်များကိုခါကာ သစ်မြစ်ပေါ်မှ ဖျင်ကြမ်းအကျႌလက်တိုကို ကောက်ယူလိုက်လေသည်။

"ဖြောင်း ဖြောင်း ဖြောင်း"

တားပြမျာက မျိုးနိုင်ကို ဝိုင်း၍ လက်ခုပ်တီးကာ အားပေးကြသည်။ အကျႌကို ပခုံးတင်လျက် တက်ခါးရှိရာသို့ လျှောက်လှမ်းသွားသည်။ တက်ခါးက ဆီးကြိုကာ လက်ကမ်းကာ လက်ဆွဲနှုတ်ဆက်လိုက်၏။

"မင်းဟာ ငါထင်သလို လူပျော့လူညံ့မဟုတ်လို့ ဝမ်းသာပါတယ်ကွာ၊ လာ ချေးတွေရွှဲနေတာပဲ၊ ခဏနားပြီး ရေချိုးလိုက်၊ ပြီးရင် ထမင်းစားရမယ်"

"ကျုပ် ပြန်ချင်တယ်ဗျာ"

မျိုးနိုင်က ပွင့်လင်းစွာ ပြောလိုက်သည်။

"နေပါဦး၊ မင်းနဲ့ငါတွေ့လို့ စကားပြောလို့တောင် မဝသေးဘူး။ အက်မင်း မင်းအဖေလည်း မရှိတော့ဘူး။ အမေလည်း မရှိတော့ဘူး။ ဒီလောကကြီးမှာ သွေးရင်းသားရင်းဆိုလို့ မင်းနဲ့ငါနှစ်ယောက်တည်းပဲရှိတယ်၊ မင်းကိုငါ အတင်းအကျပ်ခေါ်မထားပါဘူး၊ ငါ့စခန်းမှာ တစ်ညတော့အိပ်ပါလား။ တို့အောင်ပွဲရလာလို့ ညမီးပုံပွဲရှိတယ်"

မျိုးနိုင်သည် တက်ခါးကို အားနာသွား၍ ခေါင်းညိတ်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သောသည်။ သူသည် မောင်းတက်ဖြင့်ဆွဲရသော ရေတွင်းတွင် ရေသွားခပ်သည်။ ပြီးသောအခါ တဲတန်းကြီးနောက်ရှိ ဝါးဖြင့်ပြုလုပ်ကာ ဝါးဖြင့်ခင်းထားသော ထမင်းစားခုံရှည်သို့ ရောက်လာသည်။

စားပွဲအားလုံး လူပေါင်းနှစ်ဆယ်ကျော်ရှိသည်။ ရမထာနှင့် အုံမွှားတို့က လောလောဆယ် ဆေးလိမ်းကာ တဲထဲရှိ သူတို့နေရာတွင် နားနေရသည်။

ဆေးကုသတတ်သော ကားပြရှိ၍ တော်သေးသည်။ မျိုးနိုင်မှာ တိုင်းပြည်အတွက် အသက်စွန့်နေကြသော ဓားပြများကိုကြည့်ကာ သနားမလိုလို၊ စိတ်ပျက်ရမလိုလို ဖြစ်နေမိသည်။ ဤနေ့တွင် မျက်နှာဖြူသစ္စာတော်ခံအရေးပိုင်တစ်ဦးထံမှ ဓားပြတိုက်လာသည်ဟု သိရသည်။

ငွေဒင်္ဂါးသုံးရာကျော်ရလာ၍ တစ်ဇက်ကို ဆင်းရဲသား တောင်သူ၊ အဘိုးအို၊ အဘွားအိုများထောက်ပံ့ရန် ဖယ်ထားပြီး တစ်ဝက်ကို သူတို့ဓားပြများ ခွဲယူကြသည်။

"ဒီမှာကတော့ ငွေမရှား၊ ရွှေမရှားပဲကွ၊ မင်းဘာလိုချင်လဲပြော"

ထမင်းစားဖို့ထိုင်နေရင်း ရွှေဒင်္ဂါးသုံးပြားကို လက်မနှင့်ထောက်ကာ တက်ခါးက ပြောသည်။

"ကျုပ်ဘဝမှာ ရွှေမလိုပါဘူးဗျာ၊ ငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်၊ တရားမျှတမှုကိုပဲ လိုချင်တယ်"

"အေး အဲဒါမျိုးကလည်း တိုက်ယူမှ ရတယ်ကွ"

တက်ခါးက သူ့အယူအဆကို ပြောသည်။

"ဒီမှာ အစ်ကို၊ ကျုပ်က လူတစ်မျိုး၊ တိုက်ရင်နိုင်မှ တိုက်တယ်



ဗျ ကျုပ်မနိုင်ဘူးလို့ထင်တဲ့ တိုက်ပွဲကိုတော့ သိက္ခာကျခံပြီး အရှုံးပေးရအောင် မတိုက်ဘူး၊ နိုင်တဲ့နည်းလမ်းကိုရှာပြီး အင်အားပြည့်မှတိုက်မယ်"

"ဟား ဟား ဟား မင်းစကားက မဆိုးပါဘူးကွ၊ မင်းအယူအဆ မမှားပါဘူး။ ဒါပေမယ့် တက်မင်း၊ ငါဟာ မျက်နှာဖြူလူမျိုးလည်း သတ်ဖူးတယ်၊ ပုလိပ်လည်း သတ်ဖူးတယ်၊ ငါ့ဘဝက ဆက်တိုက်ရမှာပဲ၊ ခင်းလိုကြံစည်ဖို့ နောက်ကျသွားပြီ"

"ဒါဆိုလည်း တစ်နေရာတိမ်းရှောင်နေပေါ့ဗျာ၊ ဒီမျက်နှာဖြူ အစိုးရမရှိတော့ရင် သူတို့ဥပဒေလည်း ဘယ်ရှိတော့မှာ ပဲ"

"ဟေ"

တက်ခါး အနည်းငယ်တွေဝေသွားသည်။ ထိုအချိန်မှပင် ထမင်းတောင်းနှင့် ဟင်းအိုးများ သယ်ယူကာ ထမင်းစားရန် ငှက်ပျောဖက်များ ခင်းလိုက်သောကြောင့် ညီအစ်ကိုနှစ်ယောက် စကားစပြတ်သွားကြသည်။

ထမင်းပူပူပေါ်တွင် ကြက်သားဟင်းအရည်နှင့် ကြက်သားတစ်တုံးစီထည့်ပေးရာ ဆာလှသားမသိ၊ ထမင်းစားကောင်းလှတော့၏။

×××

မျိုးနိုင်မှာ သွေးသားရင်းဖြစ်သော သူ့အစ်ကို တက်ခါးကို သံယောဇဉ်ရှိသကဲ့သို့ တက်ခါးကလည်း သူ၏ညီအပေါ်တွင် သံယောဇဉ်ရှိသည်။ ဗိုက်ဝအောင်စားကာ သူ့အခန်းထဲရှိ ခုတင်ပေါ်တွင်တစ်ဘေးစောင်းမှီ၍ မှေးမောကျနေသော သူ့ညီ မျိုးနိုင်၏မျက်နှာကို တက်ခါးသည် ခုလား ထိုင်ဖြင့် တစိမ့်စိမ့် ထိုင်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါညီလေးကြည့်ရတာ သူတော်ကောင်းပညာတွေနဲ့ နေနေတော့ တတတ်ပေတတ်လေးဖြစ်နေရှာတယ်။ ငါ့ဘဝက မကောင်းဆေး ဆယ်၊ အဲ့ဘဝက ကောင်းတယ်။ ငါဘာပဲဖြစ်ဖြစ် သူ့ကို ငါ့လိုမဖြစ်အောင် ရှေ့နိုက်ရမယ်၊ သူကလည်း အဖေ့သွေးပါတော့ တိုက်တဲ့ခိုက်တဲ့ဇီဇာ တော့ရှိတယ်"

မျိုးနိုင်ကတော့ ကလေးငယ်တစ်ဦးကဲ့သို့ပင် အိပ်မောကျနေ လေသည်။ နွေလယ်ပိုင်း သစ်ပင်ရိပ်ကောင်းသောတဲထဲတွင်ဖြစ်၍ လှိုင် ရှား... ခိုက်ထားရသော မျိုးနိုင်မှာ အိပ်မောကျနေလေတော့သည်။

တက်ခါးသည် ဝါးပက်လက်ကုလားထိုင်မှထကာ အခန်းထဲတွင် လမ်းလျှောက်နေလေသည်။ ထိုခဏ်မှာပင် ခပ်ဝေးဝေးတောထဲမှ သေနတ် ... ဆက်တိုက်ထွက်ပေါ်လာလေသည်။

"ဒိုင်း"

"ဒိုင်း"

အိပ်မောကျနေသော မျိုးနိုင်မှာ ဆတ်ခနဲနိုးလာကာ ခုတင်ဆီ မှသောက် ကြည့်လိုက်၏။ တက်ခါးက မြင်လိုက်ရသည်။

သေနတ်သံတွေကြားတယ် အစ်ကို"

"ဒီပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိပါဘူးကွာ၊ တို့အဖွဲ့ထဲက... တွေ ညှမ်းပွဲအတွက် သားကောင်သွားပစ်တာပါ။ စိတ်ချလက်ချအိပ်ပါ"

မျိုး ်ငံက သတိရှိ၍ အအိပ်ဆက်သူဖြစ်ကြောင်း တက်ခါး... လည်သွားသည်၊ မျိုးနိုင်က အိပ်ရာပေါ်သို့ ပြန်လှဲလိုက်သော်လည်း မအိပ် တော့ပေ၊



"အစ်ကို"

"ဘာလဲကွ"

"အစ်ကိုကို ကျုပ်က ဒီအချိန်မှာ ရာဇဝတ်မှုမရှိတဲ့ ရွာတစ်ရွာ မှာ အေးအေးချမ်းချမ်းနေတဲ့ ရွာသားတစ်ယောက်ဖြစ်စေချင်တယ်၊ ကျုပ် အစ်ကိုနဲ့ အတူနေချင်တယ်"

လက်နှစ်ဖက်ကို ခေါင်းခု၍ ပြောသည်။

"ဟော့ကောင် တိုးတိုးပြောစမ်း ငါ့အဖွဲ့သားတွေကကြားရင် မင်း ကို ဘယ်လိုထင်မလဲ၊ ဒါ စားပြစခန်းကွ၊ ဘုန်းကြီးကျောင်းမဟုတ်ဘူး"

"ကျုပ်သိပါတယ်၊ ကျုပ်အစ်ကိုကို ဘာလုပ်ပေးရမှန်းမသိဘူး"

"ဘာမှ လုပ်မပေးနဲ့၊ ဒီည မီးပုံပွဲပြီးရင် မင်းမနက် မင်းနေတဲ့ နေရာကိုပြန်၊ ဒီစခန်းကို နောက်ဘယ်တော့မှ မလာနဲ့၊ တွေ့ချင်ရင် ငါ လာတွေ့မယ်၊ မင်းဘဝနဲ့ ငါ့ဘဝက ဆက်စပ်လို့မရဘူး"

"ဗျာ"

"မဗျာနဲ့ တက်မစ်။ လူဆိုတာ သူ့ကံနဲ့သူပဲ၊ မင်းက ငါ့ထက်ပို သိမှာပါ။ ငါက အဖေသင်ပေးသလောက်သိရတာ၊ မင်းပြောတဲ့ "ပတိရူပ ဒေသဝါသောစ" မဖြစ်ဘူးဆိုတာ ငါသိတယ်၊ မင်းဖြစ်အောင်နေ၊ မင်း ကြံအတိုင်း မင်းဆက်လုပ်"

"ကျုပ်လည်း နယ်ချဲ့အင်္ဂလိပ်ကို မုန်းတဲ့သူ မြန်မာမြေပေါ်မှာ နေချင်၊ မြန်မာ့သွေးစစ်စစ်ဆိုတာ အစ်ကိုယုံပါနော်"

"ယုံပါတယ်ကွာ၊ ငါသိတာပေါ့၊ မင်းပြောတာ အိပ်နည်းလမ်း ပဲတယ်၊ ဒါပေမယ့် ငါ့အတွက် နောက်ကျတယ်၊ ငါ့မှာက နောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ထယ်သားတွေနဲ့ စားဝတ်နေရေးပါ ကြည့်နေရတယ်။ ငါတစ်ကိုယ်ကောင်း ရှာလို့မရတော့ဘူး ငါ ဒီဘဝကလွတ်အောင် သူတို့ကို နေရာတကျဖြစ် အောင် အရုံးစီစဉ်ရမယ်"

"ကျုပ်လည်း ကူညီပါ့မယ်"

"အေး လိုအပ်ရင် မင်းကို ငါ အကူအညီတောင်းပါ့မယ်"

တက်ခါးသည် စကားဆုံးသည်နှင့် အခန်းထဲမှ ထွက်သွားသည်။ ညနေစောင်းအချိန်သို့ တဖြည်းဖြည်းရောက်လာသည်။ တဲရှေ့မြေကွက်လပ်တွင် ထင်းခြောက်များနှင့် တောထဲမှ ထမ်းလာသော တောဝက်တစ်ကောင်နှင့် ဆိတ်တစ်ကောင်ကို ချထားသည်။

ရေတွင်းတွင် ရေများချိုးကြ၊ အဝတ်များလျှော်ကြသည်။ "မြေ... သူတို့ဘဝနဲ့သူတို့ ပျော်နေကြတာပဲ"ဟု မျိုးနိုင်ကြည့်ရင်း တရားကျနေ သည်။ အဝတ်အစားများလဲကာပြီးသူများက မီးပုံပွဲအတွက် ပြင်ဆင်ကြ သည်။ မြေတွင်း မီးဖိုများလုပ်ကာ သစ်ဝါးများဖြင့် တန်းထိုးကာ ဝက်... တောင်ဆိတ်ကို တစ်ကောင်စီကင်နိုင်ရန် စီမံလိုက်လေသည်။

မည်သည့်နေရာက ရာလာသည်မသိသော ချက်အရက်မြေ... နှစ်အိုးသုံးအိုးမှာလည်း မြက်ခင်းပေါ်တွင်ရှိနေ၍ ဝါးခွက်များကို ချိတ်... ထားကြသည်။ တက်ခါးသည် ယက်ထည်လက်ပြတ်အနီရောင်ကို ... ဆင်လိုက်ရာ ခံ့ညားချောမောသော လူငယ်၏အလှ ပေါ်လွင်နေသည်။

ပိုးထည်နှင့် ဘန်ကောက်များသာဆင်လိုက်လျှင် သူဌေးသား... မခြား တင့်တယ်မည်ဟု မျိုးနိုင်က သူ့အစ်ကိုကိုကြည့်ကာ တွေးမိ... သည်။



မီးပုံပွဲတွင် သိုင်းကစားသောဝါးတုတ်များ ထောင်ထားသည်ကို တွေ့ရလေသည်။ တက်ခါးအတွက် မြက်ကော်ဇောတစ်ချပ် ခင်းပေးထားရာ မျိုးနိုင်ကပါ ထိုပေါ်တွင် တက်ထိုင်ခွင့်ရလေသည်။

မှောင်စပျိုးလာသည်နှင့် ထင်းစများ စုထောင်ဆိုင်ထားသော အလယ်မှ မီးဖိုကို မီးရှို့လိုက်ရာ ထိန်လင်းတောက်ပသွားလေသည်။

"ကဲဟေ့၊ မင်းတို့အုပ်စု နှစ်စုခွဲစမ်း၊ ကိုယ်ကြိုက်တဲ့လူနဲ့ ကိုယ် တွဲခွဲ၊ ဟိုဘက်တစ်ခြမ်း၊ ဒီဘက်တစ်ခြမ်းထိုင်"

"ဟေး"

"ဟေ့ ကျားကြီး၊ ငါတို့ဘက်လာ"

"လာဟေ့ ကျော်ငွေ၊ တို့အုပ်စု ဒီမှာလေ"

"မီးပုံ၏ တစ်ဖက်တစ်ချပ်တွင် လူနှစ်စုခွဲကြသည်။ တစ်စုလျှင် လူဆယ့်သုံးယောက်မျှ ရှိမည်။ မီးဖိုတာဝန်နှင့် ဝက်ကင်၊ ဆိတ်ကင်သူ ငါးဦးမှာ ထိုလူစုများထဲတွင် မပါချေ။

"ဘာလုပ်မလို့လဲ အစ်ကိုရ"

"စောင့်ကြည့်ကွာ၊ ဒီကောင်တွေကို ငါက ဆုချချင်လို့ပါ။ မင်း လည်း ဆုလိုချင်ရင် ဝင်ပြိုင်"

"ဘာရမှာလဲ"

"တုတ်သိုင်းပြိုင်လို့ တစ်ယောက်ကိုနိုင်ရင် ငွေတစ်ကျပ်ရမယ်"

ထိုခေတ်က ငွေတစ်ကျပ်ဆိုသည်မှာ မနည်းပါ။ တစ်ကျပ်ရှိလျှင် အလွန်ပင် တန်ဖိုးရှိ၍ တစ်ပြားနှစ်ပြားပင် ကောက်ညှင်းပေါင်း ... ဝယ်စား၍ရရာ ဂ...ကာဆိုင်မှာပင် တစ်ခွက်လျှင် နှစ်ပြား...လျှင် ပျစ်ပျစ်

www.burmeseclassic.com

www.burmeseclassic.com



နင်နှစ် သောက်ရသည်။

ပုလိပ်လစာမှာ ခုနစ်ကျပ်တစ်မတ်မျှရ၍ ငွေတစ်ကျပ် မည်မျှ တန်မည် မည်မျှအသုံးခံမည်ကို တွက်ဆကြည့်နိုင်ပါသည်။ မြေတွင်းမီးဖို ထဲမှ ထင်းချောင်းများမှာလည်း မီးစွဲလာကာ ဝတ်နှင့်ဆိတ်များကို တဖျစ် ဖျစ်မည်အောင် မီးမြိုက်ကာ အပေါ်မှ အမွေးများကို ဓားများဖြင့်ခြစ်ချ ပစ်ကြရာ ရဲရဲနီ၍ အသားအခေါက်များ ပေါ်လာလေတော့သည်။

အမွေးနံလည်း ထွက်လာသည်။

"ကဲ . . . တစ်ယောက်စီထွက်"

တစ်ဖက်အုပ်စုမှ လူတစ်ယောက်ထွက်လာသည်။ လက်ထဲတွင် ဝါးတုတ်ရှည်ကို ကိုင်လာသည်။

"ကဲ . . . ဟော့ ဟိုမှာ ကျော်သိုက်ထွက်လာပြီ၊ ကျော်သိုက်နဲ့ တူတူ သိုင်းပြိုင်ရဲတဲ့လူထွက်"

တက်ခါးက အရက်တစ်ခွက်ကိုခပ်သောက်ရင်း အော်ဟစ်လိုက် ပြန်လေသည်။

"ဟုတ်ပြီ တိုက်မောင်း။ တိုက်မောင်းနဲ့ လက်ညီတယ်၊ နိုင် အောင်တိုက်နိုင်တဲ့ကောင် ဆုငွေတစ်ကျပ်ပဲ"

"ခွပ်"

ကျပ်ပြားစေ့တစ်စေ့ကို ကောက်ကာ တက်ခါးက ပြောလိုက်၏။ တုတ်ရှည်သမားနှစ်ဦး ကွင်းထဲတွင် ရင်ဆိုင်တွေ့သည်နှင့် စကာ သူ့နိုင် ကိုယ်နိုင် ရိုက်ကျတော့သည်။

"ဖျောက် ဖျောက် ဖျောက်"



"ထပ်"

အထိုးအရိုက် တုတ်စနစ်စကို ဘယ်ညာပြောင်းကာ ကိုင်တွယ် မှုကအစ ပညာပါလှသည်။

"တက်မင်း သောက်လေ"

အရက်အိုးထဲမှ အရက်တစ်ခွက်ကို ခပ်ပေးသည်။ တက်မင်းက ခေါင်းခါလိုက်သည်။

"ဟာ အံ့ဩစရာပဲကွ၊ မင်းတစ်ခါမှ မသောက်ဖူးဘူးလား"

"ထန်းရည်တော့ သောက်ဖူးပါတယ်၊ သိပ်မူးရင် အန္တရာယ်ရှိ တယ်မို့လား။ ဒါကြောင့် ကျုပ်က ရှောင်တာပါ"

"သောက်ပါကွာ၊ ဒီစခန်းမှာ မင်းအသက်ဟာ ငါ့အသက်ပါပဲ"

တက်ခါးက အတင်းတိုက်နေ၍ မျိုးနိုင်မှာ အရက်ခွက်ကိုယူ ကာ မော့လိုက်ရာ ရင်ထဲတွင် ပူခနဲဖြစ်သွားလေသည်။ သူ့စိတ်ထဲတွင်လည်း ပျော်သလို ဖြစ်လာသည်။

"ဟုတ်ပြီကွ၊ ကျော်သိုက် အောက်တုတ်ကို သတိထား"

အော်၍ အားပေးကြသည်။

"ဖြောင်း ဖြောင်း"

"အား"

ထိုပွဲတွင် ကျော်သိုက်၏တုတ်ချက်မှာ တိုက်မောင်း၏ ဒူးကို ရိုက်မိကာ ထိချက်တစ်ချက်ရသောကြောင့် တိုက်မောင်း ရှုံးသွားလေ သည်။ ကျော်သိုက် ကျပ်ပြားစေ့တစ်စေ့ တက်ခါးထံမှ လာ၍ယူလေသည်။

ငှက်ပျောဖတ်များချကာ ကျက်၍ ကျွတ်နေသော အသားကင်

www.burmeseclassic.com

www.burmeseclassic.com



မှာဆိုလိုက်ကာ လာချပေး၍ မျိုးနိုင်မှာ အရက်သုံးခွက်လောက်သောက်ကာ ခဲသောက်ကင်နှင့် ဆိတ်ကင်တို့စားပြီး တက်ခါးဘေးတွင် လှဲအိပ် ပျော်သွားလေတော့၏။

×××

"ဒေါင် ဒေါင် ဒေါင်"

သံချောင်းခေါက်သံက သုံးချက်တိတိ ထွက်ပေါ်လာသည်။ ပုလိပ်ဌာနရှိ အစောင့်ဂိတ်တဲလေးမှ ခေါက်လိုက်သော နာရီသံချောင်းသံဖြစ်သည်။

နံနက် သုံးနာရီထိုးပြီ။

လမိုက်ရက်ဖြစ်သောကြောင့် မှောင်မည်းတိတ်ဆိတ်နေသည်။ တည်းခိုခန်းအပေါ်ထပ်ရှိ အခန်းထဲတွင် ဖယောင်းတိုင်မီးရောင်မှိန်မှိန်လေး လင်းနေသည်။

မြဆည်းဆာသည် ထဘီကို တိုတိုဝတ်ကာ အနွေးအင်္ကျီခြုံ မျိုးနိုင်၏အနီးတွင် ရပ်နေသည်။ မျိုးနိုင်က ပြတင်းတံခါးကိုမဖွင့်ဘဲ အမှောင်ထုထဲသို့ စူးစိုက်ကာ ကြည့်နေသည်။ လမ်းပေါ်မှ သူတို့ကို စောင့်ကြည့်နေသော ပုလိပ်နှစ်ယောက်မှာ မည်သည့်နေရာတွင် ခိုမှန်း နေသည်ကို မတွေ့ရတော့။

လူ့သဘာဝအရ တစ်ညလုံး အိပ်ပျက်ခံနိုင်သူသည် ညတစ်နာရီ ကျော်လျှင် မျက်လုံးက စင်းလာသည်။ ကျန်းမာရေးကောင်းလျှင် ကောင်း သလို၊ အစားအသောက်ကောင်းလျှင် ကောင်းသလို မျက်လုံးက စင်းလာ



လုံးဝပင် မရပ်တည်နိုင်အောင် ဖြစ်လာတတ်သည်။

ထို့ကြောင့် မည်သည့်ညစောင့်များမဆို လှုလဲ၍စောင့်ရသည်။ ယခုအခြေအနေကြည့်ရသည်မှာ မျိုးနိုင်တို့ကို ထိတ်လန့်စေရန် ခြောက် လန့်သည့်သဘော ကာကွယ်သည့်သဘောမျိုးဖြင့် စောင့်မနေခဲ့ခြင်းဖြစ် လေသည်။

မျိုးနိုင်ကလည်း ဗိုလ်တက်ခါးအဖြစ် သူ့အစ်ကိုကိုယ်စား သုံ့ပန်း ဖမ်းသူဖြစ်ရုံမက ပိုင့်ဇာတ်ကျွမ်းတာတတ်ဖြစ်သောကြောင့် အခြေအနေကို သိသည်။ ထို့ကြောင့် မြဆည်းဆာကို သူ့မအခန်းတွင် ည ၈ နာရီလောက် ကတည်းက အိပ်နိုင်းထားသည်။

ချစ်သူများဖြစ်နေကြသော်လည်း အခြေအနေ အကြပ်အတည်း ကို ရင်ဆိုင်နေရခြင်း၊ ဘဝသည် ဘာမျှ ရေရာမှုမရှိလေခြင်းတို့ကြောင့် "မြဆည်းဆာ" အပေါ်တွင် ချစ်သူများအဖြစ် သန့်ရှင်းစွာနေသည်။ သူ့ ဘက်မှတောင်းဆိုလျှင် မြဆည်းဆာက လိုက်လျောဖို့ အသင့်ရှိသည်ကို သူသိပါ၏။

သို့သော် အကျင့်သိက္ခာရှိသော မျိုးနိုင်သည် မိန်းကလေးတစ်ဦး ကို သူ၏ စိတ်အလိုလိုက်၍ အခွင့်အရေးယူတတ်သူမျိုးမဟုတ်ပေ။ မြ ဆည်းဆာက မျိုးနိုင်မှာကြားသည့်အတိုင်း အိပ်စက်သော်လည်း တောင် တွေးမြောက်တွေးဖြင့် တော်တော်နှင့် အိပ်မပျော်၊ မျိုးနိုင်ကလည်း သူ၏ အခန်းတွင် ခေါင်းချကာ အိပ်ပစ်လိုက်သည်။ သူက တောတွင်နေမှု၍ အကျင့်ရှိသည်။ သတ်မှတ်ချိန်နှင့်တိုင်းကာ အိပ်တတ်သည်။

၉ နာရီခန့်တွင် သူတို့အခန်းတွင် မီးရောင်များမရှိတော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွားသည့် အနေအထားဖြစ်သွား၏။ အစောင့်နှစ်ဦးကတော့ အငြိမ်အနေကို အကဲခတ်ကာ တည်းခိုခန်းရှေ့မှ စောင့်ကြည့်နေကြသော်လည်း ၁၂ နာရီကျော်သောအခါ အိပ်၍နေကြပြီဖြစ်၍ မိုးလင်းမှပင်နိုးတော့မည်ဟု ယူဆကြလေသည်။

ထို့ကြောင့် တည်းခိုခန်းနှင့် မနီးမဝေး ကုက္ကိုပင်အောက်ရှိ မြင်းလှည်းသမားများနားသော ဂိတ်တဲလေးတွင်ဝင်ကာ တစ်ယောက်တလဲ အိပ်ရန်ပြောပြီး တစ်ဦးက အိပ်လိုက်၏။ ကျန်တစ်ဦးမှာလည်း နံနက်လေးနာရီတွင် နိုး၍အိပ်ရမည်ဖြစ်သော်လည်း စိတ်မထိမ်းနိုင်သောကြောင့် အသာအယာ သူလှဲဘေးတွင်လှဲကာ အိပ်မောကျသွားပါလေတော့သည်။

ဂုလိပ်ဗြာနမှ နာရီသံချောင်းနှစ်ချက်ခေါက်ကတည်းက သူတို့သည် အရက်သောက်ခြင်း၊ ဝက်စွပ်ပြုတ်နှင့် ဘဲသားဟင်းများစားထားခြင်းတို့၏ အာနိသင်ကြောင့် လောကကြီးနှင့် အဆက်အသွယ်ပြတ်ကာ အိပ်ပျော်သွားကြပြီ ဖြစ်လေ၏။

ခရီးဆောင်အိတ်ကို ကောက်၍ လွယ်လိုက်သော မြဆည်းဆာကိုကြည့်ကာ···

"မြ"

ဟု ခေါ်လိုက်၏။

"ရှင်"

"မြ သိပ်ကြောက်နေသလား"

"မကြောက်ပါဘူး အစ်ကို၊ အစ်ကိုနဲ့ဆိုရင် ဘာပဲရင်ဆိုင်ရ ရင်ဆိုင်ရ မကြောက်ပါဘူး"



မြဆည်းဆာ၏ တည်ငြိမ်သောအသံကြောင့် မျိုးနိုင်က···

"မြက သိပ်အပြောကောင်းတာပဲ၊ ကဲ···မြ အောက်ထပ်ကတော့ တံခါးတွေပိတ်ထားမှာပဲ၊ အစ်ကိုတို့ ပြတင်းပေါက်ကနေ ဆင်းကြရအောင်"

"ရှင် ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ မြ ဆင်းလို့ရအောင် အစ်ကို လုပ်ထားပြီးပါပြီ"

မြဆည်းဆာကို လက်ဆွဲကာ သူ့အခန်းပြတင်းပေါက်ရှိရာသို့ ခေါ်လာခဲ့သည်။

"မြ အရင်ဆင်း"

မျိုးနိုင်က ပြတင်းပေါက်ကို အသံမမြည်အောင် ပတ္တာများကို လက်နှင့်ဖိရင်း အသာအယာ တွန်းဖွင့်လိုက်သည်။

"ဘယ်လိုလုပ် ဆင်းရမှာလဲ အစ်ကိုရဲ့"

"အစ်ကိုလှေကားယူပြီး ထောင်ထားတယ်"

မြဆည်းဆာ စမ်းကြည့်လိုက်သည်။ ဟုတ်ပါသည်၊ သူတို့ဆင်းမည့် ပြတင်းပေါက်တွင် လှေကားတစ်ခု ထောင်ထားသည်ကိုတွေ့ရသည်။

မကြာသေးမီက တည်းခိုခန်းအပေါ်ထပ်ထရံကို အသစ်လဲကာ ရေနံချေးသုတ်ရာတွင် အသုံးပြုသော လှေကားကို နေ့ခင်းကပင် မျိုးနိုင်က သတိထားကြည့်မိ၍ ယူဆောင်လာခြင်းဖြစ်သည်။

သူသည် ပြတင်းတံခါးမှတွယ်ကာ ထရံကိုကုတ်၍ ခုန်ဆင်းကာ လှေကားထောင်၍ ပြန်တက်လာပြီးမှ မြဆည်းဆာကို နှိုးခဲ့ခြင်းဖြစ်သည်။

"လှေကားအထစ်တွေက နည်းနည်းကျဲတယ်မြ၊ သတိထားပြီး

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ခွဲအောင်ကိုင်"

"ဟုတ် ဟုတ်ကဲ့"

မြဆည်းဆာက မြတင်းပေါက်ဘောင်ပေါ်တွင် တက်ကာ လှေကားပေါ်မှဆင်းရန် ကြိုးစားသည်ကို မျိုးနိုင်က မြခါးလေးကိုဖေးမကာ လှေကားပေါ်ဆင်းနိုင်အောင် ကူညီပေးသည်။

"အို"

မြက ခပ်တိုးတိုး ထိတ်လန့်စွာအော်ရင်း လှေကားပေါ်ရောက်သွား၏။

"လှေကားထစ်က နည်းနည်းကျဲတယ်၊ သတိထားဆင်း"

မြဆည်းဆာမှာ ကြောက်ရွံ့နေသည်။ သူမသည် ခြေတစ်ဖက်ဖြင့် အောက်ကိုစမ်းကြည့်သည်။

"မရဘူးထင်တယ်၊ မမီဘူး"

မြက အသံခပ်အုပ်အုပ်ဖြင့် ပြောသည်။

"မကြောက်နဲ့ မြလက်မောင်းကို ကိုယ်ကိုင်ထားတယ်။ အောက်ကို ထပ်လျှော စမ်းကြည့်"

မြဆည်းဆာက အံကလေးကြိတ်ကာ စမ်းကြည့်ရာ လှေကားထစ်ကို ခြေဖကလေးတစ်ဖက် နင်းမိသွား၏။

"ရပြီ ရပြီ"

"ရရင် အဲဒီလှေကားထစ်ပေါ်မှာ ခြေနှစ်ဖက်ချရပ်နေ၊ အစ်ကို ဆင်းဦးမယ်"

"အင်း"



ဤသို့ဖြင့် မြဆည်းဆာမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့်ပင် မြေသို့ ရောက်ရှိသွားသည်။ သူတို့သည် ခရီးဆောင်အိတ်တစ်လုံးစီလွယ်ထားကြလေသည်။ အမှောင်ထုက သိပ်သည်းနေသည်။

"အူး ဝူး ဝူး"

ခပ်ဝေးဝေးမှ ခွေးတစ်ကောင် ဆွဲဆွဲငင်ငင်အူလိုက်၍ မြဆည်းဆာမှာ ကြောက်ရွံ့ကာ မျိုးနိုင်၏ရင်ခွင်ကို တိုးဝင်ဆာ ဖက်ထားလိုက်သည်။

"သိပ်ကြောက်သွားသလား မြ"

"မကြောက်ပါဘူး။ ရုတ်တရက်မို့ လန့်သွားတာပါ"

သူတို့သည် တည်းခိုခန်း၏ လှုဝင်ပေါက်များသို့ တစ်ဦးနှင့်တစ်ဦး လက်ချင်းဆုပ်ကိုင်ကာ လျှောက်လှမ်းသွားကြသည်။ အပြင်လမ်းပေါ်တွင် မှောင်မည်းနေ၏။

x x x

"ဒေါင်"

နာရီသံချောင်းတစ်ချက် ခေါက်လိုက်သည်။ ထိုနာရီသံချောင်းမှာ ခွဲနေပြီဖြစ်ကြောင်း၊ သုံးနာရီခွဲပြီဖြစ်ကြောင်း သတ်မှတ်ကာ ခေါက်လိုက်သည့် သံချောင်းဖြစ်၏။

ထိုသံချောင်းခေါက်သံကြောင့် မြင်းလှည်းဂိတ်ထဲတွင် အိပ်ပျော်နေသော ဝကြီးနှင့် တင်ရှိန်တို့နှစ်ဦးနက် ဝကြီးမှာ နိုးလာသည်။

"တင်ရှိန်. . .တင်ရှိန်"

တင်ရှိန်ကို တွန်းကာလှုပ်၍ နှိုးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"တစ်နာရီ ထိုးပြီကွ ထ···ထ"

ထိုစဉ်မှာပင် နံနက်စောစောထွက်လာသော မြင်းလှည်းတစ်စီး၏ ချူသံကို ကြားရသည်။

"ခွင် ချွင် ချွင်"

"ဟာ···မြင်းလှည်းသံကြားရတယ်ကွ၊ တစ်နာရီမကတော့ဘူး ထ ···ထ"

ဝကြီးက အရပ်မြင့်မြင့်နှင့်လူ၏ လက်ကိုင်သားရေထုတ်ကိုယူကာ မြင်းလှည်းဂိတ်မှ တဲအမိုးကိုကိုင်၍ အပြင်သို့ကြည့်လိုက်လေသည်။

ထိုစဉ်မှာပင် ခပ်ဝေ့ဝေး၌ မြင်းလှည်းတားနေသော လူရိပ်နှစ်ရိပ်ကို ကြယ်ရောင်ဖြင့် မြင်လိုက်ရသည်။ တင်ရှိန်က သူ၏ ဝဖိုင့်သောကိုယ်ကို ဝက်တစ်ကောင်လို လက်တင်ဖက်ထောက်ကာ ထလာလေသည်။

"တင်ရှိန် ဟိုမှာ မြင်းလှည်းတားနေတာ လူနှစ်ယောက်ကွ တည်းခိုခန်းကို မင်းသွားပြီး လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်စမ်း"

ဝကြီးသည် မြင်းလှည်းထွက်စပြုသည့်နောက်သို့ ပြေးလိုက်ရင်း ပြောသည်။

"ဟော့···မြင်းလှည်း ရပ်"

ပုလိပ်ဝကြီးက မြင်းလှည်းကိုအော်ကာ အမိန့်ပေးလိုက်သည်။ မြင်းလှည်းနှင့်သူမှာ ကိုက်နှစ်ရာလောက်ဝေးနေလေသည်။

မြင်းလှည်းသမားက ဇက်ကြိုးကိုဆွဲကာ ရပ်လိုက်သည်။

"မြင်းလှည်းဆရာကြီး ဆက်မောင်းပါ"

"မောင်းလို့မဖြစ်ဘူး လူကလေး၊ ဒါ ပုလိပ်ကင်းက တားတာ"



အခြေအနေအရ မျိုးနိုင်သည် သူ့ခါးထဲမှ ဓားကိုဆွဲထုတ်ကာ မြင်းလှည်းမောင်းနေသော လူပုပုပိန်ပိန်၏ခါးကို ထောက်လိုက်သည်။

"ခင်ဗျား မမောင်းရင်တော့ ကျွန်တော်မညှာဘူး"

"မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော်မောင်းရင် အမင်းခံရမှာပါ"

"ဒါဆို ဇက်ကြိုးပေး၊ ခင်ဗျား ခုန်ချလိုက်၊ ခင်ဗျားမြင်းလှည်း မြင်းလှည်းခကို မြစ်ဆိပ်မှာလာယူ၊ စိတ်ချရတဲ့လူတစ်ယောက်ယောက်ဆီမှာ အပ်ခဲ့မယ်"

"ဟုတ် ဟုတ်ကဲ့"

သေရေးရှင်ရေးဖြစ်၍ မြင်းလှည်းမောင်းသမားကို မြင်းလှည်းပေါ်မှတွန်းချကာ မျိုးနိုင်သည် မြင်းလှည်းကို ဒုန်းစိုင်းကာ မောင်းသွားလေတော့သည်။

"ဟော့ မြင်းလှည်း ရပ်···"

မြင်းလှည်းပေါ်မှ မှောင်ထဲတွင် လူတစ်ယောက် ခုန်ချသွားသည်ကို ဝကြီးသည် မမြင်လိုက်၊ ဒုန်းစိုင်းမောင်းပြေးသည့်ထင်၍ လှမ်းအော်နေသည်။

မျိုးနိုင်က မြင်းလှည်းကို ကျွမ်းကျင်စွာမောင်းတတ်နေသူဖြစ်သောကြောင့် မြစ်ဆိပ်သွားရာ သောင်ပြင်ရှိရာသို့ ဒုန်းစိုင်းကာ မောင်းနှင်သွားလေတော့သည်။ အရှိန်နှင့်ပြေးလာသော ကြေးမှာ လူတစ်ယောက်ခေါ်သံကြောင့် ရပ်လိုက်၏။

မြင်းလှည်းမှာ အတော်ဝေးဝေးမှောင်ထဲတွင် ပျောက်ကွယ်သွား၍ သူလိုက်၍မမီနိုင်သောကြောင့် ရပ်လိုက်ခြင်းလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးမြက်ခင်းပေါ်မှ လူတစ်ယောက်က ထွက်လာသ
မြင်းလှည်းသမား စိန်အေးဖြစ်ကြောင်း မှတ်မိသွားသည်။

"ဟာ . . စိန်အေး၊ ဘယ်လိုဖြစ်တာလဲ၊ ဟိုမြင်းလှည်းဟာ
မြင်းလှည်းလား"

"ဟုတ်တယ် . . . ယောက်ျားခပ်ငယ်ငယ်တစ်ယောက်နဲ့
ချောချောတစ်ယောက် ငှားတာဆရာ"

"ဘယ်ကိုသွားတာလဲ"

"မြစ်ဆိပ်ကို"

ထိုအချိန်မှာပင် တည်းခိုခန်းထဲသို့ဝင်ကာ မျိုးနိုင်တို့တည်
တည်းခိုခန်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ဝင်ရောက်စစ်ဆေးခဲ့သော ပုဒ်
တင်ရှိန် ပြေးလာသည်။

"မရှိတော့ဘူး ဟိုနှစ်ယောက် မရှိတော့ဘူး"

"ငါဒီမှာ တင်ရှိန်ရေ"

မြင်းလှည်းဂိတ်ရှိရာသို့ သွားနေသော တင်ရှိန်ကို ခြေ
လှမ်းအော်၍ အသံပေးလိုက်သည်။ တင်ရှိန်က လိပ်လိုခန္ဓာကိုယ်
ပြေးလာရှာသည်။

"ဝကြီး မင်း မြင်းလှည်းကိုရပ်နိုင်းတာ မရပ်ဘူးလား"

"ဟုတ်တယ် ကိုစိန်အေးမြင်းလှည်းကို ဓားပြကောင်က အ
စီးပြီးတော့ မောင်းသွားပြီ၊ မင်းဗျာနကိုသွားပြီးတော့ ရာဇဝတ်အုပ်
ကျော်လွင်စန်းကို သတင်းပို့ပေတော့"

"မင်းကရော"



"ငါ မြင်းလှည်းတစ်စီးရှာပြီး စိန်အေးနဲ့ မြစ်ဆိပ်ကို လိုက်သွား
နှင့်မယ်"

"သာကျော်ရဲ့အိမ်က နီးတယ်ဆရာ၊ ဒီလောက်ဆို သူ့မြင်းလှည်း
ထွက်ဖို့ ပြင်ဒီနေပြီ"

"အဲဒီ သွားစို့ကွာ"

x x x

"ကိုနိုင် ကိုနိုင်"

မြင်းလှည်းမှာ ဒန်းစိုင်းကာ မြန်ဆန်လှသောကြောင့် မြဆည်း
ဆာမှာ မြင်းလှည်းမောင်းနေသော မျိုးနိုင်၏ခါးကို နောက်မှဖက်ကာ
ထိတ်လန့်တကြား အော်လိုက်လေသည်။

"ဘာလဲမြ ကြောက်နေပြီလား"

"မြ လှည်းပေါ်ကပြုတ်ကျမှာ ကြောက်တယ်ကိုနိုင်"

"မကျပါဘူး မြရဲ့၊ ဘေးတန်းကိုကိုင်ပြီး လက်တစ်ဖက်က
ကိုနိုင့်ကိုဖက်ထား၊ မြစ်ဆိပ်ရောက်တော့မှာပါ"

သောင်ပြင်ပေါ်သို့ ရောက်လာပြီဖြစ်၍ မြေသား မညီမညာဖြစ်
တော့၊ တစ်ချက်တစ်ချက် ခုန်သည်မှလွဲ၍ မြင်းလှည်းမှာ သဲသောင်ပြင်
ပေါ်တွင် ပြေးနေသည်။ ခပ်ဝေးဝေး မြစ်ဆိပ်မှ ဘဲငယ်လေးများနှင့် လှေ
တလေးများပေါ်မှ မီးရောင်လက်လက်ကို မြင်နေရသည်။

မြဆည်းဆာသည် မျိုးနိုင်၏လက်မောင်းကို ကျစ်ကျစ်ပါအောင်
ဖက်ထားလိုက်လေသည်။ မကြာမီ အကြော်ဆိုင်နှင့် ထမင်းဆိုင်များနားသို့

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ရှိလာသည်။ အကြော်ဆိုင်နားတွင် မြင်းလှည်းကိုရပ်လိုက်သည်။

မျိုးနိုင်က မြင်းလှည်းပေါ်မှ ခုန်ချကာ အကြော်ဆိုင်နားတွင် မြင်းလှည်းကိုထားရင်း မြဆည်းဆာကို လက်ကမ်းကာ မြင်းလှည်းပေါ်မှ ဆင်းဖို့ ကူညီပေးသည်။ မြဆည်းဆာက ခရီးဆောင်အိတ်ကလေးလွယ်ကာ ဆင်းလာသည်။

"အကြော်ရပြီလား"

မျိုးနိုင်က အကြော်အိုးကိုပြင်နေသော အဘွား၊ ဦးကို မေးလိုက်သည်။ အဘိုးကြီးက ထင်းများမီးထည့်ရင်း...

"ခဏနေရင် ရပါပြီ"

"အဘ ကျွန်တော်တို့ ပိုက်ဆံပေးခဲ့မယ်၊ ဒီမြင်းလှည်းလာယူတဲ့ ကျွန်တော့်မိတ်ဆွေကို ပေးလိုက်ပါ။ သူ့ကို ဒီမှာ မြင်းလှည်းထားခဲ့မယ်လို့ ပြောထားတယ်"

"ကြော် ရပါတယ်၊ တိုင်မှာ မြင်းလှည်းကို ကြိုးချည်ထားခဲ့ပါ"

အကြော်က တစ်မတ်ဖိုးအတွက် ငွေပေးသည့်အပြင် နောက်ထပ် ငွေတစ်ကျပ်ပေးသောကြောင့် အကြော်တဲမှ အဘိုးကြီးက...

"ဒီတစ်ကျပ်က"

ဟု မော့ကြည့်ကာ မေးသည်။

"မြင်းလှည်းလာယူတဲ့ ကျွန်တော့်သူငယ်ချင်းကို ပေးပေးပါ"

"စိတ်ချ စိတ်ချ"

ရိုးသားသော အဘိုးကြီးမှာ မြို့ထဲမှ ထိုကဲ့သို့ပင်မှာကာ အငှားများကို လက်ဆင့်ကမ်းပေးခြင်းကို ခံခဲ့ရပုံရသည်။ ဘာမှ မထူးခြားသော်



ပင်။

"မြ လာသွားစို့၊ အချိန်မရှိဘူး"

သူ၏ဘေးတွင် ငေးကြောင်ကြောင်ရပ်နေသော မြဆည်းဆာ၏ လက်ကိုဆွဲကာ သောင်စပ်မြစ်ဆိပ်တွင်ရပ်ထားသော လှေများရှိရာသို့ လာခဲ့သည်။ ဆောင်းတွင်းဘက်ဖြစ်၍ နှင်းများက ဘွဲ့ဖွဲ့ကျနေသည်၊ ပေါင်းမိုးပါသော လှေကြီးတစ်စီးရှိရာသို့ လျှောက်လှမ်းလာသည်။

"သာရဝေါ သာရဝေါကို စင်းလုံးငှားလို့ရတယ်"

ဟသ်ာတသောင်ပြင်ပေါ်မှ သာရဝေါဘက်ကမ်းသို့ ကူးမည့်ကူးထို့လှေများဖြစ်သည်။ ထိုလှေများသည် ကြံခင်းရထား ဟသ်ာတသို့ ဆိုက်ကပ်သည့်အချိန်ကို စောင့်နေကြခြင်းပင်ဖြစ်သည်။

ပေါင်းမိုးပါသော ခပ်ကြီးကြီးလှေကြီးရှိရာသို့ မျိုးနိုင်နှင့် မြဆည်းဆာတို့ ကပ်လာခဲ့လေသည်။

"လူကလေးတို့ သာရဝေါဘက် သွားမလို့လား"

တုတ်ခိုင်သော အသက် (၄၀)ကျော်ရွယ် မျက်နှာသုတ်ပဝါ ခေါင်းပေါင်း ပေါင်းထားသော လူကြီးတစ်ဦးက ထွက်ကာမေးသည်။ သောင်ခပ်မှ လှေပေါ်သို့ ကုန်းဘောင်ပြားထိုးထားသည်။

"ဟုတ်တယ် အဘ၊ လှေတစ်စင်းလုံးငှားရင် ဘယ်လောက်ပေးရမလဲ"

"တက်ခဲ့ပါ ဈေးက မများစေရပါဘူး၊ လှေပေါ်မှာ ညှိကြတာပေါ့"

"လာ မြ တက်ကြစို့"

www.burmeseclassic.com

www.burmeseclassic.com



လှေကြီးပေါ်သို့ တက်လာခဲ့ကြသည်။ အရှေ့ဘက်မှ ရောင်နီ[illegible]နေပြီ ဖြစ်သည်။

"နှစ်ကျပ်တော့ ပေးပေါ့"

"တစ်ကျပ်ခွဲထားလိုက်ပါလား၊ နေ့လယ်ဘက်ဆို လှေစင်းလုံးငှားမှ တစ်ကျပ်ပေါ့"

"ရပါတယ်လေ၊ လူကလေးတို့ ပေးချင်သလောက် ပေးပေါ့"

"မြန်မြန်လုပ်ဗျာ၊ သာရဝေါဘက်ကို ရောက်ဖို့အရေးကြီးတယ်"

"သာရဝေါရထားက ခုနစ်နာရီထိုးမှ ထွက်မှာပါ"

"ရထားမီတာ မမီတာက ကိစ္စမရှိဘူး၊ ဒီကမ်းနားက မြန်မြန်ခွာစေချင်တာပဲ"

ပဲ့ပိုင်းမှ သူ့အဖော်ကို လှမ်း၍ အော်လိုက်သည်။ "ဖိုးထောင် လှေထွက်မယ်ဟေ့"

ပဲ့ပိုင်းမှ ဦးဖိုးထောင်ဆိုသော လှေထိုးသားကြီးက ထိုးဝါးဖြင့် ထိုးကာ လှေကို ခွာလိုက်လေသည်။ လှေသည် ကမ်းမှခွာစပြုသည်။ ပဲ့ပိုင်းတစ်ဦး၊ ဦးပိုင်းတစ်ဦးထိုင်ကာ မြစ်လယ်သို့ စတင်လှော်ခတ်နေသည်။

ထိုစဉ်မှာပင် မြစ်ဆိပ်သို့ ရာဇဝတ်အုပ်ကျော်လွင်စန်းဦးဆောင်သော ပုလိပ်များသည် မြင်းကိုယ်စီဖြင့် ရောက်ရှိလာသည်။ သူတို့သည် ကမ်းစပ်မှ မြစ်ဆယ်လို့ခွာသွားသော လှေကိုကြည့်ရင်း မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

မြစ်ဆိပ်သို့ ပြေးလာကာ လှေကြီးတစ်စီးရှိရာသို့ ဦးတည်လာ၏။ ကျော်လွင်စန်း၏ နောက်မှ ပုလိပ်လေးဦးက လိုက်ပါလာ၏။



"ဟေ့ လှေတစ်စီး ကုန်းဘောင်ချစမ်း"

ပုလိပ်ရာဇဝတ်အုပ် ကျော်လွင်စန်း၏အမိန့်ကြောင့် [illegible]နေသော်လည်း ကုန်းဘောင်မချဘဲ ကျောက်ချနေသော လှေ[illegible] [illegible]ဘောင်များ ချလိုက်ကြသည်။ ကျော်လွင်စန်းသည် လှေသုံးစီး[illegible] [illegible]ကောင်းကိုရွေးကာ . . .

"လာဟေ့ ဒီလှေပေါ်ကိုတက်ကြ၊ ဒီလှေက လှေထိုးသားများ[illegible] [illegible]ယ်"

ဟု ပြောကာ ပေါင်းမိုးခပ်မြင့်မြင့် ရှေ့နောက်ပေသုံးဆယ်မျှရှိသော [illegible]တို့လှေကြီးပေါ်သို့ တက်လိုက်ကြသည်။ လှေပေါ်တွင် လူခြောက်ဦး [illegible]ကိုရှိသည်။ ရထားအဆိုက်တွင် လူများများတင်ကာ ကူးတို့ခများများရ[illegible] [illegible]ည့် လှေကြီးပင်ဖြစ်သည်။

လှေသူကြီးမှ ရာဇဝတ်အုပ် ကျော်လွင်စန်းနှင့် သိနေသော [illegible]ကျော်မောင်ဖြစ်သည်။

"ဘာဖြစ်တာလဲ ဆရာကျော်လွင်စန်း၊ ကျွန်တော် ဘာကူညီရ[illegible] [illegible]"

"ဓားပြလိုက်ဖမ်းတာကွ"

ကျော်မောင်မှာ ငွေကြေးအသင့်အတင့်ရှိသော်လည်း [illegible] [illegible]၍ ပျော်တတ်သူဖြစ်သည်။ လူကလည်း အူကြောင်ကြောင်[illegible]

"ဓားပြဟုတ်လား၊ ဘယ်အိမ် ဓားပြတိုက်ခံရလို့လဲ"

ကျော်မောင်က မျက်လုံးပြူး မျက်ဆံပြူးဖြင့် [illegible]

"အိမ်ကို အတိုက်ခံရတာ မဟုတ်ဘူးကွ" [illegible] ဓားပြ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာတမြို့ပေါ်တက်လာလို့"

"ဘယ်မှာလဲ ဆရာ၊ အခုလိုက်ဖမ်းရမှာလား"

"စကားများမနေနဲ့၊ ဟိုရှေ့ကထွက်သွားတဲ့ လှေနောက်ကိုလိုက်မင်းလူတွေကို မြန်မြန်လော်ဖို့ သတိပေးလိုက်"

ထိုအချိန်က ကိုဘိုတာကဲ့သို့ ရက်တပ်၍သွားသော လှေကြီးမျိုးမရှိသေးပေ။ ဟသ်ာတနှင့် သာရဝေါဘက်သို့ ရောဝတီမြစ်ဖြတ်ကူးသော ကူးတို့လှေမှန်သမျှ ကြီးကြီးသေးသေး လက်နှင့်လော်သည့်လှေများချည်းသာ ဖြစ်ကြလေသည်။

ကျော်မောင်သည် သူ့လူများကို အမိန့်ပေးလိုက်၏။ ကျော်မောင်၏တပည့်များကလည်း ပုလိပ်ရာဇဝတ်အုပ်နှင့် ပုလိပ်များ လှေပေါ်သို့တက်ကတည်းက ဒီနေ့ ကူးတို့ခရဖို့မလွယ်တော့ဆိုသည်ကို သဘောပေါက်ပြီးသားပင် ဖြစ်လေသည်။

ကျော်မောင်၏ လှေကြီးသည် ကမ်းမှ တရွေ့ရွေ့ခွာလာလေသည်။ ထိုစဉ်မှာပင် ခပ်ဝေးဝေးသောင်စပ်မှ လှေတစ်စင်းပေါ်လာကာ မျိုးနိုင်နှင့် မြဆည်းဆာတို့စီးသွားသော လှေကြီးနောက်သို့ ဦးတည်လော်ခတ်သွားလေသည်။ သောင်ကိုပတ်၍ သာရဝေါဆိပ်ကမ်းသို့ ဦးတည်လော်ခတ်နေသော လှေကြီးပေါ်ရှိ ပေါင်းမိုးအောက်တွင် မျိုးနိုင်နှင့်မြဆည်းဆာတို့မှာ လှေနံရံကိုမှီကာ ယှဉ်တွဲထိုင်နေကြလေသည်။

လှေဦးမှ လော်နေသော မျက်နှာသုတ်ပဝါခေါင်းပေါင်းနှင့်လူသည် သောင်စပ်မှထွက်ကာ သူတို့လှေနောက်သို့လိုက်လာသော ပေါင်းမိုးမပါသည့်လှေကို သတိထားမိသည်။ ထိုလှေကို လူသုံးယောက်ကလော်၍



လာသည်။

လှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ရန် လော်သကဲ့သို့ တက်များကို မြှောက်ကာ အားရပါးရ လော်ခတ်၍လာနေသည်ကို တွေ့ရသည်။

"ဟေ့ ဖိုးအောင်၊ ဟိုလှေကလူတွေက တို့လှေနဲ့များ လိုက်ချင်လို့လားမသိဘူး"

မျက်နှာသုပ်ပဝါခေါင်းပေါင်းနှင့်လူက ပဲ့ကိုင်းမှ သူ့တပည့်ကို လှမ်းပြောလိုက်သည်။ အိပ်ငိုက်နေသော မြဆည်းဆာနှင့် မျိုးနိုင်ကို သတိပေးလိုက်သကဲ့သို့ ဖြစ်သွားလေသည်။ မျိုးနိုင်သည် ခေါင်းထောင်ကာ နောက်ဘက်သို့ ကြည့်လိုက်လေသည်။

တက်များမြှောက်ကာ ရိုပ်ခနဲ ရိုပ်ခနဲ လော်လာသောလှေကို လင်းရောင်ခြည်ထွက်ပြုစမှာ ထင်ရှားစွာဖြင့် တွေ့နေရသည်။ သူသည် ချက်ချင်းပင် လှေဦးမှ လော်လာသူကို မှတ်မိသွားသည်။

ဟသ်ာတဈေးနားတွင် သူဖမ်းဆီးကာ ပုလိပ်လက်သို့ ရောက်အောင်လုပ်ခဲ့သော လက်မရှုံ့သံဒိုင်ဆိုသည့် လူဆိုးကြီးပင်ဖြစ်သည်။ သူ့နောက်မှ လူနှစ်ယောက်က ကြက်မင်းအဖွဲ့မှ လူနှစ်ဦးဖြစ်ဟန်တူသည်။ သူတို့နှစ်ဦး၏ သတင်းကိုရရှိသောကြောင့် ရတနာများကိုလိုချင်၍ လုယက်ရန်လိုက်လာခြင်းပင် ဖြစ်နိုင်သည်။

ကူးတို့လှေကြီးနှင့် ငါးဖမ်းလှေလေးတို့မှာ အလှမ်းမဝေးတော့ပြီမတူ၊ လှေကြီးကို လှေထိုးသားနှစ်ဦးက လော်နေခြင်းဖြစ်၍ နှေးမှန်သာသွားနေသည်။ လူသုံးဦး၏လှေက တရိပ်ရိပ် နီး၍ နီးလာသည်။

"ဦးလေးတို့ ဒီလူတွေက လူကောင်းတွေမဟုတ် မဟုတ်ဘူး။

www.burmeseclassic.com

www:burmeseclassic.com



ဒါပေမယ့် ဦးကြီးတို့မပူပါနဲ့၊ လှော်စရာရှိတာသာ လှော်ပါ။ လှေနားကပ်လာရင် ကျွန်တော့်တာဝန်ထားပါ"

ထိုစကားကြောင့် လှေထိုးနေသောလူကြီးနှစ်ဦးက အံ့အားသင့်သွားသည်။

"ဒီလူတွေက မင်းရဲ့ ရန်သူတွေလား။ ဒီလိုမှန်းသိရင် လှေမှာ တင်ခဲ့ယ်လိုက်မလဲကွာ"

မျက်နှာသုတ်ပဝါ ပေါင်းထားသူက စိတ်ပျက်သံဖြင့် ပြောလိုက်သည်။

"သူတို့က ထောင်ထွက်လူဆိုးတွေပါ၊ ကျွန်တော့်ရန်သူတွေတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရန်စတော့ရှိတယ်"

"အို"

နေရာမှ ထလိုက်သော မျိုးနိုင်ကို မြဆည်းဆာက လက်မောင်းသှမ်း၍ ဆွဲထားလိုက်၏။

×××

"မြကြောက်တယ် အစ်ကို"

"ကြောက်ရင် အစ်ကို့လက်ကိုလွှတ်လိုက်မြ၊ သူတို့လှေကို ခုန်တက်လာရင် မြကိုရော ,အစ်ကို့ကိုရော သတ်သွားကြလိမ့်မယ်၊ သူတို့လှေပေါ်မတက်နိုင်အောင် အစ်ကိုက အရင်ကာကွယ်နိုင်မှ"

"ဖြစ်ပါ့မလား အစ်ကို"

"ဘာလို့ မဖြစ်ရမှာလဲ မြ၊ မြလည်း အစ်ကို့ရဲ့ သိုင်းပညာကို



သိပြီးသားပဲ"

"ကြည့်လုပ်ပါ အစ်ကို၊ မြတော့ အစ်ကို ရာဇဝတ်မှုဖြစ်ပြီး ခွဲရမှာကြောက်တယ်"

"ဒီစကားတွေမပြောနဲ့တော့မြ၊ ဟိုမှာ လက်မရှုံ့သံဒိုင်တို့လှေကနီးလာပြီ"

ပေါင်းမိုးထဲမှ မျိုးနိုင်ထွက်လိုက်လေသည်။ သူသည် ပေါင်းမိုးဘေးတွင်ချထားသော ဝါးတစ်လုံးကို ကောက်ယူလိုက်သည်။ ဝါးလုံးမှာ ကျစ်၍မာနေသည်။

"ဦးကြီးတို့ ဘာမှမကြောက်နဲ့၊ လှော်စရာရှိတာသာ လှော်ပါ။ တကယ်လို့ ကျွန်တော် သူတို့ကို ရင်ဆိုင်လို့ ပြုတ်ကျကျန်ခဲ့ရင်လည်း မစောင့်ပါနဲ့၊ ကျွန်တော့်အဖော် မိန်းကလေးကို သာရဝေါဘက်ကမ်းရောက်အောင် ပို့လိုက်ပါ"

"ကောင်းပါပြီ မောင်ရင်၊ ကြည့်လည်းလုပ်ပါ၊ ဦးတော့ ဒူးတွေတောင်တုန်နေပြီ"

မျက်နှာသုတ်ပဝါ ခေါင်းတွင်ပေါင်းထားသူက လှေလှော်ရင်းမှ အသံတုန်တုန်ဖြင့် ပြောသည်။

"ဟား ဟား ဟား သတ္တိရှိရင် ရပ်လိုက်စမ်းဟေ့၊ ငါ့ကို ပုလိပ်လက်ရောက်အောင်လုပ်တဲ့ကောင်၊ ဒီနေ့တော့ မင်းသေနေရပြီကွ"

လှေချင်းမှာ သိပ်မဝေးလှတော့ပေ။ ငါးဘင်ပြန်တသောနိုင်တော့သည်။ အရှေ့ဘက်မှ ရောင်နီထွက်ပြူလာစပြုပြီဖြစ်၍ နီရဲရဲနေရောင်ခြည်မြစ်ပြင်တွင် တလက်လက်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်မရှဲ့သံဒိုင်နှင့် မျိုးနိုင်တို့သည် လူလုံးသဲကွဲစွာ မြင်နေရပြီ ဖြစ်သေးသည်။ လှေပဲ့တွင်ရပ်ရင်း မျိုးနိုင်က တုတ်ကို ဝှေ့ရမ်းလိုက်ရင်း

"သင်္ကြိုရိုရင်ကပ်လာခဲ့ လက်မရှဲ့သံဒိုင်၊ မင်း ခုထောင်ဖောက် ပြေးလာတာ မဟုတ်လား"

"ဟား ဟား ဟား ထောင်ဆိုတာ ငါ့အတွက် ခြင်ထောင်လိုပါ ပဲကွာ၊ ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက်လို့ရပါတယ်။ ခု ထွက်လာ တာကတော့ မင်းကို ဒီ့သေသတ်ဖို့ပဲဟေ့"

လက်မရှဲ့သံဒိုင်၏ ကျယ်လောင်သောအသံကြီးက ဟိန်းထွက် လာသည်။ ထိုအသံကြောင့် မြဆည်းဆာမှာ အလွန်ပင် ထိတ်လန့် ကြောက်ရွံ့သွားသည်၊ သူမသည် မျိုးနိုင်ကိုကူညီရန် ပေါင်းမိုးထဲမှ ထွက်ဖို့ ပြင်လိုက်သည်။

"ကလေးမ မထွက်နဲ့"

မျိုးနိုင်က လှေပဲ့မှ ဦးဖိုးထောင်အော်သံကြောင့် လှည့်ကြည့် လိုက်သည်။

"ဟုတ်တယ် မြ ထွက်မလာနဲ့၊ မြထွက်လာရင် ဒုက္ခဖြစ်မယ်"

မြဆည်းဆာမှာ ပေါင်းမိုးထဲတွင် ပြန်ဝင်၍ထိုင်နေလိုက်ရလေသည်။

"ဝိုး"

"ဝိုး"

အရှည်ဆယ်ပေခန့်ရှိ တုတ်ကို ဝှေ့ရမ်းကာ တုတ်သိုင်းကစား၍ မျိုးနိုင်က စောင့်နေသော်ကြောင့် လှေချင်းကပ်၍ ရနိုင်ပြီဖြစ်သော်လည်း လက်မရှဲ့သံဒိုင်မှာ ငှက်ကြီးတောင်ဓားကိုဝှေ့ရမ်းရင်း မကပ်ရဲဖြစ်နေသည်။



"သင်္ကြိုရိုရင်လာခဲ့လေကွာ၊ မကျည်းရွက်သုပ် တုတ်ချက်နဲ့မိရင် မင်းလည်ပင်းက လေပ်ပြုတ်ပြီး ရေထဲကျသွားစေရမယ်"

"ဝိုး"

"အမလေး"

တုတ်ကို ခေါင်းပေါ်မှဝှေ့ကာ လှေပဲ့သို့ ဦးတိုးလာသော လက် မရှဲ့သံဒိုင်၏ လှေကို လှမ်းပက်ရိုက်လိုက်သည်။

တုတ်စအဖျားက လက်မရှဲ့သံဒိုင်အနီးမှ ကျယ်လောင်စွာပြည်ဟီး ၍ ဝှေ့တက်သွားသည်။ လက်မရှဲ့သံဒိုင် ကြောက်ရွံ့စွာ နောက်သို့ ကိုယ်ကို လှန်ချလိုက်သည်။

တဖြည်းဖြည်း၊ သူတပည့်နှစ်ဦးက လော်သည်ကိုစွဲဆိုက်၍ မျိုးနိုင်တို့ လှေကြီးနဲ့ ဝေးကာ ကျန်ခဲ့ပြန်သည်။

"ဟား ဟား ဟား ကောင်းသကွာ၊ တုတ်နဲ့ဆောက ဘေးသမားက ဘယ်ကပ်လို့ရမလဲ၊ မြေပြင်မှ မဟုတ်တာ၊ အကြံပိုင်သဟေ့"

ဟိုဘက် သည်ဘက်ကမ်းကိုမြင်ရာ ရေလယ်ဘဲ့ လှေနှစ်စီး ဆုံနေကြခြင်းဖြစ်သည်။ နောက်မှ ရာဇဝတ်အုပ်ကျော်လွင်၏ လှေ ကြီးမှာလည်း တအိအိဖြင့် လိုက်ပါလာကာ နေရာခပ်ဝေးဝေး [illegible] သာမြင်နေရသေးသည်။

"ဟော့ ကပ်စမ်း။ ငါသေချင်သေပါစေ၊ ဒီကောင့်လှေပေါ်ရောက်အောင် ခုန်တက်မယ်"

လက်မရှဲ့သံဒိုင်က သူလူနှစ်ယောက်ကို ဆော်ခိုင်းနေပြန်သည်၊ လှေဦးချင်းနီးလာပြန်သည်။ မျိုးနိုင်ကလည်း အကာမဲ့ တုတ်ရှည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သော်၍ ရိုက်ချလိုက်ပြန်၏။

"ဝိုး"

"ခွပ်"

×××

မျိုးနိုင်၏ တုတ်ရှည်ရိုက်ချက်ကို ဓားနှင့်ဆီးကြိုခံလိုက်သော ကြောင့် ခွပ်ခနဲကျယ်လောင်စွာ မြည်ဟည်းသွားသည်။ လက်မရွံ့သံဒိုင်၏ လက်ထဲမှ ဓားမှာ ရေထဲသို့ လွင့်စင်သွားလေသည်။

"တောက်···

လက်မရွံ့သံဒိုင်သည် ဒေါသထွက်ကာ သူ့လှေပေါ်တွင်ယူလာ သော လှံရှည်ကိုကောက်ယူကာ မျိုးနိုင်ရှိရာသို့ ချိန်ရွယ်ကာ ပစ်လွှ လိုက်သည်။

"ဝိုး"

"ထန်"

မျိုးနိုင်က တုတ်ဖြင့် သူ့ရင်ဝသို့ ဦးတည်လာသော လှံကို ရိုက် ထုတ်လိုက်ပြန်ရာ လှံသည်လည်း ရေထဲသို့ လွင့်ကျသွားပြန်လေတော့ သည်။

လက်မရွံ့သံဒိုင်တွင် အားကိုးစရာ လက်နက်မရှိတော့ပြီ။ သူ့ တပည့်နှစ်ဦးကလည်း အလိုက်သိသည်။

"ဒါကြောင့် ဆရာ့ကိုပြောတာပေါ့၊ ဒီကောင့်ကိုသတ်မယ်ဆိုရင် သေနတ်လေးဘာလေး အရင်ရအောင်ရှာလာပါလို့"



"တောက်···အဲဒီလိုရှာနေရင် ဒီကောင် လွတ်သွားမှာပေါ့"

သူ့နောက်မှ လှေလှော်သော တပည့်တစ်ဦး၏စကားကို လက် မရွံ့သံဒိုင်က တုန့်ပြန်ကာ ပြောဆိုလိုက်သည်။

"အေးလေ၊ ဘာပဲပြစ်ပြစ် ငါရဲ့ နောက်ဆုံးသညာခွမ်းကို မင်းသိ ပါတယ်။ လှေကိုပြန်ကပ်လိုက်၊ ဟိုကောင် တုတ်ကြီးတရမ်းရမ်းလုပ်နေ မှာပဲ၊ အငိုက်မိအောင် သုပ်ရမယ်"

လှေကို ကုတ်မမိတမိနေရာသို့ တိုးပေးလိုက်သည်။ တုတ်ကို ကိုင်ကာ မျိုးနိုင်က သူတို့လှေနားသို့ မကပ်နိုင်ရန် ဆွေ့ရမ်းကာ လှမ်း၍ ရိုက်ချလိုက်ပြန်သည်။

"ဝိုး"

"ရှိ"

လက်မရွံ့သံဒိုင်၏ လှုပ်ရှားမှုက မြန်ဆန်လှပေသည်။ တုတ် ချက်ကို အသာအယာ တိမ်းရှောင်ရင်းမှ လှေဝမ်းထဲတွင်အသင့်ထားသော သူ၏ ညာဘက်လက်တစ်ဖက်ကို လှုပ်ရှားလိုက်သည်။ တုတ်ချက်ကို ဂရု စိုက်နေသော မျိုးနိုင်က နောက်တစ်ချက်ရိုက်ရန် ခေါင်းပေါ်သို့ ပတ်ကျ နေစဉ်မှာပင် အပြူရောင်ကြိုးကွင်းတစ်ကွင်းသည် မျိုးနိုင်၏လည်ပင်းသို့ လာစွပ်သည်။

သူသည် တုတ်ကို လက်နှစ်ဖက်နှင့်ကိုင်ထားချိန်ဖြစ်၍ လည် ပင်းကိုစွပ်သောကြိုးကိုကိုင်ရန် တုတ်ကို လွှတ်ချလိုက်သည်။

သို့သော်···

အောက်လှေပေါ်မှ လက်မရွံ့သံဒိုင်က မနိုလာကြိုးကို လက်နှစ်

www.burmeseclassic.com

www.burmeseclassic.com



အားနှင့် ဆောင့်ဆွဲလိုက်သောကြောင့် မျိုးနိုင် ကိုယ်တစ်ပိုင်းပေါ်နေသော သော့ကြီး၏ ပဲ့နံ့ရံပေါ်မှကျော်ကာ ရေထဲသို့ ပြုတ်ကျသွားလေတော့သည်။

"ဝုန်း"

×××

ရေထဲသို့ ကျသွားသောအသံမှာ ကျယ်လောင်လှလေသည်။ မျိုးနိုင်သည် တစ်ချက်မျှပင် မအော်နိုင်ပါ။

"အမလေး...ကိုနိုင်"

ထိုဖြစ်ရပ်ကို မြင်တွေ့လိုက်ရသော မြဆည်းဆာမှာ ပေါင်းမိုးထဲမှထွက်ကာ လှေပဲ့မှထွက်ကြည့်လိုက်လေသည်။ မျိုးနိုင်သည် ရှည်လျားသောကြိုးစနှင့်အတူ ရေထဲသို့မြုပ်သွားလေသည်။

သို့သော် မျိုးနိုင်မှာ သတိရှိသည်။ ဆောင့်ဆွဲသည့်အရှိန်ကြောင့်သာ ပြုတ်ကျသွားသော်လည်း ရေထဲရောက်သည်နှင့် ကြိုးစနစ်စ ကွင်းကို ဘယ်ညာကိုင်ကာ ဆွဲ၍ချလိုက်လေသည်။

ပြီးနောက်...ခေါင်းကိုစွပ်ထားသည့် ကွင်းကိုချွတ်ပြီး ကြိုးစကို တင်းအောင်ဆွဲကာ လှေလေး၏အောက်သို့ငုပ်သည်။ ကြိုးစကိုဆွဲယူနေသောလက်မရွှံ့သံဒိုင်၏ အခြေအနေကိုကြည့်ကာ သူတပည့်နှစ်ဦးက ငါး ရိုက်သည့် ပျဉ်းကတိုးတုတ်များကို ကိုင်ထားသည်။ ရေထဲမှပေါ်လာလျှင် ရိုက်ရန်အတွက် ဖြစ်လေသည်။

သို့သော် ကြိုးစကျသည့်ဘက်က မျိုးနိုင်က ပေါ်မလာဘဲ လှေကြီး၏ပဲ့ပိုင်းမှ ဦးဖိုးဆောင်ကလည်း နောက်သို့ထွက်ကာ ကြည့်သဖြင့်



သို့ မြဆည်းဆာကလည်း ထွက်ကာကြည့်ရင်း ရင်ဘတ်ကိုဖိထားသည်။

မိုးက ထိန်ထိန်လင်းနေပြီ ဖြစ်သည်။

"ကြိုးစကတင်းနေတယ်ဟေ့...ဆွဲလို့မရဘူး"

မျိုးနိုင်မှာ လှေကြီး၏တစ်ဘက်တွင် လက်ကိုင်ကာ [illegible] အသက်ရှူနေခြင်းဖြစ်သည်။ လက်မရွှံ့သံဒိုင်တို့ ငုံ့ကြည့်သောဘက်တွင် မရှိ။ ကြိုးက လှေဝမ်းကိုပတ်နေသည်။

"ဒီကောင်ညာဏ်များပြီ ဟိုဘက်ကိုကြည့်စမ်း။ ငါဆောင့်ဆွဲမယ်"

"ဝုန်း"

အဖြစ်အပျက်က မြန်ဆန်လှသည်။ မျိုးနိုင်မှာ လှေဝမ်းကိုပတ်ကာ ကြိုးစကို ညာလက်ကိုင်ထားပြီး ထိုညာလက်ရော ဘယ်လက်[illegible] တစ်ဘက်လှေဘောင်ကိုကိုင်ထားရာ ကြိုးကိုဆောင့်ဆွဲလိုက်သည်နှင့် [illegible] နိုင်ကိုင်ထားသည့်ဘောင်ဘက်သို့ လှေသည် စောင်းကာ ဝုန်းခနဲ[illegible] သွားလေတော့သည်။

မျိုးနိုင်က လှေမှောက်မည်ကိုသိ၍ ရေငုပ်ကာ ထိုနေ[illegible] လာခဲ့သည်။ လက်မရွှံ့သံဒိုင်နှင့် သူတပည့်နှစ်ယောက် [illegible] သော့လှေကြီးနားတွင် ပြန်ပေါ်လာကြသည်။

ကျော်ရပ်ထားသော မြဆည်းဆာရှိသည့် [illegible] ခေါင်းဖော်ကာကူးလာခဲ့သည်။

"ဟိုမှာ သူ့လှေရှိရာ ပြန်ကူးနေပြီ၊ လိုက်...[illegible]"

ခေါင်းဖော်ကာ ရေမွှပ်းသည်ကိုပြောင်း [illegible] သူ တပည့်နှစ်ဦးကို အမိန့်ပေးလိုက်သည်။ သို့သော် [illegible] မျို

www.burmeseclassic.com

www.burmeseclassic.com



နှင်းကို လက်ရဖမ်းဆီးဖို့၊ သတ်ဖြတ်ဖို့ဖြစ်စေ မလိုက်ရဲကြပေ။

"ဦးလေး…ဟိုမှာ ကိုနိုင်ကူးလာပြီ လုပ်ပါဦး၊ ကြိုးမရှိဘူးလား"

ဦးဖိုးထောင်ကို တွန်းလှုပ်ကာ မြဆည်းဆာက ဝမ်းသာအား ပြောလိုက်သည်။

"ရှိတယ်…ရှိတယ်…မိန်းကလေး ခဏ"

ကမ်းစပ်တွင် ကြိုးချည်သည့် ကြိုးခွေကြီးကိုယူကာ လှမ်းပစ် ပေးလိုက်သည်။ မျိုးနိုင်မှာ လှေကြီးနှင့် ဆယ့်နှစ်ပေအကွာလောက်အထိ ပင် ရောက်လာပြီဖြစ်ရာ၊ ဦးဖိုးထောင် ပစ်ချလိုက်သောကြိုးစက သူ့ပေါ် ကျော်သွား၍ ကူး        နေပြီး ဖမ်းယူကာဆွဲခို၍ လှေပဲ့နား ရောက်လာလေတော့ သည်။

အခဲမငြ        မရွှံသံဒိုင်မှာ ကူးခတ်လာနေသော်လည်း ကြိုးစကိုရသွားသော        နှင့် အလှမ်းပြန်၍ ဝေးသွားသည်။ ကြိုးမှာ ပဲ့စင်ရှိ တိုင်ငုပ်တွင် အသေချည်ထားရာ၊ မျိုးနိုင်မှာ ကြိုးစဖြင့်ပင် လှေနံရံ ကိုတွယ်ကာ ခြေကန်၍တက်လာလေတော့သည်။

အခြေအနေသိသော ဦးဖိုးထောင်နှင့် လှေဦးမှ ဦးသာဖြိုးတို့ က လှေကို ခပ်မြန်မြန်ကျော်လိုက်၍ လက်မရှံသံဒိုင်မှာ လှေကြီးနှင့်ဝေးကာ ဝေးကာ ကျန်ခဲ့သောကြောင့် သူ့တပည့်များရှိရာ မောက်နေသည့်လှေကြီး ရှိရာသို့ ပြန်ကူးခတ်သွားလေတော့သည်။

လှေနံရံကိုကိုင်ကာ ကျော်တက်နေသော မျိုးနိုင်၏လက်မောင်း ကိုကိုင်ကာ ဆွဲတင်နေသည်။

"တက်…ကိုနိုင်…တက်…တက်"



"ရပါတယ် မြရယ်၊ တက်နိုင်ပါတယ်"

မြဆည်းဆာသည် ဟန်မဆောင်နိုင်တော့။ မျိုးနိုင်၏ ရေစိုနေ သောလက်မောင်းကိုလွှတ်ကာ ရင်ဘတ်များ၊ လည်ပင်းများကို ဒဏ်ရာများ ရှာကြည့်နေသည်။

"ကိုနိုင်…ကိုနိုင်…ဘာမှမဖြစ်ဘူးနော်"

"မဖြစ်ပါဘူး မြရဲ့ ဟိုမှာ သာရဆိပ်ကမ်းတောင် ရောက် တော့မယ်"

မျိုးနိုင်က ထရံတဲများ ချောက်ကမ်းပါးရှိသော သာရဆိပ်ကမ်းကို လက်ညှိုးထိုးပြလိုက်လေတော့သည်။

"ကဲ…ကိုနိုင်…အင်္ကျီ၊ လုံချည်တွေလဲဦး၊ အအေးမိနေဦးမယ်"

"ရပါတယ်…ရေစိုနဲ့ပဲ နေလိုက်မယ်၊ မချမ်းပါဘူး"

"မလုပ်နဲ့…မလုပ်နဲ့…အခုလဲ"

မြဆည်းဆာမှာ စိတ်ပူသောကြောင့် မျိုးနိုင်၏ခရီးဆောင်အိတ် ကိုဖွင့်ကာ လုံချည်နှင့်အင်္ကျီများကို ထုတ်ယူကာ လာပေးသည်။

မျိုးနိုင်မှာ မနေသာတော့ဘဲ လဲလိုက်ရလေတော့သည်။ ဆိုရိ အဝတ်များကို လှေနံရံတွင် နေပူခေတ္တပြထားသည်။ မခြောက်တခြောက် ဖြစ်လျှင် ခေါက်၍သိမ်း၍ကောင်းမည်ဟု မြဆည်းဆာ ထင်၍ဖြစ်သည်။

မြဆည်းဆာက မျိုးနိုင်၏ရင်ဘတ်ကို ခေါင်းမှီကာ…

"စိတ်ပူလိုက်ရတာ ကိုနိုင်ရယ်၊ အသည်းနှလုံးတောင်များ ပြုတ် ထွက်သွားပြီလား ထင်ရတယ်"

"ဒီလောက်အထိပဲလား မြ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲ...တကယ်ပဲ၊ မြဖြင့် ကိုနိုင်တစ်ခုခုဖြစ်ရင် ရေထဲကို ခုန်ချလိုက်မှာပဲ"

"ဟာ...ဒီလိုတော့ မလုပ်ပါနဲ့ မြရယ်၊ လူ့အသက်ဆိုတာ မသေသင့်ဘဲ မသေရဘူး"

"ကိုနိုင်ကျတော့ရော"

"အို...ကိုယ်က သေသင့်လို့သေရတာ"

"ဖပ်...မပြောကောင်းပြောကောင်း နောက်ကို ဒီစကားမျိုး မပြောပါနဲ့တော့နော်"

မြဆည်းဆာက မျိုးနိုင်၏ပါးစပ်ကို လက်ချောင်းလေးများဖြင့် ပိတ်လိုက်သည်။

"နောက် ဒီစကားမျိုးမပြောပါနဲ့တော့ အစ်ကိုရယ်"

လူငယ်နှစ်ဦး၏ ချစ်ကြည်နူးမှုကိုကြည့်နေသော လှေဦးမှ ဦးလေးကြီးက...

"ကဲ...ကမ်းကိုကပ်တော့မယ်ဟေ့၊ တို့ကိုလည်း လှေခပေးဖို့ သတိရပါဦး။ အဝတ်အစားတွေလည်း ရုတ်ကြဦး၊ မေ့သွားဦးမယ်။ ဟား ဟား ဟား"

မျိုးနိုင်က ပေါင်းမိုးထဲသို့ဝင်ကာ သူတို့၏ခရီးဆောင်အိတ်များကို ယူခဲ့လေသည်။

×××

မျိုးနိုင်နှင့် မြဆည်းဆာကို သာရဝေါဘက်ကမ်းသို့ ရောက်



သည့်အချိန်မှာပင် ရာဇဝတ်အုပ် ကျော်လွင်စန်းတို့စီးလာသော လှေကြီးမှာလည်း မြစ်လယ်မှ လှေကြီးမှောက်နေသည့်ကို တွယ်သားသော လက်မရှဲ့သံဒိုင်တို့ရှိရာသို့ ရောက်လာလေသည်။

"ဟေ့...ဟိုမှာ ကြည့်စမ်း ပုသိမ်ဆောင်က မနေ့က မှောက်မြေပြန်ပြီလို့ သတင်းဖို့တဲ့ လက်မရှဲ့သံဒိုင်မဟုတ်လား"

ပုလိပ်မောင်စိန်ကို ကျော်လွင်စန်းက မေးလိုက်သည်။

"မလွဲပါဘူး ဆရာရေ၊ ဒီတင်ခါသည်း ဒီကောင်တော့ ...ဘဲ မိပြန်ပြီ"

"ကောင်းတာပေါ့ကွာ၊ ဒီကောင်က ...မြို့ရော ထောင်ဖောက်မှုရော ကျူးလွန်ထားတဲ့ ရာဇဝတ်လူဆိုးပဲကွ"

လက်မရှဲ့သံဒိုင်တို့မှာ လှေကိုခွခကာ ကူးမြေချင်သော်လည်း ကူးမြေနိုင်စွမ်းမရှိတော့၊ နတ်ခမ်းများပြာကာ ဆောင်း...ကြောင့် အအေးဒဏ်ကြောင့် တဆတ်ဆတ် တုန်နေကြပြီဖြစ်သည်။

"ကဲ...လာပါကွာ၊ ဒီလိုနဲ့တော့ အသေမခံကြနဲ့ဦး"

ကျော်လွင်စန်းက လှေကြီးကိုကပ်ကာ တစ်ယောက်ပြီးတစ်ယောက် ဆွဲတင်သည်။ လှေပေါ်တွင် လက်မရှဲ့သံဒိုင်တို့ မတ်တတ်ပင် မရပ်နိုင်၊ ဒူးကိုဖက်ကာ မေးခိုက်နေသည်။

"ဟေ့...ကျော်မောင်၊ မင်းအလုပ်သမားတွေရဲ့ အဝတ်အစား ယောင်းကိုပေးလိုက်၊ ဒီကောင်တွေ အအေးမိနေပြီ"

တုန်တုန်ချိချိဖြင့် လက်မရှဲ့သံဒိုင်တို့သည် အဝတ်အစားများလဲလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်စိန် ဒီကောင်တွေကို လှေပေါ်မှာ ကြိုးတုပ်ထားလိုက်"

"ဟုတ် ဟုတ်ကဲ့"

ပုလိပ်မောင်စိန်က ကြိုးတုပ်၍ လှေထဲရှိ ပေါင်းမိုးတိုင်တွင် သုံးဦးလုံး ချည်ထားလိုက်သည်။ ကမ်းစပ်ကိုတော့ မြင်နေရပြီဖြစ်သည်။

"အရေးထဲမှာကွာ၊ ဖမ်းတဲ့ဓားပြကမမိဘဲ၊ ဒီကောင်တွေက လာမိနေတယ်၊ နေပါဦး မင်းတို့က ဘယ်လိုဖြစ်ကြရတာလဲ"

လက်မရှုံ့သံဒိုင်က…

"ကျွန်ုပ်က ဈေးနားမှာ ကျုပ်ကို လူစွာလုပ်ပြီး ပုလိပ်လက်ရောက်အောင်ဖမ်းတဲ့ကောင်ကို မကျေနပ်လို့ အသေသတ်ရအောင် ပုသိမ်ထောင်က ဖောက်ထွက်လာတာပဲ၊ ကျုပ် မမိပေမယ့်လည်း ဒီကောင်တွေ သာရဝေါ်ဘက်ကမ်းကိုရောက်ရင် ကျုပ်တပည့်တွေနဲ့တွေ့ပြီး ကိစ္စပြတ်မှာပါ"

"မင်း၊ ပုသိမ်ထောင်ကဖောက်ပြေးလာတော့ မင်းနဲ့ အမှုတွဲတစ်တွဲတည်းဖြစ်နေတဲ့ ငက်ခါးတို့ ဈောကြီးတို့ပါ ပါတယ်မဟုတ်လား"

"ပါ ပါတယ် ဆရာ၊ သူတို့ အဲဒီသာရဝေါ်ဘက်ကနေ ကျုပ်နဲ့ရော သူတို့နဲ့ပါ ရန်ဘက်ဖြစ်တဲ့ကောင်ရောက်လာရင် လုပ်ကြဖို့စောင့်နိုင်းထားပါတယ်"

"ဟေ ကောင်းရောပေါ့ကွာ၊ ဓားပြတွေ သာရဝေါ်မှာတစ်စုတည်းဖမ်းရမှာပေါ့၊ မင်း မင်းနဲ့ဟင်္သာတဈေးထဲမှာ တိုက်ခိုက်ခဲ့တဲ့ ရုပ်ချောချောနဲ့ မျိုးနိုင်ဆိုတဲ့ကောင်လေးကို မိသလား"

"မိတာပေါ့၊ မိလို့ အခုလိုဖြစ်ရတာပဲပေါ့။ ဒီကောင် သိပ်လျှင်



တယ်. သူ့လှေနားကို ကျုပ်တို့လှေ ကပ်လို့မရဘူး ကျွန်ုပ်က ကြိုးကွင်းပစ် ဘယ်လောက်တော်တယ်ဆိုတာ ဆရာသိပါတယ်"

အချမ်းအနည်းငယ်ပြေလာသော လက်မရှုံ့သံဒိုင်က အံ့ဩတကြီး ကျော်လွင်စန်းကို ပြောလိုက်သည်။

"အေး သိတယ်၊ ပြောပါဦး ဒီကောင်က မြန်မာအောင်ဘက်က ပုလိပ်တွေတောင် သတ်ဖူးတဲ့ ဓားပြတက်ခါးဆိုတာပဲ"

"ကျုပ်သိပါတယ်၊ ဟင်္သာတဈေးကတည်းက ဒီကောင်ထဲမှာ ကျုပ်တပည့်ကို ဒီကောင့်အခြေအနေစုံစမ်းခိုင်းတော့ ဒီနေ့ညမှာ ခရီးမယ် ကြားလို့ ကျုပ်က ဒီကောင် ဘယ်နည်းနဲ့မှ အစစ်ခံမှာမဟုတ်ဘူး လှေတစ်စင်းငှားပြီး သာရဝေါ်ဘက်ပြေးမှာပဲဆိုတာ တွက်မိလို့ လှေတစ်စင်းငှားပြီး တစ်ညလုံးစောင့်ရတာ"

ရာဇဝတ်အုပ် ကျော်လွင်စန်းသည် လက်မရှုံ့သံဒိုင်၏ ဉာဏ်ကောင်းမှုကို အံ့ဩသွားသည်။

"မင်းသိပ်တော်တယ်၊ မင်းလိုဉာဏ်မျိုး ငါ့မှာသာရှိရင် ဒီကောင် မလွယ်ဘူး၊ ငါက တည်းခိုခန်းကို အစောင့်ချထားတဲ့ကြားထဲက လွတ်သွားတာကွာ၊ သူနဲ့အတူ မိန်းကလေးချောချောတစ်ယောက် ပါ ပါတယ်"

"ဟုတ်တယ် . . . ကောင်းကောင်းတွေ့လိုက်ပါတယ်၊ ကျုပ်က သူ့ကို ကြိုးကွင်းနဲ့ ရေထဲပြုတ်ကျအောင်အထိ ဆွဲချနိုင်ပါတယ်၊ ဒါပေမယ့် ဒီကောင်က လည်ပင်းစွပ်နေတဲ့ကြိုးကို ရေထဲမှာဖြုတ်ပြီး လှေအောက်ငုပ်၊ တစ်ဘက်နံရံအကိုင်မှာ ကျုပ်က ဆောင့်ဆွဲတော့ လှေကိုဖောက် လိုက်သလို ဖြစ်သွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား လူပါးပုလင်းထိတာပေါ့ကွာ၊ ဒီအတိုင်းဆိုရင် မင်းသေသွားရော သူ့ကို နိုင်ပါ့မလား"

"ဟိုမှာ ကြိုးစောင့်နေတာ၊ ဒီကောင်မသိရင်တော့ ငှက်ခါးတို့က သက်ဦးမှုရမှာပါပဲ"

"ငှက်ခါးနဲ့ တက်ခါး တွေ့ကြမှာပေါ့ကွာ"

×××

ငှက်ခါးနှင့် ဗျောကြီးမှာ ကမ်းပြိုထားသော သာရဝေါချောက်ကမ်းပါးထိပ်မှ ကုက္ကိုပင်အောက်တွင် တစ်ညလုံးကူးလာမည့်လေကို အရက်ပုလင်းတစ်လုံးဖြင့်စောင့်ရာ လေးနာရီထိုးသောအခါ အိပ်ငိုက်လာလေသည်။

"ဗျောကြီး ငါတော့ အိပ်ချင်လာပြီ၊ ရထားတွဲပေါ်တက်ပြီး အိပ်တော့မယ်ကွာ။ ဒီရထားပေါ် သူတို့တက်ကြမှာပဲ၊ ရထားမထွက်ခင် ထရှာရင် လွယ်ပါတယ်"

"အေး··· ငါလည်း မျက်လုံးဖွင့်မရတော့ဘူး"

အရက်တစ်ညလုံးသောက်ထားသော ငှက်ခါးနှင့် ဗျောကြီးတို့မှာ ရထားတွဲပေါ်တက်ကာ လူများမလာသေးသည့်ခုံတွင် လှဲကာ အိပ်ပျော်သွားကြလေသည်။

မိုးစင်စင်လင်းသည့်အချိန်တွင် မြဆည်းဆာနှင့် မျိုးနိုင်တို့မှာ သာရဝေါဘက်ကမ်းဆီ ရောက်လာလေသည်။

"ရန်ကုန်သွားရင် ဒီရထားစီးရမှာလား ကိုနိုင်"



"ဟုတ်တယ်··· ဒါပေမယ့် ဒီမနက်ရထားတက်စီးရင် နောက်ကလိုက်လာတဲ့ ပုလိပ်တွေလက်ထဲကို တန်းရောက်သွားမှာပေါ့"

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ"

"ခုက ရထားတွဲတွေနဲ့ သာရဝေါဆိပ်ကမ်းနားမှာတွေ့ရင် သာရဝေါမြို့ထဲ ပုလိပ်တွေဝင်ရှာမှာ သေချာတယ် မြ"

"ဟာတော့ ပြေးမလွတ်တော့ဘူးပေါ့"

"လွတ်တဲ့နည်းရှိပါတယ်။ လာ··· ခုလို ပြောင်တင်နေရင်တော့ အလွယ်မိမှာပဲ၊ ကိုနိုင်မှာ အကြံကောင်းရှိပါတယ်"

ထရံယက်သောရုံများမှာ ချောက်ကမ်းပါးအောက်တွင် ထရံမိုးကာနေကြရာ မိုးလင်း၍ ရေနွေးအိုးတည်ကာ သောက်နေကြ၏။

"ပုန်းတယ်ဆိုတာ ဝေးဝေးမပုန်းရဘူး မြရဲ့ မျက်စိရှေ့မှာ ပုန်းမှ ရှာမတွေ့တတ်တာ"

သဘော်ဆိပ်နှင့် အနီးဆုံးရှိ ထရံရုံထဲသို့ မျိုးနိုင်က ဝင်သွားသည်။ ထို့နောက် ထရံရုံအောက်တွင် ရေနွေးသောက်သူသောက်၊ ခါးပုံး ခွဲကာ ပဲကွပ်နှင့်ပေါက်သူပေါက် လုပ်နေသည့်လူတို့ကို ဦးညွှတ်သွားသည်။ ရုံပိုင်ရှင်နှင့်တွေ့သည်နှင့် ငွေအချို့ပေးကာ တီးတိုးစကားပြောဆိုသည်။

ရုံပိုင်ရှင်၏ မိန်းမကြီးကလည်း လာနားထောင်၏။ မျိုးနိုင်က ဘာတွေပြောသည်မသိ၊ နှစ်ယောက်လုံးက ခေါင်းညိတ်ညိတ်ဖြင့် သဘောတူကြ၏။

မျိုးနိုင်က ထရံရုံထဲမှ မြဆည်းဆာကို လက်ယပ်ခေါ်လိုက်သည်။ မြဆည်းဆာ ကမန်းကတန်းဖြင့် ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…မြဆည်းဆာ၊ ဒီအချိန်ကစပြီး မြဆည်းဆာက ထရံရုံက အလုပ်သမားဖြစ်သွားပြီ၊ ကိုနိုင်လည်း အတူတူပဲ၊ လာ အဝတ်လဲစို့"

ထရံဖြင့် လေလုံရန်ကာထားသော အခန်းလေးထဲသို့ မြဆည်းဆာကို ဆွဲကာခေါ်လာခဲ့လေသည်။ ခဏကြာသောအခါတွင် မျိုးနိုင်သည် ဆံပင်ဘုတ်သိုက်၊ ပါးတစ်ခြမ်းတွင်လည်း ညိုမဲနေသည့်အကွက်နှင့် ထရံယက်သောအကျီ၊ ကျောပြပုဆိုးဟောင်းတိုတိုဝတ်ကာ ထွက်လာသကဲ့သို့ မြဆည်းဆာ်မှာလည်း ထရံရုံမှ အလုပ်သမားကဲ့သို့ပင် ပါးကွက်နှစ်ဖက်နှင့် ပဲကွပ်ကိုကိုင်ထားကာ ထွက်လာသည်။

ပဲကွပ်ဆိုသည်မှာ အရိုးပေါ်တွင် ပေါက်ဆိန်သွားလို အသွားမျိုးကို ကန့်လန့်တပ်ထားသော လက်နက်ကြီးဖြစ်၏။ ပေါက်ဆိန်သွားက အရိုးနှင့် တည့်တည့်ရှိသည်။ ပဲကွပ်သွားက ဦးထုပ်လျှာကဲ့သို့ ထိပ်တွင် ကန့်လန့် အသွားအလယ်မှ အပေါက်ဖောက်ကာ အရိုးကိုစွပ်ထား၏။

သို့မှသာ ဝါးများခြမ်းထားသည်ကို ထရံယက်ရန် ဝါးခြမ်းထဲမှ အဆစ်ထုတ်ခြင်း၊ စိပ်အောင်ပေါက်ခြင်းကို လုပ်နိုင်ပေသည်။ မျိုးနိုင်ကတော့ ယက်လက်စ တစ်ဝက်ရှိသည့် ထရံချပ်ပေါ်သို့ တက်ထိုင်ကာ လွှာထားသော ထရံယက်သည့် ဝါးလွှာများကိုယူကာ စ၍ ယက်နေလေတော့သည်။

ခဏအကြာတွင် ထရံရုံပိုင်ရှင်က သူ့လူများအား တီးတိုးပြောလိုက်၍ အားလုံးသည် ဝါးခွဲသူခွဲ၊ ပေါက်သူပေါက်၊ ထရံယက်သူယက်ဖြင့် အလုပ်စတင်လုပ်နေကြတော့၏။ မြဆည်းဆာမှာလည်း ဆံပင် ဖရိုဖရဲနှင့် ပါးကွက်ကွက်ကာ ထရံရုံမှ အဒေါ်ကြီးသင်ပေးသည့်အတိုင်း ပဲကွပ်နှင့် ဝါးများကို ပေါက်နေလေတော့သည်။



ပုလိပ်မောင်စိန်နှင့် ဇာင်ရှိန်တို့ကို အစောင့်ထားခဲ့ပြီး ရာဇဝတ်အုပ် ကျော်လွင်စန်းသည် ပုလိပ်နှစ်ဦးနှင့်အတူ ကပ်းပေါ်ဆင်းလာ၏။ ထင်သည့်အတိုင်းပင် မျိုးနိုင်တို့ ထရံယက်နေသော ထရံရုံရာသို့ ဦးတည်၍လာသည်။

"ဒီမှာ ထိုင်လေ့ပေါ်က မိန်းမတစ်ယောက်၊ ယောက်ျားတစ်ယောက် ခပ်ငယ်ငယ်တွေပဲ ဆင်းသွားတာမတွေ့ဘူးလား"

အသင့်ထိုင်နေသော ထရံရုံပိုင်ရှင်ကို မေးလိုက်လေသည်။

"အမှတ်တမဲ့ပဲ၊ ဆင်းတာတော့တွေ့တယ်။ ဘယ်တာဖေါ် ထက်သွားမှာပေါ့"

ရာဇဝတ်အုပ် ကျော်လွင်စန်းက ထရံရုံကို မျက်လုံးဝေ့ကြည့်လိုက်လေသည်။

မသင်္ကာစရာမရှိ၊ မျိုးနိုင်နှင့် မြဆည်းဆာက အခြားထရံအလုပ်သမားများနှင့်ရောကာ ကျောပေး၍ယက်နေသည်။ မြဆည်းဆာကလည်း ဝါးပေါက်နေသည်။

ကျော်လွင်စန်းသည် ထရံရုံတစ်ခုသို့ ကူးသွားသည်။ သူမေးမြန်း ဆင်းလာသူနှစ်ဦးကို မည်သည့်ထရံရုံကမှ မည်သည့်ရာဇဝတ်သားကိုမျှ မြင်ကြသေး ဖြစ်ဖြစ်ရှာတွေ့ရမည့်အတိုင်း အရိပ်အမြွက်ကမှ ည်သို့ဖြင့် ရထားချိန်လိုသေးသော်လည်း တွဲတိုးထားသော သဘောထိုက်တာ ရှိ ရထားတွဲများရှိရာသို့ ရောက်လာသည်။

"ထကြစမ်း…ထကြစမ်း"

အိပ်ငိုနေသူ၊ ငိုက်နေသူများကို ကျော်လွင်စန်းက လိုက်နှိုးသည်။

"ပုလိပ်လေ့၊ ပုလိပ်တွေစစ်နေတယ် ထကြ…ထကြ"

www.burmeseclassic.com

www.burmeseclassic.com



တွေမြင်သူများက သူတို့တွဲရှိ ဘေးလူများကိုနှိုးကြသည်။ ရထားမထွက်သေး၍ လက်မှတ်ယူပြီး ကိုယ့်နေရာကိုယ် အိပ်နေကြခြင်းပင်ဖြစ်သည်။ ထိုအသံများကြောင့် တစ်ဘက်တွဲမှ ငှက်ခါးနှင့်ဗျောကြီးတို့ နိုးလာကြသည်။

"ဗျောကြီး"

"ဘာလဲကွ"

"ဟိုဖက်တွဲက ဆူဆူ ဆူဆူနဲ့ မင်းပြေား ပုလိပ်တွေလာနေပြီ။ ငါတို့ကို လာရှာတာထင်တယ်"

"ဟေ…ဟုတ်လား။ ဒါဆိုရင်မဖြစ်ဘူး လစ်မှ"

ဗျောကြီးက ဒါမျိုးတော့လျင်သည်။ ချက်ချင်း ထထိုင်ကာ တွဲပေါ်မှဆင်းသည်။ ရာဇဝတ်အုပ် ကျော်လွင်စန်းကပါးသည်။ ရထားအောက်တွင်စောင့်နေသော ပုလိပ်ကတွေ့သွားသည်။

"လိုက်…လိုက်၊ ဒီကောင်ဖွေ မလွတ်စေနဲ့"

"ဘူတာမှ မီးရထားပုလိပ်များပါ အကူအညီခေါ်ထားရာ ငှက်ခါးနှင့်ဗျောကြီးမှာ လမ်းပိတ်နေလေသည်။ သို့သော် သူတို့နှစ်ဦးမှာလည်း အတွေ့အကြုံရှိသော ရာဇဝင်လူဆိုးများဖြစ်၍ ရှေ့တွဲပေါ်သို့ ပြန်တက်ကာ လူများ ရုတ်ရုတ်သဲသဲဖြစ်အောင် လုပ်လိုက်လေသည်။

"ဟာ…ဟေ့၊ ဘာဖြစ်တာလဲ"

"ဟေ့…ဟေ့၊ လူရှိတယ်"

လူများကို တိုးတိုက်သွားသောကြောင့် ရထားပေါ်သို့တက်လာသောပုလိပ်များ လိုက်ဖို့လမ်းပိတ်နေကြသည်။ ထိုအခါတွင်မှ မီးရထား



ပုလိပ်များနှင့် ဝေးရာတွဲပေါ်မှခုန်ချကာ သာရဝေါမြို့ထဲသို့ ထွက်ပြေးကြလေတော့သည်။

"လိုက်ကြ…ပြေးပြီ"

မီးရထားပုလိပ်များက သူတို့နောက်သို့ ထပ်ချပ်မကွာလိုက်သော်လည်း ဈေးတန်းထဲမှဖြတ်ကာ ကွေ့ကွေ့ကောက်ကောက်ပြေးသောကြောင့် မျက်ခြည်ပြတ်သွားသည်။ သူတို့သည် သာရဝေါမြို့ပေါ်မှ အိမ်ကြိုအိမ်ကြားများကိုဖြတ်ကာ လယ်ကွင်းထဲရှိ စပါးတောထဲသို့ တိုးဝင်သွားကြလေတော့၏။

မီးရထားရဲများ လက်လျှော့ကာ ပြန်လာကြရလေတော့သည်။ ရာဇဝတ်အုပ် ကျော်လွင်စန်းမှာ သာရဝေါဂိတ်မှ ပုလိပ်များနှင့် ဘူတာရုံထဲတွင်တွေ့ဆုံကာ တရားခံများ၏ ပုံပန်းသဏ္ဌာန်များကို ပြောကြားလေသည်။

"စိတ်ချပါ၊ သာရဝေါမြို့ထဲမှာသာ ရှိပါစေ၊ ဒီကောင်တွေ ခြေမလွတ်စေရဘူး"

သာရဝေါမြို့ ဆားပုလင်းက တုံ့ပြန်၍ပြောကြားလိုက်လေသည်။ သူတို့သည် ဘူတာရုံဝန်းကျင်မှနေရာများကို စိတ်တိုင်းကျ ရှာဖွေပြီးနောက်၊ ရာဇဝတ်အုပ် ကျော်လွင်စန်းမှာ ရာဇဝတ်တရားခံ သုံးနိုင်နှင့် ဓားပြသုံးဦးကို ဟင်္သာတမှတစ်ဆင့် ပုသိမ်သောင်သို့ ပြန်ပို့ဆောင်ရန် တာဝန်ရှိသဖြင့် သူတို့စီးလာသော လှေကြီးရှိရာသို့ ပြန်ဆင်းလာခဲ့လေသည်။

ထရံယက်နေသော မျိုးနိုင်မှာ ရာဇဝတ်အုပ် ကျော်လွင်စန်းနှင့် ပုလိပ်နှစ်ဦး လှေပေါ်တက်သွားသည်ကို မသိသောလုပ်၍ကြည့်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သာရဝေါ်ရထားများကို ပုလိပ်များက ထွက်ကာနီးတိုင်း စစ်ဆေးတော့မည်မှာ သေချာသလောက်ပင် ရှိလေသည်။

လှေကြီး ကမ်းမှခွာသွားသည်နှင့် ထရံရုံဂိုင်ရှင်ကို ငွေပေးကာ ထရံရုံထဲမှ ပုဆိုးဆုတ်နစ်ထည်နှင့် သူတို့ခရီးဆောင်အိတ်များကို ပတ်ထုပ်ကာ လွယ်လျက် သာရဝေါ်ဈေးထဲသို့ မြဆည်းဆာနှင့် ဝင်လာခဲ့လေသည်။

"မြ . . .သာရဝေါ်ကနေ ရထားစီးလို့ကတော့ မိမှာပဲ။ ဒီတော့ အပင်ပန်းခံပြီးတော့ ရှေ့တစ်ဘူတာကို နွားလှည်းရလည်း နွားလှည်း၊ ခြေလျင်လျှောက်ရလည်း လျှောက်ရမှာပဲ"

ဈေးထဲမှာကြည့်ရင် မျိုးနိုင်သည် အထည်ဆိုင်မှ အင်္ကျီများကိုလည်း ဝင်ဝယ်သည်။ ထိုအင်္ကျီများမှာ ကိုင်းသမား၊ ယာသမားများဝတ်သော အင်္ကျီများပင်ဖြစ်သည်။

မျိုးနိုင် ဘာလုပ်သည်ကို မြဆည်းဆာကသိ၍ သူမအတွက်လည်း သာရဝေါ်ဖရဲခင်းထဲမှ မိန်းမများဝတ်လေ့ရှိသည့် ဖျင်ကြမ်းအင်္ကျီနှင့် လုံချည်များကိုဝယ်ကာ ရွာထဲသို့ ဝင်လာခဲ့ကြလေသည်။

ထို့နောက် နွားလှည်းတစ်စီးငှားကာ ဇီးဖြူကုန်းရွာသို့ လိုက်ပါလာကြသည်။ ကိုင်းသမားများ ပါ,ပါလာ၍ ဖုံတထောင်းထောင်းဖြင့် ဈေးပြန်လှည်းများကြားတွင် ရောကာပါသွားလေသည်။

ထရံရုံမှ အဝတ်အစားများနှင့် ရုပ်သွင်များမဖျက်သေးသော ကြောင့် သာရဝေါ်ဂိတ်မှ ပုလိပ်များမှာ ဈေးထိပ်မှစောင့်၍ စစ်ဆေးသော်လည်း သတိမထားမိလိုက်တော့ပေ။

နေ့လယ် သာရဝေါ်မှ ထွက်လာသောရထားကို လိုက်ပါလျှင်



ရန်ကုန်ရောက်တော့မည် ကောင်းပင်၊ သို့သော် ကုဒိုလ်ကကား အကြောင်း ဘာတ်ချည်း ရှိမနေပါချေ။

ပုလိပ်များက သူတို့စီးသောလှည်းကို သတိမထားမိသော်လည်း မျက်စိစူးသော စပါးတောထဲမှ ငှက်ခါးက သတိထားမိလိုက်သည်။

"ဟော့ . . .ဗျောကြီး၊ ဟိုကောင် . . .ဇီးဖြူကုန်းသွားတဲ့လှည်းပေါ်မှာ ပါသွားပြီကွ"

* * *

မျိုးနိုင်မှာ မျက်စိအလွန်လျင်သူဖြစ်သည့်အတိုင်း စပါးတောများကိုကြည့်လာရာ၊ စပါးများကြားမှ မျက်နှာတစ်ခုကို သေသေချာချာ မြင်လိုက်ရသည်။

"ဟင်"

"ဘာလဲ . . .ကိုနိုင်"

"ဘာမှမဟုတ်ပါဘူး၊ စပါးတွေ တော်တော်ကောင်း ရင့်စပြုပြီ"

"ရင့်မှာပေါ့ ကိုနိုင်ရဲ့၊ သီတင်းကျွတ်သည ကော့လာပြီလေ။ မုန့်တုန်းလုံးတုန်း တန်ဆောင်မုန်းဆိုတာ ဒါပဲပေါ့"

မျိုးနိုင်က လှည်းနောက်ဘက်တွင် ခြေနှစ်ချောင်းချထိုင်လာ၍ မြဆည်းဆာက မျိုးနိုင်၏ကျောကိုလက်တင်၍ ခေါင်းမှီကာ နောက်မှထိုင်၍ လိုက်လာလေသည်။

"ဒီအချိန်ကတော့ စပါးခင်းတွေက သိမ်းလုနေတဲ့အချိန်တွေပဲပေါ့ကွယ်။ ရှေ့လဆိုရင် စပါးတွေမည့်ပေါ့ သက်နေလမ်းတွေက ရိတ်လို့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဆင့်ရပြီ"

မျိုးနိုင်ဘေးမှ ခေါင်းပေါင်းနှင့်လူကြီးက ဝင်ပြောလိုက်လေသည်။

"ဦးလေးက ဇီးဖြူကုန်းကလား"

"ဟုတ်တယ်"

"ကျွန်တော်တို့လည်းက သာရဝေါက နေ့လယ်ထွက်တဲ့ရထားကို မီပါ့မလား"

"ကောင်းကောင်းမီတာပေါ့ ငါတွေ့ရယ်၊ ထမင်းစားပြီး တစ်ရေးတစ်မောအိပ်နေလို့တောင်ရတယ်။ ဘယ်ကိုသွားမှာလဲ သာရဝေါက ဘာလို့စောင့်မစီးတာလဲ"

မျိုးနိုင်က ပြေရခက်သွားသည်။ ကိုယ့်ရှုးကိုယ်ပတ်သလို ဖြစ်သွားခြင်းဖြစ်၏။

"လက်ပံတန်းသွားမလို့ပါ။ လက်ပံတန်းကနေ အဆင်ပြေရင်တော့ ရန်ကုန်သွားချင်သွားဖြစ်မယ်"

မျိုးနိုင်က သာရဝေါက ဘာကြောင့်မစီးသည်ကို ဖြေမနေတော့။ ခရီးစဉ်ကို ပြောပြလိုက်သည်။ သို့သော် ကိစ္စကမပြတ်ပေ။

"သာရဝေါကနေ ရန်ကုန်ရထား တိုက်ရိုက်ရှိတာပဲ။ အဲဒီက စောင့်နေပြီးရော"

"ဇီးဖြူကုန်းရွာမှာ တွေ့စရာလူတစ်ယောက်ရှိလို့ပါ"

မျိုးနိုင်က အဆင်ပြေသလို ပြောလိုက်သည်။

"ဘယ်သူများပါလိမ့်၊ ဇီးဖြူကုန်းသားဆိုရင်တော့ ကျုပ်မသိတာ ခပ်ရှားရှားပါပဲ"



ပို၍ခက်လာသည်။ လူတစ်ဦး၏နာမည်ကို ပြောလိုက်လေသည်။ ထိုနာမည်မှာ မြဆည်းဆာ၏ဘကြီးက ဟင်္သာတတွင်းရှာရန် လွှတ်လိုက်သော ဦးသောင်းထွန်းပင် ဖြစ်သည်။

"ဦးသောင်းထွန်း"

"ဟာ…ယောဂီဆရာကြီး ဦးသောင်းထွန်းလား။ ဒါဆိုရင်တော့ မောင်ရင်တို့လွဲပြီ။ သူက ဇီးဖြူကုန်းသား မဟုတ်ဘူး။ ဟင်္သာတက ခေါ်လာတည်းတာ သိပ်တော်တဲ့လူကြီးပါ။ ဆေးဝင်ရော ဆေးဆော ဗိုင်းဘတ် ဘုမ်းဂန်ရော တော်တော်နဲ့တယ်။ ကျုပ်တို့ တောင်ကျောင်းဘုန်းကြီးဆိုရင် သူ့ကို ချီးကျူးလို့မဆုံးဘူး"

မြဆည်းဆာက စိတ်ဝင်စားသွားလေသည်။

"အခု ဘယ်သွားမလို့လဲ ဦးလေးရဲ့"

"ခုတော့ ရန်ကုန် သာစုကောင်းဆိုလား သံရက်တောချောင်းဆိုလား ကိစ္စတစ်ခုရှိတယ်ဆိုပြီး ထွက်သွားတာပဲ"

"ဟာ…ကျေးဇူးပါပဲ ဦးလေးရာ။ တောင်ကျောင်းဘုန်းတော်ကြီးကတော့ အတိအကျသိမှာပေါ့"

"ဟာ…သိပါတယ်။ ကျုပ်တို့ ကိုးကွယ်တဲ့ ဆရာတော်ပါပဲ။ ဆရာဦးသောင်းထွန်းက အဲဒီမှာ ကပ္ပိယလုပ်ပြီး တစ်နှစ်လောက်နေသွားတာ"

"ဩော်…ဟုတ်လား။ ဦးလေးနဲ့တွေ့တာ တော်တော် နိမိတ် ကောင်းတော်ရာရဦးမှာ"

"ရပါတယ်…အခု အဲဒီတောင်ကျောင်းကနေ ပြတ်သွားမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာ့ရှုပ် ဝင်ပြီးမိုခဲ့ပါမယ်"

မျိုးနိုင်မှာ ဇီးဖြူကုန်းဘူတာတွင် ရထားစောင့်နေခြင်းထက် လုံခြုံသည့်နေရာလည်းဖြစ်၊ မြဆည်းဆာတွေ့ချင်သော ဦးသောင်းထွန်း၏ သတင်းအစအနကိုလည်းရသဖြင့် ချီးဆက်ရန် စိတ်ကူးရလေတော့သည်။

သို့တွင် ငွေနည်းနေပြီဖြစ်သည်။ သို့သော် မြဆည်းဆာကိုတွေ့ ရပေမည်။ မြဆည်းဆာကတော့ ခရီးစဉ်အတွက် ငွေကြေးသာမက ရတနာ များကိုပါ ယူဆောင်လာသောကြောင့် သိပ်စိတ်ပူစရာမရှိဟု တွေးမိလေသည်။

×××

"ဗျောကြီး ဟို ဇီးဖြူကုန်းကို လိုက်မှဖြစ်မယ်၊ ဒါမှ ဆရာ သံဒိုင်အလုပ်နိုင်းတဲ့ကိစ္စပြတ်မယ်"

ဗျောကြီးက စပါးပင်များဖယ်ကာ "လိုက်တာကတော့ ဟုတ်ပါပြီကွာ၊ ဟိုမှာ ပုလိပ်တွေလာနေတယ်"

"ဟေ"

ကားလမ်းပေါ်မှ လက်ကိုင်ဘုတ်များကိုင်ကာ ပုလိပ်များလာ နေသည်ကိုတွေ့ရသောကြောင့် စပါးပင်များကြားတွင် ဝပ်နေလိုက်လေသည်။

ပုလိပ်များမှာ သာရဝေါ မြို့နယ်ကျေးရွာများတွင်ရှိသော လယ် ကွင်းများထဲတွင်ရှာဖွေရင်း စေလွှတ်လိုက်ခြင်းပင် ဖြစ်သည်။

တော်သေးသည် ကံအားလျော်စွာ ပုလိပ်သုံးဦးသည် သူတို့ဝပ် နေသော စပါးခင်းနှင့် မနီးမဝေး ကန်သင်းရိုးပေါ်မှ စပါးခင်းများကြား ဝင်သွားသည်။



စပါးခင်းများကြားတွင် လူတစ်ယောက်ကိုရှာဖွေရသည်မှာ မလွယ် ပါ။ လှုပ်ရှားမှုမရှိလျှင် အဝေးက ခန့်မှန်းမသိရှိနိုင်၊ အနီးသို့ရောက်မှသာပင် မြေရှင်းသောစပါးတောထဲမှ ဝပ်နေသည့်လူကို တွေ့နိုင်ခြေလသည်။

"ဒီအတိုင်း ကြာကြာနေရင်တော့ မလွယ်ဘူးဟော လာဟေ့"

ငက်ခါးဦးဆောင်သော ရေခမ်းနေသည့် မြောင်းရိုးထဲသို့ ဆင်း လိုက်သည်။ ထိုစဉ်မှာပင် နွားလှည်းတအီအီကြားရသည်။ ပုလိပ်များကို ချောင်းကြည့်လိုက်သောအခါ အဝေးဝေးဆီမှ သစ်ပင်စုစုနှင့် ရွာမှာသို့ ရောက်သွားသည်ကို တွေ့ရလေသည်။

ကောက်ရိုးလှည်းကြီးက တအီအီနှင့် နီးလာသည်။

"ငက်ခါး ဒီကောက်ရိုးလှည်းနဲ့ လိုက်သွားရင်မကောင်းဘူးလား"

"ကောင်းတာပေါ့၊ ဒါပေမယ့် ဇီးဖြူကုန်းရောက်ခွင့်မှ ဆောက်မှာ ပေါ့"

"မရောက် ရောက်ရောက်ကွာ၊ လမ်းလျှောက်နေသက်သာတာ ပေါ့"

စိတ်မြန်လက်မြန်ရှိသော ငက်ခါးကထွက်ကာ လက်တားဆိုက် သည်။

"ခဏနေပါဦး ဆရာကြီး"

"ဘယ်သွားချင်လို့လဲ"

"ဇီးဖြူကုန်းသွားချင်လို့ အဲဒီအထိမရောက်ဘူးလား"

ငက်ခါးက မျှော်လင့်ချက်ဖြင့် မေးလိုက်သည်။

"အဲဒီအထိတော့ မရောက်ဘူး ဟိုရှေ့က ရွာမှာ ကောက်ရိုးချ

www.burmeseclassic.com



မှာ သွားချင်ရင်တော့ လိုက်ပို့လို့ရတယ်၊ တစ်ယောက်ကို တစ်မတ်ပေးရမှာမယ်၊ ကောက်ရိုးချတာ မြန်ပါတယ်၊ ခဏစောင့်ပါ"

"ကျေးဇူးပါပဲ၊ ပေးပါ့မယ်၊ ဦးမြူကုန်းလိုက်ပို့ရင် အခဆင်ပြေတာပေါ့"

"ကဲ . . . တက် တက်"

သဘောကောင်းသော လှည်းသမားကြီးက ဂုက်ခါးနှင့်ဖျော့ကြီးကို တက်ခွင့်ပြုလိုက်လေတော့၏။

×××

ကျောင်းဝင်းပတ်ပတ်လည်မှာ ဝါးပိုးပင်များ စိုက်ထားသည့် သစ်ကြီးဝါးကြီးများကြောင့် ကျောင်းဝင်းထဲသို့ဝင်လိုက်သည်နှင့် စိမ်းအေးချမ်းနေသည်။ နယ်ဘက်မှ ကျောင်းများသည် အလွန်အေးချမ်း၍ ဘုန်းတော်ကြီးများမှာလည်း အကျင့်သီလနှင့်ပြည့်စုံသောကြောင့်ကို မျိုးနိုင်က အသိဆုံးဖြစ်ပေသည်။

"ဩော် . . . ဒကာကြီး ဖိုးမောင် ဘာကိစ္စများရှိလို့တုံး"

သူတို့အားလိုက်ပို့သော ခေါင်းပေါင်းနှင့်လူကြီးကိုတွေ့သည်နှင့် ကျက်သရေခန်းတွင်ထိုင်နေသော ဆရာတော်က ထွက်လာကာ မေးမြန်းလိုက်သည်။

"ဒီက ဒကာတွေက ယောဂီကြီးဦးသောင်းထွန်းနဲ့ အမျိုးတွေ တော်တယ်ဘုရား၊ ဦးသောင်းထွန်းနဲ့ တွေ့ချင်လို့ လာစုံစမ်းကြတာ"

"ဩော် . . . ဩော် . . . ဦးသောင်းထွန်းက တရားအလုပ်ပဲ တ



စိုက်မတ်မတ်လုပ်နေပြီကွယ့်၊ အဲတော့လေးလည်း ခရီးရောက်နေပြီထင်ပါရဲ့၊ သရက်တောကျောင်း (---)က ဆရာတော်ကြီးဆီမှာ တရားကျင့်နည်းတစ်နည်းတောင်းပြီး ရွှေတိဂုံမှာ တစ်နစ်လောက်ကျင့်မယ်လို့ လျှောက်ထားပြီး သွားတာ"

"ရန်ကုန်ရောက်ရင် သရက်တောကျောင်းလို့မေးရင် ရှာသလား ဘုရား"

"ရပါတယ်၊ သရက်တောကျောင်းက အထင်အရှားပဲ ကျောင်းတွေလည်း အဲဒီဝင်းထဲမှာ အများကြီး (---) ကျောင်းကိုမေးကြည့်လိုက်ရင် ရောက်မှာ တွေ့မှာပဲ"

ဆရာတော်က ကျကျထိုင်ကာ ကန်တော့လျှောက်ထားနေသော မြဆည်းဆာကို မိန့်ကြားလိုက်သည်။

"ကျေးဇူးပါပဲ ဘုရား၊ ဆရာတော်နဲ့တွေ့တာ တပည့်တော်တို့အဖို့ လမ်းစရပါပြီ၊ ဦးသောင်းထွန်းဆီကို တပည့်တော်တို့ လိုက်သွားသည့် အခဆင်ပြေပါပြီ ဘုရား"

မျိုးနိုင်က အားရပါးရ လျှောက်ထားလိုက်လေသည်။

"အင်း . . . ဒကာကြီး ဦးသောင်းထွန်းကလည်း သောကစိတ် သိပ်မရှိတဲ့ သူတော်ကောင်းဆိုတော့ အမျိုးဆိုရင် သူ့ကို ခုလိုတွေ့လို့ ကောင်းပါတယ် သာဓု . . . သာဓု . . . သာဓု"

"ကဲ . . . ဒါဆိုရင် ငါတို့တို့ အဆင်ပြေပြီ ဦးသောင်းထွန်းကို ကစောင့်နေတော့ သွားဦးမယ်"

"တပည့်တော်တို့ကို ခွင့်ပြုပါဦးဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နေကြဦးလေ၊ ဒကာကြီးဖိုးမောင်ကတော့ သွားချင်သွားပေါ့၊ ဆွမ်းစားချိန်ရောက်နေပြီပဲ၊ မကြာခင် ဆွမ်းစားတုံးခေါက်တော့မယ်"

"ရပါတယ် ဘုရား၊ တပည့်တော်မတို့ . . ."

မြဆည်းဆာက စကားဟန်ရှိသေးသည်။ ဆရာတော်က လက်ကာလိုက်၍ စကားရပ်သွားသည်။

"မရနဲ့ဒကာမလေး၊ ဒကာကြီးဦးသောင်းထွန်းနဲ့ ဘုန်းကြီးနဲ့က တရားဆွေးနွေးဖက် ဓမ္မမိတ်ဆွေတွေပဲ၊ ဒီတော့ သူ့မိတ်ဆွေပေါ့ ဘုန်းကြီးညှော်ဝတ်မကျေရင် ဘယ်ကောင်းမလဲ၊ အဲဒီမှာ နားနားနေနေနေသွားကြ"

ဆရာတော်က ကျောင်းရှေ့ပါမှဆင်းသွားသည်နှင့် ဆွမ်းစားကျောင်းမှ တုန်းခေါက်သံထွက်ပေါ်လာသည်။ မကြာမီ ဆွမ်းစားကျောင်းမှ ကိုရင်တစ်ပါးက ညှော်သည်များထမင်းစားရန် လာခေါ်သောကြောင့် မြဆည်းဆာတို့နှစ်ယောက် သွားရောက်စားသောက်ကြလေသည်။

တောင်ကျောင်းဆရာတော်မှာ သိက္ခာသီလနှင့်ပြည့်စုံ၍ ဒကာ ဒကာမတို့၏ စိတ်သဘောကို ကြိုတင်သိရှိတတ်သူဟု ဆိုရပေမည်။ မကြာမီ ကျောင်းသားတစ်ယောက်သည် ဆရာတော်နှင့် စကားပြောကာ ကျောင်းတိုက်ထဲမှ ထွက်သွားသည်ကိုတွေ့ရသည်။

ဆွမ်းစားဆောင်တွင် ဟင်းလျာစုံလင်စွာဖြင့် ညှော်ခံကျွေးမွေးပြီး အချိုပွဲများကိုလည်းချကာ ကောင်းမွန်စွာ ကျွေးမွေးသည်။

"ရန်ကုန်ကို သာရဝေါကလာတဲ့ တစ်နာရီရထားနဲ့ လိုက်ကြ [illegible]ရောက်လား"



ဆရာတော်၏ မိန့်ကြားသံကြောင့် လက်အုပ်ချီကာ နှစ်ဦးစလုံး "တင်ပါဘုရား" ဟု လျှောက်လိုက်ကြရလေသည်။ အဲဒီမှ ယ်ကောင်းသည့် ဆိုင်ခုံနံပါတ်နှင့် ရထားလက်မှတ်နှစ်စောင်ကို ကျောင်းသားက ယူဆောင်လာကာ ပေးလိုက်ပြန်သောအခါ မျိုးနိုင်တို့ အံ့သြကျေနပ်သွားခဲ့ရတော့သည်။

"ဆရာတော်ကို ဝတ္တုလှူပါရစေဘုရား"

"သည်းခံဒကာကြီး၊ သည်းခံ ဘုန်းတော်ကြီးက မေ့သွားနဲ့ ဒကာကြီး ဦးသောင်းထွန်းရဲ့ ကျေးဇူးကိုဆပ်တာပါကွယ်"

xxx

"အားလုံး အဆင်ပြေတယ်မြရေ၊ ဆရာတော်ရဲ့ကျေးဇူးကြောင့် မှတ်ပုံတင်ပြပြီးတော့ လက်မှတ်မဝယ်ရတော့ဘူး၊ လက်မှတ်ပေါ်မှာ တို့ မှတ်ပုံတင်တွေဖြည့်ထားရုံပဲ၊ ရထားဆိုက်မှ တွဲပေါ်တက်လိုက်ရုံပဲ [illegible]ခယ် . . ."

"ဒါပေမယ့် ဘာဖြစ်သလဲ ကိုနိုင်"

"လက်မရွှံသံဒိုင်ရဲ့ လူနှစ်ယောက်က သာ[illegible] လည်းပေါ်မှာပါလာတဲ့ ကိုယ့်ကို သတိထားမိသွားတယ်"

"အို . . . ဟုတ်လား"

ဘူတာရုံသို့ လာသည့်လမ်းကလေးတွင် နင်[illegible] လာခြင်းဖြစ်သည်။

"မကြောက်ပါနဲ့မြ၊ ကိုယ်က သူတို့ခေါင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းတာပဲ၊ မြ သတိစိရိယနဲ့သာ နေပေတော့"

ဘူတာသို့လာသည့် မြေနီလမ်းနှစ်ဖက်တွင် ကုက္ကိုပင်ကြီးများ အုံ့မှိုင်းနေသည်။ ကုက္ကိုလ်ပင်အကွယ်တွင် စောင့်ဆိုင်းနေသော ငှက်ခါးသည် မျိုးနိုင်နှင့် မြဆည်းဆာတို့လာနေသည်ကို တွေ့သောအခါ···

"ဗျောကြီးရေ ဒီတစ်ခါတော့ ကိစ္စအပြတ်လုပ်ပဟေ့၊ ဘယ်မှ ပြေးမလွှတ်စေနဲ့"

ဟု ဆိုကာ မေးငေါ့ပြလိုက်သည်။

ငှက်ခါးသည် သူ့ခါးတွင်ထိုးထားသော အရှည်တစ်ထောင်ခွဲရှိသည့် သံပေါက်ဆိန်ကိုချွတ်ယူကာ ဆုပ်ကိုင်လိုက်သည်။ ဗျောကြီးကတော့ သူ့လက်စွဲတော် ဓားမြှောင်နှင့်ဖြစ်သည်။

ကုက္ကိုလ်ပင်ကြီးမှာ လုံးပတ်ကြီးမားလှ၍ မျိုးနိုင်က ဘယ်ညာကြည့်ကာ လာနေသည်။ ထိုစဉ်မှာပင် ငှက်ခါးသည် ကုက္ကိုပင်နောက်မှ ခုန်ထွက်ကာ မျိုးနိုင်ကို ပေါက်ဆိန်နှင့်ခုတ်ချလိုက်တော့၏။

"သေပေတော့"

"အမလေး"

မြဆည်းဆာကို မျိုးနိုင်က တွန်းထုတ်လိုက်ကာ ခုတ်ချသည့် ပေါက်ဆိတ်လက်ကို သူ၏ဘယ်လက်ဖြင့် ဖမ်းလိုက်သည်။ ထို့နောက် ပခုံးကိုလှည့်၍ ငုံ့ဝင်ကာ ငှက်ခါး၏ကိုယ်ကိုထမ်းလျက် ကိုင်ပေါက်လိုက်၏။

"ဘုန်း"

"အား"

ထိုအချိန်မှာပင် ဗျောကြီးက မျိုးနိုင်၏ကျောကို ဓားမြှောင်နှင့်



ဝင်ရောက်စိုက်ချလိုက်လေသည်။ သို့သော် မျိုးနိုင်သည် ဒူးတစ်ဖက်ကို ကွေးလွှတ်ကာ ထိုင်ချလိုက်၍ ဓားမြှောင်ကလွဲချော်ကာ ဗျောကြီး အရှိန်လွန်လာလေသည်။

မျိုးနိုင်ကထ ကာ ညာဒူးဖြင့် ဗျောကြီး၏နံကြားသို့လှည့်ကာ ဆောင့်တိုက်ချလိုက်တော့၏။

"အမလေး"

ဗျောကြီး ဒူးချက်တစ်ချက်တည်းဖြင့်ပင် ပက်လက်လန်ကျသွားသည်။ ပေါက်ဆိတ်ကိုင်ထားသော ငှက်ခါးက ထလာသည်။ သည်တစ်ခါတော့ ကမူးရှူးထိုး ဝင်မခုတ်တော့။ လက်တစ်ဖက်မှ ပေါက်ဆိန်ကိုင်ကာ လက်တစ်ဖက်ကိုကာ၍ ချိန်ရွယ်နေသည်။

"မင်း သတ္တိရှိရင် ဝင်ခုတ်စမ်း"

"ရှိ···ရှိ"

ပေါက်ဆိန်ချက်ကို ဝှေ့ရမ်းကာ ခုတ်ချလိုက်သည်။ သို့သော် နှစ်ချက်လုံးပင် မျိုးနိုင်၏ခေါင်းပေါ်မှ သီသီလေး လွဲချော်သွားလေသည်။

ထိုအခိုက်မှာပင် ဘူတာရုံရာမှ ခံညား၍ အရပ်မြင့်သောလူတစ်ယောက်သည် မျိုးနိုင်တို့တိုက်ခိုက်ရာသို့ လျှောက်လှမ်းလာနေသည်။

"ဟေ့···ရပ်ကြစမ်း"

ထိုသူက အမိန့်သြဇာသံပီသစွာ ဟန့်မြစ်ဟစ်အော်လိုက်သည်။ မျိုးနိုင်က နောက်သို့ လှည့်ကြည့်လိုက်သော ငှက်ခါး၏လက်ထဲမှ ပေါက်ဆိန်ကို ခြေဖြင့်ခပ်ထုတ်လိုက်သည်။

"ဖောင်း"

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဆိန်က လေထဲသို့ မြောက်တက်သွားသည်။ ငုက်ခါးက အံ့အားသင့်နေစဉ်မှာပင် ဘူတာရုံမှလျှောက်လာသူက ငုက်ခါးကို လက်ထိပ်ခတ်လိုက်လေသည်။

မီးရထားရဲများပါ ပါလာကာ မျိုးနိုင်နှင့် ဗျောကြီးတို့ကိုပါ လက်ထိပ်ခတ်လိုက်လေတော့သည်။

×××

အိုင်အိုနန်းထိုက်သည် ရာဇဝတ်ဝန်ထောက် ဦးစိန်မောင်၏ ဧည့်ခန်းတွင် ထိုင်လျက်ရှိ၏။ ရာဇဝတ်အုပ် ကျော်လွင်စန်းနှင့် ပုလိပ်မောင်စိန်တို့လည်း ထိုင်လျက်ရှိနေကြလေသည်။

"အိုင်အိုနန်းထိုက်ကို အကူအညီတောင်းရတာ အားနာပါတယ်။ ဒီဓားပြတွေက သိပ်လျှင်လို့ပါ။ ခုမှပဲ မြန်အောင်ကနေ [illegible] ပြီး ငီးဖြူကုန်းကနေ ရန်ကုန်မြေးဖို့ ကြိုးစားနေတဲ့ ဓားပြခေါင်းဆောင် တက်ခါးကို မိတော့တယ်"

"ခဏနေပါဦး ဦးစိန်မောင်၊ တက်ခါးဆိုတာ မြန်အောင်ဘက်မှာ ပုလိပ်ရာဇဝတ်အုပ်တစ်ယောက်နဲ့ ပုလိပ်တစ်ယောက်ကို သတ်ဖူးတဲ့ လူမို့လား"

"ဟုတ်ပါတယ်၊ ခု ငီးဖြူကုန်းက အိုက်အိုဖမ်းလာတဲ့လူပေါ့"

"အင်း . . . သူက လူယဉ်ကျေးလေးပဲ၊ ရုပ်ရည်လည်း ချောပါတယ်၊ သူ့ရဲ့မိန်းကလေးကလည်း မိန်းမချောလေးပဲဗျ၊ ဘာသက်သေရှိလို့လဲ"



"မနက်ဖြန် တရားရုံးကျတော့ အိုင်အိုအထင်အရှားတွေရပါလိမ့်မယ်၊ သူ့ကို အကျီကွက်နဲ့မြင်ဖူးတဲ့ ကြက်မင်းအာဖြိုးတော်က ဂိုဏ်းသားတစ်ယောက်က ကျုပ်တို့ဆီမှာ ပြောင့်ချက်ပေးပြီး အပမ်းခံထားရတာရှိတယ်၊ ကဲ . . . လိမ္မော်ရည်သောက်ပါဦး"

"ကျွန်တော်က ရာဇဝတ်မှုကျူးလွန်သူ ဒုစရိုက်သမားတွေတော်တော်များများကို နဖူးတွေ့ ဒူးတွေ့ဖမ်းခဲ့ဖူးတာပါ။ အင်္ဂလိပ်အင်္ကျီဆန်ကျင်တဲ့ ဓားပြခေါင်းဆောင် တက်ခါးကတော့ သူမဟုတ်နိုင်ဘူးနဲ့တူတယ်"

"ဒါကတော့ စွပ်စွဲသူနဲ့ သက်သေခံကရှိတာကိုး အိုင်အိုရဲ့ သူ့မိန်းမကလေးကလည်း တက်ခါးမဟုတ်ပါဘူးလို့ ထွက်ဆိုတယ်၊ သူ့အညီက မျိုးနိုင်တဲ့၊ ကျုပ်တောင်မှ ဓားပြနဲ့ ပြန်ပေးလူသတ်သမား လက်မနဲ့ သံဒိုင်ကိုမိအောင်ကူညီဖူးလို့ သူ့ကို ဒီအိပ်မှာ တည်းခိုခွင့်ပြုဖူးသေးတယ်"

"အဲဒီအချက်က စဉ်းစားစရာပိုကောင်းတာပေါ့ ဦးစိန်မောင် ရာဇဝတ်မှုမှာ ကျူးလွန်တဲ့ရာဇဝင်လူဆိုးချင်းဟာ ဘယ်တော့မှ သူခိုး မဖောက်ဘူး"

"အိုင်အိုဆိုလိုတာက . . ."

"အကျည်းအကြပ်ထဲမှာ ပုလိပ်နဲ့ရင်ဆိုင်ရင် [illegible] ဒုစရိုက်သမားကိုပဲ ကူတယ်၊ ပုလိပ်ကိုကူညီပြီး [illegible] သွားပဲ"

ဦးစိန်မောင်သည် မျက်နှာတွင် [illegible]

"ကျုပ်ကလည်း လုံးဝ [illegible] သူက

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်းလေးရှိပုံ၊ အားနာတတ်ပုံတွေကြောင့် လူကောင်းထင်ခဲ့မိပါသေးတာပါပဲ"

"ကဲ . . . မနက်ဖြန် တရားရုံးမှာ စောင့်ကြည့်ရဦးမှာပေါ့ ဦးစိန်မောင်"

×××

တရားရုံးတွင် ငြိမ်သက်တိတ်ဆိတ်နေ၏။ တရားခံပြ ရှေ့နေက သက်သေအံ့ကြီးအား . . .

"အံ့ကြီး မယ်ဝလီကုန်းနဲ့ အင်ပင်နားကရွာတွေမှာ မျိုးမြှဲခေါင်းဆောင်တက်ခါးကို မင်းတွေ့ဖူးတယ်၊ သူ့ရဲ့ ညာဘက်လက်မောင်းဆုံမှာ ငှက်ပျံရုပ် ဆေးမင်ကြောင်ထိုးထားတယ်ဆိုတာ အမှန်ပဲလား"

"အမှန်ပါပဲ ခင်ဗျား ခု တက်ခါးရဲ့အကျႌကိုချွတ်ပြရင် တွေ့ရပါလိမ့်မယ်"

မြဆည်းဆာ၊ အိုင်အိုနန်းထိုက်၊ ကျော်လွင်စန်း၊ သွယ်သွယ်နှင့် တရားရုံးပရိသတ်များ ငြိမ်သက်စိတ်ဝင်စားနေကြသည်။ မြဆည်းဆာက တည်ငြိမ်သလောက် သွယ်သွယ်က နေမထိ ထိုင်မသာ ဖြစ်နေသည်။

သူမစိတ်ထဲက မျိုးနိုင်၏ ညာဘက်ပုခုံးတွင် ငှက်ခါးပျံရုပ်ကို ဘွားခန့်တွေ့ကာ ကြိုးပေးခံရမည်ကို စိုးရိမ်နေလေသည်။

"တရားသူကြီးခင်ဗျာ . . . သက်သေအံ့ကြီးက ထွက်ဆိုပြီးပါပြီ၊ ကျွန်တော်တို့ ကျန်သက်သေတွေကို မေးပါ့မယ်"

နောက်သက်သေတစ်ဦးမှာ ရာဇဝတ်အုပ် ကျော်လွင်စန်းပင်



ဖြစ်လေသည်။

"ဦးကျော်လွင်စန်းကရော ဒီအချက်ကို ထောက်ခံပါသလား"

"ထောက်ခံပါတယ်၊ တားပြတ်ကိုခံရတဲ့လူတွေနဲ့ မြန်အောင်၊ အင်ပင်မီးရထားဘူတာရုံက ရုံပိုင်တွေကလည်း တက်ခါးကိုမြင်ဖူးလို့ ရုပ်ရည်ချောမောပြီး တောင့်တင်းတဲ့ခန္ဓာကိုယ်အပေါ်ပိုင်းမှာ အဝတ်မဝတ်ဘဲ သူ့နောက်လိုက် နောက်ပါတွေနဲ့ သွားလာလေ့ တိုက်ခိုက်လေ့ရှိတယ်။ ညာဘက်ပုခုံးမှာ ငှက်ခါးပျံနေတဲ့ပုံ ဆေးမင်ကြောင်ထိုးထားတယ်လို့ ထွက်ဆိုကြပါတယ်"

ရှေ့နေက သက်သေများစုံအောင် မေးမြန်းပြီးနောက် တရားသူကြီးကို တင်ပြလိုက်သည်။

တရားသူကြီးက . . .

"မောင်မင်း ဘာများ တင်လျှောက်ချင်ပါသလဲ"

ဟု မျိုးနိုင်ကိုမေးသည်။

"ကျွန်တော် မတင်လျှောက်တော့ပါဘူး သက်သေခံကို စစ်ဆေးစရာရှိတာ စစ်ဆေးပါလို့ပဲ ပြောချင်ပါတယ်"

ပုလိပ်နှစ်ဦးက လက်ထိပ်ခတ်ထားသော မျိုးနိုင်ကို တရားသူကြီးရှိရာသို့ ဝက်ခြံ (တရားခံအတွက် ကာရံထားသောတန်းများ) ထဲမှ ဆွဲခေါ်လာသည်။

လက်ထိပ်ကိုဖြုတ်ပေးကာ ကာကီရောင်ရှပ်အကျႌကိုချွတ်ခိုင်းသည်။ မျိုးနိုင်က ကြယ်သီးများဖြုတ်ထွက်သွားအောင် ဖြန်းခနဲဆွဲကာ အကျႌကို ဖွင့်ပစ်လိုက်ပြီး ချွတ်ကာ ညာဘက်ပခုံးကို တရားသူကြီးဘက်သို့လှည့်

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်သည်။

"ဟင်"

"ဟာ"

တရားသူကြီးရော ပရိသတ်ပါ အံ့အားသင့်သွားကြသည်။ မျိုးနိုင်၏ ပြည့်ဖြိုးကား ယောကျ်ားပီသသော ကိုယ်ကာယရှိသည့် ခန္ဓာကိုယ် အထက်ပိုင်း ညာလက်မောင်းဆုံတွင် ဆေးမင်ကြောင်တစ်စက်မျှပင် မရှိပေ။

ရာဇဝတ်အုပ် ဦးစိန်မောင်နှင့် အိုင်အိုနန်းထိုက်တို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်မိကြသည်။

လက်ထိပ်ခတ်ကာ ဝက်ခြံထဲသို့ ပြန်ရောက်လာသော မျိုးနိုင်ထံမှ စကားသံထွက်ပေါ်လာသည်။

"တကယ်တော့ ဓားပြခေါင်းဆောင် တက်ခါးဆိုတာ ကျွန်တော့်ရဲ့အစ်ကိုပါပဲ ခင်ဗျား။ ကျွန်တော်က သူ့ညီမျိုးနိုင်ပါ။ အစ်ကိုဟာ ဓားပြခေါင်းဆောင်ကြီးဖြစ်တဲ့ အဖေနဲ့ပါသွားပြီး ကျွန်တော်က ဘုန်းတော်ကြီးကျောင်းကို ငယ်ငယ်နဲ့ရောက်ခဲ့ရပါတယ်။ ညီအစ်ကိုနှစ်ယောက် ကွဲသွားကြပါတယ်။ ဒီကျောင်းမှာ ပိဋကတ်ပညာသင်ကြားပြီး ကျွန်တော် ဘိုးသူတော်ကြီးရဲ့ စောင့်ရှောက်မှုနဲ့ နေခဲ့ရပါတယ်။ ပြီးတော့ ဓားပြဗိုလ်တက်ခါးက ကျွန်တော့်ကိုလာခေါ်ပြီး သူ့ဓားပြအဖွဲ့ထဲဝင်ဖို့ ပြောပါတယ်။ ကျွန်တော်က ငြင်းခဲ့ပါတယ်။ အဲ. . .တစ်နေ့တော့ သူဟာ ကြက်မင်းအဖွဲ့နဲ့ အကြီးအကျယ်ဒဏ်ရာရပြီး သေကာနီးရောက်လာပါတယ်။ နောက်လိုက်ဓားပြတွေ အားမငယ်အောင် ဓားပြခေါင်းဆောင်တက်ခါးဟန်ဆောင်ပြီးတော့ ရွာတစ်ရွာအခြေချပေးဖို့ ပြောပါတယ်။ ဒါကြောင့် ကျွန်တော် ငီးပင်ကြီးရွာမှာ ဒီဓားပြတွေ လယ်ယာလုပ်ပြီး စားသောက်နိုင်အောင် စီစဉ်ပေးခဲ့ပါတယ်။ ဓားပြလည်း တင်ကြီးမိမှမတိုက်ခဲ့၊ လူလည်းမသတ်ခဲ့ဖူးပါဘူး"



တရားသူကြီး ခေါင်းညိတ်လိုက်သည်။

"ဒါဆို မောင်မင်းရဲ့အစ်ကိုအလောင်းကို မြှုပ်နှံတဲ့နေရာကို ပြနိုင်မှာပေါ့၊ ဘယ်လောက်ရှိပြီလဲ"

"ကျွန်ခဲ့တဲ့ ခြောက်လလောက်ကပါပဲ ခင်ဗျား"

"ဒါကို သက်သေခံမယ့်လူရှိသလား"

"ရှိပါတယ်၊ ငီးပင်ကြီးရွာက ရွှေညာတို့ ထွန်းဝေတို့က သိပါတယ်၊ ဆရာတော်ကြီးနဲ့ ဘိုးသူတော်ကြီးကလည်း သိပါတယ်"

"ကောင်းပြီ၊ ဒီအမှုကို ရက်ချိန်းပေးတယ်"

တရားသူကြီးက အမှုကို ရက်ချိန်းပေးလိုက်လေသည်။ ရာဇဝတ်ဝန်ထောက် ဦးစိန်မောင်က အာမခံ၍ မျိုးနိုင်အား အာမခံနှင့် အချုပ်ထဲမှ ထွက်ခဲ့ရလေတော့သည်။

အမှုကား မပြီးပြတ်သေးပေ။

× × ×

"တော်သေးတာပေါ့ အစ်ကိုရယ် ဟန်ဆောင်မှုနဲ့ပဲ အရေးယူခံရတော့မှာ"

မြဆည်းဆာက ဝမ်းသာအားရအသံဖြင့် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကလည်း ရာဇဝတ်မကျူးလွန်တော့ ကိုမျိုးနိုင် ကူညီဖမ်းပေး မိတဲ့ ဓားပြလူဆိုးတွေမိတာကိုထောက်ထားပြီး လျှော့ပေါ့စဉ်းစားနိုင်ပါတယ်"

"ဟုတ်တယ် ကိုကျော်၊ ပေပေကတော့ ကိုမျိုးနိုင်လွတ်နိုင်တယ် လို့ ပြောပါတယ်"

ကျော်လွင်စန်းနှင့်သွယ်သွယ်၊ မျိုးနိုင်နှင့် မြဆည်းဆာတို့သည် ဆယ်ထပ်ကြီးဘုရားသို့ ဘုရားဖူးထွက်လာခဲ့ကြခြင်း ဖြစ်သည်။

"သွယ်သွယ်"

"သူတို့နှစ်ယောက်ကိုကြည့်ရတာ အားကျစရာပဲနော်"

ကျော်လွင်စန်းက ခပ်တိုးတိုး သွယ်သွယ်ကိုပြောသည်။

"ဟွန်း...ဘာအားကျစရာလဲ"

"သွယ်သွယ်နဲ့ ကိုယ်လည်း သူတို့လိုဆိုရင်..."

"ကြည့်စမ်း...ကြည့်စမ်း၊ ကိုကျော် ဒါပဲတွေးနေတယ်"

သွယ်သွယ်က ရှက်ရှက်နှင့် ပုခုံးကိုထုနေသည်။

"အား...မလုပ်နဲ့သွယ် မလုပ်နဲ့"

အသံများကြောင့် တစ်ဦးလက်တစ်ဦးဆွဲကာ သွားနေသော မျိုးနိုင်နှင့် မြဆည်းဆာတို့က လှည့်ကြည့်ကြ၏။

"ဟို့ ကိုကျော်လွင်စန်း၊ ရက်တာ ချစ်လို့တဲ့ဗျ အား..."

မျိုးနိုင်စကားမဆုံးမီ မြဆည်းဆာက နံကြားကို ဆွဲလိမ်လိုက် သောကြောင့်ပင် ဖြစ်၏။

လေးဦးသား၏ ရယ်သံများမှာ စီစီညံသွားလေတော့၏။

×××

www.burmeseclassic.com